# မိုးကျော်သူ

## ရဲတိုက်ဝတ်ပါ

မ ထ မ မိုင်



စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ် ၅၄၈/၈၉(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၈/၉၀(၂)

ပထမအကြိမ်၊ ၁၉၉၀ ပြည့်နှစ် မေလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၄ ကျပ်

အဖုံးရိုက် သင်းအော့ဖ်ဆက်

ထုတ်ဝေသူ ဦးကျော်ဝမ်း (မြ ၀၁၆၁၁)
မိုးကျော်သူစာပေ
အမှတ် ၁၈၀၊ ဓမ္မစေတီလမ်း
ဗဟန်း၊ ရန်ကုန်။

ပုံနှိပ်သူ ဦး[illegible]ကြီး (မြ ၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
အမှတ် ၅၀၂၊ သိမ်ဖြူလမ်း
ရန်ကုန်မြို့။

ဖြန့်ချိရေး စွယ်တော်စာပေ
အမှတ် ၁၃၃၊ အခန်း ၆
ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။

**မိုးကျော်သူ**

# ရဲတိုက်ဝက်ပါ

## ပထမပိုင်း

၂ · အုပ်တွဲ သိုင်းစာစဉ်

မိမိငှါးရမ်းသွားသောစာအုပ်
ဒရစ်-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
၁၁အုပ် တန်ဖိုး နှင့်ညီ ငွေ ငါးဆ ရက်
ကျော်ပါ ပေးလျော် ရမည်။

# မိုးကျော်သူ

## ရဲတိုက်စက်ပဂ

(ပထမပိုင်း)

မိမိငှါးရမ်းသွားသောစာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုး နှင့်တကွ ငှါးခရက်
အတွက်ပါ ပေးလျော်ရမည်။

လွင်စာပေ
အမှတ် ၁၅/၁၃၀၊ ဒီ ဆင်း
တောင်ငူမြို့။



ကြူးယုံမြို့....

ကြူးယုံမြို့သည် မြို့ဟု ခေါ်ဝေါ်ကြသည် ဖြစ်သော်လည်း ရွာကြီးတစ်ရွာ သာသာမျှ ရှိလေသည်။

ထို့ပြင် နယ်ခြားမြို့ကလေးတစ်မြို့ပင် ဖြစ်နေ၏။ နယ်ခြားမြို့တစ်မြို့ ဖြစ်နေ၍လည်း အထူး စည်ကားသည်။

မြို့ကလေးက သေးငယ်သည်ဖြစ်သော်လည်း မြို့အင်္ဂါရပ်နှင့် အညီ လမ်း မကြီးရှိသည်။ ဆိုင်တန်းများရှိသည်။ အာကာပိုင်များ၏ ရုံးစိုက်သော ဒေသလည်း ဖြစ်လေသည်။

သို့သော် ရောင်းဝယ်ဖောက်ကားသော ကုန်သည်ပွဲစားများမှအပ ဤမြို့ကလေးသို့ မည်သူကမှ သက်သက်လာရောက်ခြင်း မရှိပါ။

သို့သော် ယနေ့ညနေခင်းမှာမူ မြင်းလှည်းတစ်စီးသည် ကြူးယုံမြို့ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာလေသည်။

* * *

ဤမြို့ကလေးသို့ ထူးထူးခြားခြား မြင်းလှည်းတစ်စီး ရောက်ရှိလာသဖြင့် ဒေသခံလူများသည် တအံ့တသြဖြင့် ကြည့်နေကြသည်။

သူတို့အားလုံး ပို၍ အံ့သြသွားစေသည်မှာ ထိုမြင်းလှည်းပေါ်၌ မိန်းကလေးသုံးယောက် ထူးထူးဆန်းဆန်း ပါလာခြင်းဖြစ်လေသည်။

ထို့ကြောင့် အချို့လူများနှင့် ကလေးသူငယ်များတို့သည် မြင်းလှည်းနောက်တွင် လိုက်လာကြလေသည်။

မြင်းလှည်းသည် အလွန်ခံ့ညားသော အဆောက်အအုံရှေ့တွင် ရပ်တန့်သွားလေသည်။

မြင်းလှည်းမောင်းသော လူမှာ အသက်(၅၀)ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက်ဖြစ်သည်။ သူသည် နောက်သို့ လှည့်လိုက်ပြီး....

'မမလေးတို့၊ နန်းတော်ရှေ့ ဆရာဝူး ဂေဟာ ရောက်ပါပြီ'



သူ၏ စကားဆုံးသွားသည်နှင့် မြင်းလှည်းပေါ်မှ မိန်းကလေးသုံးယောက်သည် ရှေ့ဆင့် နောက်ဆင့် ဆင်းလာကြသည်။

မိန်းကလေး သုံးယောက်အနက် အရပ်ပုပု ဝဝရှိသော မိန်းကလေးက အဆောက်အအုံ၏ ဆိုင်းဘုတ်အား ကြည့်လိုက်လေသည်။

တံခါးမကြီး၏ နံဘေးတွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ ဆိုင်းဘုတ်ပေါ်၌...

'နန်းတော်ရှေ့ ဆရာဝူး'

ဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေသည်။ သူမသည် အဖော်နှစ်ယောက်အား ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ ကျွန်မတို့ ဝန်စည်စလယ်တွေ ချကြရအောင်'

သူမတို့သည် မြင်းလှည်းပေါ်မှ သူ့ဘို့ ပါလာသော အထုပ်အပိုးများ ချပေးလိုက်လေသည်။

ထို့နောက် မြင်းလှည်းခကို ရှင်းပေးလိုက်ရာ မြင်းလှည်းသမားက မြင်းလှည်းမောင်း၍ ထွက်ခွာသွားလေသည်။

* * *

အဆောက်အအုံ၏ တံခါးပွင့်သွားသည်။ မီးခိုးရောင်အင်္ကျီဝတ်ထားသော လူနှစ်ယောက်နှင့် အဖြူရောင်အင်္ကျီရှည် ဝတ်

ဆင်ထားသော လူတစ်ယောက်က သူမတို့အား ကြိုဆိုကြလေသည်။

မီးခိုးရောင်အင်္ကျီ ဝတ်ထားသော လူနှစ်ယောက်မှာမူ မိန်းကလေး၏ပစ္စည်းကို သယ်ဆောင်သွားလေသည်။

အင်္ကျီအဖြူရောင် ဝတ်ဆင်ထားသူမှာ အသက်(၃၀)ခန့် ရှိမည်။ သူသည် ညှော့ဝတ်ကျေပွန်စွာဖြင့် ဦးညွတ်လိုက်သည်။

'မမလေးတို့ကို ကြိုဆိုပါတယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ရှင်'

'အထဲကို ကြွပါ၊ ဆရာက စောင့်နေပါတယ်'

အဖြူရောင် အင်္ကျီ ရှည် ဝတ်ဆင်ထားသူက မိန်းကလေးသုံးယောက်အား ဂေဟာထဲသို့ လမ်းပြ ခေါ်ဆောင်သွားလေသည်။

* * *

နန်းတော်ရှေ့ ဆရာဝူး ဆိုသူမှာ အသက်(၆၀)ခန့် ရှိသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

သူသည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း သန်မာနေသည်ကို တွေ့ရလေသည်။



သူသည် မျက်မှောင်ကြုတ်၍ သူ့ရှေ့တွင် ထိုင်နေသော မိန်းကလေးသုံးယောက်အား အကဲခတ်ကြည့်နေ၏။

ထိုမိန်းကလေး သုံးယောက်မှာ အသက်(၆၀)ဝန်းကျင်ခန့် ရှိကြသည်။

တစ်ယောက်မှာ အရပ်ပုပု ဝဝကြီးဖြစ်ပြီး ပိုးအင်္ကျီပန်းရောင် ဝတ်ဆင်ထားသည်။

တစ်ယောက်က အသားညိုပြီး တွားကျိုင်းသည်။ အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသည်။ ရုပ်ရည်မှာလည်း အနည်းငယ် ကြမ်းတမ်းသည်။

နောက်ဆုံးတစ်ယောက်မှာ ရုပ်ချောသည်။ အသားဖြူသည်။ အနီရောင် ကွက်ကြားအင်္ကျီ ဝတ်ဆင်ထားပြီး ခေါင်းပေါ်၌ ပန်းရောင် ကွက်ကျားပဝါ ပေါင်းထားသည်။

နန်းတော်ရှေ့ ဆရာဝူးက အတန်ကြာ အကဲခတ်ပြီးမှ သက်ပြင်းချလိုက်သည်။

'မတွေ့ရတာ နှစ်အတော်ကြာပြီ'

သူ၏ မျက်လုံးအစုံသည် မိန်းကလေး၏ မျက်နှာပေါ်သို့ ဖြတ်သန်းသွားလေသည်။

'ဖန်ကြည်ကြည်ဆိုတာ ဘယ်သူလဲ'

အရပ်ပုပုဝဝ ပိုးထည်အင်္ကျီဝတ်ထားသော မိန်းကလေးက ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်သည်။

'ကျွန်မပါ'

သူမသည် အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသောမိန်းကလေးအား ညွှန်ပြလိုက်သည်။

'သူက ကျွန်မအိမ်မှာ ကူဖော်လောင်ဘက် အချင်းပါ'

သူမသည် အနီရောင် ကွက်ကျားအင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေးအား မိတ်ဆက်ပေးလိုက်လေသည်။

'သူက ကျွန်မရဲ့မိတ်ဆွေ ရှမ်းရှမ်းပါ'

ဆရာဝူးက ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်သည်။

ထို့နောက် စာရွက်စာတမ်းများကို စားပွဲပေါ်၌ ဖြန့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ဖန်ကြည်ကြည်၏ မျက်နှာပေါ်သို့ ရောက်သွားသည်။

'အဟမ်း'

သူက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးမှ....

'ဖန်ကြည်ကြည်ရဲ့ဘကြီး ကွယ်လွန်တဲ့နေ့ကပဲ ကျုပ်က ခြေမြန်တော်လွှတ်ပြီး အကြောင်းကြားခိုင်းတာ ဘာကြောင့် ဒါလောက်တောင် နောက်ကျမှ လာရတာလဲ'

ဖန်ကြည်ကြည်က ရှင်းပြလိုက်ရလေသည်။

'ကျွန်မ ခရီးထွက်နေလို့ပါ၊ အိမ်ပြန်ရောက်မှ ဦးရဲ့စာကိုရပြီး အခုလို အမြန်ဆုံးလာရပါတယ်၊ ဒါပေမယ့် ကျွန်မက ခရီးပြန်လာတာ နောက်ကျသွားလို့ အခုလို ကြန့်ကြာသွားတာပါ'

ဆရာဝူးက ခေါင်းညိတ်လိုက်သည်။

'အခုလာလို့လဲ အချိန်မနှောင်းသေးတာ ကံကောင်းပါတယ်'

သူသည် စာရွက်စာတမ်းအား လှန်ကြည့်ရင်း....



'ဖန်ကြည်ကြည်ရဲ့ ဘကြီးဟာ သူကျန်ရစ်ခဲ့တဲ့ ဒီမြို့က အဆောက်အအုံ (၅) လုံးရယ်၊ ဖန်ရှမ်းရွာက ခြံဝင်းကြီး တစ်ခု ဖန်ကြည်ကြည်အတွက် အမွေပေးခဲ့ပါတယ်'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

'သေတမ်းစာထဲမှာတော့ ပထမအမွေဆက်ခံသူက ဖန်ကြည်ကြည် ဖြစ်ပါတယ်၊ အမွေခံသူ ပြုလုပ်ရမယ့် တာဝန်ကတော့ ရက်ပေါင်း (၃၀) အတွင်းမှာ သူ့ရဲ့အလောင်းကို ဖန်းအမျိုးအနွယ်သင်္ချိုင်းမှာ အုတ်ဂူလုပ်ပေးရမယ်၊ ဘုန်းတော်ကြီးများကို (၇)ည (၇)ရက် ပရိတ်တော် ရွတ်ဖတ်ပေးရပါမယ်'

'ဟုတ်ကဲ့'

'တကယ်လို့ ဖန်ကြည်ကြည်ဟာ သေတမ်းစာမှာပါတဲ့တာဝန် မကျေဘူးဆိုရင် ဒီအမွေများကို ဒုတိယဆက်ခံသူ ရှောင်ပေ ရှီးကို ပေးရပါမယ်'

ဖန်ကြည်ကြည်က နားစွင့်နေသည်။ ဆရာဝူးက ဆက်၍ ဖတ်ပြလိုက်သည်။

'တကယ်လို့ ရှောင်ပေရှီးဟာ သေတမ်းစာမှာကြားတဲ့အတိုင်း လုပ်မပေးနိုင်ဘူးဆိုရင် တတိယအမွေဆက်ခံသူ အိမ်တော်ထိန်း ကျားကြီးကို ပေးအပ်ရပါမယ်'

သူသည် ဖန်ကြည်ကြည်အား ကြည့်လိုက်သည်။

'ဖန်ကြည်ကြည်က အချိန်မီရောက်လာတဲ့အတွက် ဒီအမွေကို ကျုပ်က ပေးအပ်လိုက်ပါ့မယ်၊ ဒါပေမယ့် အချိန်နောက်ကျတဲ့ အတွက် ဖန်ကြည်ကြည်အနေနဲ့ ရက်ပေါင်း (၂၀) အတွင်းမှာ

သေတမ်းစာပါတဲ့အတိုင်း အချိန်မီလုပ်ပေးမှဖြစ်မှာယ်၊ နို့မဟုတ်ရင် ရှောင်ပေရုံးလက်ကို လွှဲအပ်ပေးရပါမယ်'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ ကျွန်မ နားလည်ပါတယ်'

ဆရာဝူးသည် စာရွက်စာတမ်းများကို ဖန်ကြည်ကြည်လက်သို့ ပေးအပ်လိုက်လေသည်။

'ဒီစာချုပ်စာတမ်းတွေ ဖတ်ကြည့်လိုက်ပါဦး'

* * *

ဖန်ကြည်ကြည်သည် စာရွက်စာတမ်းများကို ဖတ်ရှုပြီးသောအခါ ခေါင်းညိတ်ပြလိုက်သည်။

'ရက်ပေါင်း နှစ်ဆယ် ကျန်သေးတယ်ဆိုတော့ အားလုံးပြည့်စုံအောင် ကျွန်မလုပ်ပေးနိုင်ပါတယ်'

ဆရာဝူးက ခေါင်းညိတ်လိုက်သည်။

'အချိန် ကောင်းကောင်းရပါတယ်'

'ဟုတ်ကဲ့ ကျွန်မ အချိန်မီ အဆင်ပြေအောင် လုပ်ပါ့မယ်။ ဦးလေးကလဲ အကူအညီပေးပါ'

'စိတ်ချပါ၊ လိုတဲ့အကူအညီ ပြောပါ'



ဆရာဝူးသည် စကားဆက်လိုက်သည်။

'စာရွက်စာတမ်းထဲမှာ အိမ်လခရငွေနဲ့ ကုန်ကျစရိတ်သုံးငွေ အားလုံး တိတိကျကျ ဖော်ပြထားပါတယ်၊ မကျေနပ်တာရှိရင် ပြောပါ၊ နောက်ပြီး အိမ်တော်ထိန်း ကျားကြီးကို အလုပ်ဆက်ခန့်မယ် မခန့်ဘူးဆိုတာ သဘောအတိုင်း ပြင်ဆင်ခန့်ထားနိုင်ပါတယ်'

ဖန်ကြည်ကြည်က ပြုံးပြလိုက်သည်။

'ဘာမှ ပြုပြင်စရာမလိုပါဘူး၊ နဂိုကအတိုင်းပဲ ထားလိုက်ပါ'

ဆရာဝူးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ အိမ်လခတွေရော ကျုပ်တို့ကပဲ တာဝန်ယူပြီး ဆက်ကောက်ခံရမှာလား'

'ဟုတ်ကဲ့ ဘဘကြီးကို တာဝန်ယူပေးသလို ကျွန်မအတွက်လဲ ဆက်ပြီး တာဝန်ယူပေးပါ'

ဆရာဝူးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဒီလိုဆိုရင် ဖန်ကြည်ကြည်အနေနဲ့ ကျုပ်ကိုတာဝန်အပ်တဲ့ လွှဲစာတစ်ခုတော့ ရေးပေးရပါလိမ့်မယ်'

'ဟုတ်ကဲ့ ရေးပေးပါ့မယ်'

သူမသည် လွှဲစာတစ်စောင်ကို ချက်ချင်းပင် ရေးပေးလိုက်လေသည်။

* * *

ဆရာဝူးက လွှဲစာနှင့် စာချုပ်စာတမ်းများကို ပြန်လည်သိမ်းဆည်းထားလိုက်လေသည်။

'ကဲ–ဖန်ကြည်ကြည်၊ ရွာကို တစ်ခါတည်းသွားမှာလား'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။

'အခုသွားရင် မိုးများ ချုပ်သွားမလား'

'သိပ်မိုးမချုပ်ပါဘူး၊ နေဝင်အချိန် ရောက်သွားနိုင်ပါတယ်'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ၊ ဒါပေမယ့် ကျွန်မရောက်လာတာနှစ်ပေါင်းအတန်ကြာသွားလို့ သွားတတ်မှာ မဟုတ်ဘူး'

ဆရာဝူးက ပြုံးလိုက်သည်။

'ကျုပ်စာရေးကို လိုက်ပို့ခိုင်းပါ့မယ်'

## ခြင်္သေ့ရဲတိုက်

မိန်းကလေးသုံးယောက်သည် ဆရာဝူး၏စာရေးဖြစ်သူ ဝမ်းကျူးက မြင်းလှည်းတစ်စီးဖြင့် မြို့ကလေးမှ ထွက်သွားလေသည်။

ဖန်ရှမ်းရွာနှင့် ကျူးယုံမြို့သည် သိပ်မဝေးလှပါ။ ထို့ကြောင့် ညနေဆည်းဆာအချိန်တွင် ဖန်ရှမ်းရွာသို့ ရောက်ရှိသွားကြလေသည်။

သို့သော် ဖန်ကြည်ကြည်၏ဘကြီး နေထိုင်သောဂေဟာသည် ဖန်ရှမ်းရွာနှင့် သုံးမိုင်ခန့် ကွာဝေးနေလေသည်။

စာရေးဖြစ်သူ ဝမ်းကျူးသည် မြေနီလမ်းတစ်ခုသို့ ရောက်ရှိသွားသည်နှင့် မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

သူသည် ထိုမြေနီလမ်းအား ညွှန်ပြလိုက်သည်။

'ဒီလမ်းထဲကို မြင်းလှည်းဝင်လို့ မရတော့ဘူး၊ ဒါကြောင့် ခြေကျင် လျှောက်သွားရပါတယ်'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။

'ရှင်က လိုက်မပို့တော့ဘူးလား'

ဝမ်းကျူးက အားတုံ့အားနာသောအပြုံးဖြင့် ပြုံးပြလိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော်က ရွာကို အမီပြန်ရဦးမယ်'

ဖန်ကြည်ကြည်က ပြုံးပြလိုက်သည်။

'ကျွန်မတို့နဲ့အတူ လိုက်ပြီးနေပါလား၊ မနက်ဖြန်စောစောမှ ပြန်ပေါ့'

ဝမ်းကျူးက မချီသွားဖြဲ ပြလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ အနှောင့်အယှက် မပေးတော့ပါဘူး'

သူသည် ပြောရင်း မြင်းလှည်းမောင်းသမားအား နောက်ပြန်လှည့်ရန် ပြောကြားလိုက်လေသည်။

မြင်းလှည်းသမားသည် မြင်းလှည်းကို လျင်မြန်စွာ မောင်းနှင်ထွက်ခွာသွားလေသည်။

ရှမ်းရှမ်းက ဖုံတထောင်းထောင်းကြားမှ ပျောက်ကွယ်သွားသော မြင်းလှည်းအား ကြည့်ရင်း....

'ဒီလူက ဘာဖြစ်နေတာလဲ၊ ပြန်တာတောင် ထွက်ပြေးသလို ဖြစ်နေပါလား'

ဖန်ကြည်ကြည်က ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။ သူမသည် အထုပ်အပိုးများကိုဆွဲကာ မြေနီလမ်းအတိုင်း လျှောက်သွားလေသည်။



ရှမ်းရှမ်းနှင့် အချင်းတို့သည် မိမိတို့၏ ပစ္စည်းများကိုဆွဲကာ ဖန်ကြည်ကြည်နောက်သို့ လိုက်သွားရလေသည်။

* * *

နေလုံးကြီးသည် လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ ရှမ်းရှမ်းတို့သည် တောင်ကုန်းပေါ်၌ ကြီးမားသော အဆောက်အအုံတစ်ခုအား လှမ်း၍ မြင်တွေ့လိုက်ရသည်။

မှောင်စပြုနေသဖြင့် ထိုကြီးမားသော အဆောက်အအုံကြီးသည် အလွန် ကြောက်မက်ဖွယ်ရာ ကောင်းသော တောရိုင်းတိရစ္ဆာန် တစ်ကောင်ပမာ မားမားမတ်မတ်ရပ်နေသည်ကို တွေ့ရသည်။

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'အဲဒါ မမတို့ရဲ့ဘကြီးနေတဲ့ အိမ်ဂေဟာ ဟုတ်လား'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဟင်....ဒီအဆောက်အအုံက ဂေဟာနဲ့လဲမတူဘူး၊ ရဲတိုက်နဲ့ ပိုတူနေသလိုပဲ'

ဖန်ကြည်ကြည်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ ဒီအဆောက်အအုံဟာ မမတို့ရဲ့ဘကြီး လက်ထက်တုန်းကဆိုရင် ရဲတိုက်တစ်ခုပါပဲ'

သူမက ဆက်လက်ရှင်းပြလိုက်သည်။

'မမတို့ရဲ့ဘကြီးဟာ သူ့ဂေဟာကို ခြင်္သေ့ရဲတိုက်လို့ အမည်ပေးပြီး ဒီနေရာက နေပြီးတော့ မန်ချူးတွေကို တော်လှန်ခဲ့ပါတယ်'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် မမရဲ့ဘကြီးဟာ တစ်ချိန်တုန်းက မန်ချူးတွေကို တော်လှန်တဲ့ ခေါင်းဆောင်တစ်ယောက်ပေါ့'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူဟာ မျိုးချစ်ခေါင်းဆောင် တစ်ယောက်ပါ'

ရှမ်းရှမ်းက အလိုလို လေးစားလာလေသည်။

'ဒါနဲ့ သူ့နာမည်က ဘယ်သူလဲ'

ဖန်ကြည်ကြည်က တစ်လုံးချင်း ပြောချလိုက်လေသည်။

'သူ့နာမည်က ဖန်းရှမ်းပါ၊ ဒါပေမယ့် အားလုံးက သူ့ကို ခြင်္သေ့ဖန်းရှမ်းလို့ ခေါ်ပါတယ်'

* * *



ဖန်ကြည်ကြည်တို့သည်ခြင်္သေ့ရဲတိုက်ရှေ့သို့ ရောက်လာကြပြီဖြစ်လေသည်။ ထိုအချိန် ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပြီဖြစ်ရာ မည်းမည်းသဏ္ဌာန် ဖြစ်နေသော ရဲတိုက်ကြီးသည် ပို၍ထိတ်လန့်ဖွယ်ရာ ကောင်းလှပေသည်။

အဆောက်အအုံရှေ့တွင် သံတံခါးဖြင့် ကာဆီးထားသည်ဖြစ်သော်လည်း နှစ်ရှည်လများ ထိန်းသိမ်းပြုပြင်ခြင်း မရှိသဖြင့်ထိုသံတံခါးမှာ ပြိုလဲနေပြီဖြစ်သည်။

အဆောက်အအုံ၏ ဝန်းကျင်တစ်ခုလုံး မှာလည်း ချုံပင်နွယ်ပင်များ ပိန်းမှောင်နေ၏။

ရှမ်းရှမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီရဲတိုက်ကြီးက အတော်ကို ကြောက်စရာကောင်း နေသလိုပဲ'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'သူငယ်ချင်းကသာ လိုက်မလာဘူးဆိုရင် မမကတော့ အမှေ့မရချင် နေပါစေ၊ လာရဲမှာမဟုတ်ဘူး'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'မမက ဒီကို ပြန်ရောက်ဖူးသလား'

'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက အဖေနဲ့ တစ်ခေါက်ရောက်ခဲ့ဖူးပါတယ်'

သူမက စကားဆက်လိုက်သည်။

'အဲဒီတုန်းက မမအသက် ရှစ်နှစ်လောက်ပဲ ရှိမယ်ထင်တယ်၊ ဒီမှာရှိနေတဲ့ အိမ်တော်ထိန်းကြီးဆိုတာ အတော့်ကို ကြောက်စရာ

ကောင်းတယ်၊ အခုထိ ကျွန်မ သူ့ကိုမြင်ယောင်မိတာနဲ့ ကြောက်
နေတုန်းပါပဲ'

ရှမ်းရှမ်းက စဉ်းစားလိုက်သည်။

'ဒီကြားထဲမှာ ဒီရဲတိုက်နဲ့ မမနဲ့ အဆက်အသွယ်များ ရှိခဲ့ဖူ
သလား'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'မမ အရွယ်ရောက်တဲ့အချိန်က အဖေကွယ်လွန်သွားတော့မှ
ဘကြီးနဲ့ စာနဲ့ အဆက်အသွယ် အမြဲတမ်းရှိပါတယ်'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'ဟိုတုန်းက မမက ငယ်သေးတာကိုး၊ အခုတော့ ကြီးပြင်
လာတဲ့အတွက် အလျင်လို ကြောက် တတ် မှာ မဟုတ်တော
ပါဘူး'

သူမတို့သည် စကားပြောရင်း အဆောက်အအုံ၏ တံခါ
ရှေ့သို့ ရောက်ရှိသွားလေသည်။

ကြီးမားသော တံခါးကြီးနှစ်ချပ်မှာ ပိတ်လျက်နေသည်
တွေ့ရသည်။ ဖန်ကြည်ကြည်သည် ကျောက်လှေကားထစ်လေး
တက်လိုက်ပြီးမှ တံခါးပေါ်၌ တပ်ဆင်ထားသော ကြေးဝင်းမျ
ကို ခေါက်လိုက်လေသည်။

'ချွမ်....ချွမ်....ချွမ်'

## ကြောက်စရာကျားကြီး

'ချွမ်....ချွမ်....ချွမ်'

ကြေးဝင်းခေါက်၍ ထွက်ပေါ်လာသော အသံများသည်
တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်လေသည်။

အတန်ကြာမှ ကြီးမားလေးထိုင်းသော တံခါးမကြီး ပွင့်သွား
လေသည်။

အလွန်ထွားကျိုင်းသော လူဘစ်ယောက်သည် လက်တစ်ဘက်
တွင် မီးအိမ်ကိုင်လျက် ရပ်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် အသက်(၆၀)ကျော်ခန့် ရှိမည်ဟု ထင်ရသည်။
သူ၏ ဆံပင်များ အနည်းငယ် ဖြူဖွေးပြီး ကိုယ်လုံးကိုယ်ထည်
အလွန်ထွားကျိုင်းလေသည်။

သူ၏ ကိုယ်ပေါ်တွင် မီးခိုးရောင် ဂွမ်းကပ် လက်ပြတ် အင်္ကျီ ဝတ်ဆင်ထားသည်။

သူ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် မိန်းကလေး (၃)ယောက်၏ မျက်နှာကို မီးအိမ်မြောက်၍ တစ်လှည့်စီ ကြည့်လိုက်လေသည်။

'ငါတို့ သခင်မလေး'

သူသည် မိန်းကလေးသုံးယောက်အား တစ်လှည့်စီကြည့်လိုက်ပြန်သည်။

'ကျုပ်စောင့်မျှော်နေပါတယ်၊ ဘယ်သူက ကျုပ်ရဲ့သခင်မလေးလဲ'

ရှမ်းရှမ်းက ဖန်ကြည်ကြည်အား ညွှန်ပြလိုက်သည်။

'ပိုးအင်္ကျီဝတ်ဆင်ထားတဲ့ မမက ဖန်ကြည်ကြည်ပါပဲ'

အဘိုးအိုက ဖန်ကြည်ကြည်အား ရိုသေလေးစားစွာဖြင့် ဦးညွှတ်လိုက်လေသည်။

'နှစ်ပေါင်း (၂၀)လောက် မတွေ့ရတဲ့အတွက် မမှတ်မိတာကို အပြစ်မယူပါနဲ့လို့ တောင်းပန်ပါတယ် သခင်မလေး'

ဖန်ကြည်ကြည်က ခေါင်းအသာကလေး ညိတ်ပြလိုက်သည်။

'ကိစ္စ မရှိပါဘူး'

အဘိုးအိုက ထပ်မံ ဦးညွှတ်လိုက်သည်။

'အိမ်ထဲကို ကြွပါ'

သူသည် ဖန်ကြည်ကြည် လက်ထဲမှ အထုပ်ကို လှမ်းယူလိုက်သည်။ ဖန်ကြည်ကြည်သည် ရှမ်းရှမ်း၏ လက်ကိုဆွဲကာ အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။



အဘိုးအိုသည် တံခါးမကြီးကို ပြန်လည် ပိတ်လိုက်ပြီး လေးလံသော မင်းတုန်းတစ်ခုကိုပါ ချထားလိုက်လေသည်။

ထို့နောက် အထုပ်ကို ကောက်ယူလိုက်ပြီး ရှေ့မှ လမ်းပြခေါ်သွားလေသည်။

*

ဖန်ကြည်ကြည်သည် အဘိုးအိုနောက် လိုက်သွားရင်း ရှမ်းရှမ်းအား အသံတိုးတိုးဖြင့်....

'သူက အိမ်တော်ထိန်း ကျားကြီးပါပဲ'

ရှမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။ ဖန်ကြည်ကြည်က....

'သူ့ကို ကြည့်ရတာ ကြောက်စရာကောင်းတယ် မဟုတ်လား'

ရှမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

'သူက ရုပ်ရည်ကြမ်းတမ်းပြီး ကြောက်စရာ ကောင်းတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မမဘကြီးဟာ သူ့ကို ယုံကြည်စွာ ထားခဲ့တယ်ဆိုတော့ စိတ်ကောင်း စေတနာကောင်းရှိလို့ဖြစ်မှာပေါ့'

ဖန်ကြည်ကြည်က....

'ဘကြီးက မမဆီကို စာထည့်တိုင်းမှာ ကျား ကြီးဟာ အလွန်ရိုးသားပြီး သစ္စာရှိတဲ့ လူတစ်ယောက်လို့ အမြဲတမ်း ပြောပါတယ်'

ရှမ်းရှမ်းက ခေါင်းညိတ်လိုက်သည်။

'ဒါကြောင့်လဲ မမရဲ့ ဘကြီးက သူ့ကို စိတ်ချလက်ချ လွှဲအပ်ထားတာပေါ့'

ဖန်ကြည်ကြည်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူး၊ မမ သူ့ကို တွေ့တာနဲ့ အလိုလိုရင်တုန်နေတာ'

သူမသည် စကားဆက်လိုက်သည်။

'ဒါနဲ့ သူက မမကို အန္တရာယ်ပြုလာမယ်ဆိုရင် ညီမက သူ့ကို အနိုင်ရနိုင်ပါ့မလား'

ရှမ်းရှမ်း ပြုံးလိုက်လေသည်။

'သူ့လို အသက်အရွယ်ကြီးတဲ့သူ မပြောနဲ့ သူ့ထက်သန်မာတဲ့လူတောင် ကျွန်မက မကြောက်ပါဘူး'

ရှမ်းရှမ်းသည် ထိုအဘိုးအို၏ သန်မာထွားကျိုင်းသော ခန္ဓာကိုယ်နှင့်သူ၏ချိုင့်ဝင်နေသော နားထင်ကိုကြည့်မိရုံနှင့် အဘိုးအို၏သိုင်းပညာမှာ မိမိထက် များစွာသာလွန်နေသည်ကို နားလည်ထားသည်။

သို့သော် ဖန်ကြည်ကြည်အတွက် စိတ်သက်သာရာရစေရန် လိမ်ညာပြောလိုက်ခြင်း ဖြစ်လေသည်။



ဖန်ကြည်ကြည်က လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

'ဒါဆိုရင် မမ စိတ်ချသွားပါပြီ'

* * *

အိမ်တော်ထိန်း ကျားကြီးသည် ဖန်ကြည်ကြည်တို့သုံးယောက်အား ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။

သူသည် မီးခြစ်ခြစ်၍ စားပွဲပေါ်မှ အသင့်ရှိနေသော ဖယောင်းတိုင်ကို ထွန်းညှိလိုက်လေသည်။

'သခင်မလေးတို့ ခဏနားကြပါဦး၊ ကျွန်တော်မျိုးက အာလျှန်းကို အိပ်ခန်းသွားပြီး ပြင်ဆင်ခိုင်းပါ့မယ်၊ နောက်ပြီး ညစာလဲ လုပ်ခိုင်းလိုက်ပါမယ်'

'နေပါဦး'

ဖန်ကြည်ကြည်က ဟန့်တားလိုက်သည်။

'ဒီအိမ်ထဲမှာ မီးပုံးအိမ် မရှိတော့ဘူးလား'

'ရှိပါတယ်၊ သခင်မလေး မီးပုံးအိမ်(၃–၄)လုံးတောင် ရှိပါတယ်'

'ဒါဖြင့် အဲဒီမီးပုံးအိမ်(၃-၄)လုံးကို အားလုံးထွန်းလိုက်ပေါ့'
'ဟုတ်ကဲ့၊ ဒါပေမယ့် ထွန်းဖို့ဆီ မရှိပါဘူး'
'မရှိရင် သွားဝယ်လိုက်ပါလား'
'မိုးချုပ်နေပါပြီ၊ ဘယ်မှာမှ ဝယ်လို့ မရတော့ပါဘူး'
ဖန်ကြည်ကြည်က မကျေမနပ် ဖြစ်သွားလေသည်။
'ဒါဆိုရင်လဲ ဖယောင်းတိုင် များများထွန်းစမ်းပါ'
'ဟုတ်ကဲ့သခင်မလေး'

## ကြီးမားသောဧည့်ခန်း

ဤနေရာသည် အလွန် ကျယ်ဝန်းသော ဧည့်ခန်းတစ်ခန်း ဖြစ်သည်။ အနောက်ဘက်တွင် ပြတင်းပေါက် (၄) ခုရှိလေသည်။

ပြတင်းပေါက်၏ အပြင်ဘက်၌ သံချောင်းများဖြင့် ကာရံထားသည်။ သံချောင်း၏ အပြင်ဘက်၌ သံပြားဖြင့် ဖုံးအုပ်ထားသော သစ်သားတံခါးရှိသည်။

ယခုအခါ ထိုတံခါးများသည် တင်းကြပ်စွာပိတ်ထားသောကြောင့် အပြင်ဘက်မှ အလင်းရောင်နှင့် လေကောင်းလေသန့်များ ဝင်ရောက်လာနိုင်ခြင်းမရှိပါ။

အခန်းတွင်း၌ ပြတင်းပေါက် (၆)ခုရှိသည်။ သံချောင်းများ ဖြင့် ကာရံ ထားခြင်းမရှိသော်လည်း သံပြားကို အုပ်ထား သော သစ်သား တံခါးရှိလေသည်။

ပြတင်းပေါက်၌ ဈေးဟောင်းအစိမ်းရောင် ကန့်လန့်ကာ များ ကာရံထားလေသည်။

ဧည့်ခန်း၏ အရှေ့ဘက်ဆောင်နှင့် အနောက်ဘက်ဆောင် ကြားတွင် စက်ဝိုင်းပမာ တံခါးပေါက် တစ်ခုရှိသည်။

သို့သော် တံခါးပေါက် တပ်ဆင်ထားခြင်းမရှိပါ။ အစိမ်း ရောက်ကန့်လန့်ကာ တစ်ခုသာ ခြားထားလိုက်လေသည်။

ဧည့်ခန်းထဲ၌ ရှိနေသော ပရိဘောဂများသည် နှစ်ပေါင်း (၇၀) ခန့်က ပရိဘောဂများ ဖြစ်လေသည်။

၎င်း ပရိဘောဂများသည် အလွန်ကြီးမားပြီးထုထည်ခိုင်ခံ့ လှပေသည်။

ဖန်ကြည်ကြည်ကကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

'ငါ့ဘကြီးက ဒီလိုအိမ်ထဲမှာ နှစ်ပေါင်း(၇၀) လုံးလုံးဘယ် လိုလုပ်နေနိုင်ခဲ့သလဲဆိုတာ အံ့ဩမိပါတယ်'

သူမက ပခုံးတွန့်၍ စကားဆက်လိုက်သည်။

'မမသာဆိုရင် တစ်နာရီတောင် မနေချင်ပါဘူး'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'မမရဲ့ဘကြီးက အသက်ဘယ်လောက်ရှိပြီလဲ'

'(၇၀) ကျော်ပါပြီ'

'အိမ်တော်ထိန်း ကျားကြီးရော'

'(၆၀) ကျော်ရောပေါ့'



'မမရဲ့ ဘကြီးက တော်လှန်ရေးခေါင်းဆောင် ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် အိမ်တော်ထိန်း ကျားကြီးက သူ့ရဲ့ကိုယ်ရံတော် ပေါ့'

'ဟုတ်တယ်၊ သူ့မှာ ကိုယ်ရံတော် နှစ်ယောက်ရှိတယ်လို့ သိရတယ်၊ တစ်ယောက်ကတော့ ကျားကြီးပါပဲ'

'ဒီအကြောင်းတွေကို မမက ဘယ်လိုလုပ်သိသလဲ'

'မုမုအဖေ မကွယ်လွန်မီက ပြောပြထားပါတယ်'

ထိုစဉ် လေတစ်ချက် တိုက်ခိုက်လာသည်။ ယင်းလေများ သည် ပြတင်းပေါက်ကြားမှ တိုးဝင်လာခြင်း ဖြစ်သည်။

စားပွဲပေါ်မှ ဖရောင်းတိုင်မီးသည် ရုတ်တရက် မှေးမှိန်သွား လေသည်။

'အမယ်လေး'

ဖန်ကြည်ကြည်က ထိတ်လန့်စွာ အော်လိုက် လေသည်။ ရှမ်းရှမ်းက ပြုံးလိုက်လေသည်။

'လေတိုက်တာပဲ၊ သာဖြစ်လို့ ကြောက်နေရတာလဲ'

ဖန်ကြည်ကြည်က သက်ပြင်းချလိုက်သည်။

'မမ ဒီကိုရောက်လာတာနဲ့ အလိုလို စိတ်ချောက်ခြားသလို ဖြစ်နေတယ်'

ထိုစဉ် တစ်ချိန်လုံး စကားမပြောခဲ့သော အိမ်ဖော်အချင်း က အကြံပြုလိုက်လေသည်။

'သခင်မလေး၊ ဘကြီးကိစ္စ အမြန်ဆုံးလုပ်ပြီး ပြန်ကြပါစို့'

ဖန်ကြည်ကြည်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'မမလဲ အမြန်ဆုံးပြန်ချင်တာပေါ့၊ ဒါပေမယ့် ဒီမှာ(၁၀) ရက်လောက် နေမှဖြစ်လိမ့်မယ်'

အချင်းက....

'ဒီအိမ်ကြီးကို သခင်မလေးက မနေချင်ဘူးဆိုရင် ရောင်းလိုက်တာပဲ ကောင်းပါတယ်'

ဖန်ကြည်က သဘောကျသွားလေသည်။

'ညည်းအကြံမဆိုးဘူး'

ထိုစဉ် သူမသည် အသံတစ်ခု ကြားလိုက်ရသည်ဟု ထင်မိသွားသည်။ သို့သော် သေချာစွာ နားထောင်လိုက်သောအခါ မည်သည့်အသံကိုမှ မကြားရပေ။

သူမ မျက်မှောင်ကုတ်သွားသည်။

'ဖယောင်းတိုင်ယူခိုင်းလိုက်တာအခုထိမရောက်သေးပါလား'

'အဟမ်း....အဟမ်း'

ထိုစဉ် အပြင်ဘက်၌ ကျားကြီး၏ ချောင်းဆိုးသံများကြားလိုက်ရလေသည်။ ကိုယ်လုံး ထွားကျိုင်းပြီး အလွန်အကျည်းတန်သော ကျားကြီးသည် အသက် (၄၀) ကျော်ခန့်ရှိသော အမျိုးသမီးတစ်ယောက်နှင့်အတူ ဖယောင်းတိုင်ခွက် (၄-၅)လုံးကို ယူ၍ဝင်လာသည်ကို တွေ့ရလေသည်။

ကျားကြီးကအမျိုးသမီးအား မိတ်ဆက် ပေးလိုက်လေသည်။

'သူက ကျွန်တော်မျိုးရဲ့ မိန်းမ အာလျှန်းပါ'

သူသည် ဖန်ကြည်ကြည်အား မိတ်ဆက်လိုက်လေသည်။



'ဟောဒါက ငါတို့ရဲ့ သခင်မလေး ဖန်ကြည်ကြည်ပါ၊ သူကတော့ အိမ်ဖော်အချင်း၊ ဟောဒီမိန်းကလေးက ရှမ်းရှမ်းလို့ ခေါ်ပါတယ်'

အာလျှန်းသည် ဖန်ကြည်ကြည်အား ရိုသေစွာ ဦးညွှတ်လိုက်သည်။

'သခင်မလေးကို ဂါရဝ ပြုပါတယ်'

ဖန်ကြည်ကြည်က ခေါင်းညိတ်ပြလိုက်သည်။

ကျားကြီးသည် သယ်ဆောင်လာသော ဖယောင်းတိုင်ခွက်ပေါ်သို့ ဖယောင်းတိုင်များ ထွန်းညှိလိုက်လေသည်။

ညေ့ခန်းတစ်ခုလုံး ပို၍ အလင်းထိန်လာလေသည်။

'ကျွန်တော်မျိုး ဖယောင်းတိုင်လိုက်ရှာနေတာနဲ့ နောက်ကျသွားတာ ခွင့်လွှတ်ပါ သခင်မလေး'

ကျားကြီးက တောင်းပန်စကား ပြောလိုက်လေသည်။

'ကိစ္စ မရှိပါဘူး'

ဖန်ကြည်ကြည်က နှစ်သိမ့်လိုက်သည်။

'ဒါနဲ့ ဒီဂေဟာထဲမှာ လူဘယ်နှစ်ယောက် နေပါသလဲ'

'အရင်တုန်း ကတော့ ကျွန်တော်မျိုးနဲ့ ဇနီး အာလျှန်း နှစ်ယောက်တည်းပဲ ရှိပါတယ်'

သူသည် အချင်းတို့အား တစ်ချက် ဝေ့ကြည့်လိုက်သည်။

'အခု သခင်မလေး ရောက်လာတယ်ဆိုတော့ ငါးယောက် ရှိပါတယ်'

ဖန်ကြည်ကြည်က....

'ဒီလောက်ကျယ်ဝန်းတဲ့ဂေဟာထဲမှာလူကိုး ယောက်တည်းပဲနေလို့ ပျင်းစရာကြီး'

ကျားကြီးက စကားဦးလှည့်လိုက်လေသည်။

'သခင်မလေးကို ပြောရဦးမယ်'

'ပြောပါ'

'ဒီဂေဟာထဲမှာ အကောင်းဆုံး အိပ်ခန်းလေးခန်းရှိပါတယ်၊ အဲဒါကို သခင်မလေးတို့ တစ်ယောက်တစ်ခန်းစီ အိပ်မှာလား၊ ဒါမှမဟုတ် သုံးယောက်စုပြီး တစ်ခန်းတည်းပဲ နေကြမှာလား'

ဖန်ကြည်ကြည်က....

'ငါတို့သုံးယောက်တစ်တည်းခန်းထဲပဲနေမယ်'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ဘယ်အခန်းမှာ နေမယ်ဆိုတာ သခင်မလေး ကိုယ်တိုင် လာရွေးပါ'

ရှမ်းရှမ်းက ကြားဖြတ်လိုက်လေသည်။

'ဟုတ်တယ်၊ မမကိုယ်တိုင် သွားကြည့်တာပဲ ကောင်းတယ်၊ နောက်ပြီး ကျွန်မကလဲ ဟောဒီရဲတိုက်ကြီးကို လေ့လာကြည့်ရှုချင်သေးတယ်'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်၊ ကျွန်တော်မျိုး လိုက်ပြပါ့မယ်'

သူသည် အာလျှန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

'မင်းက ညစာအသင့်ပြင်ထားလိုက်၊ လိုက်ကြည့်ပြီးတာနဲ့ပြန်စားကြမယ်'



အာဘိုးအိုသည် ဖယောင်းတိုင်တစ်ခုကို မီးထွန်း၍ ညှော်ခန်းထဲသို့ လှမ်းထွက်လိုက်လေသည်။

ဖန်ကြည်ကြည်တို့သည် အိမ်တော်ထိန်း နောက်သို့ လိုက်ပါသွားလေသည်။

* * *

ဤရဲတိုက်သည် အလွန် ကျယ်ဝန်းသော နေရာကို ပိုင်ဆိုင်ထားလေသည်။ အလယ်ဗဟိုတွင် ဂေဟာ၏ပင်မအဆောက်အအုံဖြစ်သည်။

ပင်မ အဆောက်အအုံ၏ လက်ဝဲနှင့် လက်ယာဘက်တို့တွင် အဆောက်အအုံများ အစီအရီရှိကြလေသည်။

လက်ယာဘက်တွင် အခန်း တစ်ခန်းမှ အိမ်တော်ထိန်း၏ တာဝန်ထမ်းဆောင်ရာ အခန်းဖြစ်သည်။

ဘယ်ဘက်တွင် အခန်းတစ်ခုရှိသည်။ သို့သော် ယင်းအခန်းကို အသုံးမပြုဘဲ အလောင်းမရှိသော ခေါင်းတစ်ခု ရှိနေသည်။

ထိုအခန်းမှ ကျော်လိုက်လျှင် ရေတွင်းကြီးတစ်ခု ရှိလေသည်။ ရေတွင်း၏ ဝဲယာတွင် ကြီးမားသော ကံ့ကော်ပင် တစ်ပင်စီ ရှိကြသည်။

ရေတွင်းနှင့် မျက်နှာချင်းဆိုင်တွင် ကျယ်ဝန်းသော ခန်းမကြီး တစ်ခုရှိသည်။

ဘေးတစ်ဖက်တစ်ချက်စီတွင် အခန်းများ အစီအရီ ရှိနေကြသည်။

ထိုအခန်းများ၏ အလယ်တွင် ခေါင်းတစ်လုံးရှိနေ၏။ ကွယ်လွန်သွားသော ဖန်ကြည်ကြည်၏ ဘကြီးဖြစ်သူ၏ ခေါင်းဖြစ်လေသည်။

အခေါင်း၏ရှေ့တွင် စားပွဲတစ်လုံးရှိသည်။ စားပွဲ တစ်လုံးပေါ်၌ အဖြူရောင် ဖယောင်းတိုင် ထွန်းညှိ ထားသည်။

အမွှေးတိုင်နှင့် ရွှေစက္ကူ ငွေစက္ကူ များလည်း အသင့်ရှိနေ၏။

ကျားကြီးသည် ဖန်ကြည်ကြည်တို့အား လိုက်လံ ပြသရင်း ဥယျာဉ်ထဲသို့ ရောက်ရှိသွားလေသည်။

ယင်းဥယျာဉ်၏ မီးဖိုဆောင်ရှေ့တွင် သီးခြား အိမ်တစ်လုံးရှိသည်။ ယင်းအိမ်ခန်းမှာ ကျောက်တုံး များဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

ရှမ်းရှမ်းက ထိုအခန်းကို ညွှန်ပြလိုက်သည်။

'အဲဒီအခန်းက သီးခြားရှိနေတာ ဘာထားတဲ့ အခန်းလဲ'

ကျားကြီးက....

'ဥယျာဉ်မှူး နေထိုင်တဲ့အခန်းပါ'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'ဒီရဲတိုက်ကြီးထဲမှာ ဥယျာဉ်မှူး ရှိတယ်ဟုတ်လား'

အိမ်တော်ထိန်းက ခေါင်းခါ ယမ်းလိုက်သည်။



'မရှိတော့ပါဘူး၊ ဒါကြောင့် လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ဒီအခန်းကို ပိတ်ထားခဲ့ပါတယ်'

ရှမ်းရှမ်းက....

'အဲဒီအခန်းကို သွားကြည့်ကြရအောင်'

ကျားကြီးက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဒီအခန်းထဲမှာ အသုံးမဝင်တဲ့ ပစ္စည်းများကို စုပုံထားပါတယ်၊ ဘာမှ ကြည့်စရာ မရှိပါဘူး'

သူသည် ပြောပြီး အခြားခန်းများကို လိုက်လံ ပြသလေ၏။ ရှမ်းရှမ်း၏ ရင်ထဲ၌ သံသယ ဖြစ်လာလေသည်။

ကျားကြီးသည် ရှိရှိသမျှ အခန်းများကို စိတ်တက်ကြွစွာဖြင့် လိုက်လံပြသခဲ့သည်။

ယခုမှာမူ ဤထီးထီးရှိနေသော အခန်းကိုမှ အဘယ်ကြောင့် ပြသရန် ဝန်လေးနေပါသနည်း။

ထို့ကြောင့် သူမက အဆိုပြုလိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် ကြည့်လိုက်တာ ကောင်းပါတယ်'

ကျားကြီးက ခေါင်းတွင်တွင် ခါယမ်းလိုက်လေသည်။

'ဒီအခန်းပိတ်ထားတာ ငါးနှစ်တောင် ရှိသွားပြီ၊ သော့ ဘယ်မှာထားမှန်းတောင် ရှုတ်တရက် ရှာလို့ တွေ့မှာ မဟုတ်ဘူး'

ရှမ်းရှမ်းသည် ကျားကြီးက ယင်းအခန်းကို ပြသ လိုသော ဆန္ဒမရှိမှန်း နားလည်လိုက်လေသည်။

ဤအခန်းကို ကျားကြီးက အဘယ်ကြောင့် ပြသရန် ငြင်းပယ်ရပါသနည်း။ ဤအခန်းထဲ၌ မည်သည့် လျှို့ဝှက်ချက်များ ရှိနေပါသနည်း။

ရှမ်းရှမ်းသည် ယင်းကဲ့သို့ သံသယ ဖြစ်နေ သော်လည်း မသိကျိုးကျွံ ပြု၍ ခေါင်းညိတ်လိုက်သည်။

'ဒါဆိုလဲ မကြည့်တော့ပါဘူး'

သူတို့သည် အိမ်ခန်းများကိုလိုက်လံကြည့်ကြလေသည်။ ကျားကြီးက အိပ်ခန်းများ ပြသပြီးနောက်....

'သခင်မလေး ဘယ်အခန်းကို ကြိုက်နှစ်သက်ပါသလဲ'

ဖန်ကြည်ကြည်က ခေါင်းခါရမ်းလိုက်သည်။

'ကျွန်မ တစ်ခန်းမှ မကြိုက်ပါဘူး'

'ဒါဖြင့်....'

'ကျွန်မတို့ သုံးယောက်စလုံး ဧည့်ခန်းထဲ မှာပဲ စုံအိပ်ကြပါမယ်'

ကျားကြီးက ကြောင်အမ်းအမ်းဖြင့် ဖန်ကြည်ကြည် အား ကြည့်လိုက်ပြီးမှ ခေါင်းငုံ့၍ အရှိအသေ ပြုလိုက်သည်။

'ဟုတ်ကဲ့ပါ သခင်မလေး'

ဖန်ကြည်ကြည်က စကားဆက်လိုက်သည်။

'အခု ညတော့ ဧည့်ခန်းထဲမှာ အိပ်ဖို့ခုံရှည်များကို ရွှေ့လာခဲ့ပါ'



'ဟုတ်ကဲ့ပါ သခင်မလေး'

ကျားကြီးသည် ဦးညွတ်၍ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။

* * *

တခဏ အကြာတွင် ကျားကြီးသည် အလွန် လေးလံသော ခုံတန်းရှည်တစ်ခုကို သယ်ဆောင်လာလေသည်။

ဖန်ကြည်ကြည်သည် ရင်ထိတ်သွားသည်။ ဤမျှ လေးလံပြီး ကြီးမားသော ခုံတန်းရှည်ကို တစ်ယောက်တည်း ပေါ့ပါးစွာ သယ်ဆောင်လာသည်ကို ရင်ထိတ်သွားပြီ ဖြစ်လေသည်။

'ဦးက လူငယ်ထက်တောင် သန်မာနေပါလား'

ကျားကြီးက ဦး ညွတ်လိုက်သည်။

'ကျွန်တော်မျိုးက အိုမင်းလာပါပြီ'

သူသည် ခုံတန်းရှည်ကို ခင်းကျင်း ပေးနေသည်။ ထိုစဉ် အာလျှင်းက ရောက်ရှိလာသည်။

'သခင်မလေး ညစာ အသင့်ရှိပါပြီ'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီလေ၊ ကျွန်မ အခုပဲ လိုက်ခဲ့မယ်'

* * *

ညစာစားပြီးနောက် ဖန်ကြည်ကြည် တို့သည် ဧည့်ခန်းသို့ ပြန်လည်ရောက်ရှိလာကြလေသည်။

ကျားကြီးသည် ရေနွေးကြမ်းနှင့် သစ်ကြားသီး တစ်ပန်းကန် လာရောက်ချပေးလိုက်လေသည်။

'သခင်မလေးရဲ့ဘကြီး မကွယ်လွန်မီက ဆိုရင် ညစာစားပြီး တာနဲ့ ရေနွေးကြမ်းနဲ့ သစ်ကြားသီးကို စားတတ် ပါတယ်၊ ဒါကြောင့် သစ်ကြားသီးဟာအမြဲတမ်းလိုလို ရှိပါတယ်ခင်ဗျာ'

ဖန်ကြည်ကြည်က သံသယဖြစ်လာသည်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်မ မစားချင်ပါဘူး'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'ကျွန်မကတော့ သစ်ကြားသီးကို ကြိုက်တယ်'

သူမသည် အနီးတစ်ဝိုက်အား လှည့်ကြည့်လိုက်သည်။

'သစ်ကြားသီးကို ရိုက်ခွဲဖို့ တူရှိရင် ကောင်းမယ်ထင်တယ်'

ကျားကြီးက ပြုံးလိုက်လေသည်။



'တူမလိုပါဘူးဗျာ'

သူသည် သစ်ကြားသီးတစ်လုံးကို ယူ၍ ညာဘက်လက်ဝါးထဲ၌ ညှစ်လိုက်လေသည်။

'ခွပ်...'

သစ်ကြားသီးခွံသည် ကြေမွသွားလေသည်။ ဖန်ကြည်ကြည်က ရင်ထိတ်သွားလေသည်။

'သူက အားတော်တော်သန်တယ်၊ သစ်ကြားသီးခွံကို ချေပြတာ ငါ့ကို ချိန်းချောက်တဲ့ သဘောလား'

ဟု တွေးမိလေသည်။

ကျားကြီးက သစ်ကြားသီး ဆယ်လုံးခန့် ချေပြီး အသားများကို ပန်းကန်ထဲ၌ ထည့်ပေးလိုက်လေသည်။

ရှမ်းရှမ်းက ဖန်ကြည်ကြည်အား လှမ်းကြည့်လိုက်သည်။

'မမ မစားဘူးလား'

ဖန်ကြည်ကြည်က ခေါင်းခါရမ်းလိုက်သည်။

'မမ မစားချင်ဘူး'

သူမသည် ကျားကြီးအား မော့ကြည့်လိုက်သည်။

'ဒီမှာ ကျားကြီး'

'ဘာလဲ သခင်မလေး'

ဖန်ကြည်ကြည်က ရှမ်းရှမ်းအား ညွှန်ပြလိုက်သည်။

'သူ့ကို ရှင်သိသလား'

ကျားကြီးက ခေါင်းရမ်းလိုက်သည်။

'မသိပါဘူး'

ရှမ်းရှမ်းက....

'ရှင့်ကို ပြောပြထားရဦးမယ်၊ အခုတလော နာမည် ကျော်ကြားနေတဲ့ ဒုစရိုက်နှိမ်နင်းရေးမှူး ရှမ်းရှမ်းပါပဲ'

ကျားကြီးသည် မည်သို့မျှ ထူးထူးခြားခြားမရှိပါ။

'ဟုတ်ကဲ့'

သူသည် ဖန်ကြည်ကြည်အားဦးညွတ်လိုက်ပြန်သည်။

'သခင်မလေးကို အရေးကြီးတဲ့ စကား တစ်ခွန်း ပြောချင်ပါတယ်'

'ပြောပါ'

'သခင်မလေးရဲ့ မောင်နှမဝမ်းကွဲ တစ်ယောက် ရှိပါတယ်၊ သူ့နာမည်က ရှောင်ပေရှံပါ'

'ဟုတ်ကဲ့၊ ကျွန်မ သိပြီးပါပြီ'

'သူဟာ အလုပ်မှာ ကောင်းကောင်း မလုပ်ပါဘူး၊ ဒုစရိုက်အလုပ်ပဲ လုပ်နေပါတယ်'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ် သွားသည်။

'ဒီအကြောင်းကို ဘာဖြစ်လို့ ပြောပြချင်ရတာလဲ'

'ဒီလိုပါ၊ သူက သူ့ညီလေး ကွယ်လွန်ပြီး ရှိရှိသမျှအမွေကို သခင်မလေး တစ်ယောက်တည်း ပေးခဲ့တာကို လုံးဝမကျေနပ်ဘူး၊ ဒါကြောင့် သူ့ကို သတိထားပါလို့ စေတနာနဲ့ပြောပြနေတာပါ'

ဖန်ကြည်ကြည်က ရင်ထိတ်သွားသည်။

'ဟုတ်လား'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်၊ သူက သခင်မလေး မလာခင် ကတည်းက ဒီအမွေကိုဖြစ်တဲ့နည်းနဲ့ လုယူမယ်လို့ ကြုံးဝါး နေတာကို ကြားသိရပါတယ်'

ဖန်ကြည်ကြည်က အနည်းငယ် ကျောချမ်း သွားလေသည်။ ကျားကြီးက စကားဆက်လိုက်သည်။

'ဒါပေမယ့် သခင်မလေး စိတ်မပူပါနဲ့၊ ဘယ်နည်းနဲ့ မဆို သခင်မလေးရဲ့အသက်ကို ကျွန်တော်မျိုး အသက်နဲ့လဲပြီး ကာကွယ်ပေးပါ့မယ်'

ထိုစကား ကြားလိုက်ရသော အခါ ဖန်ကြည်ကြည် အဖို့ ကျားကြီးအပေါ် ပို၍စိတ်မချ ဖြစ်လာလေသည်။

'ရေနွေးကြမ်း သောက်ပါဦး'

အိမ်တော်ထိန်း ကျားကြီးသည် ရေနွေးကြမ်း ပန်းကန်ကို လက်နှစ်ဖက်ဖြင့် ဖန်ကြည်ကြည်အား ပေးလိုက်သည်။ အဘယ်ကြောင့်မှန်း မသိ။ ရေနွေးကြမ်း ပန်းကန်သည် ဖန်ကြည်ကြည်၏ ကိုယ်ပေါ်သို့ မှောက်ကျသွားလေသည်။

ဖန်ကြည်ကြည်၏ အင်္ကျီတစ်ထည်လုံးစိုရွှဲသွားလေသည်။

'ကျွန်တော်မျိုး မတော်လို့ပါ၊ တောင်းပန်ပါတယ်'

ကျားကြီး ထိတ်ထိတ်ပျာပျာဖြင့် တောင်းပန် လိုက်လေ၏။ ဖန်ကြည်ကြည်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

'ကြည့်စမ်း၊ ကျွန်မရဲ့ ပိုးအင်္ကျီတော့ ပျက်စီးသွားပါပြီ'

'ဟုတ်ကဲ့၊ ကျွန်တော်မျိုး တောင်းပန် ပါတယ် သခင်မလေး'

ဖန်ကြည်ကြည်က စိတ်မကျေနပ်နိုင်ပဲ ပြောနေ၏။

'ထားပါတော့လေ၊ ကျွန်မအကျိုလဲတော့မယ်၊ ရှင် သွားနိုင်ပါပြီ'

'ဟုတ်ကဲ့ပါ သခင်မလေး'

ကျားကြီးက အရိုအသေပြုပြီး ညှော့ခန်းထဲမှ ထွက်ခွာသွားလေသည်။

## သချိုင်းထဲက အမှိုးစု

ဖန်ကြည်ကြည်သည် ညှော့ခန်း တံခါးအား ပိတ်လိုက်လေသည်။ ကလန့်ထိုးပြီးသည့်အပြင် မင်းတုပ်ကြီးပါ ချထားလိုက်လေသည်။

ထို့နောက် ပြတင်းပေါက်အားလုံး ပိတ်ထား လိုက်သည်။ ရှမ်းရှမ်းက မျက်မှောင် ကြုတ်သွားသည်။

'ပြတင်းပေါက်အားလုံး ပိတ်ထားလိုက်ရင် လေ ဘယ်က ရနိုင်မှာလဲ မမရယ်'

'လေမရတာအရေးမကြီးဘူး၊ မမတော့ ဒီလို ပိတ်ထားမှ စိတ်ချတယ်'

ရှမ်းရှမ်းက ထိုင်ရာမှထလိုက်သည်။ သူမသည် ဖရောင်းတိုင်ကြီးကိုယူ၍ အခန်းတစ်ခုလုံးအား သေသေချာချာ စစ်ဆေးကြည့်လေသည်။

ထိုဧည့်ခန်းတစ်ခုလုံးတွင် သူမတို့ သုံးယောက်မှလွဲ၍ အခြားလူသူတစ်စုံ တစ်ယောက်မှ မရှိတော့ပါ။

မည်သူမှလည်း ဤအခန်းထဲသို့ ဝင်ရောက် နိုင်စွမ်း မရှိကြောင်း တွေ့ရှိရလေသည်။

ရှမ်းရှမ်းသည် ဥယျာဉ်ဘက် လှည့်နေသော ပြတင်းပေါက်တစ်ခု ဖွင့်လိုက်လေသည်။

ယင်းပြတင်းပေါက်မှာ သံတိုင်များဖြင့် ကာရံ ထားသဖြင့် မည်သူကမှ ဝင်ရောက်နိုင်မည်မဟုတ်ပါ။

လေကောင်း လေသန့်များ တိုက်ခတ် ဝင်ရောက် လာလေသည်။

'ရှမ်းရှမ်း ပြတင်းပေါက် ဖွင့်ထားလို့ ဖြစ်ပါ့မလား'

ဖန်ကြည်ကြည်က စိတ်မချပဲ မေးလိုက်ခြင်း ဖြစ်သည်။ ရှမ်းရှမ်းက ပြုံးပြလိုက်သည်။

'ဒီသံတိုင်ကို ဘယ်သူမှ ရိုက်ချိုးပြီး ဝင်လာနိုင်မှာ မဟုတ်ပါဘူး၊ ဒါလောက်လဲ မစိုးရိမ်ပါနဲ့'

ဖန်ကြည်ကြည်က သေတ္တာ ဖွင့်လိုက်ပြီး ရေနွေးကြမ်းစိုနေသောကိုယ်ပေါ်မှ ပိုးထည် အင်္ကျီကို လဲလိုက်သည်။



ထိုပိုးထည်အင်္ကျီကို ကုလားထိုင် တန်းပေါ်သို့ တင်ထားလိုက်လေသည်။ ထိုဧည့်ခန်းသည် ထူထဲသော အဝတ်ဖြင့်အလယ်တွင် ကာရံထားသည်။

ဖန်ကြည်ကြည်က အိမ်ဖော် အချင်းအား ကွပ်ပျစ်ပေါ်၌ အိပ်ရန် နေရာချပေးသည်။

သူမသည် ရှမ်းရှမ်းအား ပြုံးပြလိုက်သည်။

'ရှမ်းရှမ်းကတော့ မမနဲ့ ကုလားထိုင်ကြီးပေါ်မှာ အိပ်ကြတာပေါ့'

ဟု အကြံပြုလိုက်လေသည်။

အချင်းက ကန့်ကွက်လိုက်သည်။

'ကျွန်မလဲမမတို့နဲ့အတူအိပ်မယ်'

အမှန်မှာ သူမကတစ်ယောက်တည်း အိပ်ရမည်ကို ကြောက်ရွံ့နေခြင်းဖြစ်သည်။

'ညည်းကလဲ ကြောက်တတ်ရန်ကော တံခါးနဲ့ ပြတင်းပေါက်အားလုံးပိတ်ထားတာပဲ ဘာကြောက်စရာ ရှိလို့လဲ'

ဖန်ကြည်ကြည်က ပြစ်တင် ပြောဆိုလိုက်သည့် တိုင်အောင် အချင်းက လက်မခံပါချေ။

'ဟင့်အင်း ကျွန်မတစ်ယောက်တည်း မအိပ်ရဲဘူး'

ဖန်ကြည်ကြည်က ပခုံးတစ်ချက် တွန့်လိုက်သည်။

'သဘောပဲဟေ့ ဒါပေမယ့် မမက စောစောမအိပ်တတ်ဘူး။ ရှမ်းရှမ်းနဲ့ စစ်တုရင်ကစားရဦးမယ်'

အချင်းက ပြုံးလိုက်သည်။

'ကျွန်မလဲ စောစောအိပ်လို့ မရပါဘူး၊ ထိုင်ကြည့်မယ်လေ'

* * *

ညော့ခန်း၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် စက်ဝိုင်းပုံသဏ္ဍာန်ရှိသော တံခါးပေါက် တစ်ခုရှိသည်။

တံခါးမရှိဘဲ ထူသော အဝတ် တစ်ခုဖြင့် ခန်းစည်းသထော ကာရံထားလေသည်။

ရှမ်းရှမ်းနှင့် ဖန်ကြည်ကြည်တို့သည် ထိုနေရာတွင် စားပွဲချ၍ စစ်တုရင် ကစားကြလေသည်။

ရှမ်းရှမ်းက ခန်းစည်းကို ခပ်စောင်းစောင်း အနေအထားဖြင့် ခန်းစည်းဘက်သို့ မျက်နှာမူ ထားလေသည်။

အချင်းမှာမူ ကုလားထိုင် တစ်လုံးပေါ် ထိုင်၍ သူမတို့ စစ်တုရင် ကစားနေသည်ကို ထိုင်ကြည့်နေသည်။ သူမ၏ အနေအထားမှာ ခန်းစည်းအား မျက်နှာမူထားလေသည်။

* * *



ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် လေညှင်း ကလေးသည် တစ်ချက်တစ်ချက် တိုက်ခတ်လာသောကြောင့် ဖယောင်းတိုင်မီးမှာ တစ်ချက်တစ်ချက် ယိမ်းယိုင်သွားသည်။

ရှမ်းရှမ်းနှင့် ဖန်ကြည်ကြည်တို့သည် စိတ်ပါဝင်စားလာကြသဖြင့်စစ်တုရင်ကို တစ်ပွဲပြီးတစ်ပွဲ ဆက်၍ ကစားနေ၏။

ဖယောင်းတိုင်သည် တစ်စထက် တစ်စ လောင်ကျွမ်းကာ တို၍တို၍ သွားသည်။ တဖြည်းဖြည်း ညဉ့်နက် လာလေတော့သည်။

အခန်းထဲ၌ တိတ်ဆိတ်ခြင်း မက တိတ်ဆိတ်နေ၏။ သူမတို့သည် တစ်ယောက်၏ အသက် ရှူသံများကို တစ်ယောက်က ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။

ထို့ပြင်စစ်တုရင် ရွှေ့လျားသည့် တိုးညှင်းသော အသံကိုပင် ကြားနိုင်လေသည်။

တိတ်ဆိတ်ခြင်းမှက တိတ်ဆိတ်ခြင်းသည် ထိတ်လန့်ခြင်း ဖြစ်ပေါ်လာစေရန် အစဖျိုးဖြစ်သည်။

ထို့ပြင် ပတ်ဝန်းကျင်မှ အသံဗလံများသည် အဝေးမှလည်းကောင်း၊ အနီးမှလည်းကောင်း ထွက်ပေါ် နေသည်ဟု စိတ်ထဲ၌ ဖြစ်ပေါ်လာစေသည်။

ယင်းအသံဗလံများမှာ လေပြင်းတိုက်ခတ်သော အသံများ၊ ခွေးအူသော အသံများ၊ အမည် မဖော်တတ်သော ညဉ့်ငှက်များ၏ အော်သံများ ဖြစ်လေသည်။

ဖန်ကြည်ကြည်မှာမူ အသံဗလံများကြောင့် စိတ်ချောက်ချားရင်း စစ်တုရင် ထိုးနေခြင်း ဖြစ်သည်။

အချင်းသည် စစ်တုရင်ကစားနေသည်ကို ကြည့်ရှုသော်လည်း အသံများကြားတိုင်း ကြောက်ရွံ့တုန်လှုပ်နေလေသည်။

သူမမျက်လုံးအစုံသည် စစ်တုရင်ပေါ်သို့ ကြည့်နေသည် ဖြစ်သော်လည်း သူမ၏ အတွေးများမှာမူ ဤရဲတိုက်ကြီး၏ ကြောက်မက်ဖွယ် ကောင်းသော အခွင့်အသက်နှင့် အိမ်တော်ထိန်းကျားကြီး၏ မျက်နှာကို မြင်ယောင်နေသည်။

ကြေးရောင်ထနေသော မျက်နှာပြား ကြီးမားပြီး ပြားချပ်နေသော နှာခေါင်း မုတ်ဆိုးလိုက်ခွေးကဲ့သို့သော ပြဲနေသော ပါးစပ်၊ ချွန်ထက်သော သွားများ။

မည်း၍ ထူပျစ်သော မျက်ခုံးမွေးအစုံအောက်ရှိ ကျဉ်းမြောင်းပြီး တြိဂံပုံ မျက်လုံးများနှင့် မျက်လုံးအစုံတွင် ပေါ်လွင်နေသော ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင် မျက်နှာတစ်ခုလုံး၏ ကြွက်သားများမှာ ချိုင့်ဝှမ်းနယ်မြေပမာ အဖုအထစ်ဖြင့် ပြည့်လျက်နေ၏။

သူ၏ ခန္ဓာကိုယ်သည် အလွန်မြင့်ပြီး သန်မာထွားကျိုင်းလှပေသည်။ သူ၏ညာဘက်လက်သည် သန်မာလူထက် တစ်ဆကြီးမားသည်။

သူ၏ ဘယ်ဘက်လက်မှာမူ မီးခိုးရောင် သားရေအိတ်တစ်ခု အမြဲတမ်း စွပ်ထားသည်။ သူမသည် တွေးရင်း ပို၍ စိတ်ချောက်ချားသွားလေလည်း။

'ဝူး... ဝူး... ဝူး'

ရုတ် တ ရက် ဆွဲ ဆွဲ ငင် ငင် ထွက် ပေါ် လာ သော ခွေး အူသံကြောင့်....



'အမယ်လေး'

အချင်းက ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။ ဖန်ကြည်ကြည်၏ မျက်နှာသွေးရောင်မင် မရှိတော့ပါ။

'ဟင်....ဘာအသံလဲ'

ရှမ်းရှမ်းက ပြုံးပြလိုက်သည်။

'ကိုယ့်စိတ်ကို ချောက်လန့်မနေစမ်းပါနဲ့ မမရယ်'

ဖန်ကြည်ကြည်က....

'ရှမ်းရှမ်း မကြားဘူးလား ဘာအသံတွေလဲ'

ရှမ်းရှမ်းက ပြုံးလိုက်လေသည်။

'ကြားပါတယ်၊ ဒါက တောအုပ်နဲ့နီးလို့ ငှက်သံတွေ၊ လေတိုက်တဲ့ အသံတွေ၊ ခွေးအူတဲ့ အသံတွေပါ'

အချင်းက နားပိတ်ထားလိုက်သည်။

'ကျွန်မ ကြောက်တယ်'

ရှမ်းရှမ်းက....

'အသံမကြားချင်ရင် ပြတင်းပေါက် ပိတ်လိုက်ပေါ့'

အချင်းက ထိုင်ရာမှ ထလိုက်ပြီး ပွင့်နေသော ပြတင်းပေါက်အား မဝံ့မရဲဖြင့် ပိတ်လိုက်လေသည်။

အသံဗလံများသည် တိတ်ဆိတ်သွားလေတော့သည်။

* * *

ရှမ်းရှမ်းနှင့် ဖန်ကြည်ကြည်သည် စစ်တုရင် ဆက်၍ ကစားကြလေသည်။ ပြတင်းပေါက် ပိတ်ထားသောကြောင့် အိုက်စပ်စပ်ဖြစ်လာလေသည်။

ရှမ်းရှမ်းသည် သူမ၏ လည်ပင်းတွင် ချည်ထားသော ပန်းနုရောင်ပဝါကို ချွတ်လိုက်ပြီး ကုလားထိုင် လက်တန်းပေါ်သို့ တင်ထားလိုက်လေသည်။

အချင်းသည် စစ်တုရင် ကစားနေသည်ကို ကြည့်ရင်း မျက်လုံးညောင်းလာလေသည်။

သူမ၏ မျက်လွှာသည် တဖြည်းဖြည်း လေးလံလာကာ မှိတ်ထားလိုက်လေသည်။ သို့သော် သူမသည် အိပ်ငိုက်နေသည် ဖြစ်သော်လည်း မအိပ်လိုသေးပါ။

မျက်လုံးများကို တစ်ချက်တစ်ချက် ကြိုးစား၍ ဖွင့်ထားလိုက်လေသည်။

သို့သော် သူမသည် အချိန်ကြာကြာ မတောင့်ခံနိုင်တော့ပါ။ မျက်လုံးစုံမှိတ်ကာ အိပ်ပျော်သွားလေသည်။

* * *



ဖယောင်းတိုင် မီးသည် ငို၍ တိုတောင်းသွားသည်။ ညဉ့် ပို၍နက်လာလေသည်။ ဖန်ကြည်ကြည်နှင့် ရှမ်းရှမ်းတို့သည် (၄)ပွဲ ကစားခဲ့ပြီး ဖြစ်လေသည်။

ရှမ်းရှမ်းက နှစ်ပွဲနိုင်သည်။ ဖန်ကြည်ကြည်ကလဲ နှစ်ပွဲနိုင်သည်။ ယခု သူမတို့သည် အရှုံးအနိုင်ကို ဆုံးဖြတ်ပေးမည့် ပဉ္စမပွဲကို စတင်နေပြီး ဖြစ်လေသည်။

ထို့ကြောင့် သူမတို့သည် စစ်တုရင် တစ်ခု ရွှေ့လျားရမည်ကို အထူးဂရုစိုက် စဉ်းစားပြီးမှ ရွှေ့ကြရလေသည်။

ထို့ကြောင့် ဖန်ကြည်ကြည်သည် ကြောက်ရွံ့စိတ်များ လုံးဝမေ့ပျောက်သွားကာ စစ်တုရင်ကိုသာ အာရုံစူးစိုက်နေ၏။

ထိုအချိန်၌ အလွန် ထူးဆန်းသော အသံတစ်ခု ထွက်ပေါ်လာသည်ကိုပင် သူမက မကြားလိုက်ပါချေ။

အိမ်ဖော်အချင်းသည် အိပ်ငိုက်နေ၏။ သူမ၏ ဦးခေါင်းသည် ရင်ဘတ်အထိ ငိုက်ဆင်းပြီးမှ ခေါင်းထောင်လိုက်ပြန်သည်။

တစ်ဖန် ဦးခေါင်းငိုက်စိုက် ဖြစ်သွားပြန်လေသည်။ သူမသည် ထိုထူးဆန်းသော အသံကို မကြားရပေ။

ရှမ်းရှမ်းကလည်း စစ်တုရင် အနိုင်အရှုံးကို ဆုံးဖြတ်ပေးမည့်ပွဲ ဖြစ်နေသဖြင့် အာရုံစူးစိုက်နေသောကြောင့် သူမလည်း ထိုအသံကို မကြားမိပါချေ။

ရုတ်တရက် ရှမ်းရှမ်းနောက်မှ အခန်းစည်း အဝတ်သည် တစ်ချက်လှုပ်ရှားသွားသည်။ သူမက ကျောပေးထားသဖြင့် မမြင်တော့လိုက်ပါ။

ဖန်ကြည်ကြည်က မျက်နှာမူထားသည် ဖြစ်သော်လည်း စစ်တုရင် စိတ်ဝင်စားနေသဖြင့် မတွေ့လိုက်ပါ။

အိမ်ဖော်အချင်းက အိပ်ငိုက်နေသဖြင့် အခန်းစည်း လှုပ်ရှားသွားသည်ကို မတွေ့မိလိုက်ပါ။

ထိုအချိန်မှာပင် ထူးဆန်းသော အဖြစ်အပျက် တစ်ခု ဖြစ်ပေါ်လာလေသည်။

အလွန်ကြီးမားပြီး ကြောက်မက်ဖွယ်ရာ ကောင်းသော လက်မည်းကြီးတစ်ဘက်သည် အခန်းစည်း နောက်ကွယ်မှ ထွက်ပေါ်လာလေသည်။

ထိုလက်တစ်ဘက်သည် သာမန်လူတစ်ယောက်၏ လက်ထက် တစ်ဆပို၍ ကြီးမားသည်။

လက်တစ်ခုလုံးမှာ ရှည်လျားပြီး ကြမ်းတမ်းသော အမွေးအမျှင်များရှိသည်။ လက်ချောင်းများ ကြမ်းတမ်းပြီး အနည်းငယ် ကွေးကောက်နေ၏။

လက်သဲများသည် ကျားလက်သဲပမာ ချွန်ထက်၍နေ၏။ အသားအရေများမှာ သဲစက္ကူ ပမာ ကြမ်းတမ်းလှပေသည်။

ထိုလက်မည်းကြီးသည် အခန်းစည်း နောက်ကွယ်မှ ဆန့်ထုတ်လိုက်ပြီး ရှမ်းရှမ်း၏ လည်ဂုတ်ထံသို့ ဖမ်းဆွဲရန် ဟန်ပြင်နေ၏။

သို့သော် ၎င်း လက်မည်းကြီးသည် ရှမ်းရှမ်း၏ လည်ကုတ်နှင့် လေးလက်မခန့်အကွာ၌သာ လှုပ်ရှားနေ၏။

ရှမ်းရှမ်း၏ လည်ကုတ်အား မဖမ်းမိသေးပါ။ ရှမ်းရှမ်းသည် သူမ၏ နောက်ဘက်တွင် ကြောက်မက်ဖွယ်ရာ ကောင်းသော လက်မည်းကြီးတစ်ဖက်က အန္တရာယ်ပြုလာလိမ့်မည်ဟု မသိလိုက်ပါ။



ဖန်ကြည်ကြည်မှာမူ သူမ ရွှေ့လျားမည့် စစ်တုရင်ကို အလေးအနက် စဉ်းစားနေသဖြင့် ခေါင်းငုံ့ထားသောကြောင့် ထိုလက်မည်းကြီးကို မမြင်တွေ့လိုက်ပါ။

အိပ်ငိုက်နေသော အိမ်ဖော်အချင်းသည် ရုတ်တရက် ခေါင်းမော့လိုက်သည်။

သူမသည် အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ သူမသည် ခန်းဆီးနောက်မှ ထွက်ပေါ်လာသော လက်မည်းကြီးကို တွေ့မြင်လိုက်ရလေသည်။

သို့သော် သူမသည် အလွန် အိပ်ငိုက်နေသဖြင့် ထိုလက်မည်းကြီးကို မြင်တွေ့နေလျက်နှင့် ငိုင်၍ ကြည့်မိနေ၏။

ထို လက်မည်းကြီးသည် ရှမ်းရှမ်းထံသို့ တစ်စထက်တစ်စ နည်းကပ်လာလေသည်။

သူ၏ ချွန်ထက်သော လက်သည်းများသည် ရှမ်းရှမ်း၏ လည်ကုတ်သို့ ထိလုရန် နှစ်သက်မခန့်သာ ကွာတော့သည်။

အိမ်ဖော် အချင်းသည် မျက်လုံးများကို ပွတ်လိုက်သည်။ သူမသည် ထိုကြောက်မက်ဖွယ်ကောင်းသော လက်မည်းကြီးအား သေသေချာချာ ကြည့်လိုက်သေသည်။

ထိုလက်မည်းကြီး၏ လက်ချောင်းများသည် ရှမ်းရှမ်း၏ လည်ကုတ်သို့ ထိလုမတတ် နီး၍ လာလေသည်။

အချင်းသည် အိပ်ငိုက်နေရာမှ နိုးကြားလာလေသည့် ကြောက်ရွံ့သော စိတ်များလည်း တစ်ဆက်တည်း ဖြစ်ပေ လာသည်။

'အား....'

သူ၏အသံသည် စူးရှစွာ ထွက်ပေါ်လာလေသည်။ထိတ်လ ချောက်ချားမှုက လွန်ကဲလာသဖြင့် သူမသည် သတိမေ့က ကုလားထိုင်ပေါ်မှ ထိုးကျသွားလေသည်။

* * *

'ဝုန်း....'

အိမ်ဖော်အချင်းသည် ကုလားထိုင်ပေါ်မှ ကြမ်းပေါ်သို့ထ ကျသွားသည်။

'အချင်း....အချင်း'

ရှမ်းရှမ်းက ထိုင်ရာမှ ထလိုက်ပြီး အချင်းထံသို့ ပြေးလှ သွားလေသည်။

ဖန်ကြည်ကြည်မှာမူ အချင်း၏ စူးရှသော အော်သံကြေ ထိတ်လန့်တုန်လှုပ်ကာ တစ်ကိုယ်လုံး တုန်ခါ၍ နေလေသည



ရှမ်းရှမ်းသည် အချင်းအား ထူလိုက်ပြီး နှိပ်နယ်ပေးလိုက်ရာ အချင်းက တဖြည်းဖြည်း သတိရလာလေသည်။

ရှမ်းရှမ်းက အားပေးသော အပြုံးဖြင့် ပြုံးပြလိုက်လေသည်။

'ဘာဖြစ်သွားတာလဲ အချင်း'

'လက်....လက်မည်းကြီး'

အချင်းက ထိတ်လန့်တုန်လှုပ်နေသေး၏။ သူမ၏ အသံသည် တုန်တုန်ယင်ယင် ဖြစ်နေ၏။ဖန်ကြည်ကြည်က ထိတ်လန့်တုန်လှုပ် သွားသည်။

'လက်မည်းကြီး ဟုတ်လား'

အချင်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ ကျွန်မ လက်မည်းကြီးတစ်ဖက်ကို တွေ့လိုက် တယ်'

'လက်မည်းကြီးက ဘယ်မှာလဲ'

အချင်းက ခန်းဆီးအား ညွှန်ပြလိုက်သည်။

'ဟိုဒီ ခန်းဆီးနောက်ကနေ ထွက်လာတာ'

ရှမ်းရှမ်းက ခန်းဆီးဘက်သို့ လှည့်ကြည့်လိုက်သည်။မည်သည့် အရာကိုမှ မတွေ့ရပါ။သူမသည် ခန်းဆီးအနီးသို့လျှောက်သွားပြီး ခန်းဆီးအား ဖယ်ရှားလိုက်သည်။

အချင်းပြောပြသော လက်မည်းကြီးကို မတွေ့ရပါ။ သူမသည် အခန်းတံခါးနှင့် ပြတင်းပေါက်များကို စစ်ဆေး ကြည့်ရှုလိုက် လေသည်။

အခန်းတံခါးသည် မင်းတုပ်ချလျက် ရှိနေ၏။ ပြတင်းပေါ
များမှာလည်း မူလ ပိတ်ထားသည့်အတိုင်း ရှိနေ၏။

မည်သူမဆို ဤအခန်းထဲသို့ ဝင်ရန်မှာ လုံးဝမဖြစ်နိုင်ပါ
ထို့ကြောင့် အချင်းက အိပ်မက် မက်လိုက်သည်ဟု ယူဆ
လေသည်။

'အချင်း....ဘယ်မှာလဲ လက်မည်းကြီး'

အချင်းက ခန်းဆီးဘက်သို့ ကြောက်ရွံ့စွာဖြင့် ကြည့်လိုက်
သည်။

'အဲဒီခန်းဆီးနားမှာ ကျွန်မတွေ့လိုက်တာပဲ'

ရှမ်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'ညည်းက အိပ်ငိုက်ပြီး မြင်မိမြင်ရာ ဖြစ်ပါလိမ့်မယ်'

'မဟုတ်ဘူး၊ ကျွန်မ သေသေချာချာ မြင်တွေ့လိုက်တာ'
အချင်းက အခိုင်အမာ ပြောဆိုလိုက်လေသည်။

'ပထမလဲ ကျွန်မက မျက်လုံးအမြင်မှားတယ်လို့ ယူဆမိတယ်
ဒါပေမယ့် မျက်လုံး သေသေချာချာ ပွတ်ကြည့်တဲ့ အခါမှ
အမွေးများ ကြမ်းတမ်းတဲ့ လက်မည်းကြီးတစ်ဖက်ကို သေသေ
ချာချာ တွေ့လိုက်ရတယ်'

သူမသည် လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး လက်ချော
င်းချောင်းကို ကွေး၍ပြလိုက်သည်။

'သူ့ရဲ့လက်သည်းက ချွန်ထက်ပြီး တော်တော့ကို ကြော
စရာကောင်းတယ်ရှင့်'



ရှမ်းရှမ်းက ဖန်ကြည်ကြည်ဘက်သို့ လှည့်ကြည့်လိုက်လေ
သည်။

'မမက ခန်းဆီးကို မျက်နှာချင်းဆိုင် ထိုင်နေတဲ့အတွက်
အချင်းပြောတဲ့ လက်မည်းကြီးကို တွေ့သလား'

ဖန်ကြည်ကြည်က ခေါင်းခါယမ်းလိုက်သည်။

'မမတော့ မတွေ့လိုက်ပါဘူး၊ ဒါပေမယ့် အချင်းပြောတာ
ဖြစ်နိုင်တယ်လို့ ယူဆတယ်'

'ဘာဖြစ်လို့လဲ'

'အချင်းပြောတဲ့ လက်မည်းကြီးဟာ အိမ်တော်ထိန်း ကျား
ကြီးရဲ့လက် ဖြစ်ရမယ်လို့ မမက ယုံကြည်လို့ပါ'

ရှမ်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်တာ မမရယ်'

အချင်းက မြတ်သားစွာ ပြောလိုက်လေသည်။

'ဖြစ်နိုင်တာ မဖြစ်နိုင်တာကို ကျွန်မနားမလည်ဘူး၊ ဒါပေ
မယ့် ကျွန်မကတော့ ကြောက်စရာကောင်းတဲ့ လက်မည်းကြီးကို
သေသေချာချာတွေ့တာ အမှန်ပါပဲ'

ရှမ်းရှမ်းသည် ရှင်းပြ၍မရမှန်း သိလိုက်သဖြင့် သူမသည်
အငြင်းအခုံ မလုပ်တော့ဘဲ....

'ကဲ–ဘာပဲဖြစ်ဖြစ် အခန်းတစ်ခုလုံးကတော့ လုံလုံခြုံခြုံ
ရှိပါတယ်၊ ညဥ့်လဲနက်လှပြီ၊ အားလုံး အိပ်ကြမယ်'

အချင်းက စကားပြောရန် ပါးစပ်ဟလိုက်သည်။

ရှမ်းရှမ်းက လက်ကာပြလိုက်လေသည်။

'ပြောစရာရှိရင် မိုးလင်းမှပဲ ဆက်ပြောကြတာပေါ့'

ရှမ်းရှမ်းက အေးအေးဆေးဆေး ပြောဆိုနေသည့်ကို တွေ့မြ လိုက်ရသဖြင့် အချင်းနှင့် ဖန်ကြည့်ကြည်တို့သည် စိတ်သက်သာရ ရလာပြီး သူတို့သုံးယောက်သည် ကုလားထိုင်များကို စုသိုက်ပြီ လျှင် အတူတူ အိပ်ကြလေသည်။

လွင် ၈၁ ၆၀
စာမျက် ၁၅ / ၁၃၈၁ မိသစိ
တောင် ၇ ဩ

## အင်္ဂါပျောက်ဆုံးခြင်း

နောက်တစ်နေ့ နံနက်....

ကြက်တွန်သံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။ အချင်းနှင့် ဖန်ကြည်ကြည်တို့သည် အိပ်ရာမှ နိုးလာလေသည်။

ရှမ်းရှမ်းမှာမူ အိပ်ပျော်တုန်း ရှိနေသေး၏။ နေရောင်ခြည် နုနုသည် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ထိုးကျနေသော ကြောင့် အခန်းတစ်ခုလုံး လင်းလင်းထင်းထင်း ရှိနေလေသည်။

အချင်းနှင့် ဖန်ကြည်ကြည်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြသည်။

သူမတို့သည် မည်သည့်အန္တရာယ်နှင့်မျှ ကြုံတွေ့ခြင်းမရှိဘဲ ရှိနေကြသည်ကို ဝမ်းသာမိသည်။

သူမတို့သည် မိုးလင်းလာပြီဖြစ်သဖြင့် ကြောက်ရွံ့စိတ်များ လုံးဝ လွင့်ပျောက်သွားပြီး စိတ်လက် ရွှင်လန်းလာကြလေသည်။

ဖန်ကြည်ကြည်သည် ညတုန်းက ချွတ်၍လဲထားသောအင်္ကျီကို ရှာကြည့်သည်။ ထူးခြားသည်မှာ သူမ၏ ပန်းနုရောင်ပိုးထည် အင်္ကျီသည် ကုလားထိုင် လက်တန်းပေါ်၌ သေသေချာချာ ထားခဲ့သည်ဖြစ်သော်လည်း ယခုမှာမူ အခန်းတစ်ခုလုံး ရှာဖွေကြည့်သည့်တိုင် လုံးဝ မတွေ့ရတော့ပေ။

ဖန်ကြည်ကြည်က အိပ်ပျော်နေသော ရှမ်းရှမ်းအား နှိုးလိုက်လေသည်။

'ရှမ်းရှမ်း ထပါတော့၊ မိုးလင်းနေပြီ'

ရှမ်းရှမ်း အိပ်ရာမှ နိုးလာလေသည်။

သူမသည် အပျင်းတစ်ချက် ဆန့်လိုက်ပြီး ထထိုင်လိုက်သည်။ ဖန်ကြည်ကြည်က သူမအား ပြောပြလိုက်သည်။

'ရှမ်းရှမ်း၊ မမ ညတုန်းက ကုလားထိုင် လက်တန်းပေါ်မှာ ထားခဲ့တဲ့အင်္ကျီ မတွေ့တော့ဘူး'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'မမတို့ သေချာရှာရဲ့လား၊ အောက်များ ကျနေသလား'

ဖန်ကြည်ကြည်နှင့် အချင်းတို့က ပြိုင်တူ ခေါင်းခါယမ်းပြလိုက်သည်။



'မမတို့ ဒေါင်းတောက်အောင် ရှာပြီးပြီ၊ လုံးဝမတွေ့ဘူး' ရှမ်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'မမတို့ မျက်စိရှမ်းနေပြီနဲ့တူတယ်၊ ကျွန်မ ရှာပေးမယ်'

သူမသည် အခန်းတစ်ခုလုံးကို လိုက်လံရှာလိုက်သောအခါ ဖန်ကြည်ကြည်အင်္ကျီကို တကယ်ပင် မတွေ့သည့်အပြင် သူမ၏ ပန်းနုရောင် ပိုးထည်ပဝါ ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။

သူမသည် မယုံကြည်စွာဖြင့် တံခါးနှင့် ပြတင်းပေါက်များကို သေချာစွာ စစ်ဆေးကြည့်ရှုပြန်လေသည်။

အခန်းတံခါးနှင့် ပြတင်းပေါက်တို့မှာ လက်ရာခြေရာမပျက် ပိတ်လျက်ရှိနေသည်ကို တွေ့ရလေသည်။

သူမသည် မစဉ်းစားတတ်အောင် ဖြစ်သွားလေသည်။

ဖန်ကြည်ကြည်က....

'ရှမ်းရှမ်း အဲဒါ ဘယ်လိုဖြေရှင်းမလဲ'

ရှမ်းရှမ်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

ဖန့်ကြည်ကြည်တို့သည် အခန်းတံခါး မဖွင့်သေးပါ။ သူမတို့သည် စိတ်မကြေပွဲအဖြစ် အခန်းတစ်ခုလုံးကို ထပ်မံရှာဖွေကြည့်သည်။

သို့သော် ဖန့်ကြည်ကြည်၏အင်္ကျီနှင့် ရှမ်းရှမ်း၏ ပိုးပဝါကို လုံးဝ ရှာမတွေ့ပါ။

ဖန့်ကြည်ကြည်က ပခုံးတစ်ချက် တွန့်လိုက်လေသည်။

'မမရဲ့အင်္ကျီနဲ့ ရှမ်းရှမ်းရဲ့ပိုးပဝါကို တစ်ယောက်ယောက်က ဒီအခန်းထဲဝင်ပြီး ခိုးယူသွားတာ သေချာပြီ'

ရှမ်းရှမ်း မျက်မှောင်ကုတ်သွားသည်။

'ဒီအခန်းထဲကိုတော့ ဘယ်နည်းနဲ့မှ ဝင်မလာနိုင်ပါဘူး'

'ဒါဖြင့် ငါတို့ရဲ့အင်္ကျီနဲ့ ပိုးပဝါကို ဘယ်သူက ယူသွားတာလဲ'

သူမက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

'ဒီမှာ ကျွန်မ ကြာကြာနေရင် ဒုက္ခရောက်သွားနိုင်တယ်၊ ဒါကြောင့် ဘကြီးရဲ့ကိစ္စကို အမြန်ဆုံးလုပ်ပြီး ပြန်ကြရင်ကောင်းမယ်ထင်တယ်'

ရှမ်းရှမ်းသည် စကား တစ်ခွန်းမှမပြောပဲ ပြတင်းပေါက်ကို ဖွင့်လိုက်လေသည်။

* * *



ကနေ့သည် နေရောင်ခြည်နုနုကျနေသော နံနက်ခင်းတစ်ခုဖြစ်သည်။ ပန်းနုဥယျာဉ်ထဲ၌ ကြီးမားသော ကံ့ကော်ပင်တစ်ပင်ရှိသည်။

ကြေးရှက်များသည် မြေပေါ်၌ ပြန့်ကျဲနေ၏။ အိမ်တော်ထိန်းကျားကြီးသည် မတ်တတ်တံမြက်စည်း တစ်ချောင်းဖြင့် ကြေးရှက်များကို လှဲကျင်းနေ၏။

သူသည် ရှမ်းရှမ်းနှင့် ဖန့်ကြည်ကြည်တို့က ပြတင်းပေါက်များ ဖွင့်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် ရိုသေကျိုးနွံစွာဖြင့် ဦးညွှတ်၍ အရိုအသေ ပြုလိုက်လေသည်။

'မင်္ဂလာရှိသော နံနက်ခင်းပါ သခင်မလေး'

ဖန့်ကြည်ကြည်သည် အိမ်တော်ထိန်းကျားကြီး၏မျက်နှာကို တွေ့မြင်လိုက်ရသောအခါ အလိုလို စိတ်ချောက်ချားသွားလေသည်။

သူမသည် ကျားကြီး၏ လက်အိပ်စွပ်ထားသော လက်တစ်ဘက်ကို စိုက်ကြည့်နေပြီး ပြန်လည်ဖြေကြားရန်ပင် မေ့နေ၏။

ရှမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့ မင်္ဂလာရှိတဲ့ နံနက်ခင်းပါ'

သူမသည် ကျားကြီးမျက်နှာကို အကဲခတ်ကြည့်ရင်း....

'သခင်မလေးရဲ့ အင်္ကျီတစ်ထည်နဲ့ ကျွန်မရဲ့ ပဝါတစ်ထည် ပျောက်သွားတယ်၊ ဦးက ရှာပေးနိုင်ပါ့မလား'

အိမ်တော်ထိန်း၏မျက်နှာတစ်ခုလုံး ကွက်ခနဲပျက်သွားသည်ကို ရှမ်းရှမ်းက သတိပြုမိလိုက်လေသည်။

'ဗျာ....ဟုတ်လား၊ ဘယ်သူက ခိုးသွားတာလဲ'

ဖန်ကြည်ကြည်က....

'ကျွန်မက ဘယ်သိမှာလဲ'

ရှမ်းရှမ်းက သူ့အားစိုက်ကြည့်ရင်း....

'ဦးက ပြန်ရှာပေးမယ်မဟုတ်လား'

အိမ်တော်ထိန်း ကျားကြီးက မည်သို့ ပြန်ပြောရမှန်းမသိ။ အနည်းငယ် စဉ်းစားပြီးမှ....

'ကျွန်တော်မျိုး အတတ်နိုင်ဆုံး ကြိုးစားရှာပေးပါ့မယ်'

ရှမ်းရှမ်းသည် ပျောက်ဆုံးနေသော အင်္ကျီနှင့် ပိုးပဝါကို ကျားကြီးက ခိုးယူသွားသည်ဟု ယုံကြည်လာလေသည်။

သို့သော် ကျားကြီးသည် အဘယ့်ကြောင့် မိန်းမအင်္ကျီတစ်ထည်နှင့် ပိုးပဝါတစ်ထည်ကို ခိုးယူရပါသနည်း။

ထိုအင်္ကျီနှင့် ပိုးပဝါကို ခိုးယူသွားသည်မှာ မှန်ခဲ့လျှင် မည်သည့် ရည်ရွယ်ချက်နှင့်ခိုးယူရပါသနည်း။

သူမသည် ယင်းမေးခွန်းနှစ်ခုကို စိတ်ဝင်စားစွာဖြင့် အဖြေကို စူးစမ်းရှာဖွေနေလေသည်။



အချင်းသည် အခန်းတံခါး ဖွင့်လိုက်ပြီးဖြစ်သည်။ သူမသည် ကုလားထိုင်များနှင့် စားပွဲကို နေရာတကျ ပြန်လည်ရွှေ့ထားသည်။

ထို့နောက် အခန်းထဲ၌ တံမြက်စည်းလှဲကျင်းပြီး သန့်ရှင်းရေးလုပ်နေ၏။

ကျားကြီး၏ဇနီးဖြစ်သူ အာလျှန်းက မျက်နှာသစ်ရန် ရေဇလုံ သယ်ဆောင်လာလေသည်။

ရှမ်းရှမ်းတို့သည် မျက်နှာသစ်ပြီးနောက် အာလျှန်းက ရေဇလုံကို ပြန်လည်ယူဆောင် သွားသည်။

တစ်ခဏအကြာတွင် ကျားကြီးက နံနက်စာကို ဗန်းကလေးတစ်ခုဖြင့် သယ်ဆောင်လာလေသည်။

ရှမ်းရှမ်းတို့ နံနက်စာ စားနေသောအခါ ကျားကြီးသည် ရေနွေးကြမ်းကရားနှင့် ပန်းကန်များ လာရောက်ချပေးလေသည်။

တစ်ခဏအကြာတွင် ရှမ်းရှမ်း တို့သည် စား သောက်ပြီး၍ အာလျှန်းက ပန်းကန်များကို လာရောက် သိမ်းဆည်းသွား၏။

ကျားကြီးမှာမူ ဖန်ကြည်ကြည်အား အရိုအသေပြုလိုက်လေသည်။

'သခင်မလေး ဘာများ ခိုင်းစရာ ရှိသေးသလဲ'

ဖန်ကြည်ကြည်သည် သူမဆောင်ရွက်ရန်ရှိသော တာဝန်များကို အမြန်ဆုံးဆောင်ရွက်ပေးရန် မေးမြန်းလိုက်လေသည်။

'ဒါနဲ့၊ ရှင့်ကို မေးရဦးမယ်၊ ကျွန်မတို့ ဖန်အမျိုးအနွယ် မိသားစုရဲ့ သင်္ချိုင်းမြေ နေရာဘယ်မှာရှိသလဲ'

ကျားကြီးက....

'ရဲတိုက်ရဲ့ အနောက်ဘက်မှာ ရှိပါတယ်'

သူသည် စကားဆက်လိုက်သည်။

'သခင်မလေးက သခင်ကြီးရဲ့သင်္ဂြိုလ်မယ့်ကိစ္စလုပ်ငန်းစတော့ မှုလို့လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် ကျွန်တော်မျိုး လိုက်ပို့ပါ့မယ်'

'ရှင် လိုက်စရာမလိုပါဘူး၊ ကျွန်မကိုယ်တိုင်သွားမယ်၊ ဘယ်မှာရှိတယ်ဆိုတာသာ ပြောပြဖို့ပဲ လိုပါတယ်'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော်မျိုး ပြောပြပါ့မယ်'

သူသည် သင်္ချိုင်းမြေနေရာသို့ သွားရမည့် လမ်းကြောင်းများကို အသေအချာ ပြောပြလိုက်လေသည်။

ဖန်ကြည်ကြည်က မျက်မှောင်ကုတ်သွားသည်။

'ဒီလိုဆိုရင် သင်္ချိုင်းမြေက တော်တော် ဝေးသေးတာပေါ့'

'သိပ်တော့ မဝေးပါဘူး၊ ချောက်ကလေးတစ်ခုကို ဖြတ်လိုက်တာနဲ့ ရောက်နိုင်ပါတယ်'



ဖန်ကြည်ကြည်က သေချာစွာ နားထောင်ပြီး ခေါင်းညိတ်လိုက်သည်။

'ကျွန်မ မှတ်မိပြီ၊ ရှင်သွားနိုင်ပါပြီ'

ကျားကြီးသည် ဦးညွှတ်ပြီး ညှော်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

## ရွာကလေး

နံနက်....

ဖန်ကြည်ကြည်၊ အချင်းနှင့် ရှမ်းရှမ်းတို့သည် သူမတို့ နေ
ထိုင်သော ရဲတိုက်မှထွက်ခွာသွားကြသည်။

သူမတို့သည် ဖန်အမျိုးအနွယ် ဂူသချိုင်း မြေသို့ သွားရန်
ဖြစ်သည်။ အိမ်တော်ထီး ကျားကြီးညွှန်ပြသော လမ်းကြောင်း
အရ သူမတို့သည် ရွာကလေးသို့ ရောက်ရှိ လာကြလေသည်။

ယင်းရွာကလေးသည် အိမ်ခြေ အလွန် နည်းပါး လေသည်။
သို့သော် ထိုရွာကလေးသည် လမ်းဆုံလမ်းခွနေရာတွင် တည်ရှိ
နေသဖြင့် အလွန် စည်ကားသော ဈေးတန်းကလေး တစ်
ရှိလေသည်။



ထို့ကြောင့် ရွာကလေးက သေးပင် သေးညားသော်လည်း
ဝယ်သူရောင်းသူများ အလွန် စည်ကားလှပေသည်။

ဈေးဆိုင်များ စားသောက်ဆိုင်များ စသည့် ဆိုင်များသည်
စုံလင်လှပေသည်။

ဖန်ကြည်ကြည်တို့ လူစုသည် ဈေးတန်းထဲသို့ ဖြတ်သန်း
လျှောက်သွားသော အခါ....

'အစ်မလေး....အစ်မလေး'

တစ်စုံတစ်ယောက်၏ ခေါ်သံ ကြားလိုက်ရလေသည်။ ဖန်
ကြည်ကြည်နှင့် ရှမ်းရှမ်းတို့က လှည့်ကြည့် လိုက်သော အခါ
ဆရာဝူး၏ တပည့်ဖြစ်သူ ဝမ်းကြူ ဖြစ်နေသည်ကို တွေ့ရှိရလေ
သည်။

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။

'ရှင် မပြန်သေးဘူးလား'

'ဟုတ်ကဲ့တော်ကြာမှ ပြန်ပါမယ်'

'ဟုတ်တာပေါ့၊မနေ့ညက တော်တော် မိုးချုပ်သွားပါတယ်'

ဝမ်းကြူးက ပြုံးလိုက်သည်။

'အားလုံးအဆင်ပြေတယ် မဟုတ်လား'

ဖန်ကြည်ကြည်က ခေါင်းခါယမ်းလိုက်သည်။

'အဆင် မပြေပါဘူးရှင်'

ဝမ်းကြူးက....

'ဘာဖြစ်လို့လဲ'

ဖန့်ကြည်ကြည်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလောက်ကြီးတဲ့ ရဲတိုက်ကြီးကို ကျွန်မတို့ နှစ်ယောက်တည်း ဘယ်လိုလုပ်နေလို့ ရမှာလဲ'

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တာပေါ့လေ'

ဖန့်ကြည်ကြည်က....

'အတော်ငဲ့ရှင့်ကို မှာလိုက်ဦးမယ်'

'ဟုတ်ကဲ့ပြောပါခင်ဗျာ'

'ရှင်ပြန်သွားရင် ဆရာဝူးကိုပြောလိုက်ပါ၊ အဲဒီ ရဲတိုက်ကို ရောင်းပေးပါလို့'

ဝမ်းကြုံးက မျက်နှာ ရှုံ့မဲ့သွားလေသည်။

'ဝယ်မယ့်လူ ရှိပါ့မလားဗျ'

'အို....ကာလ တန်ဖိုးထက် ဈေး တဝက်နဲ့ ရောင်းလိုက်မယ်လေ'

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။

'ဈေးပေါတယ်ဆိုရင် ဝယ်ချင်တဲ့လူ ရှိကောင်း ရှိလာမှာပေါ့'

သူက ခေါင်းညိတ်၍ စကားဆက်လိုက်သည်။

'ကောင်းပြီလေ - ကျွန်တော်ပြောလိုက်ပါ့မယ်'

သူသည် ရှမ်းရှမ်းနှင့် အချင်းတို့အား တစ်ချက် ဝေ့ကြည့်လိုက်သည်။



'ဒါနဲ့ခင်ဗျားတို့ ဘယ်သွားကြမလို့လဲ'

ဖန့်ကြည်ကြည် သက်ပြင်းချလိုက်သည်။

'ကျွန်မတို့ သချိုင်းမြေကို သွားကြည့်မလို့'

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်လေ၊ မြန်မြန်ကိစ္စပြီးရင် မြန်မြန် ပြန်နိုင်နိုင်တာပေါ့'

သူသည်တစ်စုံတစ်ခုကို သတိရလာလေသည်။

'အစ်မလေးနဲ့တွေ့ရတာ အတော်ပဲ၊ ကျွန်တော် ကြားထားတဲ့ သတင်းတစ်ခု ပြောမလို့'

ဖန့်ကြည်ကြည်က မျက်မှောင် ကြုတ်သွားလေသည်။

'ဘာသတင်း များပါလိမ့်'

ဝမ်းကြုံးက သူမတို့အား ဖိတ်ကြားလိုက်သည်။

'လမ်းပေါ်မှာ စကားပြောလို့ မကောင်းပါဘူး၊ လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး တစ်ခုခုစားရင်း ပြောပြပါ့မယ်'

ဖန့်ကြည်ကြည်က ရှမ်းရှမ်း၏ မျက်နှာကို ကြည့်လိုက်သည်။ ရှမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

ဖန့်ကြည်ကြည်သည် ဝမ်းကြုံးအား ခေါင်း ညိတ်ပြလိုက်လေသည်။ လက်ဖက်ရည် ဆိုင်ထဲသို့ ဝင်ရောက်ပြီး ဝိုင်းဖွဲ့ထိုင်ကြသည်။

ဝမ်းကြုံးက စားသောက်ဖွယ်များကို မှာကြား လိုက်လေသည်။ ဖန့်ကြည်ကြည်က....

‘ကဲ-ဘာသတင်း ကြားတယ်ဆိုတာ ပြောပြပါဦးရှင့်’

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။

‘လွန်ခဲ့တဲ့နှစ်လလောက်က ညတစ်ညမှာ အသက် ငါးဆယ် ကျော်ရှိတဲ့ အမျိုးသမီးတစ်ယောက် သူ့ရဲ့ ရွာကို ပြန်သွားပါ တယ်၊ ဒါပေမယ့် အိမ်ကို ရောက်မသွားဘူး’

ရှမ်းရှမ်း မျက်မှောင် ကြုတ်သွားသည်။

‘အဲဒီသတင်းက ဘာများ ထူးခြားနေလို့လဲ’

ဝမ်းကြုံးက လက်ကာပြလိုက်သည်။

‘သည်းခံပြီး နားထောင်ပါခင်ဗျာ’

သူသည် စကားဆက်လိုက်သည်။

‘နောက်တစ်နေ့ မနက်ကျတော့ ဒီအမျိုးသမီးဟာ သေဆုံး သွားတာကို တွေ့လိုက်ရတယ်တဲ့’

ရှမ်းရှမ်းနှင့် ဖန်ကြည်ကြည်တို့ကနားထောင်နေ၏။ ဝမ်းကြုံး က စကား ဆက်လိုက်သည်။

‘သူသေဆုံးတဲ့ နေရာဟာ အစ်မလေးတို့ရဲ့ ရဲတိုက်ကြီးရဲ့ အရှေ့ဘက်မှာ ရှိတဲ့ ခရီးသွားများ အနားယူဖို့ ဆောက်လုပ် ထားတဲ့ အဆောင်တည်းမှာ ဖြစ်ပါတယ်’

ရှမ်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

‘ဒီအမျိုးသမီးက ရဲတိုက်ရဲ့ အနီးမှာ သေဆုံးနေလို့ ရဲတိုက် ကြီးနဲ့များ ပတ်သက်ပါတယ်လို့ ဘယ်လိုလုပ် ပြောနိုင်မလဲ



ဝမ်းကြုံးက လက်ကာပြလိုက်သည်။

‘ပတ်သက်တဲ့အကြောင်း လာမယ်လေ’

သူသည် စကားဆက်လိုက်သည်။

‘အာဏာသားတွေ အလောင်းကိုလာပြီး စစ်ဆေးတဲ့အခါမှာ အမျိုးသမီးရဲ့ ကျောပြင်မှာ သာမန်လူထက် တစ်ဆကြီးတဲ့ လက်ဝါးရာတစ်ခုကို တွေ့ရှိရတယ်၊ အမျိုးသမီး သေဆုံးရတဲ့ အကြောင်းကလဲ အကြောက်လွန်ကဲသွားတာ ဖြစ်တယ်လို့ မှတ်ချက် ချသွားပါတယ်’

ဖန်ကြည်ကြည်သည် အိမ်တော်ထိန်းကျားကြီး၏ လက်တစ်ဖက်ကို မြင်ယောင်လာလေသည်။

‘ဒီကိစ္စ ဖြစ်ပွားတဲ့အချိန်ဟာ ဖန်ကြည်ကြည်ရဲ့ ဘကြီး မကွယ်လွန်သေးဘူး မဟုတ်လား’

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်၊ ဒါပေမယ့် ဖန်ကြည်ကြည်ရဲ့ ဘကြီးဟာ အိပ်ရာထဲက မထနိုင်တဲ့အချိန် ဖြစ်ပါလိမ့်မယ်’

ဖန်ကြည်ကြည်က....

‘ရှင်က ဘာကို ဆိုလိုချင်လဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောစမ်း ပါရှင်’

ဝမ်းကြုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

‘ကျွန်တော် ညတုန်းက ဒီမှာအိပ်တော့မှပဲ ရဲတိုက်ကြီးနဲ့ ပတ်သက်တဲ့ သတင်းကို တော်တော်ကြားလိုက်ရတယ်’

ဖန်ကြည်ကြည်က....

'ပြောစမ်းပါဦး'

ဝမ်းကြုံးက ရေနွေးကြမ်းကို သောက်ပြီးမှ....

'အစ်မလေးရဲ့ အကြီး ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာ အဲဒီ ရဲတိုက်အနီးတစ်ဝိုက်က ဖြတ်ကျော်သွားတဲ့ အမျိုးသား လေးယောက် ပျောက်ဆုံးသွားတဲ့အမှုတစ်ခု ဖြစ်ပေါ်လာတယ်'

ဖန်ကြည်ကြည်က မေးမြန်းရန် ပါးစပ်ဟလိုက်ရာ ဝမ်းကြုံးက စကားဆက်လိုက်ပြန်သည်။

'သူတို့က ထူးဆန်းတဲ့ အမှုတစ်ခု ဖြစ်ပွားလာပြန်တယ်ဗျ'

'ဒီရွာမှာ နေထိုင်တဲ့ လယ်သမား ကောင်းရှင်းပေါင်နဲ့ သူ့ရဲ့ ဇနီး မီးဒုံးအိမ်ကိုယူပြီး ရဲတိုက်ရဲ့ အနောက်ဘက်ကနေ ပြန်လာကြတယ်၊ တောအုပ်ထဲမှာ ကြောက်စရာကောင်းတဲ့ သတ္တဝါ တစ်ကောင်က ပြေးထွက်လာပြီး ကောင်းရှင်းပေါင်ရဲ့ မိန်းမကို အတင်းလိုက်ဆွဲတယ်၊ ကောင်းရှင်းပေါင်က လက်ထဲမှာ အသင့် ပါလာတဲ့ သံတုတ်နဲ့ ဝင်ရိုက်လိုက်တယ်လေ'

ဖန်ကြည်ကြည်သည် ထိတ်လန့်စွာဖြင့် နားထောင်နေ၏။ ဝမ်းကြုံးက စကားဆက်လိုက်သည်။

'အဲဒီ ထူးဆန်းတဲ့ သတ္တဝါက ကောင်းရှင်းပေါင်ရဲ့ မိန်းမကို လွှတ်လိုက်ပြီး ကောင်းရှင်းပေါင်နဲ့ လုံးထွေး သတ်ပုတ်ကြတယ်၊ ကောင်းရှင်းပေါင်ရဲ့ မိန်းမ ရွာကိုပြေးလာပြီး အကူအညီတောင်းတော့မှ ရွာကလူတွေက တုတ်၊ ဓားတွေကို ဆွဲပြီး လိုက်သွားကြတယ်'



အချင်းက အလောတကြီး မေးလိုက်လေသည်။

'အဲဒီ သတ္တဝါကို မိလိုက်သလား'

ဝမ်းကြုံးက ခေါင်းခါယမ်းလိုက်သည်။

'ရွာသားတွေ ဟိုရောက်သွားတော့ ထူးဆန်းတဲ့ သတ္တဝါ မတွေ့ရတော့ပဲ ကောင်းရှင်းပေါင်ဟာ လည်ပင်းလိမ်ချိုး ခံရပြီး သေဆုံးနေတာကို တွေ့ရတော့တယ်'

* * * *

တစ်ခဏအကြာ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်သွားကြလေသည်။ ဖန်ကြည်ကြည်က စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်လေသည်။

အချင်း၏မျက်နှာ သွေးရောင်မရှိတော့ပါ။ ရှမ်းရှမ်းက....

'ထူးဆန်းတဲ့ သတ္တဝါဆိုတာ ဘာကို ဆိုလိုတာလဲ၊ ကောရီး ဟိရစ္ဆာန်လို့ ပြောချင်တာလား'

ဝမ်းကြုံးက ခေါင်းခါယမ်းလိုက်သည်။

'ကောင်းရှင်းပေါင်ရဲ့ မိန်းမဟာ သတ္တဝါကိုသေသေချာချာ မမြင်လိုက်ရပါဘူး၊ သူ တွေ့မြင်လိုက်တဲ့ အရာကတော့ အမွေး အမျှင် ထူပျစ်ပြီး လက်သည်းများ ချွန်ထက်နေတဲ့ လက်မည်းကြီးကို တွေ့မြင်လိုက်တာပါ'

ဖန်ကြည်ကြည် မျက်လုံးအစုံတွင် အိမ်တော်ထိန်းကျားကြီး၏ လက်အိပ်စွပ်ထားသော လက်တစ်ဖက်ကို မြင်ယောင်လာပြန်လေသည်။

ဝမ်းကြုံးက စကားဆက်လိုက်လေသည်။

'ဒါကြောင့် ရွာသားတွေကတော့ ရဲတိုက်ကြီးမှာ နေထိုင်တဲ့ အိမ်တော်ထိန်းကျားကြီး ဖြစ်တယ်လို့ ဝေဖန် ပြောဆိုနေကြတယ်'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'သူတို့က ဘာကြောင့် ဒီလိုစွပ်စွဲပြောချင်ရတာလဲ'

ဝမ်ကြုံးက....

'ဒါက ဒီလိုရှိပါတယ်၊ အိမ်တော်ထိန်းကျားကြီးဟာ သူ့ရဲ့ လက်တစ်ဖက်ကို လက်အိတ်အမြဲတမ်း စွပ်ထားတယ်၊ သူ့ရဲ့ လက်ကို ဘယ်သူ့ကိုမှ ချွတ်မပြဘူး'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'အာဏာပိုင်များက ဘယ်လိုသဘောထားသလဲ'

ဝမ်းကြုံးက....

'အာဏာပိုင်တို့ကလဲ ရွာသူရွာသားများကို လိုက်ပြီး စုံစမ်းခဲ့ပါတယ်၊ ဒါပေမယ့် ရွာသားတစ်ချို့ကတော့ ကျားကြီးက ဒီမှာနေထိုင်လာတာ နှစ်ပေါင်း အတော်ကြာပြီ၊ တစ်ခါမှ နာမည်ပျက်မရှိသေးပါဘူးလို့ အစစ်ခံကြပါတယ်'

သူသည် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'တချို့ရွာသားတွေကျတော့ ကျားကြီးဟာ မှော်အတတ်လဲ တတ်တယ်လို့ ကိုယ်စိတ်ထင်တဲ့အတိုင်း ပြောဆိုကြပါတယ်'



ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားလေသည်။

'ဒီအတိုင်းဆိုရင် အာဏာပိုင်တို့က ကျားကြီးကို စစ်ဆေးမှုများ ပြုလုပ်လိမ့်မယ်လို့ ထင်တယ်'

ဝမ်းကြုံးကခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ဖန်ကြည်ကြည်က ပို၍ စိတ်ပျက်သွားလေသည်။

'ဒီသတင်းကြားတော့မှ ဒီရဲတိုက်ကြီးကို ပိုပြီး ရောင်းချင်စိတ်ဖြစ်ပေါ်လာပါတယ်'

သူမက စကားဆက်လိုက်သည်။

'အဲဒီတော့ ရှင်က အမြန်ဆုံး မြို့ပြန်ပြီး ဆရာဝူးကို ပြောလိုက်ပါ၊ ဒီရဲတိုက်ကြီးကို ရတဲ့ဈေးနဲ့ ကျွန်မ ရောင်းချင်တယ်'

ဝမ်းကြုံးက လက်ကာပြလိုက်သည်။

'စိတ်ချပါ၊ ပြန်ပြောလိုက်ပါ့မယ်၊ ဒါပေမယ့် စကားမစပ် အစ်မလေးကို ပြောစရာ စကားတစ်ခုရှိသေးတယ်'

သူသည် ပြောရင်း ဆိုင်ထဲသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်လေသည်။

'ဟောဗျာ.... ခုနတုန်းက ဒီမှာရှိသေးတယ်၊ အခု ဘယ်ပျောက်သွားပါလိမ့်'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားလေသည်။

'ဘယ်သူ့ကို ပြောနေတာလဲ'

'အစ်မလေးရဲ့ အစ်ကိုဝမ်းကွဲ ရှောင်ပေ့ရှုံကို ပြောတာ'

ဖန်ကြည်ကြည်က....

'သူနဲ့ ပတ်သက်ပြီး ဘာများ အကြောင်းထူးလို့လဲ'

ဝမ်းကြုံးက....

'ညတုန်းက သူနဲ့ ကျွန်တော်နဲ့ တွေ့ခဲ့ဘယ်၊ သူက ကျွန်တော့်ကို မှာကြားလိုက်ပါတယ်၊ ရဲတိုက်ကြီးရဲ့ အမွေကို သူလဲ တစ်ဝက်ဆိုင်တယ်လို့ မမလေးကို အကြောင်းကြားဖို့ ပြောလိုက်ပါတယ်'

ဖန်ကြည်ကြည်က....

'ရှင်က ဘာပြန်ပြောလိုက်သလဲ'

ဝမ်းကြုံးက....

'ကျွန်တော် ပြောလိုက်တာပေါ့၊ သေတမ်းစာအရ အစ်မလေးကိုပဲ ရထိုက်ဖို့ စာချုပ်စာတန်းတောင် လွှဲပြောင်းပေးလိုက်ပြီလို့'

ဖန်ကြည်ကြည်က....

'သူက ဘာပြန်ပြောသလဲ'

'သူက ပြောပါတယ်၊ သေတမ်းစာလဲ သူ ဖတ်ပြီးပါပြီတဲ့ကယ်လို့ အစ်မလေးက သူ့ကို တစ်ဝက်ခွဲမပေးဘူးဆိုရင် အစ်မလေး သေဆုံးသွားတာကို စောင့်ပြီးမှ သူက အမွေအားလုံးကို အနိုင်ယူရမယ်လို့ ပြောပါတယ်'

ဖန်ကြည်ကြည်က ရင်ထိတ်သွားသည်။ ဒေါသကသည်းဖြစ်လာသည်။

'ဒါဟာ သူက သက်သက် ကျွန်မကို ခြိမ်းခြောက်လိုက်တာပဲ'

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်၊ ဒါကြောင့် အစ်မလေးကို သတိထားပါလို့ ပြောချင်ပါတယ်'

ဖန်ကြည်ကြည်က မဲ့ပြုံး ပြုံးလိုက်သည်။

'ဒီငွေကို အပိုင်စီးချင်တဲ့လူဟာ သူတစ်ယောက်တည်းမဟုတ်ပါဘူး'

သူမက ထိုင်ရာမှ ထလိုက်လေသည်။

'ကဲ–ရှင်ပြန်သွားရင်သာ ဒီရဲတိုက်ကို အမြန်ဆုံး ရောင်းချင်တဲ့ အကြောင်း ဆရာဝူးကို ပြောလိုက်ပါ'

ဝမ်းကြုံးက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ ကျွန်တော် ရောက်ရောက်ချင်း ပြောလိုက်ပါ့မယ်'

## သံသယဖြစ်ဖွယ်ရာအဘိုးအို

ဖန်ကြည်ကြည် ရှမ်းရှမ်းနှင့် အချင်းတို့သည် လက်ဖက်ရည် ဆိုင်မှ ထွက်လာကြလေသည်။

သူမတို့သည် ရွာကလေးသို့ ထွက်လာလိုက်သည်နှင့် ကျဉ် မြောင်းပြီး မညီမညာဖြစ်နေသော ခြေလျင် လမ်းကလေးပေါ် သို့ ရောက်ရှိသွားကြလေသည်။

လမ်းကလေးက အလွန်ကျဉ်းမြောင်းနေသဖြင့် သူမ တို့သည် ရှေ့ဆင့်နောက်ဆင့်သာ လျှောက်နေကြရလေသည်။

သူမတို့သည် ရေနွေးကြမ်းအိုး တစ်အိုးကျက်ခန့် လျှောက် လာသောအခါ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အိမ်ခြေ လုံးဝမမြ ရတော့ဘဲ ခေါင်လွင်သောနေရာသို့ ရောက်ရှိလာလေသည်။

လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် လူတစ်ရပ်ခန့် ရှည် သော မြက်ပင်များနှင့် ရှံ့အိုင်များ ရှိနေသည်ကို တွေ့မြင်ရ လေသည်။

သူတို့သည် ဆက်၍လျှောက်သွားရာ မကြာမီမှာပင်ဖန်အမျိုး သင်းချိုင်းမြေနေရာသို့ ရောက်ရှိလာကြလေသည်။

ရှမ်းရှမ်းသည် အထူး လေ့ကျင့်မှု လေ့ကျင့် ခဲ့ရသော ထောက်လှမ်းရေးသမားတစ်ယောက် ဖြစ်ရာ သူမသည် သင်း ချိုင်းမြေအနီးသို့ ရောက်ရှိလိုက်သည်နှင့် သူမ နောက်တွင် ဝါး သုံးရိုက်ခန့်အကွာ၌ လူတစ်ယောက်က ခြေရာခံ လိုက်လာသည်ကို သိလိုက်ရလေသည်။

သူမသည် နောက်သို့လှည့်ကြည့်လိုက်ရာ ခါးကုန်းပြီး မုတ် ဆိတ်မွေးရှည်လျားသော အဘိုးအို တစ်ယောက်အား တွေ့မြင် လိုက်ရလေသည်။

ထိုအဘိုးအိုသည် အမည်းရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထား သည်။ သူ၏ခေါင်းပေါ်တွင် စုပ်ပြဲနေသော ဦးထုပ်တစ်လုံးကို မျက်ခုံးမွေးအထိ ခပ်နိမ့်နိမ့် ဆောင်းထားသည်။

သူ၏လက်ထဲတွင် ဆီစိမ်စက္ကူထီး တစ်လက် ဆောင်းထား သည်ကို တွေ့ရလေသည်။

ထိုအဘိုးအိုသည် အလွန် အိုမင်းနေသဖြင့် မညီ မညာသော လမ်းကလေးပေါ်၌ ခြေလှမ်းမနိုင်မနင်းဖြင့် လျှောက်နေသည် ကို တွေ့ရလေသည်။

ရှမ်းရှမ်းက ဖန်ကြည်ကြည်အား လက်တို့၍ ပြောလိုက်လေ
သည်။

'မမ နောက်ကို လှည့်ကြည့်စမ်း'

ဖန်ကြည်ကြည်နှင့် အချင်းတို့က နောက်သို့ လှည့်ကြည့်လိုက်
သည်။ သူမတို့သည် ထိုအဘိုးအိုအား တွေ့မြင် သွားကြလေ
သည်။

'အဘိုးအိုတစ်ယောက်ကို တွေ့တယ်၊ အဲဒါ ဘာဖြစ်သလဲ'

ရှမ်းရှမ်းက....

'သူ့ကို သံသယဖြစ်စရာ မကောင်းဘူးလား'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားလေသည်။

'အဘိုးကြီးတစ်ယောက်ပဲ၊ ဘာဖြစ်လို့ သံသယဖြစ်ရမှာလဲ'

ရှမ်းရှမ်းက ခေါင်းခါရမ်းလိုက်သည်။

'ဒီအဘိုးကြီး တို့နောက်က လိုက်လာနေတာ ကြာလှပြီ
ဒါကြောင့် သူ့ကို သင်္ကာမကင်းဘူး'

ဖန်ကြည်ကြည်က ခေါင်းခါရမ်းလိုက်သည်။

'အဘိုးကြီးက ဒီလောက်အသက်ကြီးပြီပဲ၊ ဘာမှ ကြောက်
စရာမလိုပါဘူး'

ရှမ်းရှမ်းက....

'သူ့ကို တွေ့ခဲ့တာကြာပြီ၊ ပထမတုန်းကတော့ သတိမထား
မိဘူးပေါ့၊ အခုတော့ ကျွန်မတို့နောက် တောက်လျှောက်လိုက်
လာတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပါပဲ'



ဖန်ကြည်ကြည်က....

'ဒီအဘိုးကြီးနဲ့ မမတို့က ဘာမှ အဆက်အသွယ် ရှိတာမှ
မဟုတ်ဘဲ'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'သူ့ကို ကျွန်မ သိထားတယ် ထင်မိလို့ပါ'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။

'ဟုတ်လား၊ သူက ဘယ်သူလဲ'

ရှမ်းရှမ်းက စကား တစ်လုံးချင်း ပြောလိုက်သည်။

'မဟုတ်မှလွဲရော၊ သူဟာ အိမ်တော်ထိန်း ကျားကြီး ဖြစ်
နိုင်တယ်'

ဖန်ကြည်ကြည်က ယင်းစကား ပြောလိုက်သောအခါ ထိတ်
လန့်တုန်လှုပ်သွားလေသည်။

အချင်းက မျက်မှောင်ကြုတ်သွားလေသည်။

'ကျားကြီးက မုတ်ဆိတ်မွေးမှ မရှိဘဲ'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'သူ ရှပ်ဖျက်လို့ကော မဖြစ်နိုင်ဘူးလား'

ဖန်ကြည်ကြည်က....

'သူ့ရဲ့ ခန္ဓာကိုယ် ဒီလောက် ကြီးတာပဲ၊ အခု အဘိုးအိုက
ခါးကုန်းနေတယ် မဟုတ်လား'

ရှမ်းရှမ်းက ရှင်းပြလိုက်သည်။

'သူ့ရဲ့ခန္ဓာကိုယ်က ကြီးလွန်းလို့ ခါးကုန်း ထားတာပေါ့'

သူမက ဆက်လက်ရှင်းပြလိုက်သည်။

'နောက်ပြီး မိုးလဲမရွာဘဲနဲ့ ဘာကြောင့် ထီးဆောင်းထားရ တာလဲ'

ဖန်ကြည်ကြည်က ယုံကြည်လာလေသည်။

'ဟုတ်တယ်၊ ဒါဖြင့် သူက မမနောက်ကိုဘာလိုက်ချောင်း နေရတာလဲ'

ရှမ်းရှမ်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဒါတော့ ဘယ်သိမလဲ'

အချင်းက ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

'အခုလို ရုပ်ဖျက်ပြီး လိုက်လာတယ်ဆိုတော့ မမတို့အပေါ် အကောက်ကြံတာတော့ သေချာနေပြီ'

'ဟုတ်တယ်'

ဖန်ကြည်ကြည်ကလည်း ရင်ထိတ်လာလေသည်။

'မဟုတ်မှလွဲရော၊ ဘကြီးရဲ့အမွေကို လိုချင်လို့ မမကို လုပ်ကြ ဖို့ လိုက်လာတာ ဖြစ်ရမယ်'

အချစ်းက....

'ဟုတ်တယ်၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ'

သူမသည် ခြေလှမ်းရပ်တန့်သွားလေသည်။

'ကျွန်မတို့ ပြန်သွားရင် ကောင်းမယ်ထင်တယ်'

ဖန်ကြည်ကြည်က ခေါင်းခါရမ်းလိုက်သည်။

'မဖြစ်ဘူး၊ တို့ပြန်လှည့်လိုက်ရင် သူနဲ့ ရင်ဆိုင် တွေ့သွားမှ ပေါ့....'



'ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ'

အချင်းက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။

'ကျွန်မတို့ သေရတော့မယ်နဲ့ တူတယ်'

ရှမ်းရှမ်းက....

'ကျွန်မတို့ ရောက်လာမှတော့ ဘာဖြစ်လို့ ပြန်ရမှာလဲ'

ဖန်ကြည်ကြည်က....

'ကျားကြီးက လိုက်လာတယ် မဟုတ်လား၊ ဘယ်လို လုပ် ကြမလဲ'

'ရှမ်းရှမ်းက....

'စိတ်မပူပါနဲ့၊ သူက အန္တရာယ်ပြုလာမယ်ဆိုရင် ကျွန်မ ခုခံ နိုင်ပါတယ်'

ဖန်ကြည်ကြည် ခေါင်းခါရမ်းလိုက်သည်။

'ညည်းက သိုင်းပညာတော်ပေမယ့် သူက ခွန်အား တော် တော်ကြီးတာ၊ သူ့ကို နိုင်မှာ မဟုတ်ဘူး'

ရှမ်းရှမ်းက....

'အခု ကြောက်ရှုံနေလို့လဲ အရာ ရောက်မှာ မဟုတ်ဘူး၊ အဲဒီတော့ တို့လုပ်စရာရှိတာ ဆက်လုပ်ဖို့ပဲရှိတယ်'

ဖန်ကြည်ကြည်ကနောက်သို့လှည့်ကြည့်လိုက်ပြန်သည်။ အဘိုး အိုသည် ယောင်လည်လည်ဖြင့် ရပ်နေသည်ကို တွေ့ရလေသည်။

သူမသည် ရှမ်းရှမ်းအား လှည့်ကြည့်လိုက်သည်။

'တို့အထဲရောက်မှ သူက လိုက်သတ်မယ်ဆိုရင် ဘယ်လို
ကြမလဲ'

ရှမ်းရှမ်းက ရင်ကော့လိုက်သည်။

'စိုးရိမ် မနေစမ်းပါနဲ့၊ သူ့ကို ကျွန်မကတားထား နိုင်
တယ်'

ဖန်ကြည်ကြည်က မတတ်နိုင်တော့ပါ။ သံတံခါးကို ဖွင့်လို
လေတော့သည်။

## သချိုင်း မြေ

ဖန်အမျိုးအနွယ် သင်္ချိုင်းမြေသည် လေးဘက်လေးတန်တွင်
ုတ်နံရံဖြင့် ကာရံထားလေသည်။

သင်္ချိုင်းမြေ၏ အရှေ့တွင် သံတိုင်တံခါး နှစ်ချပ်ရှိလေ၏။
န်ကြည်ကြည်သည် သံတံခါးသော့ကိုဖွင့်ပြီး သံတံခါးကိုဆွဲဖွင့်
ိုက်လေသည်။

သူမသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အထဲသို့လှမ်းဝင်လိုက်
လသည်။ သံတံခါး၏အတွင်းဘက်၌ အလှန်လှပပြီး ခန့်ညား
သာ အုတ်ဂူများ အစီအရီ တည်ရှိနေလေ၏။

ဖန်ကြည်ကြည်ဖခင်အပါအဝင် ဖန်အမျိုးအနွယ်တို့ သေဆုံး
ွားသောအခါ ဤနေရာတွင် လာရောက် မြှုပ်ထားခြင်း
်လေသည်။

ထို့ပြင် နောင်လာ နောက်သားများအတွက် သင်္ဂြိုဟ်ရ လည်း အုတ်ဂူများ ကြိုတင်၍တည်ဆောက်ထားသည်ကိုတွေ့ လေ၏။

၎င်းအုတ်ဂူ၏ရှေ့တွင် ဇာတ်စင်ကဲ့သို့ တည်ဆောက်ထား သော အဆောင်တစ်ခုရှိသည်။

ယင်းအဆောင်ကိုလည်း တံခါးတစ်ချပ်ဖြင့် ကာရံထား လေသည်။ ဖန်ကြည်ကြည်သည် ကျောက်ဖြင့်ပြုလုပ်ထားသော လူရုပ်နှင့် မြင်းရုပ်များကို ကျော်လွှား၍ ကျောက်လှေကား ထစ်အတိုင်း ဇာတ်စင်နှင့်တူသော အဆောင်ပေါ်သို့ တက် သွားသည်။

ဖန်ကြည်ကြည်သည် သော့ဖြင့် အဆောင်တံခါး သော့ ဖွင့်လိုက်လေသည်။ သူမသည် တံခါးကို တွန်းဖွင့်လိုက်သော အခါ တံခါး၏အတွင်းပိုင်းတွင်ရှည်လျားသောစင်္ကြန်လမ်းတစ် တွေ့မြင်ရလေသည်။

သူတို့သုံးယောက်သည် အထဲကိုမဝင်သေးပဲ တံခါးဝ၌ရပ် အတွင်းဘက်သို့ အကဲခတ်ကြည့်လိုက်လေသည်။

ရှမ်းရှမ်းက သက်ပြင်းတစ်ချက် ချလိုက်လေ၏။

'လူတောင်သေသွားပြီပဲ၊ ဘာဖြစ်လို့ ဒီလောက် ငွေ ကြေးကျခံပြီး ဒီလိုသင်္ချိုင်း အဆောက်အအုံကို ဆောက်ထာ တာလဲ'



ဖန်ကြည်ကြည်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရှေးလူကြီးတွေဟာ သူတို့အလောင်းကိုမြှုပ်မယ့်နေရာကိုက သိပ်ပြီး ခန့်နားကြီးကျယ်ချင်ရတာလဲ'

သူမတို့သည် တံခါးဝ၌ရပ်၍ ဝေဖန်ပြောဆိုနေစဉ်မှာပင် ရုတ်တရက် သူတို့နောက်တွင် လက်နှစ်ဘက်က သူတို့အားအထဲ သို့ တွန်းပို့လိုက်လေ၏။

သူမတို့သုံးယောက်သည် မမျှော်လင့်ဘဲ အတွန်းခံလိုက်ရ သဖြင့် တံခါးအတွင်းဘက်သို့ ကိုယ်ခန္ဓာယိမ်းယိုင်၍ အတွင်းထဲသို့ ဝင်ရောက်သွားကြလေ၏။

'ဂျိမ်း....'

အဆောင်တံခါးသည် အသံ မြည်ဟိန်းလာပြီး ပိတ်သွား လေ၏။

'အား....'

ဖန်ကြည်ကြည်နှင့် အချင်းတို့က ထိတ်လန့်စွာ အော်ဟစ်ကြ လေသည်။ ရှမ်းရှမ်းမှာမူ တံခါးကိုသွားရောက် တွန်းကြည့် လိုက်၏။

သို့သော် ထိုတံခါးကို အပြင်ဘက်၌ သော့ခတ် လိုက်သော ကြောင့် ဖွင့်၍မရတော့ပါ။

ဖန်ကြည်ကြည်နှင့် အချင်းတို့ကလည်း တံခါးကိုဝိုင်းဝန်း တွန်းကြည့်ကြသည်။

၎င်းတံခါးသည် အနည်းငယ်မျှ ရွေ့လျားသွားခြင်းမရှိပါ။

'ဒုက္ခပဲ၊ ငါတို့ကို ဒီထဲမှာ ပိတ်ထားလိုက်ပြီ'

ရှမ်းရှမ်းက လက်ကာပြလိုက်သည်။

'သိပ်ပြီး မကြောက်ကြပါနဲ့၊ ခေါင်းအေးအေး ထားပြီး စဉ်းစားကြတာပေါ့'

ဖန်ကြည်ကြည်က စိတ်ပျက်စွာဖြင့်ထိုင်ချလိုက်သည်။

'ငါတို့ကို အပြင်ကနေ သော့ခတ်လိုက်ပြီပဲ၊ ဘယ်လိုလုပ် ထွက်လို့ရမှာလဲ'

ရှမ်းရှမ်းက....

'ဖြစ်ပြီးမှတော့ ကြောက်နေလို့ရော ဘာအကြောင်းထူး မှာလဲ'

ဖန်ကြည်ကြည်က မျက်ရည်ဝဲလာ၏။

'တော်တော်ယုတ်မာတဲ့ ကျားကြီး၊ ငါတို့ကို ဒီနေရာမှာ အရှင်လတ်လတ် သတ်ဖို့ကြံစည်လိုက်တာ'

ရှမ်းရှမ်းမှာမူ စကားလုံးဝ မပြောတော့ဘဲ အခြေအနေကို စဉ်းစားသုံးသပ်နေ၏။

* * *



နေရောင်ခြည်သည် တံခါး၏ကြားထဲမှ တိုးဖောက်ဝင်ရောက်နေသောကြောင့် အခန်းထဲ၌ အနည်းငယ် လင်းလင်းထင်းထင်းရှိနေ၏။

အချင်းသည် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

'အစ်မလေး'

သူမသည် ရင်ထိတ်စွာဖြင့် အော်ဟစ်လိုက်လေ၏။ ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'မအော်ပါနဲ့၊ ဘာကိုတွေ့မိလို့လဲ'

'ဟိုမှာ....ဟိုမှာ'

အချင်းအသံသည် တုန်တုန်ယင်ယင် ဖြစ်လာလေသည်။ အဆောင်၏တံခါး ပိတ်ထားလိုက်သောကြောင့် အဆောင်တစ်ခုလုံးမှာ မှောင်မည်း၍နေလေ၏။

သို့သော် တံခါးကြားမှ တိုးဝင်လာသော အလင်းရောင်ကြောင့် အဆောင်၏တစ်ဘက်စွန်းတွင် အရိုးစုတစ်ခုကို တွေ့မြင်လိုက်ရလေ၏။

ထိုအရိုးစုသည် ဦးခေါင်းနှင့် ခြေလက်များ စုံစုံလင်လင်ရှိနေ၏။ ရှမ်းရှမ်းက ခပ်အေးအေးလေသံဖြင့်....

'အဲ့ဒါ အရိုးဖုပါ၊ ကြောက်စရာမှမဟုတ်တဲ'

ဖန်ကြည်ကြည်က အရိုးစုအား တွေ့မြင်လိုက်ရလေ၏။

'အရိုးစုက မြေပေါ်မှာလဲနေရမှာပေါ့၊ အခုတော့မတ်တတ်ရပ်နေပါလား'

ရှမ်းရှမ်းက....

'အရိုးစုကို ကြိုးနဲ့ဆွဲထားတာ ဖြစ်မှာပေါ့'

ဖန်ကြည်ကြည်သည် အရိုးစုအား သေချာစွာကြည့်လိုက်၏။

'မဟုတ်ဘူး၊ အရိုးစုကြည့်ရတာ လှုပ်ရှားနေတယ်'

ရှမ်းရှမ်းက....

'လေတိုက်တာ ဖြစ်မှာပေါ့'

ဖန်ကြည်ကြည်က....

'တံခါးပိတ်ထားတာပဲ၊ ဘယ်ကလေတိုက်မှာလဲ'

အချင်း၏အသံသည် ထိတ်ထိတ်ပျာပျာ ဖြစ်လာပြန်လေ၏။

'ဟောတော့...အရိုးစုက တဖြည်းဖြည်း နီးကပ်လာပါလား'

ရှမ်းရှမ်းက သေသေချာချာကြည့်လိုက်သည်။

အချင်း ပြောပြသည့်အတိုင်း အရိုးစုသည် သူမတို့ထံ တဖြည်းဖြည်း ရွေ့လျားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမသည် ရင်ထိတ်သွားသည်။

'မမတို့ ကျွန်မနောက်မှာ လာနေ'



ရှမ်းရှမ်းက ပြောရင်း ရှေ့သို့ တိုးသွားသည်။ ဖန်ကြည်ကြည်နှင့် အချင်းတို့သည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ရှမ်းရှမ်း၏ နောက်တွင် စုရုံးရောက်ရှိလာကြလေသည်။

* * *

အရိုးစုသည် ရှမ်းရှမ်းထံသို့ တဖြည်းဖြည်း ချဉ်းကပ်လာလေသည်။ ရှမ်းရှမ်းက တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် ပြင်ထားလေသည်။

သူမ မျက်လုံးအစုံသည် အရိုးစုံအား သေချာစွာ စိုက်ကြည့်နေ၏။ ထိုအရိုးစုသည် နီးသည်ထက် နီးလာလေသည်။

နီးကပ်လာရုံမက လက်နှစ်ဘက်ပင် ရှမ်းရှမ်းထံသို့ ဆန့်ထုတ်လိုက်လေသည်။ ရှမ်းရှမ်းသည် ပို၍ ထိတ်လန့်တုန်လှုပ်လာလေသည်။

သူမသည် အရိုးစုအား လက်ဦးအောင် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

'ယား....'

ရှမ်းရှမ်းသည် ငြသံပေးကာ အရိုးစုအား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ထိုအရိုးစုသည် သိုင်းပညာရပ်များ တတ်ထားသည့်အလား၊ ရှမ်းရှမ်း၏ တိုက်ခိုက်မှုကို အသာအယာ ရှောင်တိမ်းလိုက်ပြီး ရှမ်းရှမ်းအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဤသို့ဖြင့် အရိုးစုနှင့် ရှမ်းရှမ်းတို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြလေသည်။

သို့သော် ရှမ်းရှမ်းသည် အင်အားအနည်းငယ် မမီလိုက်သောကြောင့် သိုင်းကွက်(၁၀)ကွက်မျှ ယှဉ်ပြိုင်တိုက်ခိုက်ပြီးနောက် မောဟိုက်လာလေသည်။

ရှမ်းရှမ်းက မောဟိုက်သွားသည်ကို တွေ့လိုက်ရသောအခါ အရိုးစုက ဖိ၍ တိုက်ခိုက်လိုက်လေသည်။

သူ၏လက်တစ်ဘက်သည် ရှမ်းရှမ်း၏ လည်ကုတ်သို့ ခုတ်၍ လိုက်လေသည်။

ရှမ်းရှမ်းက အတတ်နိုင်ဆုံး ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

အရိုးစု၏ လက်တစ်ဘက်သည် သူမ၏ ကျောပြင်သို့ ရိုက်မိ သွားလေသည်။



'စူး....'

ရှမ်းရှမ်းသည် မြေပေါ်သို့ မှောက်လျက် လဲကျသွားလေ၏။

'အား....'

အချင်းနှင့် ဖန်ကြည်ကြည်၏ အော်သံကို နောက်ဆုံး ကြားလိုက်ပြီး ရှမ်းရှမ်းတစ်ယောက် သတိမေ့မျော သွားလေသည်။

○

မည်မျှအချိန်ကြာသွားမှန်းမသိ။ ဖန်ကြည်ကြည်နှင့် အချင်းတို့သည် သတိမေ့ရာမှ ပြန်လည် သတိရလေသည်။

သူမတို့သည် အသက်မသေသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားလေသည်။

အဆောင်တစ်ခုလုံးမှာလင်းထိန်နေသောကြောင့် လှည့်ကြည့်လိုက်ရာ အဆောင်တံခါးသည် ဟာလာဟင်းလင်း ပွင့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုထူးဆန်းသော အရိုးစုမှာ လုံးဝ မတွေ့ရတော့ချေ။ ယခု သူမတို့သည် ရှမ်းရှမ်းအား သတိရလာလေသည်။



သူမတို့သည် သေချာစွာကြည့်လိုက်တော့မှ သူတို့နှင့် တစ်လန်ခန့်အကွာတွင် ရှမ်းရှမ်းတစ်ယောက် မလှုပ်မယှက် စိုထိုင်းသော မြေပေါ်၌ လဲလျောင်းနေသည်ကို တွေ့ရလေသည်။

ဖန်ကြည်ကြည်က ဝမ်းနည်းပက်လက်စွာဖြင့်....

'ရှမ်းရှမ်းတော့ ငါ တို့ကို ကာကွယ်ပေးရင်း အသက်ဆုံးသွားရှာပြီ'

အချင်းက မျက်မှောင်ကြုတ်သွားပြန်သည်။

'ရှမ်းရှမ်းက မသေသေးဘဲ ဒဏ်ရာ ရချင်ရနေမှာ'

ဖန်ကြည်ကြည်က သတိရလာလေသည်။

'ဟုတ်တယ်၊ သွားကြည့်ကြမယ်'

သူမတို့သည် ရှမ်းရှမ်းအနီးသို့လျှောက်သွားလေသည်။အချင်းက ရှမ်းရှမ်း၏ ပခုံးကို လက်နှစ်ဘက်ဖြင့် လှုပ်ခါလိုက်သည်။

'ရှမ်းရှမ်း....ရှမ်းရှမ်း'

ရှမ်းရှမ်းသည် စတင် လှုပ်ရှားလာလေသည်။ ဖန်ကြည်ကြည် ဝမ်းသာသွားသည်။ သူမသည် ရှမ်းရှမ်းအား ပွေ့ထူလိုက်လေသည်။

'ရှမ်းရှမ်း၊ ညည်း ဘာမှ မဖြစ်ဘူးပေါ့နော်'

ရှမ်းရှမ်းက သတိရလာလေသည်။ သူမသည် လုံးလုံးသတိရလာတော့မှ အရိုးစုနှင့် တိုက်ခိုက်ခဲ့ပုံကို ပြန်လည် သတိရလာလေသည်။

'အရိုးစုရော ဘယ်မှာလဲ'

ဖန်ကြည်ကြည်က ခေါင်းခါယမ်းလိုက်သည်။

'မမတို့လဲ သတိမေ့သွားတယ်၊ ခုနပဲ သတိရလာတာ ဒါပေ မယ့် အရိုးစုကို မတွေ့တော့ဘူး'

ရှမ်းရှမ်းက တံခါးဘက်သို့ လှည့်ကြည့်လိုက်သည်။

'တံခါးလဲ ပွင့်နေပါလား'

ဖန်ကြည်ကြည်က....

'ဟုတ်တယ်၊ မမတို့ သတိရလာတဲ့အခါမှာ တံခါးပွင့်နေတာ ကို တွေ့မိတာပဲ'

သူမသည် ရှမ်းရှမ်းအား ထူလိုက်သည်။

'ကဲ....ဒီနေရာက အမြန်ဆုံး ထွက်သွားတာပဲ ကောင်းတယ်'

ရှမ်းရှမ်းသည် ကျောပြင်ပေါ်မှ နာကျင်သော ဝေဒနာကို ခံစားရင်း ဖန်ကြည်ကြည်တို့နှင့်အတူ အဆောင်ထဲမှ ထွက်လာ လေသည်။

သူမတို့သည် အပြင်ဘက်သို့ ရောက်ရှိလာသည်နှင့် ပျက်စီးနေ သော သော့ခလောက်တစ်ခု မြေပေါ်သို့ ကျနေသည်ကို တွေ့ရ သည့်အပြင် ထက်ပိုင်းကျိုးနေသော ဆီစိမ်ထီးတစ်လက်နှင့် မှုတ်ဆိတ်မွေးအတုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

မုတ်ဆိတ်မွေးအတုပေါ်၌ သွေးစက်များ အနည်းငယ် စွန်း နေ သည် ကို တွေ့ လိုက် ရ လေ သည်။ ဖန် ကြည် ကြည် က မျက်မှောင်ကြုတ်သွားလေသည်။



'ကြည့်စမ်း၊ ဆီစိမ်ထီးနဲ့ မုတ်ဆိတ်မွေးအတုဟာ ကျားကြီးရဲ့ ပစ္စည်းမဟုတ်လား'

သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

'မမ ထင်တဲ့အတိုင်း သူက တို့ကို အသေသတ်ဖို့ ကြံစည် လိုက်တာ'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'အံ့သြစရာကောင်းတာက ကျွန်မတို့ကို ဘယ်သူက ကယ် လိုက်တာလဲ'

သူမသည် အဆောင်ထဲသို့ လှည့်ကြည့်လိုက်သည်။

'နောက်ပြီး အရိုးစုကော ဘယ်ရောက်သွားသလဲ'

ဖန်ကြည်ကြည်က....

'လူတစ်ယောက်ယောက်ကတွေ့သွားလို့ ကျွန်မတို့ကိုလာကယ် တာဖြစ်မှာပေါ့'

ရှမ်းရှမ်း သက်ပြင်း တစ်ချက် ချလိုက်သည်။

'ပြဿနာတော့ ပိုပြီး ရှုပ်ထွေးလာတာ အမှန်ပဲ'

သူမသည် ပြောပြီး ဖန်ကြည်ကြည်နှင့်အတူ လာလမ်းအတိုင်း ပြန်သွားကြလေသည်။

သို့သော် သူမတို့သည် ခြေလှမ်းတစ်ရာခန့် လျှောက်လာမိ သောအခါ ကျဉ်းမြောင်းသော လမ်းဘေး ချုံပုတ် ထဲ၌ လူ တစ်ယောက်၏ အလောင်းကို မြင်လိုက်ရလေသည်။

ထိုအလောင်း၏ လက်ထဲတွင် ထက်မြက်သော ခါးမြှောင့် တစ်လက်ကို ကိုင်ဆောင်ထားသည်ကို တွေ့ရလေသည်။

ဖန်ကြည်ကြည်က....

'ဟုတ်ပြီ၊ ဒီလူဟာ ကျားကြီး ကျွန်မတို့ကို လုပ်ကြံ တာကို တွေ့လို့ ကယ်ရင်း ကျားကြီးရဲ့ လက်ချက်ကြောင့် သေဆုံးသွား တာ ဖြစ်ရမယ်'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဒါ ဖြစ်နိုင်တယ်'

ဖန်ကြည်ကြည်က....

'ကျွန်မတော့ ရဲတိုက်ကြီးကို မပြန်ရဲတော့ဘူး'

ရှမ်းရှမ်းက....

'ရဲတိုက်ကို မပြန်ရင် ဘယ်သွားနေကြမလဲ'

ဖန်ကြည်ကြည်က....

'မြို့ထဲ ပြန်သွားမယ်၊ တည်းခိုခန်းမှာ ခဏ တည်းနေ မယ်လေ'

ရှမ်းရှမ်းက....

'တည်းခိုခန်းမှာနေရင် စိတ်ချနိုင်ပါ့မလား'

ဖန်ကြည်ကြည်က....



'ဘာပဲဖြစ်ဖြစ် ရဲတိုက်ထဲမှာ နေတာ ထက်တော့ စိတ်ချရ မယ်ထင်တယ်'

ရှမ်းရှမ်းက ခေါင်းခါရမ်းလိုက်သည်။

'ကျွန်မတော့ ဒီလိုမထင်ဘူး'

'ဘာဖြစ်လို့လဲ'

'တည်းခိုခန်းမှာနေရင် ကျားကြီးက အလွယ်တကူ လာသတ် နိုင်တာပေါ့'

'ရဲတိုက်ထဲမှာ နေရင်ကော ပိုမလွယ်ဘူးလား'

ရှမ်းရှမ်းက ခေါင်းခါရမ်းလိုက်သည်။

'မလွယ်ဘူးလေ၊ ရဲတိုက်မှာနေရင် မမ တစ်ခုခု ဖြစ်သွား တာနဲ့ သူ့အပေါ် အာဏာပိုင် တွေက သံသယ ဖြစ်လာ မှာပေါ့'

သူမက ဆက်၍ ရှင်းပြလိုက်သည်။

'တည်းခိုခန်းမှာ နေရင် သူ့မှာမှ တာဝန်မရှိဘဲ ငြင်းပယ် နိုင်တာပေါ့'

ဖန်ကြည်ကြည် မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

ရှမ်းရှမ်းက....

'ကျွန်မ သဘောနဲ့ ပြောရမယ်ဆိုရင် ရဲတိုက်ထဲမှာ ပြန်ရင် သူက ဘာမှ လုပ်ရဲမှာ မဟုတ်ဘူး'

ဖနဲ့ကြည်ကြည်သည် ရှမ်းရှမ်း၏စကားမှာ သဘာဝ ကျသဟု နားလည်လိုက်သဖြင့် ခေါင်းညိတ်လိုက်လေသည်။

'ဒါဖြင့် ရဲတိုက်ကိုပဲ ပြန်ကြပါစို့'

ဒဏ်ရာ

---

ဖန်ကြည်ကြည်တို့သုံးယောက်သည် ရဲတိုက်သို့ ပြန်လည်ရောက်ရှိလာကြလေသည်။

ဖန်ကြည်ကြည်သည် ရဲတိုက်သို့ ပြန်လည် ရောက်ရှိလိုက်သည်နှင့် အသိလိုရင်သိတ်သွားမိလေသည်။

အချင်းက တံခါးမကြီးကို ခေါက်လိုက်သည်။

'ချွမ်း....'

တံခါးမကြီးအပေါ်မှ ချိတ်ထားသော သံကွင်းဖြင့် ခေါက်လိုက်ခြင်းဖြစ်သည်။

သို့သော် သူတို့သည် အတန်ကြာသောအခါ တံခါး ခေါ်
လိုက်သော်လည်း တံခါးလာဖွင့်သူမရှိပါ။

ဖန်ကြည်ကြည် မျက်မှောင်ကြုတ်သွားလေသည်။

'ကျားကြီး ပြန်မရောက်သေးဘူးထင်တယ်'

သူ၏စကားမဆုံးမီ တံခါးပွင့်သွားလေသည်။ တံခါး ဖွင့်
မှာ ကျားကြီးပင် ဖြစ်နေသည်။

ကျားကြီးသည် မီးခိုးရောင်အင်္ကျီ ဝတ်ဆင် ထားလေသ
သူ၏ဖိနပ်မှာ ရွှံ့များ ပေကျံနေသည်ကို သတိ ပြုမိ လိုက်
သည်။

ကျားကြီးက ရိုသေစွာ ဦးညွှတ်လိုက်လေသည်။

'သခင်မလေးတို့ ပြန်ရောက်လာကြပြီလား'

ဖန်ကြည်ကြည်က သူ့အား ခြေဆုံး ခေါင်းဆုံး အကဲ
ကြည့်လိုက်သည်။

'ရှင်က ခြေတော်တော်မြန်သားပဲ၊ တံခါးကို အချိန်မီ
ဖွင့်ပေးနိုင်သေးတယ်နော်'

'ကျွန်တော် တံခါးခေါက်သံကြားတာနဲ့ တံခါး လာဖွင့်
တာပါ'

ကျားကြီးက ဟန်မပျက်ပြန်ပြောလိုက်သည်။

'ကျွန်တော် တံခါးဖွင့် နောက်ကျ သွားတာကို သ
လေးက အပြစ်ပြောချင်လို့ မဟုတ်လား'



ဖန်ကြည်ကြည်က မဲ့ပြုံးပြုံးလိုက်သည်။

'မဟုတ်ပါဘူး၊ တံခါးဖွင့် နောက်ကျ သွားတာနဲ့ အပြစ်
ပြောစရာ မလိုပါဘူး'

သူမသည် ယင်းကဲ့သို့ ပြောလိုက်သော်လည်း သူမ၏ ရင်ထဲ၌
ကျားကြီး၏ ဟန်ဆောင်ကောင်းမှုကို ကျိတ်၍ မှတ်ချက် ချလိုက်
မိသည်။

ဖန်ကြည်ကြည်တို့သည် စကားဆက်မပြောတော့ဘဲ အိမ်ထဲသို့
လှမ်းဝင်သွားလေသည်။

* * *

တစ်ခဏအကြာ အနားယူပြီးနောက် ဖန်ကြည်ကြည်တို့သည်
ညစာခန်း၌ပင် စားသောက်ကြလေသည်။

ကျားကြီးက အနားတွင်ရပ်၍ ပြုစုနေသည်။ ဖန်ကြည်ကြည်
နှင့် ရှမ်းရှမ်းတို့သည် ကျားကြီး၏ဘယ်ဘက်သက်တွင် အဝတ်ဖြူ
တစ်ခု စည်းနှောင်ထားသည်ကို တွေ့ရလေသည်။

အဝတ်ဖြူပေါ်၌ သွေးအနည်းငယ်စို့နေသည်ကို တွေ့ရ၏။
သူဝတ်ဆင်ထားသော အဝတ်ဖိနပ်ပေါ်၌လည်း သွေးအနည်း
ငယ် စွန်းနေသည်ကို သတိပြုမိလိုက်သည်။

ဖန်ကြည်ကြည်နှင့် ရှမ်းရှမ်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး မသိမသာ ခေါင်းညိတ်ပြလိုက်သည်။

ရှမ်းရှမ်းက မေးမြန်းခြင်းမပြုဘဲ စားသောက်နေ၏။ ဖန်ကြည်ကြည်မှာမူ ရင်ထဲ၌ အောင့်အည်းမထားနိုင်ဘဲ ဖွင့်ဟမေးလိုက်လေသည်။

'ရှင့်ဘက်က ဒဏ်ရာရထားတယ်မဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး'

'ဒဏ်ရာက ဓားမြှောင်နဲ့မြှားတိသွားတယ် ဟုတ်လား'

ကျားကြီးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ရပါဘူး'

ဖန်ကြည်ကြည်က

'ဒါဖြင့် ဘယ်လိုလုပ် ဒဏ်ရာရလာတာလဲ'

'ကျွန်တော်မျိုး ဟင်းသီးများလှီးရင်းနဲ့ လက်ကို လှီးမိသွားတာပါ'

ဖန်ကြည်ကြည်က,...

'လက်မှာ ဒဏ်ရာရလောက်အောင် ဘာဟင်းသီးများကို ဖြတ်လို့လဲ'

ကျားကြီးက ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'မုန်လာဥကို ဖြတ်မိလို့ပါ'

'မုန်လာဥက ဖြတ်ရတာ လွယ်ပါတယ်၊ ဘာကြောင့် လက်ကို ထိသွားရတာလဲ'



သူမက မဲ့ပြုံး ပြုံးလိုက်ပြန်သည်။

'ကနေ့ဟင်းလျာထဲမှာ မုန်လာဥလဲ မပါပါလား'

ကျားကြီးက ပါးစပ်ပိတ်သွားလေသည်။ ဖန်ကြည်ကြည်က သူ့အား စိုက်ကြည့်လိုက်သည်။

'မှန်မှန်ပြောပါ၊ ရှင့်ဒဏ်ရာက ဘယ်သူနဲ့တွေ့လို့ ဖြစ်ပေါ်လာရတာလဲ'

'သခင်မလေး ကျွန်တော်မျိုးရဲ့ဒဏ်ရာဟာ ဟင်းသီးဟင်းရွက်လှီးလို့ မတော်တဆ ထိသွားတာပါ'

သူ၏လေသံသည် အလွန် ရိုသေလေးစားသော လေသံမျိုး ဖြစ်နေသော်လည်း သူ၏စကားရပ်မှာ ပြတ်ပြတ်သားသား ငြင်းဆိုလိုက်ခြင်း ဖြစ်သည်။

ဖန်ကြည်ကြည် စကားလှည့်လိုက်ပြန်သည်။

'ကျွန်မတို့ ရဲတိုက်ကနေ ထွက်သွားတဲ့အချိန်မှာ ရှင်ဘယ်ကို ရောက်ခဲ့သေးသလဲ'

ကျားကြီးက....

'သခင်မလေးတို့ ထွက်သွားပြီးတဲ့ နောက်မှာ ကျွန်တော် ဘယ်ကိုမှ မသွားခဲ့ပါဘူး'

ဖန်ကြည်ကြည်က မဲ့ပြုံးပြုံးလိုက်သည်။

'သေချာရဲ့လား'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်'

ဖန်ကြည်ကြည်က....

'ဒါပေမယ့် ကျွန်မှက တွေ့မြင်....'

သူ၏စကားမဆုံးမီ တံခါးခေါက်သံ ကြားလိုက်ရလေသည်။ ကျားကြီးက ဦးညွှတ်လိုက်သည်။

'ဘယ်သူများလဲ မသိဘူး၊ ကျွန်တော်မျိုး တံခါးသွားဖွင့်ပေးလိုက်ဦးမယ်'

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *

လူသံများ ဆူဆူညံညံ ထွက်ပေါ်လာသည်။ ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားလေသည်။

'လူသံတွေကြားတယ်၊ ဘာများဖြစ်နေသလဲ မသိဘူး'

ရှမ်းရှမ်းက ထိုင်ရာမှ ထလိုက်လေသည်။

'ဟုတ်တယ်၊ လူအတော်များများရဲ့ အသံပါပဲ'

သူမတို့သည် ယင်းသို့ ပြောဆိုနေစဉ်မှာပင် အိမ်တော်ထိန်းကျားကြီးက အာဏာသားဝတ်စုံ ဝတ်ဆင်ထားသော လူသုံးယောက်အား ရှေ့ဆုံးမှ ခေါ်ဆောင်လာနေသည်ကို တွေ့ရလေသည်။



အာအာသားများ၏နောက်တွင် ပန်းနုရောင်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် လိုက်ပါလာ၏။

အမျိုးသမီး၏ နောက်တွင် ရွာသား ဆယ့်လေးငါးယောက်ခန့် ဆူဆူညံညံ လိုက်လာနေသည်ကို တွေ့ရသည်။

သူတို့သည် ဧည့်ခန်းရှေ့တွင် ခြေလှမ်းရပ်တန့်သွားကြလေသည်။ ဖန်ကြည်ကြည်က သူတို့ထံ လျှောက်သွားလေသည်။

'ဘာကိစ္စများ ရှိနေပါသလဲ'

ကျားကြီးက အာဏာသား တစ်ယောက်အား ညွှန်ပြလိုက်သည်။

'သူတို့က ဒီရဲတိုက်ပိုင်ရှင်ကို တွေ့ချင်လို့ ခေါ်လာပါတယ်'

ဖန်ကြည်ကြည်က ရှေ့ဆုံးမှ ရပ်နေသော ပိန်ပိန်ပါးပါး အာဏာသားတစ်ယောက်အား မေးလိုက်လေသည်။

'ဘာကိစ္စများ ရှိပါသလဲ'

ပိန်ပိန်ရှည်ရှည် အာဏာသားက သူမအား အကဲခတ်ကြည့်လိုက်သည်။

'ခင်ဗျားက ဒီရဲတိုက်ပိုင်ရှင် ဟုတ်လား'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ဘာကိစ္စရှိလို့လဲ'

အာဏာသားက....

'အခုတလော ကြောက်စရာကောင်းတဲ့ လက်မည်းကြီး တစ်ဖက်က လူကိုသတ်တယ်၊ အမျိုးသမီးများကို လိုက်ဖြိုးလုနေတဲ့ အမှု ဖြစ်ပွားနေပါတယ်'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။

'ကျွန်မတို့နဲ့ ဘာဆိုင်လို့လဲ'

အာဏာသားက....

'ဒီလိုပါ၊ ဒီရွာသားများရဲ့ ပြောပြချက်အရ ဒီလက်မည်းကြီးဟာ ရဲတိုက်ထဲမှာရှိတယ်လို့၊ ဒါကြောင့် ကျုပ်တို့က စုံစမ်းဖို့ ရောက်လာတာပါ'

ဖန်ကြည်ကြည်က ကျားကြီးအား တစ်ချက်ကြည့်လိုက်သည်။ ရှမ်းရှမ်းက ဖန်ကြည်ကြည် အနီးသို့ လာရောက်ရပ်နေ၏။

ဖန်ကြည်ကြည်က အာဏာသားဘက်သို့လှည့်လိုက်ပြန်သည်။

'သူတို့က မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့လို့လား'

အာဏာသားက....

'ကျုပ်တို့ကတော့ မမြင်တွေ့ပါဘူး၊ ဒါပေမယ့် ဒီအမျိုးသမီးက လက်မည်းကြီးကို တွေ့ရင် မှတ်မိနိုင်တယ်လို့ ပြောပါတယ်'

ဖန်ကြည်ကြည်က ထိုအမျိုးသမီးအား ကြည့်လိုက်သည်။

'အစ်မကြီးကိုယ်တိုင် တွေ့မြင်လိုက်တယ် ဟုတ်လား'

'ဟုတ်ဘယ်'



'ဘယ်တုံးက တွေ့ခဲ့တာလဲ'

'ညတုန်းက'

'ညတုန်းက ဖြစ်တာကို ဘာဖြစ်လို့ စောစောမလာဘဲ အခုမှ လာပြီး စုံစမ်းရတာလဲ'

အာဏာသားက....

'ကျုပ်တို့ မနက်ပိုင်းမှာ တစ်ခါလာခဲ့ပါတယ်၊ မွန်းတည့်ချိန်မှာလဲ တစ်ခါလာခဲ့ပါတယ်၊ ဒါပေမယ့် ရဲတိုက်ထဲမှာ အာလျှန်းဆိုတဲ့ အမျိုးသမီးတစ်ယောက်တည်းပဲ ရှိပါတယ်၊ အားလုံး အပြင်ထွက်သွားတယ်လို့ သိရပါတယ်'

ဖန်ကြည်ကြည်က....

'ကျွန်မတို့ ကိစ္စရှိလို့ ထွက်သွားပါတယ်၊ ဒါပေမယ့် ရဲတိုက်ထဲမှာ အိမ်တော်ထိန်း ကျားကြီး ရှိပါတယ်'

အာဏာသားက ခေါင်းခါယမ်းလိုက်သည်။

'သူလဲ မရှိပါဘူး ခင်ဗျာ'

ဖန်ကြည်ကြည်နှင့် ရှမ်းရှမ်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကို ကြည့်မိကြလေသည်။

အာဏာသား ပြောပြသည့် စကားအရ အိမ်တော်ထိန်း ကျားကြီးသည် အိမ်ထဲတွင် မရှိပါ။

ဤသို့ဆိုလျှင် ကျားကြီးက တစ်ချိန်လုံး အိမ်ထဲ၌ ရှိသည်ဟူသော စကားသည် လိမ်ညာလိုက်သော စကားဖြစ်သည်မှာ သေချာလှပေသည်။

တစ်နည်းဆိုရလျှင် ကျားကြီးမှာ မိမိတို့ မြင်တွေ့ခဲ့ရသော ခါးကုန်းအဘိုးအိုပင် ဖြစ်သည်မှာ သေချာလှ၏။

ဖန်ကြည်ကြည်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'အခု ရှင်တို့က ဘာလုပ်ချင်သလဲ'

အာဏာသားက....

'ဟောဒီ အမျိုးသမီးက လက်မည်းကြီးကို မှတ်မိတဲ့အတွက် လက်ကို စစ်ဆေးဖို့ ရောက်လာတာပါ၊ အဲဒါကို ခွင့်ပြုပါ'

ဖန်ကြည်ကြည်က သူမ၏ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြလိုက်သည်။

'ရပါတယ် ရှင်၊ ကျွန်မကို စပြီး စစ်ဆေးနိုင်ပါတယ်'

အာဏာသားက အမျိုးသမီးအား လှည့်ကြည့်လိုက်သည်။

'အစ်မကြီး စစ်ဆေးနိုင်ပါတယ်'

အမျိုးသမီးက ခေါင်းခါယမ်းလိုက်သည်။

'မိန်းကလေးရဲ့လက် မဟုတ်ပါဘူး'

သူမသည် ကျားကြီးအား လှည့်ကြည့်လိုက်သည်။ အာဏာသားက ကျားကြီးအား မော့ကြည့်လိုက်သည်။

'ကျေးဇူးပြုပြီး လက်ကို ဆန့်ပြလိုက်ပါ'



အိမ်တော်ထိန်းကျားကြီးသည် သူ၏ညာဘက်လက်ကို ဆန့်ပြလိုက်လေသည်။ အာဏာသားက ခေါင်းခါယမ်းလိုက်သည်။

'ခဏနေဦး၊ ခင်ဗျားရဲ့ ဘယ်ဘက်လက်အိတ်ကို ချွတ်ပြလိုက်ပါ'

* * *

ကျားကြီးသည် ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားတို့ အလိုရှိတာကို ကျုပ်က လိုက်နာပါ့မယ်'

ကျားကြီး၏ လေသံသည် အလွန်ပျော့ပျောင်းနေ၏။

'လက်အိတ်ချွတ်မပြနိုင်တာကိုတော့ ခွင့်လွှတ်ပါ ခင်ဗျာ'

အာဏာသားက မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

ကျားကြီးက....

'ကျုပ် လက်အိတ်ထဲက လက်ကို ဘယ်သူ့ကိုမှ မပြပါဘူးလို့ ကျမ်းကျိန်ထားလို့ပါ'

အာဏာသားက မဲ့ပြုံး ပြုံးလိုက်လေသည်။

'ဒီမှာ ကျားကြီး၊ ကျုပ်က တာဝန်အရ ပြောနေတာ ခင်ဗျားရဲ့ လက်အိတ်ကို ချွတ်ပြလိုက်ပါ'

ကျားကြီးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ပြောပြီးပြီပဲ၊ ကျုပ်ရဲ့ လက်ကို ဘယ်သူ့ကိုမှ မပြပါဘူးလို့ ကျမ်းကျိန်ထားလို့ပါ'

အာဏာသားသည် ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

'ချွမ်....'

ကျန်ရှိသော အာဏာသားနှစ်ယောက်ကလည်း ဓားကိုယ်စီ ထုတ်လိုက်သည်။

လက်'ဒီလိုဆိုရင် ကျုပ်တို့က အင်အားကို သုံးရပါလိမ့်မယ်'

ကျားကြီးက

'ကျုပ်ရဲ့ လက်ကို မပြတာနဲ့ အပြစ်ရှိတယ်လို့ ပြောနိုင်လို့လား'

အာဏာသားက....

'ခင်ဗျားက မလိုက်နာဘူးဆိုရင် ကျုပ်တို့က အရေးယူရပါလိမ့်မယ်'

ကျားကြီးက ရင်ကော့လိုက်သည်။

'ခင်ဗျားတို့က ကျုပ်ရဲ့လက်ကို ကြည့်ချင်တယ်ဆိုရင် ကျုပ်ကို အရင်သတ်လိုက်ပါ'

သူသည် မဲ့ပြုံး ပြုံးလိုက်လေသည်။



'တစ်ခုတော့ရှိတယ်၊ကျုပ်ကိုဆွဲထုတ်လာတာနဲ့ ခင်ဗျားတို့ဟာ လူသတ်မှုနဲ့ အဖမ်းခံရမှာ သေချာတယ်'

အာဏာသားများတို့သည် အခက်ကြုံတွေ့ရတော့သည်။ သူတို့သည် ကျားကြီးမှာ အပြစ်တကယ်ရှိမရှိကို မသိရသေးဘဲ အသေသတ်၍ မရပါ။

သို့သော် ကျားကြီးကလည်း သူ၏ လက်ကို အစစ်အဆေး မခံလိုသဖြင့် သူတို့သည် မည်သို့ပြုလုပ်ရမည်ကို မသိဘဲဖြစ်နေ၏။ ထိုစဉ် အသက်ကြီးရင့်သော ရွာသားတစ်ယောက်က ကြားဝင်ပြန်ဖြေလိုက်လေသည်။

'ဟုတ်ပါတယ်၊ ကျားကြီးမှာ အပြစ်ရှိမရှိဆိုတာ မသိရသေးတဲ့အတွက် အကြမ်းဖက်တာ မကောင်းပါဘူး'

အာဏာသားက မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် ကျုပ်တို့က ဘာလုပ်ကြရမှာလဲ'

အသက်ကြီးရင့်သော ရွာသားက....

'ခင်ဗျားတို့ ခေါင်းဆောင်ရှိတယ် မဟုတ်လား၊ သူ့ကို ပြန်တိုင်ပင်ရင် မကောင်းဘူးလား'

အာဏာသားက အနည်းငယ် စဉ်းစားလိုက်သည်။

'ဒါကောင်းပါတယ်၊ခေါင်းဆောင်ကိုတိုင်ပင်ပြီးမှ ဆက်လုပ်ရမှာပေါ့'

သူသည် ကျားကြီးအား ကြည့်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့ မနက်ဖြန် တစ်ခေါက်လာဦးမ
ထွက်ပြေးဖို့တော့ မကြိုးစားနဲ့'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ကျုပ် ဘယ်မှမသွားဘူး'

အာဏာသားတို့နှင့် ရွာသားများသည် ဖန်ကြည်ကြည်အ
တောင်းပန်ပြီးလျှင် ရဲတိုက်ထဲမှ ထွက်ခွာသွားကြလေတော့သ

## မြေရှင်

ထိုည....

ညနေအချိန်တွင် ရဲတိုက်ကြီးသို့ ဝမ်းကြုံးနှင့် ဧည့်သည် ကစ်ဃောက်သည် ရောက်ရှိလာကြလေသည်။

ဖန်ကြည်ကြည်က ဝမ်းကြုံးအား တွေ့မြင်လိုက်သည်နှင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်သွားလေသည်။

'ရှင်က မြို့ကို မပြန်သေးဘူးလား'

ဝမ်းကြုံးက ပြုံးပြလိုက်သည်။

'ဟုတ်ကဲ့၊ မပြန်ဖြစ်သေးပါဘူး'

ဖန်ကြည်ကြည်၏ မျက်နှာပေါ်တွင် မကျေနပ်သော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

'ရှင်က ကျွန်မအပေါ်မှာ ဘာအကူအညီမှ မပေးချ
ပါလား'

ဝမ်းကြုံးက ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ကျွန်တော့်ကို အထင်မလွဲလိုက်ပါနဲ့၊ ဖန်ကြည်ကြည်ရဲ့ကို
ဆိုရင် ကျွန်တော် အမြဲတမ်းဂရုတစိုက်လုပ်ပေးခဲ့ပါတယ်'

ဖန်ကြည်ကြည်သည် ဝမ်းကြုံးနှင့်အတူ ပါလာသော ငြေ
သည်အား တစ်ချက်ကြည့်လိုက်သည်။

သူမသည် ဝမ်းကြုံးမှာ ငြေ့ပါလာသည့်အတွက် ငြေ့အ
ထဲသို့ ခေါ်ဆောင်သွားပြီး နေရာပေးလိုက်ရလေသည်။

ဖန်ကြည်ကြည်သည် ရဲတိုက်ကိုရောင်းချရန် စိတ်ဆန္ဒစော
သဖြင့် ငြေ့သည်အား စကားမပြောနိုင်သေးဘဲ ဝမ်းကြုံးအ
ပြစ်တင်ပြောဆိုနေ၏။

'ကျွန်မက ဒီရဲတိုက်ကြီးကိုရောင်းဖို့ ဘယ်လောက်အရေးကြ
နေသလဲဆိုတာ ရှင်သိရဲ့သားနဲ့၊ ဆရာဝူးကိုသွားပြီး အကြော
မကြားပေးဘူး'

ဝမ်းကြုံးက သဘောပေါက်နားလည်လာလေသည်။

'ရဲတိုက်ကိုရောင်းဖို့ကိစ္စ ပြောနေတာလား'

'ဟုတ်တယ်'

'ဒီအတွက် ကျွန်တော်က မြို့ကိုမပြန်သေးဘဲ ဒီရွာနီးတစ်ဝို
မှာ နေထိုင်ကြတဲ့ ငွေရှင်ကြေးရှင်ကို သွားပြီးတိုက်တွန်းပြော
နေပါတယ်ခင်ဗျာ'

သူသည် ပြုံး၍စကားဆက်လိုက်သည်။



'ရဲတိုက်ကို ရောင်းဖို့ဆိုတာ မြို့မှာသွားပြီး စုံစမ်းမယ့်အတူတူ
ဒီရွာနီးချုပ်ပေါ်မှာ လိုက်ပြီးစုံစမ်းရင်ပြီးပြီ၊ နီးစပ်တယ်လို့ ကျွန်
တော် ယူဆသားလို့ပါ'

ဖန်ကြည်ကြည်က အနည်းငယ်စိတ်ပြေသွားလေသည်။

'အခြေအနေရော ဘယ်လိုရှိသလဲ'

'ကျွန်တော်က မြေရှင်နဲ့ပွဲစား လေးငါးယောက်နဲ့ တွေ့ခဲ့ပါ
တယ်၊ ဒါပေမယ့် သူတို့က ဒီ ရဲတိုက်အကြောင်းကို သိသားလို့
ဘယ်သူမှ မဝယ်ဝံ့ပါဘူး'

ဖန်ကြည်ကြည်က စိတ်ခေတ်ကျသွားလေသည်။

'ကျွန်မက ဈေးမတန်မဆ လျှော့တာတောင် ဝယ်မယ့်လူ
တစ်ယောက်မှ မရှိတော့ဘူးလား'

ဝမ်းကြုံးက ပြုံး၍ ငြေ့သည်အား ညွှန်ပြလိုက်သည်။

'တွေ့ပါတယ်၊ ဟောဒီပုဂ္ဂိုလ်က ဝယ်ချင်တဲ့စိတ်ရှိလို့ ကျွန်
တော်က ရဲတိုက်ကို ပြဖို့ခေါ်လာတာပါ'

သူသည် ပြောရင်း မိတ်ဆက်ပေးလိုက်လေသည်။

'သူ့ကိုတော့ သူဌေးကြီးယန်လို့ အများကခေါ်ကြပါ
တယ်'

သူသည် တစ်ဖန် ဖန်ကြည်ကြည်အား မိတ်ဆက်ပေးလိုက်
လေသည်။

'ဟောဒါက ရဲတိုက်ရဲ့ပိုင်ရှင် ဖန်ကြည်ကြည်ပါပဲ'

သူတို့နှစ်ယောက်သည် အပြန်အလှန် နှုတ်ဆက်လိုက်ကြလေ
သည်။ ဖန်ကြည်ကြည်သည် ဝမ်းကြုံးက မိမိအပေါ် ကြိုးစား

ပန်းစား ဆောင်ရွက်ပေးနေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရသဖြင့် ကျေနပ်သွားလေသည်။

ဝမ်းကြိုးက သူဌေးကြီးယန်းအား....

'ကဲ...ကာယကံရှင်ကိုယ်တိုင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါ'

သူဌေးကြီးယန်းက ပြုံးလိုက်လေသည်။

'ငါ့တူမကြီးက ဒီရဲတိုက်ကို ဘယ်ဈေးနဲ့ရောင်းမှာလဲ'

ဖန်ကြည်ကြည်က....

'ကျွန်မ တည့်အောင်ပေးပါ့မယ်၊ရဲတိုက်ကိုအလျင်လိုက်ကြည့်ရင် ကောင်းမယ်ထင်တယ်'

သူဌေးကြီးယန်းက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်၊ ဒါမှလဲ ဈေးကို အတိအကျဖြတ်ပေးလို့ရမယ်'

ထိုစဉ် အိမ်တော်ထိန်းကျားကြီးက ကန့်ကွက်ပြောဆိုလိုက်လေသည်။

'သခင်မလေး'

ဖန်ကြည်ကြည်က သူ့အား လှည့်ကြည့်လိုက်သည်။

'ပြောပါ'

ကျားကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'သခင်မလေးဟာ ဒီရဲတိုက်ရဲ့ပိုင်ရှင်ပါ၊ အခု သခင်မလေးက ဒီရဲတိုက်ကြီးကို ရောင်းချင်တယ်ဆိုတော့ ကျွန်တော်က ကန့်ကွက်ပိုင်ခွင့်မရှိပါဘူး၊ ပြောဆိုပိုင်ခွင့်လဲ မရှိပါဘူး၊ ဒါပေမယ့်...



ဖန်ကြည်ကြည်က သူ့အား ပြစ်တင်သော အကြည့်ဖြင့်ကြည့်နေ၏။ ကျားကြီးက စကားဆက်လိုက်သည်။

'သခင်ကြီးဟာ ဒီအမွေကို သခင်မလေးကို ပေးလိုက်တာ သခင်မလေးက ဒီရဲတိုက်ကြီးကို ဆက်လက် ထိန်းသိမ်းထားဖို့ မျှော်လင့်ပါတယ်၊ အခုလိုရောင်းချဖို့ဆိုတာ သူက နှစ်သက်မှာ မဟုတ်ဘူး'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်၍ နားထောင်နေ၏။ ကျားကြီးက သူ၏စကားကို ဆက်လိုက်ပြန်သည်။

'ဒါကြောင့် ဒီကိစ္စကို သေသေချာချာစဉ်းစားပြီးမှ ဆုံးဖြတ်ပါလို့ ကျွန်တော်မျိုး တောင်းပန်ချင်ပါတယ်'

ဖန်ကြည်ကြည်က ခါးထောက်လိုက်သည်။

'ကျွန်မဘကြီးမကွယ်လွန်မီက ရှင့်ကိုဒီအတိုင်းပြောခဲ့လို့လား'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ သခင်ကြီးက သူ့ရဲ့ဆန္ဒ ကျွန်တော်မျိုးကိုဖွင့်ပြောခဲ့ပါတယ်'

ဖန်ကြည်ကြည်က....

'ဒါဖြင့် သူ့ရဲ့သေတမ်းစာထဲမှာ ဘာကြောင့်ဖော်ပြမထားတာလဲ'

သူမသည် ကျားကြီးအား စိုက်ကြည့်လိုက်သည်။

'ဘကြီးရဲ့သေတမ်းစာထဲမှာ ရှင်ပြောသလို ဖော်ပြထားတာ မတွေ့ရပါလား'

ကျားကြီးက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဖန်ကြည်ကြည်က မကျေမနပ်ဖြင့် ကြည့်လိုက်သည်။

'သေဘာမ်းစာကို ရှင်ဖတ်မိလိုက်သလား'

ကျားကြီးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ ဖတ်မိပါတယ်'

'ဒါဖြင့် သေဘာမ်းစာထဲမှာ ရှင်ပြောသလို ဖော်ပြထား သလား'

'ဖော်မပြထားပါဘူး၊ ဒါပေမယ့် သခင်ကြီးက သူ့ရဲ့ဆန္ဒကို ဖွင့်ပြောခဲ့ပါတယ်'

ဖန်ကြည်ကြည်က မဲ့ပြုံးပြုံးလိုက်သည်။

'ဘာလဲ ရှင်က ရဲတိုက်ရောင်းတဲ့ကိစ္စ ကန့်ကွက်နေတာလား'

'မဟုတ်ပါဘူး၊ ကျွန်တော်မျိုး မကန့်ကွက်ပါဘူး၊ ကန့်ကွက် ပိုင်ခွင့်လဲ မရှိပါဘူး'

ကျားကြီး၏မျက်နှာသည် အနည်းငယ်ညှိုးနွမ်းလာလေသည်။

'ကျွန်တော်မျိုး တောင်းပန်ချင်တာက သခင်ကြီးရဲ့ဆန္ဒကို သေသေချာချာ ထည့်စဉ်းစားပြီးမှ ဆုံးဖြတ်ပါလို့'

'ရှင့်ပါးစပ်ပိတ်ထားလိုက်ပါ'

ဖန်ကြည်ကြည်က အနည်းငယ်ဒေါသထွက်လာသည်။

'ကျွန်မ စဉ်းစားစရာ မလိုဘူး၊ ရှင်ပြောနေတဲ့အဖွား ဘကြီးရဲ့ ဆန္ဒဖြစ်တယ်ဆိုတာလဲ ကျွန်မ လက်မခံနိုင်ဘူး၊ လက်မခံနိုင်ဘူး၊ ဒါကြောင့်ရဲတိုက်ကို ရောင်းဖို့ ကျွန်မဆုံးဖြတ် လိုက်ပြီ'

ကျားကြီးက ပါးစပ်ပိတ်ထားလိုက်သည်။ဖန်ကြည်ကြည်က သူ့အား စိုက်ကြည့်လိုက်သည်။



'ကျွန်မရဲ့ကိစ္စကို ဘာမှဝင်မပြောပါနဲ့'

'ဟုတ်ကဲ့ သခင်မလေး'

အိမ်တော်ထိန်း ကျားကြီးက ခေါင်းငုံ့ထားလိုက်လေ၏။ ဖန်ကြည်ကြည်က စကားဆက်လိုက်သည်။

'ကဲ ညှော့သည်ကို ရဲတိုက်တစ်ခုလုံး လိုက်ပြပေးပါ'

'ဟုတ်ကဲ့ပါ သခင်မလေး'

## သံသယဖြစ်ဘွယ်ရာ အိမ်ခန်း

အိမ်တော်ထိန်း ကျားကြီးသည် ဟန်မူရာ ကင်းမဲ့စွာဖြင့် သူဌေးကြီးယန်းအား ရဲတိုက်တစ်ခုလုံးသို့ လိုက်လံပြသလေ၏။

ဖန်ကြည်ကြည်၊ အချင်းနှင့် ရှမ်းရှမ်းတို့လဲ လိုက်ပါသွားသည်။ ဝမ်းကြုံးမှာမူ ဖန်ကြည်ကြည်နှင့် စကားပြောရင်းလိုက်ပါနေ၏။

ကျားကြီးသည် သူဌေးကြီးယန်းအား ရဲတိုက်တွင်ရှိသမျှနေရာအခန်းများကို နေရာလွတ်မကျန် လိုက်လံပြသလေသည်။

ထို့နောက် သူတို့သည် ကျောက်တုံးဖြင့် တည်ဆောက်ထားသော သီးသန့်အိမ်တစ်လုံးဆီသို့ ရောက်ရှိလာလေ၏။



သူဌေးကြီးယန်းသည်ထိုအခန်းအား ကြည့်ရန်အနီးသို့ချဉ်းကပ်သွားသည်။ ကျားကြီးက ရုတ်တရက် ဟန့်တားလိုက်လေ၏။

'ဒီအိမ်ခန်းကို ကြည့်စရာမလိုပါဘူး၊ အထဲမှာ အသုံးမပြုတဲ့ ပစ္စည်းတွေကိုသာ စုပုံထားတာပါ'

သူဌေးကြီးယန်းက ခေါင်းညိတ်လိုက်လေသည်။

'အထဲကို ဝင်မကြည့်ရတာ အကြောင်း မဟုတ်ပါဘူး၊ အပြင်ဘက်ကပဲ ပတ်ပြီးကြည့်လိုက်တာပေါ့'

သူသည် ပြောရင်း ထိုအိမ်ရှိရာသို့ခြေလှမ်း လှမ်းလိုက်လေ၏။

အိမ်တော်ထိန်း ကျားကြီးက သူ့၏သွားလမ်းကို ပိတ်၍ရပ်လိုက်လေသည်။

'အဲဒီကို မသွားပါနဲ့လို့ ကျွန်တော် တောင်းပန်ပါတယ်'

ဝမ်းကြုံးက မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

ကျားကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အားလုံးရဲ့ လုံခြုံရေးကြောင့်ပါ'

'အားလုံးရဲ့ လုံခြုံရေးကြောင့် ဟုတ်လား'

ဖန်ကြည်ကြည်က အံ့အားသင့်စွာမေးလိုက်သည်။

'အိမ်အနီးကို ရောက်သွားတာနဲ့ အန္တရာယ်ဖြစ်နိုင်တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာဖြစ်လို့လဲ'

'ဒီအိမ်ဟာ အချိန်မရွေးပြိုကျလာနိုင်လို့ပါ'

ဖန်ကြည်ကြည်က အိမ်ကိုလှမ်းကြည့်လိုက်သည်။

'ကျွန်မကြည့်ရတာ အဘောဒ့ကို ခိုင်မာသားပဲ၊ ဘယ်လိုလုပ်ပြိုကျနိုင်မှာလဲ'

သူဌေးကြီးယန်းက ပြုံးလိုက်လေသည်။

'သူက စေတနာနဲ့ ပြောတာ ဖြစ်ပါလိမ့်မယ်၊ မကြည့်တာပဲကောင်းပါတယ်'

သူကပြောပြီး လက်ကာပြလိုက်သည်။

'ကဲ အားလုံးတော့ ကြည့်ပြီးပါပြီ'

ဖန်ကြည်ကြည်သည် သူတို့အား ဧည့်ခန်းထဲသို့ခေါ်ဆောင်သွားပြန်လေသည်။ ဝမ်းကြူးကပြုံးလိုက်သည်။

'ကဲ သူဌေးကြီး၊ ခင်ဗျားသဘောက ဘယ်လိုရှိသလဲ'

သူဌေးကြီးယန်းက ဖန်ကြည်ကြည်အားကြည့်လိုက်သေး၏။

'တန်ဖိုးလဲ ပြောပါဦးဗျာ'

ဖန်ကြည်ကြည်က....

'ကျွန်မ ဝမ်းကြူးကို ပြောပြီးပါပြီ'

ဝမ်းကြူးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်၊ ပိုင်ရှင်က ကာလတန်ဖိုးရဲ့ တစ်ဝက်လောက်ဆိုရင် ရောင်းမယ်လို့ ပြောထားပါတယ်'

သူဌေးကြီးယန်းက အနည်းငယ် စဉ်းစားလိုက်သည်။

'တန်ဖိုးကတော့ အလွန်သက်သာပါတယ်၊ ဒါပေမယ့် ကျုပ်ဆီမှာ ဒီလောက်ပေးနိုင်တဲ့ ငွေအား မရှိတဲ့အတွက် ကာလတန်ဖိုးရဲ့ သုံးချိုးတစ်ချိုးထားစေချင်ပါတယ်'

ဖန်ကြည်ကြည်က သဘောတူလိုက်လေသည်။

'ကောင်းပါပြီရှင်'

သူဌေးကြီးယန်းက ရယ်မောလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ဒီရဲတိုက်ကို ကျုပ်ဝယ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ'

ဖန်ကြည်ကြည်က ဝမ်းသာသွားလေသည်။

'ကျွန်မလဲ ကျေးဇူးတင်ပါတယ်'

သူဌေးကြီးယန်းက....

'တစ်ယောက်နဲ့ တစ်ယောက်တော့ အဆင်ပြေသွားပါပြီ၊ ဘယ်နေ့မှာ အရောင်းအဝယ်စာချုပ် အပြီးချုပ်မယ်ဆိုတာရက်ကို သတ်မှတ်လိုက်ပါ'

ဖန်ကြည်ကြည်က....

'ကျွန်မကတော့ မြန်လေ ကြိုက်လေပဲ'

ဝမ်းကြူးက ပြုံးလိုက်သည်။

‘မြန်လို့ မဖြစ်ဘူးလေ၊ ငါ့ညီမက သေတမ်းစာထဲမှာပါတဲ့ အချက်အလက်ကို ပြည့်စုံအောင် ဆောင်ရွက်ပြီးမှသာ ဒီအမွေကို တရားဝင် ဆက်ခံခွင့်ရှိတယ်မဟုတ်လား’

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ကဲ့၊ ကျွန်မရဲ့တာဝန်ကို အမြန်ဆုံးပြီးအောင် ဆောင်ရွက်ပါ့မယ်’

သူဌေးကြီးယန်းက ပြုံးလိုက်လေ သည်။

‘သဘောအားဖြင့် အရောင်းအဝယ် ပြီးပြတ်သွားပြီး ဆိုပါတော့၊ ဒါပေမယ့် အရောင်းအဝယ် စာချုပ်ချုပ်ဖို့ ငွေချေဖို့ ကိစ္စတော့ ဆရာဝူးဆီမှာ ဆုံကြပြီး အပြီးလုပ်ကြတာပေါ့’

‘ကောင်းပါတယ်လေ’

ဖန်ကြည်ကြည်က သဘောတူလိုက်လေသည်။

မှောင်စပြုလာပြီဖြစ်သဖြင့် သူဌေးကြီးယန်းသည် သူမအား နှုတ်ဆက်ကာ ရဲတိုက်မှ ထွက်ခွာသွားလေသည်။

* * *



သူဌေးကြီး ယန်းထွက်ခွာသွားပြီးနောက် ဖန်ကြည်ကြည်သည် ဝမ်ကြုံးအပေါ် များစွာ ကျေးဇူးတင်မိလေသည်။

‘ကျေးဇူးတင်လိုက်တာရှင်’

‘ဝမ်ကြုံးက ပြုံးပြလိုက်သည်။

‘မလိုပါဘူးခင်ဗျာ’

ဖန်ကြည်ကြည်သည် ဝမ်ကြုံးမှာ ရုပ်ရည်အသွန်သန့်ပြန့်ပြီး စိတ်နေစိတ်ထား မြင့်မြတ်သည်ကို တွေ့ရှိရလေသည်။

လုပ်ရည်ကိုင်ရည်မှာလည်း ဖြတ်လတ်လျင်မြန်သည်ကိုအကဲခတ်မိသည်။ ထို့ကြောင့် ဝမ်ကြုံးအပေါ် အားကိုးလိုသော စိတ်များ ပေါ်ပေါက်လာလေသည်။

‘ဩော်....ဒါနဲ့ ရှင့်ကို အကူအညီတစ်ခု တောင်းရဦးမယ်’

ဝမ်ကြုံးက ဖန်ကြည်ကြည်မျက်နှာကိုကြည့်လိုက်သည်။

‘ပြောပါ ခင်ဗျာ’

ဖန်ကြည်ကြည်က....

‘ကျွန်မက ဒီဒေသကို မကျွမ်းဘူး၊ ဒါကြောင့် ကျွန်မလုပ်မဲ့ ကိစ္စအားလုံးကို ရှင်ကပဲ လုပ်ပေးပါလို့ တောင်းပန်ချင်ပါတယ်’

ဝမ်းကြုံးက ပြုံးပြလိုက်သည်။

‘ဟုတ်ကဲ့....ဒါကြောင့်လဲ ခင်ဗျားက ရဲတိုက်ချောင်းချင်တယ် ဆိုလို့ ကျွန်တော် မဖြစ်မနေ ကြိုးစားခဲ့ပါတယ်’

ဖန်ကြည်ကြည်က....

'ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ကျွန်မ ဘကြီးရဲ့ သင်္ချိုင်းဂူကိစ္စလိုအပ်တာတွေကိုလဲ ကူညီပါလို့ တောင်းပန်ပါတယ်'

ဝမ်းကြုံးက ရယ်မောလိုက်သည်။

'ဒါလား၊ စိတ်ချပါဗျာ၊ ကျွန်တော် အားလုံးဆောင်ရွက်ပေးပါ့မယ်'

ဖန်ကြည်ကြည်က....

'မနက်ဖန်ဆိုရင် ကျွန်မက ဂူလုပ်ဖို့ သွားပြီး စီစဉ်ရမယ်၊ ဘုန်းကြီးပင့်ဖို့ ရှင်ကပဲ တာဝန်ယူပေးပါ'

ဝမ်းကြုံးက....

'ဘုန်းကြီး ဘယ်နှစ်ပါး ႇင့်ရမှာလဲ'

ဖန်ကြည်ကြည်က....

'သေတမ်းစာပါတဲ့အတိုင်းဆိုရင် ဘုန်းကြီးအပါး(၄၉)ပါးလောက် လိုတယ်'

ဝမ်းကြုံးက အခက်ကြုံသွားလေသည်။

'ဒီအနီးအနားမှာ ဘုန်းကြီးအပါး(၄၉)ပါး ပင့်ဖို့ဆိုတာ မလွယ်ဘူး ထင်တယ်'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားလေသည်။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

ဝမ်းကြုံးက မျက်မှောင်ကြုတ်သွားသည်။



'ခက်တာပဲ၊ သေတမ်းစာအတိုင်း ပြည့်စုံအောင် လုပ်မှပေးရင် ခင်ဗျားရဲ့ အစ်ကိုဝမ်းကွဲကတော့ ကန့်ကွက်တော့မှာပဲ'

ရှမ်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

'အနီးအနားမှာ ရွာဘယ်နှစ်ရွာလောက်ရှိသလဲ'

ဝမ်းကြုံးက လက်ချောင်းချိုး၍ ရေတွက်လိုက်သည်။

'ရွာကြီး ရွာကလေး ပေါင်းလိုက်ရင်(၇)ရွာလောက်ရှိတယ်'

ရှမ်းရှမ်းက....

'အဲဒီရွာ(၇)ရွာစလုံး လိုက်ပြီး ပင့်ရင် မပြည့်နိုင်ဘူးလား'

ဝမ်းကြုံးက လက်ချောင်းကလေးချိုးကာ ထပ်မံ ရေတွက်လိုက်လေသည်။

သူသည် ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

'ဘယ်နည်းနဲ့မှ မပြည့်နိုင်ဘူး'

ဖန်ကြည်ကြည်က စိတ်ပျက်သွားလေသည်။

'ဒီအတိုင်းဆိုရင် မြို့အထိ ဆင်းဖိတ်ရမယ်နဲ့ တူတယ်'

ထိုစဉ် ဝမ်းကြုံးက တစ်စုံတစ်ခုကို သတိရလာလေသည်။

'ဟုတ်ပြီ၊ ဒီအတွက် မပူပါနဲ့တော့'

ဖန်ကြည်ကြည်က....

'မြို့ထဲမှာ ဘုန်းကြီးအပါးရေ လုံလုံလောက်လောက် ခေါ်နိုင်လို့လား'

ဝမ်းကြုံးက ပြုံးလိုက်သည်။

'မဟုတ်ပါဘူး၊ တိုက်တိုက်ဆိုင်ဆိုင် ကနေ့ညမှာ တောင်ဘက်ရွာမှာ ဘုရားပွဲရှိတယ်၊ ရှိသမျှ ဘုန်းတော်ကြီးတွေ အားလုံးရောက်လာလိမ့်မယ်၊ သူတို့ကို သွားပြီး ဖိတ်လိုက်ရင် ခင်ဗျားလိုချင်တဲ့ ဘုန်းကြီးအပါးဦးရေ လုံလောက်မှာ သေချာပါတယ်'

ဖန်ကြည်ကြည်က စိတ်သက်သာရာ ရသွားလေသည်။

'ဒါဖြင့် အဲဒီ တောင်ဘက်ရွာမှာပဲ သွားပင့်ကြရအောင်'

## ဘုရားပွဲ

ဖန်ကြည်ကြည်သည် ထိုဘုရားပွဲကို ညတွင်းချင်းသွားရောက်ရန် အဆင်သင့်ဖြစ်ပေါ်လာသည်။

'ဒါနဲ့ တောင်ဘက်ရွာနဲ့ ဒီနဲ့ ဘယ်လောက်များ ဝေးသလဲ'

ဝမ်းကြိုးက....

'အနီးကလေးပါ၊ အလွန်ဆုံးရှိ နှစ်မိုင်ပေါ့'

ဖ ကြည်ကြည်က ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။ ကောင်းကင်းပေါ်၌ နေဝန်းကြီးက ရှိနေသေး၏။

'ဒါဖြင့် အခုသွားရင် ပြန်လာဖို့ အချိန်မီသေးတာပေါ့'

ဝမ်းကြိုးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဟိုမှာ အချိန်မကြာဘူးဆိုရင် မီပါတယ်'

အိမ်တော်ထိန်း ကျားကြီးက ကြားဖြတ်ပြောလိုက်လေသည်။

'တောင်ဘက်က ဝေးတော့မဝေးပါဘူး၊ ဒါပေမယ့် တော်တော် ခေါင်ပါတယ်'

သူသည် အနည်းငယ် စဉ်းစားပြီးမှ စကားဆက်လိုက်သည်။

'နောက်ပြီး မိုးချုပ်တော့မယ်၊ နောက်တစ်နေ့မှပဲ သွားဖို့ ကောင်းတယ်'

ဖန်ကြည်ကြည်က သူ့အား ကြည့်လိုက်သည်။

'လမ်းမှာ လူဆိုးသူခိုးတွေ ရှိနေလို့လား'

ကျားကြီးက....

'ရှိတော့ မရှိပါဘူး၊ ဒါပေမယ့် အန္တရာယ်ဆိုတာ ကြိုတင် ကာကွယ်ကောင်းပါတယ်'

ဖန်ကြည်ကြည်က နှုတ်ခမ်းမဲ့ထားလိုက်သည်။ သူမသည် မည်သည့်နေရာမှ ရဲတိုက်ထက် အန္တရာယ်များသည်ဟု မထင်မိပေ။

သူမက ခေါင်းခါယမ်းလိုက်သည်။

'ဟိုမှာ ဘုရားပွဲရှိတယ်ဆိုတော့ လူတွေ အများကြီးရှိနေမှာပဲ၊ ဘာများ ကြောက်စရာရှိလို့လဲ'

ကျားကြီးက ဦးညွှတ်လိုက်သည်။



'သခင်မလေးက သွားချင်တဲ့ ဆန္ဒရှိတယ်ဆိုရင် သွားပါ၊ ကျွန်တော် အိမ်မှာ စောင့်နေပါ့မယ်'

* * *

နတ်လေးပါးဘုန်းကျောင်းသည် အလွန် ကြီးကျယ်ခန်းနားသော ဘုန်းကျောင်းတစ်ကျောင်း ဖြစ်သည်။

ဘုန်းကျောင်းရှေ့ ကျယ်ပြန့်သော မြေကွက်လပ်ပေါ်တွင် စင်မြင့်တစ်ခု တည်ဆောက်ထားလေသည်။

မြေကွက်လပ်ပေါ်၌ ဈေးသည်များ စားသောက်ဆိုင်များ ပြည့်နှက်၍ နေ၏။

ဘုန်းကျောင်းတစ်ခုလုံးမှာလည်း လာရောက်ကြည်ညို ဖူးမြော်သူများ စည်ကားလျက်ရှိ၏။

မိုးမချုပ်သေးပါ။ ဘုန်းကျောင်းအနီးတစ်ဝိုက်မှာ မီးရောင်များ ထိန်ထိန်လင်းနေလေသည်။

ဝမ်းကြိုးသည် ဖန်ကြည်ကြည်တို့အား ခေါ်ဆောင်၍ လူအုပ်ကြားထဲသို့ တိုးခွေ့ပြီး ဘုန်းကျောင်း၏ အတွင်းဘက်အဆောင်သို့ ရောက်ရှိသွားလေသည်။

ထိုနေရာတွင် ဘုန်းတော်ကြီးများ အနားယူရန် သီးသန့်ထား သော နေရာတစ်ခု ဖြစ်လေသည်။

ဝမ်းကြူးသည် ဘုန်းတော်ကြီးများ၏ အကြီးအကဲတစ်ဦးနှင့် တွေ့ဆုံပြီး ဖန်ကြည်ကြည်၏ အကြောင်းကို လျှောက်ထားပြီး လျှင် ပင့်ဖိတ်လိုက်လေသည်။

ဘုန်းတော်ကြီးကလည်း လက်ရှိ ဘုန်းတော်ကြီး အရေ အတွက်မှာ (၄၀)မျှသာ ရှိကြောင်း၊ သို့သော် သူသည် နောက် ထပ် ဘုန်းတော်ကြီးကိုးပါးကို တာဝန်ယူ၍ ဖိတ်ကြားပေးမည် ဖြစ်ကြောင်း ပြန်လည် မိန့်ကြားလိုက်လေသည်။

ဖန်ကြည်ကြည်သည် အခက်အခဲတစ်ခုကျော်လွှားနိုင်သဖြင့် အလွန်ဝမ်းသာသွားလေသည်။

သူမတို့သည် ဘုန်းတော်ကြီးအား ကတော့ပြီးနောက် ဘုန်းကျောင်းထဲမှ ထွက်လာလေသည်။

သူတို့သည် ချက်ချင်း မပြန်ကြသေးဘဲ ပွဲဈေးကို လျှောက် ကြသည်။ စားသောက်ဆိုင်ထဲသို့ ဝင်ရောက် စားသောက် ကြသည်။

ထိုအချိန်ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းလာပြီး ဖြစ်လေ သည်။ ဝမ်းကြူးက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်

'မိုးချုပ်ပြီ၊ ပြန် ဖို့သင့်ပြီ ထင်တယ်'

ဖန်ကြည်ကြည်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မတို့ ပြန်ကြမယ်'

'ကျွန်တော် လိုက်ပို့မှာပေါ့'

ဖန်ကြည်ကြည်က ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'မလိုတော့ပါဘူး၊ လမ်းက အနီးကလေးပါ'

ဝမ်းကြူးက မျက်မှောင်ကြုတ်သွားသည်။

'နီးတာတော့ မှန်ပါတယ်၊ ဒါပေမယ့် မိုးချုပ်နေပါပြီ'

ဖန်ကြည်ကြည်က ပြုံးလိုက်သည်။

'ရှင်က ကျွန်မကို လိုက်ပို့တော့ ရဲတိုက်မှာပဲ အိပ်မလား'

ဝမ်းကြူးက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် အိပ်ဖို့အချိန် မရဘူးထင်တယ်'

ဖန်ကြည်ကြည်က ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဒီလိုဆိုလဲ မပို့ပါနဲ့တော့၊ ကျွန်မတိုသုံးယောက်မှာ အဖော် ရှိသားပဲ'

ဝမ်းကြူးက....

'ဒီလိုဆိုရင် လမ်းမှာ အလင်းရအောင် မီးပုံးနဲ့ ဖရောင်းတိုင် ဝယ်သွားမှ ဖြစ်မယ်'

သူသည် အနီးရှိ ဈေးဆိုင်တစ်ဆိုင်တွင် ဖရောင်းတိုင်တစ်တိုင်နှင့် မီးပုံးတစ်လုံး ဝယ်ပေးလိုက်လေသည်။

ဖန်ကြည်ကြည်က သူ့အား နှုတ်ဆက်ကာ သူမတို့သည် လူအုပ်ကြားမှ တိုးဝှေ့၍ ထွက်လာခဲ့ကြလေသည်။

○

## ဒုတိယ အမွေဆက်ခံသူ

ဖန်ကြည်ကြည်တို့သည် လူအုပ်ကြားထဲမှ တိုးဝှေ့ထွက်လာလေသည်။ ရုတ်တရက် လူတစ်ယောက်က သူမ၏ပခုံးအား ပုတ်လိုက်လေသည်။ ဖန်ကြည်ကြည်က ရင်ထိတ်သွားလေသည်။

သူမ လှည့်ကြည့်လိုက်သောအခါ အသက်သုံးဆယ်ခန့်ရှိသော လူတစ်ယောက်က ခါးထောက်၍ သူမအား စိုက်ကြည့်နေသည်ကို တွေ့ရလေသည်။

သူမသည် ထိုလူအား သေသေချာချာ ကြည့်လိုက်သည်။ ယင်းလူသည် ရုပ်ရည်ကြမ်းတမ်းပြီး ကောက်ကျစ်စဉ်းလဲသော မျက်လုံးရှိသည်ကို တွေ့ရှိရလေသည်။

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

'ငါ့ကို မင်းသိသလား'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။

'ရှင်က ဘယ်သူလဲ၊ ကျွန်မ ရှင့်ကို မသိဘူး'

ထိုလူက သူမအနီးသို့ တိုးလာလေသည်။

'မင်းက ငါ့ကိုမသိပေမယ့် မင်းက ဖန်ကြည်ကြည် ဆိုတာ ငါသိပါတယ်'

ဖန်ကြည်ကြည်က အံ့အားသင့်သွားလေသည်။ ထိုလူက စကားဆက်လိုက်သည်။

'မင်းကို ငါ နှစ်ပေါင်းအတန်ကြာ မတွေ့မြင်ရပေမယ့် မင်းဟာ ငါ့ရဲ့ညီမဝမ်းကွဲ ဖန်ကြည်ကြည် ဖြစ်တယ်ဆိုတာ သိထားပါတယ်'

ယခုမှ ဖန်ကြည်ကြည် နားလည်လိုက်လေသည်။

'ဩော်....ရှင်က ရှောင်ပေရှိုးကိုး'

ရှောင်ပေရှိုက ပြုံးလိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျုပ်က ခင်ဗျားရဲ့အစ်ကိုဝမ်းကွဲပါ'

သူသည် ဖန်ကြည်ကြည်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

'ငါ့ညီမလေးက လှသားပဲ'

ဖန်ကြည်ကြည်က ဒေါသထွက်လာလေသည်။

'စကား ကြည့်ပြောပါရှင်'

ရှောင်ပေရှိုက ပခုံးတစ်ချက် တွန့်လိုက်သည်။

'လှတာကို လှတယ်ပြောတာ ရိုင်းသွားသလားဗျာ'



ဖန်ကြည်ကြည်က နှုတ်ခမ်းစူထားလေသည်။

'မလိုဘူး၊ ကျွန်မကို ဘာမှမပြောနဲ့'

'ဟား....ဟား....ဟား'

ရှောင်ပေရှိုက ရယ်မောလိုက်သည်။

'ငါ့ညီမကလဲကွာ ကိုယ့်ကိုကိုယ် အထင်ကြီးနေလိုက်တာ၊ မင်းလို ဝဝပုပုကိုယ်လုံးမျိုး ငါ့ကိုယူပါ တောင်းပန်တာတောင်မှ ငါက လက်ခံနိုင်မှာမဟုတ်ဘူး'

ဖန်ကြည်ကြည်သည် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံး နီရဲလာလေသည်။ ရှမ်းရှမ်းသည် ရှောင်ပေရှို၏ မြှူမှုပုံကို မနှစ်သက်လိုသော်လည်း ပြဿနာရှုပ်ထွေးလာမည်ကို စိုးရိမ်သဖြင့် သူမသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှောင်ပေရှိုက ဖန်ကြည်ကြည်အား ခါးထောက်၍ကြည့်လိုက်ပြန်သည်။

'မင်း ဆောင်ရွက်စရာ ရှိတာတွေကို အချိန်မီ ပြီးအောင် မဆောင်ရွက်နိုင်ခဲ့ရင် ဘကြီးရဲ့အမွေဟာ ငါပဲ အပိုင်ရမှာပဲ'

ဖန်ကြည်ကြည်က ဒေါသကို မထိန်းနိုင်တော့ပါ။

'ကျွန်မ တာဝန်မကျေတော့မှ ရှင်က ဆရာဝူးဆီကို သွားပြီး ကန့်ကွက်ပေါ့'

ရှောင်ပေရှိုက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းကို ငါ သတိပေးရဦးမယ်'

'မင်းဟာ ရက်နှစ်ဆယ်အထိ အသက်ရှင်နိုင်အောင်တော့ ကြိုးစားထားပါ'

ဖန်ကြည်ကြည်က အသံကျယ်လောင်စွာဖြင့်....

'ဘာလဲ ရှင်က ကျွန်မကိုသတ်ဖို့ ကြိုးစားမလို့လား'

ရှောင်ပေရှံက လက်ကာပြလိုက်သည်။

'မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားအနားမှာရှိနေတဲ့ ကျားကြီးကိုသာ သတိထားပါ၊ သူကလဲ တတိယ အမွေဆိုင်တဲ့ လူတစ်ယောက်ပါ'

ဖန်ကြည်ကြည်က....

'အဲဒါ ဘာဖြစ်သလဲ'

ရှောင်ပေရှံက....

'ဘာဖြစ်ရမှာလဲ၊ သူက မင်းကိုသတ်ပြီး ငါ့ကိုပါ သတ်လိုက်ရင် ရှိသမျှအမွေ သူတစ်ယောက်တည်းပဲ အပိုင်ရသွားမယ်မဟုတ်လား'

ဖန်ကြည်ကြည်က မဲ့ပြုံးပြုံးလိုက်သည်။

'ဒီလိုဆိုလဲ ရှင်က ပိုပြီးသတိထားဖို့ ကောင်းတာပေါ့'

ရှောင်ပေရှံက ရင်ကော့လိုက်သည်။

'သူ့ကိုတော့ ကျုပ်ကြောက်စရာမလိုဘူး၊ သူ့ရဲ့သိုင်းပညာလောက်တော့ ကျုပ်က အသာလေး အနိုင်ယူနိုင်ပါတယ်၊ ဒါကြောင့် သူက ကျုပ်ကို လုပ်ကြံချင်ပေမယ့် မလုပ်ရဲတာပေါ့'

သူသည် ပြောရင်း လေသံ ပျော့ပျောင်းသွားလေသည်။

'ငါ့ညီမကို အကြံတစ်ခု ပေးချင်ပါတယ်'

ဖန်ကြည်ကြည်က....

'ကျွန်မ နားထောင်နေပါတယ်'

ရှောင်ပေရှံက....



'ငါ့ညီမအနေနဲ့ အသက်အန္တရာယ်လဲ မရှိရဘူး၊ အမွေလဲ လက်လွတ်မခံရအောင် ကျုပ်ကို အားကိုးစမ်းပါ'

ဖန်ကြည်ကြည်က နှုတ်ခမ်းစူလိုက်သည်။ ရှောင်ပေရှံက စကားဆက်လိုက်သည်။

'ငါ့ညီမကို အသက်နဲ့ထပ်တူ ကာကွယ်ပေးမယ်၊ အဲဒီတော့ ကျားကြီးက မင်းကို လက်ဖျားနဲ့တောင် မထိဝံ့တော့ဘူး'

သူသည် ကောက်ကျစ်စဥ်းလဲစွာဖြင့် ပြုံးလိုက်လေသည်။

'ကျုပ် ညီမကို အကာအကွယ်ပေးရတဲ့အတွက် ရတဲ့အမွေကို ကျုပ်ကို တစ်ဝက်ပေးရမယ်'

ဖန်ကြည်ကြည်က ခေါင်းခါယမ်းလိုက်သည်။

'ရှင် ကာကွယ်ပေးစရာမလိုဘူး'

ရှောင်ပေရှံက....

'ဒီနေရာမှာ မင်းတစ်ယောက်တည်းပဲရှိမယ်၊ တစ်ခုခုဖြစ်ရင် ဘယ်သူက ကာကွယ်ပေးမလဲ'

ဖန်ကြည်ကြည်က မဲ့ပြုံးပြုံးလိုက်သည်။

'မလိုဘူး၊ ကျွန်မမှာ ကာကွယ်ပေးမယ့်လူ အဆင်သင့်ရှိပြီးပါပြီ'

ရှောင်ပေရှံက....

'ဘယ်သူလဲ'

ဖန်ကြည်ကြည်က ရှမ်းရှမ်းအား ညွှန်ပြလိုက်သည်။

'သူပါပဲ'

ရှောင်ပေရှံသည် ရှမ်းရှမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် အားရပါးရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်လိုက်သည်။

'ရှင်က ဘာဖြစ်လို့ ရယ်တာလဲ'

ရှောင်ပေရှံက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

'ဒီမိန်းကလေးဟာ ပိန်ပိန်ကလေးပဲရှိတယ်၊ မင်းကို ကာကွယ်ပေးဖို့မပြောနဲ့၊ သူ့ကိုယ်သူတောင် ကာကွယ်နိုင်ပါ့မလား'

ဖန်ကြည်ကြည်က....

'သူက ဘယ်သူမျှား မှတ်နေသလဲ'

ရှောင်ပေရှံက....

'သူက ဘယ်သူလဲ'

ဖန်ကြည်ကြည်က....

'သူဟာအမျိုးသမီး ဒုစရိုက် နှိမ်နင်းရေး အဖွဲ့က ရှမ်းရှမ်းဆိုတာပါ'

'ရှမ်းရှမ်း'

ရှောင်ပေရှံသည် ရှမ်းရှမ်း အမည်ကို ရေရွတ် လိုက်သည်။ ထို့နောက် အားရပါးရ ရယ်မော လိုက်ပြန်လေသည်။

ဖန်ကြည်ကြည်က....

'ဘာလဲ သူဟာ ရှမ်းရှမ် ဖြစ်တယ်ဆိုတာ မယုံလို့လား'

ရှောင်ပေယုံက

'ယုံပါတယ်ဗျာ၊ ဒါပေမယ့် သူက မင်းကို ဘယ်နည်းနဲ့မှ အကာအကွယ် မပေးနိုင်ပါဘူး'

သူသည် ဖန်ကြည်ကြည်အား စူးစိုက်စွာ ကြည့်လိုက်သည်။



'ကျုပ် ဟောကိန်း ထုတ်လိုက်မယ်၊ မင်းတို့ အခုပြန်သွားတာနဲ့ကျားကြီးက လုပ်ကြံလိမ့်မယ် ဆိုတာ မှတ်ထားစမ်းပါ'

ဖန်ကြည်ကြည်က ထိတ်လန့် တုန်လှုပ်သွားလေသည်။ ရှောင်ပေရှံက ရယ်မောလိုက်သည်။

သူသည် ရင်ဘတ်ကို လက်ဖြင့် ပုတ်လိုက်သည်။

'ငါ့ကိုအားကိုးစမ်းပါ၊ လောကပေါ်မှာ မင်းကို ကာကွယ်ပေးနိုင်တဲ့လူဟာ ငါတစ်ယောက်ထဲပဲ ရှိတယ်'

ရှောင်ပေရှံ၏ စကားကြောင့် ဖန်ကြည်ကြည်ကပို၍ တုန်လှုပ်ချောက်ချား သွားလေသည်။

ရှောင်ပေရှံက ခြိမ်းခြောက် ပြောဆိုနေသည်ကို သူမက ယုံကြည်ထားသည်။

သို့သော် ကျားကြီးက မိမိအပေါ် လုပ်ကြံမည် ဟုလည်း သူမက ယုံကြည်ထားသည်။

ရှမ်းရှမ်းသည် မိမိအား ကာကွယ် ပေးနိုင်မည် မဟုတ်ဟု ပြောသည့်စကားမှာလည်း မှန်ကန်သည်ဟုယူဆထားသည်။

ရှမ်းရှမ်းနှင့် ရှောင်ပေရှံယှဉ်လိုက်လျှင် ရှောင်ပေရှံမှာများစွာ ကာကွယ် ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်လေသည်။

သို့သော် ရှောင်ပေရှံမှာလည်း အားကိုးနိုင်မည့် လူတစ်ယောက် မဟုတ်သည်ကို သူမ နားလည်ထားသည်။

ထို့ကြောင့်သူမသည်အန္တရာယ်နှင့် ရင်ဆိုင်ရမည့်တိုင်အောင် ရှောင်ပေရှံအားလုံးဝ အားမကိုးနိုင်ချေ။

ထို့ကြောင့် သူမက ပြတ်သားစွာ ငြင်းပယ်လိုက်လေသည်။

'မလိုပါဘူးရှင်၊ ရှင့်ကို ရှင်သာကာကွယ်ပါ'

ရှောင်ပေရှိက မဲ့ပြုံးပြုံးလိုက်သည်။

'ကောင်းပြီလေ၊ မင်းသေသွားတော့မှ ငါက အမွေကို အေး အေးဆေးဆေး ဆက်ခံပါတော့မယ်'

သူသည်ပြောပြီးသည်နှင့် တဟားဟား ရယ်မောလိုက်ရင်း ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

## လက်မည်းကြီး

ဖန်ကြည်ကြည်၊ ရှမ်းရှမ်းနှင့် အချင်းတို့သည် မီးပုံးအိမ်ကို မီးထွန်း၍ တောင်ပိုင်း ရွာမှ ထွက်ခွာလာလေသည်။

တောင်ပိုင်း ရွာ၏ မီး ထိန်ထိန်လင်းသော ဘုရားပွဲသည် သူမတို့၏ နောက်တွင် ကျန်ရစ်ခဲ့လေသည်။

သူမတို့သည် မှောင်မည်း၍ ကျဉ်းမြောင်းသော လမ်းကလေးသို့ ချဉ်းနင်း ဝင်ရောက်လာကြလေသည်။

သူတို့သည် လျှောက်ရင်း လျှောက်ရင်းဝန်းကျင်တစ်ခုလုံးမှာ ပို၍ပို၍ မှောင်မည်း လာလေသည်။

ဖန်ကြည်ကြည်သည် ခြေလှမ်း သွက်သွက်ဖြင့် လျှောက်ရင်း စိတ်ထဲမှမလုံမလဲ ဖြစ်နေသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ....

ကြီးမားသော လှုိုင်းတစ်ခုသည် လျပ်တစ်ပျက် လမ်းဘေးရှိ ချုံပုတ်ထဲသို့ ပြေးဝင် သွားသည်ဟု ထင်မိလေသည်။

သူမက ရင်ထိတ်သွားသည်။ ထိုကြီးမားသော လှုိုင်းမှာ အိမ်တော်ထိန်း ကျားကြီးဖြစ်သည်ဟု ယုံကြည်သည်။

'ရှမ်းရှမ်း

သူမသည် ရှေ့မှ လျှောက်နေသော ရှမ်းရှမ်းအား အသံ တိုးတိုးဖြင့် ခေါ်လိုက်သည်။

'ဘာလဲ မမ'

'ရှောင်ပေရှုံရဲ့စကား မှန်သလိုဖြစ်နေပြီ'

'ဘာဖြစ်လို့လဲ'

'ကျားကြီးတို့က ငါ့နောက်ကနေ လိုက်လာနေပြီ'

'မမက သူ့ကို တွေ့လိုက်လို့လား'

'တွေ့လိုက်တယ်'

'သူက ကျားကြီးဆိုတာ သေချာရဲ့သလား'

'မမကတော့ သေချာတယ်လို့ ထင်တယ်'

'အခု သူဘယ်မှာလဲ'

ရှမ်းရှမ်းက ရှေ့သို့လျှောက်သွားရင်း မေးလိုက်ခြင်းဖြစ်၏။ ဖန်ကြည်ကြည်က....

'သူက ချုံပုတ်ထဲကို ဝင်ပြီး ပုန်းနေတယ်'



ထိုစဉ် အချင်း၏ တုန်ယင်သော အသံထွက်ပေါ်လာသည်။

'ဒီတစ်ခါတော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့'

သူမကပြောရင်း ငိုသံပါလာလေသည်။

'ဒီလိုမှောင်တဲ့နေရာမှာ ဘယ်သူကလာကယ်မှာလဲ'

'အို ဒီလောက်လဲ အားမငယ်စမ်းပါနဲ့'

ရှမ်းရှမ်းက အားပေးစကားပြောလိုက်သည်။

'လူတစ်ယောက်သတ်တဲ့ကိစ္စ လွယ်နိုင်ပါ့မလား၊ ငါတို့လဲ ခုခံမှာပေါ့'

ဖန်ကြည်ကြည်က....

'အခုလို လူသူမရှိတဲ့ နေရာမှာ သူ့အဖို့ အခွင့်ကောင်းပေါ့'

ရှမ်းရှမ်းက....

'ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ သူရားပွဲသွားတဲ့လူ၊ ဒါမှမဟုတ် ဘုရားပွဲပြန်တဲ့သူတော့ ရှိမှာပေါ့'

သူမတို့သည် ပြောရင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက် သွားလေသည်။ ရုတ်တရက် ဖန်ကြည်ကြည် ခြေလှမ်းရပ်တန့် လိုက်သည်။

'ရှမ်းရှမ်း ရှေ့မသွားနဲ့'

ရှမ်းရှမ်းက ခြေလှမ်းရပ်တန့်လိုက်ပြီး သူမအား လှည့်ကြည့် လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဖန်ကြည်ကြည်က ရှေ့သို့ညွှန်ပြလိုက်သည်။

'ဟိုမှာကြည့်စမ်း၊ ချုံပုတ်က တောင်တောင်ထူတယ်၊ အဲဒီမှာ ပုန်းပြီး ငါတို့ကိုလုပ်ကြံရင် ဘယ်နှဲ့လုပ်မလဲ'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'မထူးပါဘူးလေ၊ လာမဲ့ဘေး ပြေးတွေ့လိုက်တာပေါ့'

သူမက ရင်ကော့လိုက်သည်။

'ကြောက်နေလို့ ဘာမှ အကြောင်းမထူးဘူး၊ သတိရှိရှိ လျှောက်ကြပါကွယ်'

ရှမ်းရှမ်း၏စကားကြောင့် ဖန်ကြည်ကြည် အားတက်လာ လေသည်။ သူမတို့သုံးယောက်သည် ရှေ့သို့ ဆက်လက်လျှောက် သွားလေတော့သည်။

* * *

သူမတို့ လျှောက်နေသောလမ်းကလေး၏တစ်ဘက်တစ်ချက် တွင် တစ်ဘက်က ရှံ့အိုင်များနှင့် တစ်ဘက်က ထူထပ်သော ချုံဖုတ်များ ရှိနေ၏။



ထိုထူထပ်သော ချုံပုတ်ထဲတွင် ကြီးမားသောလူရိပ်တစ်ခုက ပုန်းအောင်းနေသည်ကို သူမတို့က မသိလိုက်ပါ။

အကယ်၍သာ သူမတို့သည် ရှေ့သို့ ခြေလှမ်းဆယ်လှမ်းခန့် လှမ်းလိုက်သည်နှင့် ထိုလက်မည်းကြီးသည် သူမတို့အား ဖမ်းဆီး တော့မည် ဖြစ်လေသည်။

သို့သော် ဖန်ကြည်ကြည်သည် သူမအနီးရှိ ချုံပုတ်ကို သတိ မထားမိပါ။ သူမသည် သူမ၏နောက်တွင်ရှိနေသောချုံပုတ်များ ကိုသာ ကြောက်ရွံ့နေ၏။

ရှမ်းရှမ်းက မေးလိုက်သည်။

'မမက လူကိုတွေ့တယ်ဆိုတာ ဘယ်ချုံပုတ်ထဲမှာလဲ'

ဖန်ကြည်ကြည်က သူ့နောက်တွင် အလှမ်းဝေးကွာနေ သော ချုံပုတ်အား ညွှန်ပြလိုက်သည်။

'ဟိုမှာ....'

ရှမ်းရှမ်းသည် သေချာစွာ စိုက်ကြည့်လိုက်သည်။ ဖန် ကြည်ကြည်ညွှန်ပြလိုက်သော ချုံပုတ်မှာ ဘယ်ညာယိမ်းယိုင် နေသည်ကို တွေ့ရသည်။

သို့သော် အခြားချုံပုတ်မှာလဲ အလားတူပင် ဘယ်ညာ ယိမ်းယိုင်နေသည်ကို တွေ့ရလေသည်။

'လေတိုက်လို့ပါဟာ'

ဖန်ကြည်ကြည်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး မမ၊ သေသေချာချာကို မြင်လိုက်တာ'

ရှမ်းရှမ်းက....

'ဒါဖြင့် တို့ ဘုရားပွဲကို ပြန်သွားကြမလား၊ ဒါမှမဟုတ်ရင် အိမ်ပြန်သွားကြမလား'

ဖန်ကြည်ကြည်ကမည်ကဲ့သို့ဆုံးဖြတ်ရမည်ကိုမသိဘဲဖြစ်နေ၏။

'မမတော့ မစဉ်းစားတတ်တော့ဘူး'

ရှမ်းရှမ်းက....

'ဒီမှာအကြာကြီးနေလို့ မဖြစ်ဘူး၊ တစ်ခုခုတော့ဆုံးဖြတ်မှ ဖြစ်မယ်'

ဖန်ကြည်ကြည်သည် အတန်ကြာ စဉ်းစားပြီးမှ ယတိပြတ် ဆုံးဖြတ်လိုက်လေသည်။

'ငါတို့အိမ်ပြန်မယ်'

သူတို့သည် ရှေ့သို့ စတင် ခြေလှမ်း လှမ်းလိုက်ကြ၏။



ဖန်ကြည်ကြည်က ရှေ့ဆုံးမှ လျှောက်သွားသည်။ သူမနောက်တွင် ရှမ်းရှမ်းက လိုက်နေ၏။

အချင်းက နောက်ဆုံးတွင် ကျန်ရစ်ခဲ့သည်။ သူမတို့ သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် လေးပေ ငါးပေ ခန့် ခြားနေသည်။

သူမတို့သည် ခြေလှမ်း ဆယ်လှမ်းခန့် လှမ်းမိသောအခါ....

'အဟမ်း....'

ရုတ်တရက် ချောင်းဆိုးသံ တစ်ခုသည် တိတ်ဆိတ်သော ဝန်းကျင်အား ထိုးဖောက်၍ မြည်ဟိန်းလာလေ၏။

သူမတို့သုံးယောက်သည် ထိတ်လန့်တုန်လှုပ်သွားကြလေ၏။ ဖန်ကြည်ကြည်က ကမန်းကတန်း ရှေ့သို့ပြေးသွားသည်။

ရှမ်းရှမ်းက နောက်မှလိုက်သွားသည်။ သူမသည် လက်ထဲမှ မီးပုံးကိုင်ကာ နောက်မှလိုက်နေခြင်းဖြစ်သည်။

အချင်းမှာ ကြောက်ရွံ့နေသဖြင့် ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားသည်။

ထို့နောက် ဖန်ကြည်ကြည်နှင့် ရှမ်းရှမ်းတို့က အဝေးသို့ ရောက်သွားသည်ကို တွေ့တော့မှ သတိရသကာ သူမနောက် ပြေးလွှားလိုက်သွားလေသည်။

ရုတ်တရက် ချုံပုတ်ထဲမှ ကြီးမားသော လက်မည်းကြီး တစ်ဘက် ထွက်ပေါ်လာပြီး သူမ၏ ခြေထောက်ကိုဖမ်းဆွဲထား လိုက်လေသည်။

'အား'

အချင်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် စူးရှစွာ ဟစ်အော်လိုက်သည်။ ဖန်ကြည့်ကြည့်သည် ထိုအော်သံကို ကြားမိလိုက်သောအခါ ပို၍ တုန်လှုပ်ချောက်ချားသွားပြီး ရှေ့သို့တဟုန်ထိုး ပြေးလွှားသွားလေသည်။

ရှမ်းရှမ်းမှာမူ အချင်း၏အော်သံ ကြားလိုက်ရသဖြင့် ခြေလှမ်းရပ်တန့်လိုက်ပြီး နောက်သို့လှည့်ကာ မီးပုံးမြှောက်၍ ကြည့်လိုက်လေသည်။

သူမသည် လက်မည်းကြီးတစ်ဘက်က အချင်း၏ခြေထောက်ကို ဆွဲထားသည်ကို တွေ့မြင်ရလေသည်။

အချင်းက အတင်းရုန်းရင်း အော်ဟစ်နေသည်ကိုတွေ့ရ၏။ ရှမ်းရှမ်းက ပြေးလွှားသွားသည်။

သူမသည် ရှိသမျှ အင်အားကိုစုစည်းပြီး လက်မည်းကြီးအား ခြေထောက်ဖြင့် တစ်အားကန်လိုက်လေသည်။

သူမသည် (၃-၄) ချက်မျှ အားကုန် ကန်လိုက်သောအခါ အချင်း၏ခြေထောက်ကို ဖမ်းဆွဲထားသော လက်မည်းကြီးသည် လွှတ်လိုက်ရလေသည်။

အချင်းက ခြေထောက် လက်လွှတ်သွားသည်နှင့် လူးလိမ့်ထလာပြီး နောက်သို့ ဆုတ်သွားလေသည်။

ရှမ်းရှမ်းသည် အချင်း လွှတ်မြောက်လာသည်ကို တွေ့၍ အချင်းလက်ကိုဆွဲကာ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်သည်။



ကြောက်မက်ဖွယ်ရာကောင်းသောလက်မည်းကြီးက ရှမ်းရှမ်း၏ ခြေထောက်ကို ဖမ်းမိသွားလေသည်။

လက်မည်းကြီးက ခွန်အားအလွန်ကြီးမားနေသဖြင့် ရှမ်းရှမ်းက ရုန်းကန်ရင်း....

'ဝုန်း'

မြေပေါ်သို့ လဲကျသွားသည်။ သူမလက်ထဲမှ မီးပုံးသည် အဝေးသို့ လွင့်စင်သွားလေသည်။

'အမယ်လေး'

အချင်းက အစွမ်းကုန် အော်ဟစ်လိုက်လေသည်။ လက်မည်းကြီးသည် ရှမ်းရှမ်းအား ချုံပုတ်ထဲသို့ ဆွဲသွင်းသွားလေသည်။

မြေပေါ်သို့ လွင့်စဉ်သွားသော မီးပုံးသည် ဟုန်းခနဲမီးထလောင်ပြီး ငြိမ်းသွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားလေသည်။

'အား'

အချင်းက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ပြီး ရှေ့သို့ အစွမ်းကုန် ပြေးလွှားသွားလေသည်။

* * *

ဖန်ကြည်ကြည်သည် ရှေ့ဆုံးမှ ပြေးနေ၏။ အချင်းသည် နောက်ဆုံးမှ ပြေးနေ၏။

သူမတို့သည် ခြကုန်းလက်ပန်းကျသည်အထိ ပြေးလွှားလာသောအခါ သူမတို့သည် ထိုကျဉ်းမြောင်းသော လမ်းကလေးထဲမှ ရှေ့ဆင့်နောက်ဆင့် ထွက်လာကြလေသည်။

ဖန်ကြည်ကြည်သည်။ လမ်းမကြီးဘေးရှိ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ချလိုက်သည်။

ယာခုသူမသည် အန္တရာယ်များပြီး ကျဉ်းမြောင်းသော လမ်းကလေးထဲမှ ပြေးထွက်လာပြီးဖြစ်သည်။

သူမသည် ဆက်လက်ပြေးရန်မှာ အင်အားကုန်ခမ်းနေသဖြင့် ယာခုကဲ့သို့ ထိုင်ချ၍ အမောပြေနေခြင်းဖြစ်သည်။

သူမသည် အမောပြေနေစဉ် သေးသွယ်သော လူရိပ်တစ်ခု ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ရှမ်းရှမ်း'

ဖန်ကြည်ကြည်သည် ရှမ်းရှမ်းဖြစ်သည်ဟု ထင်မှတ်ကာ လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

'ထိုင်နေတာ မမလား'

အချစ်း၏ အသံဖြစ်မှန်း ဖန်ကြည်ကြည်က မှတ်မိလိုက်လေသည်။

'ဟုတ်တယ်'



သူမက အဖြေပေးလိုက်ရာ အချင်းက သူမအနီးသို့ရောက်ရှိလာလေသည်။ အချင်းသည် မောဟိုက်စွာဖြင့် ကျောက်တုံးနံဘေး၌ ထိုင်ချလိုက်သည်။

သူမသည် အမောဖြေရင်း ပါးစပ်ဟသွားသည်။ ဖန်ကြည်ကြည်က နောက်သို့ လှမ်းကြည့်သည်။

ရှမ်းရှမ်း ရောက်ရှိလာသည်ကို မတွေ့ရသဖြင့်....

ရှမ်းရှမ်းရော'

'သူ....သူ့ကို လက်မည်းကြီးက ချုပ်ပုတ်ထဲ ဆွဲခေါ်သွားပြီ'

အချင်းက မောဟိုက်စွာဖြင့် ပြောပြလိုက်သည်။

'ဒုက္ခပါပဲ'

ဖန်ကြည်ကြည်က တုန်လှုပ် ချောက်ချား သွားလေသည်။ သို့သော် သူမသည် မည်သို့ တတ်နိုင်မှာနည်း။

သူမရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

* * *

တစ်ခဏအကြာ အနားယူပြီးနောက် သူမတို့သည် အနည်းငယ် အမောပြေလာလေသည်။

အားအင်လည်း ပြန်လည် ပြည့်ဖြိုးလာလေသည်။ ထို့စဉ် ကောင်းကင်ပေါ်မှ လဝန်းသည် တိမ်ကြားယံမှ တိုးထွက်လာလေသည်။

လဝန်း၏ အလင်းရောင်ကြောင့် ဝန်းကျင် တစ်ခုလုံးမှ လင်းလင်းထင်းထင်း ရှိလာလေသည်။ ရုတ်တရက် အချင်းက ကြီးမားသော လူရိပ်တစ်ခု ထို ကျဉ်းမြောင်းသော လမ်းကလေးထဲမှ ရွေ့လျားလာနေသည်ကို တွေ့မြင်ရလေသည်။

အချင်းက ထိတ်လန့်၍ မျက်ရည်များ စီးဆင်းကျလာလေသည်။

'ဒုက္ခပါပဲ၊ ကျားကြီးလိုက်လာပြန်ပြီ၊ ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ'

ဖန်ကြည်ကြည်က ထိုင်ရာမှ ထရပ်လိုက်သည်။

'တို့ ဟိုပြေးဒီပြေး နေလို့ လွတ်မှာ မဟုတ်ဘူး အိမ်ပြန်ပြေးပြီး အခန်းထဲမှာ ဝှက်ပြီးနေရင် ပိုပြီးစိတ်ချရမယ်'

သူမသည် ပြောရင်း လေးလံသော ခြေလှမ်းဖြင့် ရဲတိုက်ကြီးရှိရာသို့ လျှောက်သွားလေသည်။



အချင်းက အံကို တင်းတင်းကြိတ်လိုက်ပြီး ဖန်ကြည်ကြည်လက်ကို ဆွဲကာ ရဲတိုက်ရှိရာသို့ ပြေးလွှားသွားလေသည်။

တစ်ခဏအကြာတွင် သူတို့သည် ရဲတိုက်ကို တွေ့မြင်ရလေသည်။ သို့သော် သူတို့ခြေလှမ်းများသည် ခဲများဆွဲထားသည့်အလား လေးလံ၍ နေ၏။

ထို့ကြောင့် သူမတို့သည် ပြေးနေရသော်လည်း အလွန်နှေးကွေး၍ နေ၏။

'ဒုက္ခပါပဲ၊ ခြေထောက်ခဲဆွဲထားသလို မပြေးနိုင်တော့ဘူး'

အချင်းက ညည်းညူလိုက်လေသည်။ ဖန်ကြည်ကြည်က ဦးသံပါလာလေသည်။

'ငါလဲ မပြေးနိုင်တော့ဘူး၊ ဒုက္ခတော့ ရောက်တော့မှာပဲ'

အချင်းက နောက်သို့ လှည့်ကြည့်လိုက်သည်။ သူမ၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

'ဟင်မမ၊ သူ့ကို မတွေ့တော့ဘူး'

ဖန်ကြည်ကြည်က လှည့်ကြည့်လိုက်ရာ သူမနောက်တွင် လိုက်လံနေသော ကြီးမားသော လူရိပ်ကို မတွေ့ရတော့ချေ။

ဖန်ကြည်ကြည်က လက်ဝါးဖြင့် သူမရင်ဘတ်ကို ဖိထားလိုက်လေသည်။

'ကံကောင်းလိုက်တာ'

သူမတို့ နှစ်ယောက်သည် ရဲတိုက်ရှိရာသို့ တစ်လှမ်းခြင်း လှမ်းသွားတော့သည်။

* * *

ဖန်ကြည်ကြည်သည် ခြံဝင်းတံခါး ဆွဲဖွင့်ပြီး လှမ်းဝင်လိုက်လေသည်။

'ဘာပဲဖြစ်ဖြစ်၊ ဒီအထဲကို ရောက်ရင် သူက ငါတို့ကို မသတ်ရဲတော့ဘူး'

အချင်းက လှေကားထစ်ပေါ်သို့ တက်သွားပြီးလျှင် တံခါးခေါက်၍ လက်မြှောက်လိုက်လေသည်။

'ဂျိမ်း....'

တံခါးသည် အလိုလျောက် ပွင့်သွားလေသည်။

အိမ်တော်ထိန်း ကျားကြီးသည် မီးပုံးအိမ် တစ်လုံးကိုင်၍ တံခါးဝ၌ ဆီးကြိုနေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

ဖန်ကြည်ကြည်နှင့် အချင်းတို့သည် ကျားကြီးအား အံ့အားသင့်စွာဖြင့် ငေးမော ကြည့်မိလေသည်။



ကျားကြီးက ရှိသေလေးစားစွာဖြင့် ဦးညွှတ်လိုက်သည်။

'သခင်မလေးတို့ ပြန်ရောက်နေပြီကိုး'

သူ၏ ရုပ်ရည် ကြောက်မက်ဖွယ် ကောင်းနေသော်လည်း သူ၏ လေသံမှာ ယဉ်ကျေးပြီး ပျော့ပျောင်းနေ၏။

'ကျွန်တော်မျိုးက စိတ်မချလို့ ဘုရားပွဲတောင် လိုက်လာတော့မလို့'

ဖန်ကြည်ကြည်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'တော်တော့်ကို ကောက်ကျစ်စဉ်းလဲတဲ့လူ ငါတို့ထက် ဦးအောင် ပြန်လာပြီး ငါတို့ကို လာလိမ်ချင်သေးတယ်'

သူမသည် ရင်ထဲ၌ ကြိတ်၍ ရေရွတ်ရင်း....

'အခုလို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်'

ကျားကြီးက သူမနောက်သို့ လှမ်းကြည့်လိုက်သည်။

'ဒါနဲ့ ရှမ်းရှမ်းရော ပြန်လိုက်မလာဘူးလား'

ဖန်ကြည်ကြည်က နှာခေါင်းရှုံ့လိုက်သည်။

'ကိုယ့်ဟာကို ဖမ်းထားပြီး ငါတို့ကို လိမ်ချင်နေသေးတယ်'

သူမက စိတ်ထဲ၌ မကျေမနပ်ဖြင့် ရေရွတ်ရင်း....

'သူ့ကို လက်မည်းကြီးက ဖမ်းဆွဲသွားတယ်ရှင့်'

'ဗျာ....'

ကျားကြီးက အံ့အားသင့်သွားသော လေသံဖြင့်....

'လက်မှည်းကြီး ဟုတ်လား'

အချင်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ဟုတ်တယ်၊ ဦးက မသိဘူးလား'

ကျားကြီးက လမ်းဖယ်ပေးရင်း ခေါင်းငုံ့၍ စဉ်းစားနေ၏။ ဖန့်ကြည်ကြည်သည် ဟန်ဆောင်ကောင်းလှသော ကျားကြီးအား တစ်ချက်ကြည့်ကာ အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။

* * *

ဖန့်ကြည်ကြည်သည် အချင်းနှင့်အတူ ဧည့်ခန်းထဲသို့ ရောက်ရှိသွားလေသည်။ သူမသည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'ဒုက္ခပါပဲ၊ မနက်ဖြန် အာဏာပိုင်ကို သွားတိုင်ကြားရဦးမယ်'

ကျားကြီးက လက်ကာပြလိုက်သည်။

'တိုင်စရာ မလိုပါဘူး သခင်မလေး၊ စိတ်ချသာနေပါ၊ ကျွန်တော်သွားပြီး ကယ်လိုက်ပါ့မယ်'

ဖန့်ကြည်ကြည်က သူ့အား အတန်ကြာ စိုက်ကြည့်လိုက်၏။



'ဒီမှာ ကျားကြီး၊ တကယ်လို့ ရှင်က ရှမ်းရှမ်းကို မလွှတ်လိုက်ဘူးဆိုရင်'

သူ၏ စကား မဆုံးမီ ကျားကြီးက ကြားဖြတ်လိုက်သည်။

'သခင်မလေး အပြောမှားနေပြီ၊ ကျွန်တော်က သွားပြီး ကယ်မှာပါ'

ဖန့်ကြည်ကြည်က သူ၏ စကားကို လုံးဝ မပြင်ပါ။

'တကယ်လို့များ ရှင်က ရှမ်းရှမ်းကို ပြန်မလွှတ်ဘူးဆိုရင် ကျွန်မက အာဏာပိုင်ကို သွားတိုင်မှာ သေချာတယ်'

ကျားကြီးက ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့–စိတ်ချပါ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်'

သူသည် ပြောပြီး အခန်းတစ်ခုလုံးကို ဖယောင်းတိုင်များ ထွန်းညှိပေးလိုက်လေသည်။

ဧည့်ခန်းတစ်ခုလုံး မီးရောင်ထိန်ထိန်လင်းသွားလေသည်။ ထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် ဖန့်ကြည်ကြည်နှင့် အချင်းတို့သည် ကျားကြီး၏ ဖိနပ်နှင့် ဘောင်းဘီအောက်ပိုင်းကို အမှတ်မထင် ကြည့်မိလိုက်ရာ....

အိမ်တော်ထိန်း၏ ဖိနပ်တစ်ခုလုံးနှင့် ဘောင်းဘီအောက်ပိုင်း တစ်ခုလုံးမှာ ရွှံ့ဗွက်များ ပေနေသည်ကို တွေ့ရလေသည်။

ဖန့်ကြည်ကြည်သည် ဖွင့်ဟပြောဆိုရန် အကြိမ်ကြိမ် ဖြစ်ပေါ်လာခဲ့သည်။ သို့သော် ဖွင့်ဟပြောဆိုလိုက်လျှင် ကျားကြီးက မထူး

တော့သည့်အတူတူ မိမိတို့အားရန်မူလာပြီး ပို၍ ဆိုးဝါးလာမည်ဟု ဆင်ချင်မိသဖြင့်....

သူမသည် ပြောမည့်စကားများကို မပြောဝံ့တော့ဘဲ မျိုသိပ်ထားလိုက်လေသည်။ သူမသည် ကျားကြီးအား ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်မတို့လဲ အိပ်တော့မယ်၊ ရှင်သွားနိုင်ပါပြီ'

ကျားကြီးသည် စားသောက်ဖွယ်ရာများကို လာရောက်ချပေးပြီးနောက် ဖန်ကြည်ကြည်အား အရိုအသေပြုကာ ထွက်ခွာသွားလေသည်။

* * *

ကျားကြီး ထွက်ခွာသွားပြီးနောက် ဖန်ကြည်ကြည်သည် တံခါးကို အလုံပိတ်ထားလိုက်သည်။

ထို့နောက် ပြတင်းပေါက်များကိုလည်း ပိတ်ထားလိုက်လေသည်။ တစ်ဖန် ကုလားထိုင်များကို တံခါး၌ ရွှေ့လျှား၍ ပိတ် ဆို့ ထား လိုက် ပြီး သူမတို့သည် ကုလားထိုင်ပေါ်၌ လဲလျောင်းကြလေသည်။



အချင်းသည် တံခါးများ လုံလုံခြုံခြုံ ပိတ်ထားသည်ကတစ်ကြောင်း၊ ပင်ပန်းလာသည်ကတစ်ကြောင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

ဖန်ကြည်ကြည်မှာမူ ရုတ်တရက် အိပ်မပျော်နိုင်ဘဲ ဘယ်ပြန်ညာပြန် လူးလှိမ့်နေ၏။

သူမသည် ရှမ်းရှမ်း၏ ကံကြမ္မာနှင့် ပတ်သက်ပြီး ရတက်မအေး ဖြစ်နေ၏။

ထို့ပြင် မိမိတို့သည် အလုံပိတ်ထားသော အခန်းတွင် မိမိတို့ထားရှိခဲ့သော ပန်းနုံရောင်အင်္ကျီနှင့် ပိုးပဝါတစ်ထည် ထူးဆန်းစွာ ပျောက်ကွယ်သွားသဖြင့် ဤသို့ခန်းကို မည်မျှလုံခြုံစွာ ပိတ်ထားသည့်တိုင်အောင် ကျားကြီးက ဝင်ရောက်နိုင်သည်ဟု ခန့်မှန်း လေသည်။

သူမသည် သက်ပြင်းတစ်ချက်ချလိုက်သည်။ မိမိ အိပ်ပျော်နိုင်ရန် ကြိုးစားရလေသည်။

* * *

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

ပြတင်းပေါက် အပြင်ဘက်မှ အသံဗလံများသည် တစ်ခါတစ်ခါ အဝေးမှ ထွက်ပေါ်လာသည်။

တစ်ခါတစ်ခါအနီး၌ထွက်ပေါ်လာသည်ဟု ခံစားနေရလေသည်။ သူမသည် အိပ်၍မပျော်သော်လည်း မျက်လုံးများသည် တဖြည်းဖြည်း လေးလံလာလေသည်။

နောက်ဆုံး သူမ၏ မျက်လုံးများသည် လုံးဝ မှိတ်ထားလိုက်လေတော့သည်။ သို့သော် မကြာပါချေ။

သူမသည် ဆတ်ခနဲ နိုးလာလေသည်။ ယင်းကဲ့သို့ နိုးလာခြင်းမှာ လေတစ်ချက် တိုက်ခိုက်လာသည်ဟု ထင်ရလေသည်။

သူမက မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ ထိုစဉ် သူ၏မျက်လုံးအစုံသည် အနီးရှိကုလားထိုင်ရှိရာသို့ ရောက်ရှိသွားသည်။

ယင်းကုလားထိုင် လက်တန်းပေါ်၌ သူမ ပျောက်ဆုံးနေသော ပိုးအင်္ကျီက ထူးဆန်းစွာ ပြန်လည် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူမသည် အလွန်အံ့သြနေမိသည်။ မိမိအင်္ကျီသည် ထူးဆန်းစွာ ပျောက်သွားသည်။ ယခုမှ ထူးဆန်းစွာ ပြန်လည်ရောက်ရှိလာသည်။

သူမသည် လေတစ်ချက်တိုက်ခတ်လာသည်ဟု ခံစားမိသည်။ သို့သော် တံခါးနှင့် ပြတင်းပေါက်များအားလုံး အလုံပိတ်ထားသဖြင့် မည်သည့်နေရာက လေတိုက်ခတ်လာနိုင်ပါသနည်း။



သူမ၏မျက်လုံးအစုံသည် ပြတင်းပေါက်တစ်ခုဆီကို လိုက်လံကြည့်ရှုလိုက်သည်။ ပြတင်းပေါက်အားလုံးမှာ အလုံပိတ်ထားသည်ကို သေသေချာချာ တွေ့ရှိရလေသည်။

သူမသည် မစဉ်းစားတတ်အောင် ဖြစ်လာလေသည်။ သူမသည် စားပွဲပေါ်သို့ မျက်လုံးရောက်ရှိသွားသည်။

စားပွဲပေါ်၌ ထွန်းညှိထားသော ဖယောင်းတိုင်မီးမှာ လင်းထိန်၍ နေ၏။

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်လုံးကိုမှိတ်ထမ်းလိုက်လေသည်။

* * *

ဖန်ကြည်ကြည်သည် ကုလားထိုင်ပေါ်၌ လဲလျောင်းနေ၏။ သူမသည် မျက်လုံးအစုံမှိတ်ထားသည် ဖြစ်သော်လည်း အိပ်၍မပျော်သေးပါ။

လက်မည်းကြီး ဖမ်းဆွဲသွားသော ရှမ်းရှမ်း၏မျက်နှာကို မြင်ယောင်နေလေသည်။

ထိုအချိန် ခန်းဆီးနောက်ကွယ်တွင် အလွန်ထွားကြိုင်းသော လူဘစ်ယောက် ရောက်ရှိနေ၏။

သူ၏ လက်တစ်ဖက်တွင် အလွန်ကြမ်းတမ်းသော အမွေး အမျှင်များ ထူထပ်နေ၏။

သူ၏ လက်သည်းများသည် ရှည်လျားပြီး အလွန်ချွန်ထက် နေ၏။ ထိုလူသည် ခန်းဆီးနောက်ကွယ်တွင် မျက်လုံးမှိတ်၍ လဲလျောင်းနေသော ဖန်ကြည်ကြည်အား အကဲခတ်ကြည့်နေ၏။

ထိုလူသည် ဖန်ကြည်ကြည် အိပ်ပျော်သွားသည်အထိ စောင့် ပြီးမှ ဖမ်းဆီးရန် စိတ်ကူးထားဟန်ဖြင့် ခန်းဆီး၏ နောက်ကွယ် တွင် မလှုပ်မယှက် ရပ်နေ၏။

ကုလားထိုင်ပေါ်၌ လဲလျောင်းနေသော ဖန်ကြည်ကြည်မှာမူ ခန်းဆီး၏ နောက်ကွယ်တွင် အလွန် ကြောက်မက်ဖွယ်ရာကောင်း သော လူတစ်ယောက် ရောက်ရှိနေသည်ကို လုံးဝ မသိပါ။

ထိုအချိန် ဖန်ကြည်ကြည်၏ မျက်လုံးအစုံ ဖွင့်ထားပြန်လေ သည်။ သူမ၏ မျက်လုံးအစုံသည် ပြတင်းပေါက်များကို လှမ်း ကြည့်လိုက်သည်။

ထို့နောက် ဖယောင်းတိုင်မီးထံသို့ ရွေ့လျားသွားသည်။ တစ်ဖန် ခန်းဆီးရှိရာသို့ ရောက်သွားပြီးမှ အိပ်မောကျနေသော အချင်း ကိုယ်ပေါ်သို့ ရောက်ရှိသွားသည်။

အခိုပ္ပာယ်ကင်းမဲ့စွာဖြင့် မျက်နှာကြက်ပေါ်သို့ ရောက်ရှိ သွားလေသည်။ သူမသည် မျက်နှာကြက်ပေါ်၌ အိမ်တော်ထိန်း ကျားကြီး၏ မျက်နှာကို မြင်ယောင်လာလေသည်။

သူ၏ ကျဉ်းမြောင်းပြီး တြိဂံပုံဖြစ်နေသော မျက်လုံးအစုံက သူမအား စိုက်ကြည့်နေသည်ကို ခံစားလိုက်ရမလသည်။



ရုတ်တရက် မျက်နှာကြက်ပေါ်မှတွေ့မြင်နေရသော ကျား ကြီးက သူမ ကိုယ်ပေါ်သို့ ခုန်ချလာသည်ဟု တွေ့မြင်လိုက်ရ လေသည်။

ဖန်ကြည်ကြည်က လက်နှစ်ဖက်ဖြင့် ကမန်းကတန်း တွန်း ထုတ် ရုန်းကန် လိုက်သည်။

သို့သော် သူမ သတိပြုမိလိုက်သောအခါ မိမိမှာ အကောင်း ပကတိ ကုလားထိုင်ပေါ်၌ ရှိနေသည်ကို တွေ့ရှိရလေသည်။

သူမ၏ ကိုယ်ပေါ်သို့ မည်သူကမှ ရောက်ရှိလာခြင်းမရှိပါ။ သူမသည် မျက်လုံးကို ပွတ်၍ ကြည့်လိုက်သည်။

မျက်နှာကြက်ပေါ်တွင် ကျားကြီး၏ ရုပ်သွင်မရှိပါ။ အခန်း တစ်ခုလုံးကိုကို မျက်လုံးဝေ့၍ ရှာဖွေကြည့်ရာမှာလည်း လူရိပ် တစ်ခုမှ မတွေ့ရပါ။

'အင်း....'

သူမသည် မိမိက စိတ်ချောက်ချားနေသဖြင့် မျက်စိအမြင် မှားသည်ကို နားလည်လိုက်လေသည်။

'ဟား....ဟား'

ရုတ်တရက် ကြောက်မက်ဖွယ်ရာ အသံတစ်ခုထွက်ပေါ်လာ လေသည်။

'ဟေ့....ဘာသံများပါလိမ့်'

ဖန်ကြည်ကြည်က ထိတ်လန့်စွာ မေးလိုက်လေသည်။

'ဟေ့....ဘာသံများပါလိမ့်'

တုံ့ပြန်သော အသံဖြစ်သည်။ ဖန်ကြည်ကြည်က မျက်မှောင်ကြုတ်သွားသည်။ မိမိပြောလိုက်သော စကား၏ ပဲ့တင်သံပင်လော။

သို့သော် သူမက ချက်ချင်းပင် ခေါင်းခါယမ်းလိုက်သည်။ မဖြစ်နိုင်ပါ။

ယင်းအသံသည် သူမ၏ အသံမဟုတ်ဘဲ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော အသံဖြစ်နေ၏။

'ငါများ နားကြားမှားလို့လား'

သူမက ကြိတ်၍ ဆင်ခြင်မိသည်။ သူမသည် အသံတုန်တုန်ယင်ယင်ဖြင့် မေးလိုက်ပြန်သည်။

'အခန်းထဲမှာ ဘယ်သူလဲ'

'အခန်းထဲမှာ ဘယ်သူလဲ'

အလွန် ကြောက်မက်ဖွယ်ရာကောင်းသော အသံဖြစ်သည်။ သူမသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ကုလားထိုင်ပေါ်မှ ထရပ်လိုက်လေသည်။

သူမသည် တိုယ်ပေါ်တွင် ပန်းနုရောင် ညအိပ်အင်္ကျီဝတ်ဆင်ထားသည်။

အကြောက်လွန်နေသောကြောင့် သူမသည် အပေါ်အင်္ကျီကိုဝတ်ရန်ပင် မေ့လျော့ပြီး ကုလားထိုင်အနီးတွင် ထောင်ထားသော တုတ်တစ်ချောင်းကို ကိုင်လျက် အသံထွက်ပေါ်လာရာ ခန်းဆီးဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။



သူမသည် ခန်းဆီးရှေ့သို့ ရောက်ရှိသွားသောအခါ ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် လက်တစ်ဖက်က တုတ်ကို မြှောက်ထားလိုက်ပြီး ကျန်ရှိသော လက်တစ်ဖက်သည် ခန်းဆီးအား ဆွဲဖယ်လိုက်လေသည်။

'အား....'

* * *

စူးရှသော အော်သံသည် အခန်းတစ်ခုလုံး ဟိန်းထွက်သွားလေသည်။

ဖန်ကြည်ကြည်၏ မျက်လုံးအစုံသည် ခါတိုင်းထက် အဆပေါင်းများစွာ ပြူးကျယ်သွားလေသည်။

သူမ၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိ။ ဖြူဖပ်ဖြူလျော်ဖြစ်နေ၏။ ထိတ်လန့်လွန်း၍လားမသိ။ သူမသည် လက်တစ်ဖက်မြှောက်လျက် ပါးစပ်ဟောင်းလောင်းဖြင့် မလှုပ်မယှက် ကျောက်ရုပ်ပမာ ရပ်နေ၏။

ခန်းဆီး၏ နောက်တွင် ထွားကျိုင်းသော လူတစ်ယောက် ရပ်နေ၏။

ပြားချပ်သောနှာခေါင်း၊ တြိဂံပုံသဏ္ဌာန် မျက်လုံး အစုံ ကြေးနီရောင်ရှိသော မျက်နှာ၊ မုဆိုးနောက်လိုက်ခွေးပြုပမာ ချွန်ထက်သော သွားများ၊ သူ၏လက်တစ်ဖက်သည် ကြမ်းတမ်းရှည်လျားသော အမွေးအမျှင်များဖြင့် ပြည့်နှက်နေ၏။

လက်ချောင်းငါးချောင်းမှာ သံမဏိပမာ အနည်းငယ်ကွေးထားသည်။

လက်သည်းခြေသည်း ရှည်လျားပြီး ချွန်ထက်၍နေ၏။ ဖန်ကြည်ကြည်သည် ခြေလှမ်းနှစ်လှမ်း နောက်သို့ ဆုတ်လိုက်သည်။

သူမသည် တုန်လှုပ်ချောက်ချားနေသည် ဖြစ်သော်လည်း ထိုလူမှာ အိမ်တော်ထိန်း ကျားကြီး ဖြစ်နေသဖြင့် ကြောက်ရွံ့စိတ်များ အနည်းငယ် လျော့ကျသွားလေသည်။

ထိုလူကလည်း ရှေ့သို့မတိုး နောက်သို့ မဆုတ်ဘဲ မလှုပ်မယှက် ရပ်နေသည်။ သူမက အံကို တင်းတင်း ကြိတ်လိုက်လေသည်။

'ရှင် အကြံပက်စက်လှချည်းလား'

သူမက ပြောပြီး လက်ထဲမှာကိုင်ထားသောတုတ်ဖြင့် တအား ပစ်ပေါက်လိုက်သည်။ ကျားကြီးက အသာအယာ ရှောင်တိမ်းပေးလိုက်သည်။

ဖန်ကြည်ကြည်သည် အခြေအနေမဟန်မှန်း သိလိုက် သဖြင့် နောက်သို့ ဆုတ်သွားသည်။ ကျားကြီးက လှုပ်ရှား လာလေသည်။



သူသည် ဖန်ကြည်ကြည်ထံသို့ တစ်လှမ်းချင်းလှမ်းရင်း....

'ဟား ဟား ဟား'

အားရပါးရ ရယ်မောလိုက်လေသည်။ ဖန်ကြည်ကြည်က နောက်သို့ ဆုတ်သွားသည်။

'ရှင်တော်တော်ယုတ်မာတဲ့လူ၊ ဘကြီးရဲ့မျက်နှာကို မထောက် ရက်စက်လှချည်းလား'

ကျားကြီးမှာ ဖန်ကြည်ကြည်၏စကားကို နားမထောင်ဘဲ....

'ဟဲ....ဟဲ၊ မိန်းကလေးရယ် မင်းကို ငါစောင့်နေတာ နှစ် (၂၀) တောင်ရှိသွားပြီ အခု မင်းပြေးလို့ မလွယ်တော့ပါဘူး ကွယ်'

သူသည် ယင်းသို့ပြောပြီး ဖန်ကြည်ကြည်အား ခုန်အုပ် လိုက်လေတော့သည်။

* * *

နံနက်....။

အချင်းသည် အိပ်ယာမှ နိုးလာလေသည်။ သူမသည် ဖန်ကြည်ကြည်တစ်ယောက် မတွေ့လိုက်ရသဖြင့် တံခါးကိုလှမ်း ကြည့်လိုက်သည်။

သို့သော် အခန်းတံခါးသည် ညတုန်းကကဲ့သို့ သော့ချာစွာ မင်းတုံးချထားပြီး ကုလားထိုင်တစ်လုံးဖြင့် ပိတ်ဆို့ထား၏။

သို့သော် အခန်းတစ်ခုလုံးကို ရှာဖွေကြည့်သော ဖန်ကြည့်ကြည့်မှာ ပျောက်ချင်းမလှ ပျောက်ကွယ်နေသည်ကို တွေ့မြင်ရလေသည်။

သူမသည် ထိတ်လန့် တုန်လှုပ်သွားသည်။ ကုလားထိုင်ကို ရွှေ့လိုက်ပြီး တံခါးဖွင့်လိုက်သည်။

ထို့နောက် အခန်းထဲမှ ပြေးလွှား လာလေတော့သည်။

* * *

အချင်းသည် ညှော်ခန်းထဲမှ ထွက်လာသောအခါ ရဲတိုက်တစ်ခုလုံးမှာ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖန်ကြည့်ကြည့်တစ်ယောက် အခြေအနေမဟန်ကြောင်း ရိပ်စားမိလိုက်လေသည်။

ထို့ကြောင့် သူမသည် ရဲတိုက်မှ တိတ်တဆိတ် ပြေးလွှားထွက်ခွာသွားလေသည်။



သူမသည် ထိုရဲတိုက်ချုပ်မှ ဝေးနိုင်သမျှဝေးအောင် ပြေးလျှင် စိတ်ချရမည်ဟူသော အသိဝင်နေသဖြင့် သူမသည် ရှိသမျှအင်အားကို စုစည်းကာ တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။

နောက်ဆုံး သူမသည် ရွာထဲသို့ ဘေးမသီခန်မခပ် ရောက်ရှိလေတော့သည်။

* * *

အချင်းသည် ရွာထဲသို့ရောက်ရှိသွားသည်နှင့် စိတ်သက်သာရာ ရသွားလေသည်။

အကြောင်းမှာ သူမသည် ရွာထဲသို့ ရောက်ရှိသွားသည်နှင့် သေးငယ်သော အာဏာပိုင်ရုံးခန်းတစ်ခု ရုံး စိုက် နေ သည် ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

မည်သို့ဆိုစေ အာအာပိုင်များရှိနေလျှင် လူဆိုးလူမိုက်တွေ၊ လူသတ်သမားတွေ အဝေးသို့ ရှောင်တိမ်းပုန်းကွယ်သွားကြမည် ဖြစ်လေသည်။

သူမသည် ထိုရုံးခန်း၏ တံခါးဘောင်ပေါ်၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကို မော့ကြည့်လိုက်သည်။

ဂုင်းဆိုင်းဘုတ်ပေါ်တွင်....

'အရှေ့ပိုင်းရွာ အုပ်ချုပ်ရေးမှူးရုံး'

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။ အချင်းသည် ထိုဆိုင်းဘုတ်အား မြင်တွေ့လိုက်သည်နှင့် ရေထဲနစ်သောလူသည် ဝါးတောင်တစ်ခုအား မြင်တွေ့လိုက်ရသကဲ့သို့ ဝမ်းသာမြူးတူး သွားလေသည်။

သူမသည် မဆိုင်းမတွပင် ရုံးခန်းထဲသို့ လှမ်းဝင်လိုက်သည်။ သူမက ရုံးခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ပိန်ပိန်ရှည်ရှည်ရှိသော အာဏာသားတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုအာဏာသားသည် မိန်းကလေးတစ်ယောက်နှင့် စကား ပြောဆိုနေသည်ကို တွေ့မြင်ရလေသည်။

အာဏာသားသည် အချင်းအား တွေ့မြင် လိုက် သည်နှင့် မျက်မှောင်ကြုတ်သွားလေသည်။

'ဘာကိစ္စရှိလို့လဲ'

အချင်းသည် ပြောရန် စကားအဆမတန် များနေသဖြင့် မည်သို့စပြောရမည်ကို ရုတ်တရက် အစရှာမတွေ့ဘဲ ဖြစ်နေလေ သည်။

'ကျွန်မ....ကျွန်မ အမှုတစ်ခု လာပြီးတိုင်ကြားမလို့ပါ'

အာဏာသားက မျက်မှောင်ကြုတ်သွားလေသည်။ သူသည် စားပွဲရှေ့တွင် အသင့်ရှိနေသော ကုလားထိုင်အား ညွှန်ပြလိုက် သည်။

'ထိုင်ပါ'

အချင်းက ထိုင်ချလိုက်လေသည်။ အာဏာသားက သူမအား အကဲခတ်ရင်း ...



'နာမည် ဘယ်လိုခေါ်ပါသလဲ'

'အချင်းလို့ ခေါ်ပါတယ်'

အာဏာသားက စာရွက်တစ်ရွက်ပေါ်တွင် ရေးမှတ်လိုက် လေသည်။

'အသက် ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ရှစ်နှစ်ပါ'

'ဘယ်မှာ နေသလဲ'

'ကျွန်မက ဧည့်သည်ပါ၊ ဖန်ရှမ်းကျေးရွာကို ခဏလာတာပါ'

စားပွဲတစ်ဖက်တွင် ထိုင်နေသော အမျိုးသမီးက သူမအား ကြည့်လိုက်လေသည်။

'ဖန်ရှမ်းကျေးရွာဆိုတော့ ရဲတိုက်တော့ သိမှာပေါ့'

အချင်းက ထိုအမျိုးသမီးအား ပြန်ကြည့်လိုက်သည်။

'ကျွန်မ အဲဒီမှာပဲ တည်းပါတယ်'

အမျိုးသမီးက စိတ်ဝင်စားလာလေသည်။

'ဒါနဲ့ ညည်းက ဖန်ကြည်ကြည်နဲ့အတူ လိုက်လာတယ်ဆိုပါ တော့'

'ဟုတ်ပါတယ်ရှင်'

'ဖန်ကြည်ကြည်နဲ့ ဘယ်လိုပတ်သက်သလဲ'

'ကျွန်မက အိမ်ဖော်ပါ'

'ဒီလိုဆိုရင် ရှမ်းရှမ်းကိုတော့ သိမှာပေါ့'

'ဟုတ်ကဲ့ သူက ကျွန်မတို့နဲ့အတူ လာခဲ့တာပါ'

'ဒါနဲ့ ရှမ်းရှမ် အခုရော ရဲတိုက်ထဲမှာ ရှိသလား'

အချင်းက ခေါင်းခါယမ်းလိုက်သည်။

'မရှိဘူး'
မိန်းကလေးက မျက်မှောင်ကြုတ်သွားလေသည်။
'သူ ပြန်သွားပြီလား'
'မပြန်သေးပါဘူး'
'ဒါဖြင့် ဘယ်သွားသလဲ'
'သူ....သူ'
သူမသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် ဆက်၍ ပြောလိုက်လေသည်။
'သူ့ကို လက်မည်းကြီးတစ်ခုက ဖမ်းသွားပါတယ်ရှင်'
သူမ၏စကားကြောင့် အာဏာသားနှင့် မိန်းကလေးတို့သည် အပြန်အလှန် ကြည့်လိုက်လေသည်။
အာဏာသားက အချင်းအား ကြည့်လိုက်သည်။
'မင်း ခုဏ ဘာပြောလိုက်တာလဲ'
အချင်းက....
'ရှမ်းရှမ်းကို လက်မည်းကြီးက ဖမ်းခေါ်သွားပါတယ်'
အာဏာသားက အစိုပွာယ်ပါသော မျက်လုံးဖြင့်မိန်းကလေးအား ကြည့်လိုက်လေသည်။
မိန်းကလေးက အချင်းအား ပြုံးပြလိုက်သည်။
'သူ ဘယ်တုန်းက အဖမ်းခံလိုက်ရသလဲ'
'မနေ့ညကပါ'
အချင်းက စကားဆက်လိုက်သည်။
'ရှမ်းရှမ်းကို တောင်ပိုင်းရွာ ဘုရားပွဲအပြန် လမ်းမှာဖမ်းသွားပါတယ်၊ နောက်ပြီး ရဲတိုက်ကြီးကို ပြန်လှာတဲ့အခါမှာ ဖန်ကြည်ကြည်လဲ ပျောက်ဆုံးသွားခဲ့ပါတယ်'



သူမသည် အဖြစ်အပျက်များကို အစအဆုံး ပြောပြလိုက်လေသည်။
'ကျွန်မက ကံကောင်းလို့ လွတ်မြောက်လာတာ'
မိန်းကလေးက ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်လေသည်။
'ကျွန်မနာမည် ယင်းဖုံးပါ၊ ရှမ်းရှမ်းဟာ ကျွန်မရဲ့အဖော်ဖြစ်ပါတယ်'
အချင်းသည် မယုံကြည်စွာဖြင့် ယင်းဖုံးအား ကြည့်လိုက်လေသည်။
'ဒီနာမည်ကို ရှမ်းရှမ်းက ပြောပြလို့ နားလည်နေပါပြီ၊ ဒါပေမယ့် ဒီလောက်လှပြီး ဒီလောက်အသက်ငယ်တာကို မသိပါဘူးရှင်'
ယင်းဖုံးက ပြုံးပြလိုက်သည်။
'ကဲ-အခု ညီမဒီကိုလာတာက ရှမ်းရှမ်း ပျောက်ဆုံးသွားတဲ့အကြောင်းနဲ့ ဖန်ကြည်ကြည် ပျောက်ကွယ်သွားတဲ့အကြောင်းကို လာပြီးတိုင်ကြားတာ ဟုတ်လား'
အချင်းက ခေါင်းညိတ်လိုက်သည်။
'ဟုတ်ပါတယ်ရှင်'
ယင်းဖုံးသည် အာဏာသားဘက်သို့ လှည့်ကြည့်လိုက်သည်။
'ကဲ-ဒီကညီမ တိုင်ကြားချက်ကို သေသေချာချာ မှတ်တမ်းတင်ထားပါ၊ နောက်ပြီး အမှုလဲ ဖွင့်လိုက်ပါ'
အာဏာသားက ခေါင်းညိတ်လိုက်လေသည်။
'ဟုတ်ကဲ့ပါ'

သူသည် လိုအပ်သည့် အချက်အလက်များကို အချင်းအား မေးမြန်းပြီး တိုင်ချက်ပေါ်သို့ ဖြည့်စွက်ရေးသားထားလိုက်လေသည်။

ထိုစဉ်မှာပင် လူတစ်ယောက်နှင့် အဖော်နှစ်ယောက်တို့သည် ရုံးခန်းထဲသို့ လှမ်းဝင်လာလေသည်။

ရှေ့ဆုံးမှ လှမ်းဝင်လာသူမှာ အသက် လေးဆယ်ကျော် ရှိသော လူတစ်ယောက်ဖြစ်သည်။

သူ့နောက်တွင် အာဏာသားအဝတ်အစား ဝတ်ဆင်ထားသော လူဝကြီးတစ်ယောက် လိုက်ပါလာလေသည်။

အာဏာသားသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် ကမန်းကတန်း ထရပ်ပြီး အလေးပြုလိုက်လေသည်။

'ထောက်လှမ်းရေးမှူးကို အရိုအသေပေးပါတယ်'

ထိုလူက ရင်ကိုကော့ပြီး အရာရှိတစ်ယောက်၏ ပုံဟန်ဖြင့် လက်ကာပြလိုက်သည်။

'လေးစားပါတယ်'

သူ၏မျက်လုံးအစုံသည် ယင်းဖုံးထံ ရောက်ရှိသွားသည်။ သူ၏ မျက်နှာပေါ်တွင် အံ့အားသင့်သည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

'ဩော်....အမျိုးသမီး ထောက်လှမ်းရေးမှူးလဲ ရောက်နေတာကိုး'

ယင်းဖုံးက ယဉ်ကျေးစွာဖြင့် ပြုံးပြလိုက်သည်။

'ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်မကို ထောက်လှမ်းရေးမှူးလို့ မခေါ်ပါနဲ့'



'ဩော်....ဘာဖြစ်လို့လဲ'

'ကျွန်မက ဒုစရိုက်မှုနှိမ်နင်းရေးအဖွဲ့ ဖြစ်နေလို့ပါ'

'သိပ်တော့လဲ ထူးမခြားနားပါဘူးဗျာ'

သူက ပြောပြီး စားပွဲနောက်သို့ လျှောက်သွားလေသည်။ အာဏာသားက နေရာဖယ်ပေးလိုက်သည်။

သူသည် ကျကျနန ထိုင်ချလိုက်ပြီးမှ ဆေးတံထုတ်လိုက်၏။ ထို့နောက် ယင်းဖုံးအား လှည့်ကြည့်လိုက်လေသည်။

'အမှန်တော့ ကျုပ်က မြို့မှာ အလုပ်အလွန်ရှုပ်နေပါတယ်၊ ဒါပေမယ့် ဒီမှာ လက်မည်းကြီးအမှု ဖြစ်ပွားနေလို့ ကျုပ်ကို အရေးတကြီး အကူအညီတောင်းတာနဲ့ လာခဲ့ရပါတယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဟုတ်တာပေါ့ရှင်'

ထိုလူက ဆေးတံအား ဖွာရှိုက်လိုက်ပြီးမှ....

'ဒါနဲ့ ခင်ဗျားကရော ဒီအမှုအတွက်နဲ့ ရောက်လာတယ် ဟုတ်လား'

အာဏာသား ဝတုတ်က ကြားဖြတ် ပြောလိုက်လေသည်။

'ဟုတ်ပါတယ်၊ ဒီအာဏာပိုင်က ယင်းဖုံးကိုလဲ အကြောင်းကြားပေးပါဆိုလို့ ကျွန်တော်က အကြောင်းကြားထားလို့ပါ'

ထိုလူမှာ မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် ဒီအမှုကို ဘယ်သူက တာဝန်ယူမလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဌာနမှူးကြီးကပဲ တာဝန်ယူရမှာပါ၊ ကျွန်မကတော့ လေ့လာတဲ့အနေနဲ့ ရှိနေမှာပါ'

ထိုလူ၏မျက်နှာပေါ်တွင် အနည်းငယ် ကျေနပ်သည့် အရိပ်
အယောင်များ ဖြစ်ပေါ်လာလေသည်။

သူသည် ဆေးတံကို ဖွာရှိုက်လိုက်ပြန်သည်။

'ဟုတ်တာပေါ့၊ ခင်ဗျားက အသက်လဲ ငယ်တယ်၊ အတွေ့
အကြုံကလဲ နုသေးဘယ်ဆိုတော့ ကျုပ်ဆီက ပညာတွေကို
အတော်ကလေး အချိန်ကုန်ခံပြီး သင်ယူရဦးမယ်'

အာဏာသားဝတုတ်၏မျက်နှာ ရှုံ့မဲ့သွားလေသည်။ ယင်း
က ပြုံးလိုက်သည်။

'ဟုတ်ပါတယ် ဌာနမှူး'

ထိုလူသည် သူ့အနီးမှာရပ်နေသော ပိန်ပိန်ပါးပါး အာဏာ
သားဘက်သို့ လှည့်လိုက်သည်။

'ကဲ-အမှုနဲ့ပတ်သတ်တဲ့ မှတ်တမ်းတွေ ယူခဲ့'

ပိန်ပိန်ပါးပါး အာဏာသားသည် စားပွဲပေါ်ရှိ စာရွက်
စာတမ်းများကို လိုလူ၏ရှေ့သို့ တွန်းပို့လိုက်လေသည်။

'ဒီမှာပါ ဌာနမှူးကြီး'

* * *



ဌာနမှူးကြီးဆိုသူ၏ အမည်မှာ ကိုထန်ဖြစ်သည်။ ဒုစရိုက်မှု
နှိမ်နင်းရေးအဖွဲ့တွင် အကြီးအကဲတစ်ယောက်ဖြစ်သည်။

သူသည် ဖခင်ဖြစ်သူ၏ ရာထူးအား ဆက်လက်ခံယူထားခြင်း
ဖြစ်သည်။

အမှန်မှာ သူ့တွင် ဒုစရိုက်ကောင်နှိမ်နင်းသော ပညာရပ်
များ လုံးဝမရှိပါ။

ကံကောင်းထောက်မ၍ တာဝန်ကျသော နယ်မြေအတွင်း၌
ကြီးကြီးကျယ်ကျယ်မှုခင်းမျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူးပေ။

ထို့ကြောင့် သူသည် အေး အေး ဆေး ဆေး ပင် အစိုးရ၏
တဏ္ဍာတော်ကို ထိုင်စားနေနိုင်ခဲ့လေသည်။

ကိုထန်သည် အရည်အချင်း မရှိရှိမက တယူသန် သမား
တစ်ယောက်လည်း ဖြစ်သည်။

သူသည် မိမိ၏ ထင် မြင် ယူ ဆ ချက် ဖြင့် သာ အမှုများကို
ဆောင်ရွက်ခဲ့သောကြောင့် အမှားမှားအယွင်းယွင်း ဖြစ်ခဲ့ရလေ
သည်။

သို့တိုင်အောင် ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ ထင်ရာစိုင်းနေ၏။

အာဏာသား ဝတုတ်သည် သူ၏ အောက် လက် ငယ် သား
တစ်ယောက် ဖြစ်သည်။

ပေးအပ်သော တာဝန်များကို တစ်သဝေမတိမ်း လိုက်နာ
တတ်သည်။ စိတ်ကောင်းရှိသည်။ သူ၏ အထက်အရာရှိ၏ ပြုမူ
ဆောင်ရွက်ပုံကို ဘဝင်မကျချေ။

ထို့ကြောင့် ဖန်ရှမ်းရှာ၍ ဖြစ်ပေါ်ခဲ့သော လက်မည်းကြီး အမှု စုံစမ်းစစ်ဆေးရန် တာဝန်ကျလာသည်နှင့် သူသည် ယင်းဖုံး ထံသို့ တိတ်တဆိတ်သွားရောက်ပြီး အကူအညီတောင်းခဲ့လေသည်။

ယင်းဖုန်းသည် မိမိမှာ အတွေ့အကြုံယူလို၍ တစ်ကြောင်း၊ ထိုအမှုထဲတွင် သူမ၏အဖွဲ့ ရှမ်းရှမ်းပါဝင်နေသည်ကတစ်ကြောင်း ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူမတစ်ယောက်တည်း ရောက်ရှိလာခြင်းမဟုတ်ပါ။ သူမ၏ အဖွဲ့ ဂူးရားကိုပါ ခေါ်ဆောင်လာလေသည်။

* * *

ဌာနမှူးကိုထန်သည် စာရွက်စာတန်းများကို ဖတ်ရှုပြီးနောက် ဆေးတံကို မီးညှိ၍ ရှိုက်ဖွာလိုက်ပြန်လေသည်။

ထို့နောက် အချင်းအား အကဲခတ်ကြည့်လိုက်သည်။

'မင်းနာမည်က အချင်း ဟုတ်လား'

အချင်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'မင်းရဲ့ တိုင်တန်းချက် အရ မင်းနဲ့အတူ ပါလာတဲ့ ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်တို့ ပျောက်ဆုံးသွားတယ် ဟုတ်လား'



အချင်းက ခေါင်းညိတ် လိုက်ပြ လေသည်။

'ဟုတ်ပါတယ်'

ဂူးရားက ထိုင်ရာမှထလိုက်လေသည်။

'ရှမ်းရှမ်းက ဘာကြောင့် ပျောက်ကွယ်သွားတာလဲ'

ဌာနမှူးကို့ထန်က လက်ကာပြလိုက်သည်။

'ငါမေးနေတာကို ဝင်မရှုပ်နဲ့'

ဂူးရားက သူ့အား မျက်လုံးပြူးကြည့်ပြီး ပြန်လည်ထိုင်ချ လိုက်သည်။ ကိုထန်ကအချင်းအား ကြည့်လိုက်ပြန်သည်။

'သူတို့ ဘယ်လိုလုပ် ပျောက်တာလဲ'

'ရှမ်းရှမ်းကို လက်မည်းကြီးတစ်ခုက ဆွဲခေါ်သွားတယ်'

ကိုထန် မျက်မှောင်ကြုတ်သွားသည်။

'ဖန်ကြည်ကြည်ရော'

အချင်းက....

'ဖန်ကြည်ကြည်နဲ့ ကျွန်မ အခန်းထဲမှာ အိပ်နေပါတယ်၊ မိုးလင်းလာတဲ့ အခါမှာ သူ့ကို မတွေ့ရတော့ဘူး'

'အဲဒီတုန်းက မင်းတို့ ဘယ်မှာရှိသလဲ'

'ရဲတိုက်ထဲမှာပါ'

'ရဲတိုက်ထဲမှာ တခြား ဘယ်သူရှိသလဲ'

'ကျားကြီး ရှိပါတယ်'

ကိုထန်၏ မျက်လုံးအစုံသည် ပြူးကျယ် သွားလေသည်။

'ရဲတိုက်ထဲမှာ ကျားမွေးထားတယ် ဟုတ်လား'

'မဟုတ်ပါဘူး၊ သူ့နာမည်က ကျားကြီးပါ'

'ကျားကြီးက ရဲတိုက်ထဲမှာ ဘာတာဝန်လဲ'

'အိမ်ဖော်ပါ'

'ဖန်ကြည်ကြည် ပျောက်သွားတာ သူ့ကို ပြောမပြဘူးလား'

'ပြောမပြပါဘူး'

'ဘာဖြစ်လို့ ပြောမပြတာလဲ'

'သူ....သူ့ကို ကြောက်လို့ပါ'

'သူ့ကို ဘာဖြစ်လို့ ကြောက်ရတာလဲ'

'သူ့မှာ လက်မည်းကြီးတစ်ဘက် ရှိနေပါတယ်၊ ကျွန်မတို့ကို သေကြောင်းကြံစည်နေတာပါ'

ကိုထန်က မျက်မှောင်ကြုတ်သွားသည်။

'မင်းတို့က သူ့ရဲ့ ရန်သူလား'

'မဟုတ်ပါဘူး၊ ကျွန်မတို့ သခင်မလေး သေဆုံးသွားရင် ရှိသမျှအမွေကို သူက ရယူပိုင်ဆိုင်ခွင့် ရှိပါတယ်'

'ဟား....ဟား....ဟား'

ကိုထန် အားရပါးရ ရယ်မော လိုက်သည်။

'ဒါဆို ရှင်းနေသားပဲ၊ အိမ်တော်ထိန်း ကျားကြီးကို ဖမ်းပြီး၊ စစ်ဆေး လိုက်ရုံပေါ့'

သူသည် ပြောပြီး ယင်းဖုံးဘက်သို့ လှည့်လိုက်သည်။

'နေပါဦး တခြား မိန်းကလေးတွေကို လက်မည်းကြီးကဖမ်းသွားတယ်ဆိုတာ မဆန်းပါဘူး၊ အခုတော့ ကျော်ကြားတဲ့ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က အားကိုးရတဲ့ ရှမ်းရှမ်းကပါ အဖမ်းခံရတယ်ဆိုတော့'....

သူသည်ခေါင်းခါယမ်း၍ စုပ်သပ် လိုက်သည်။



'ကျုပ် စေတနာနဲ့ ပြောချင်ပါတယ်၊ ခင်ဗျားလဲ အဖမ်းမခံရအောင် သတိထားဖို့လိုမယ်'

ယင်းဖုံးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ရှင်'

ကိုထန်က ရယ်မောလိုက်သည်။

'အချင်းချင်း တွေ့ပဲ တစ်ယောက်ကို တစ်ယောက် ဂရုစိုက်ရမှာပေါ့'

ယင်းဖုံးက....

'ဌာနမှူးက မေးမြန်း ပြီးပြီလား'

ကိုထန်က ရင်ကော့လိုက်သည်။

'ကျုပ်က အမှုကြည့်လိုက်တည်းကိုက တရားခံဟာအိမ်တော်ထိန်းကျားကြီး ဖြစ်နေတယ်ဆိုတာ သိပြီးသားပါ၊ ဒါကြောင့် သိပ်ပြီးစစ်ဆေးဖို့ မလိုတော့ပါဘူး'

ယင်းဖုံးက....

'ဒီလိုဆိုရင် ကျွန်မ နည်းနည်း မေးချင်တာလေးတွေ ရှိလို့ မေးပါရစေ'

ယင်းဖုံးက ခေါင်းညိတ် လိုက်သည်။

'ကျေးဇူး တယ်ပါတယ်ရှင်'

သူမသည် အချင်းအား ပြုံးပြလိုက်သည်။

'ညီမလေး ဒီအနားမှာလာထိုင်စမ်းပါ'

'ဟုတ်ကဲ့'

အချင်းက ယင်းဖုံးအနီးသို့ ရွေ့လျားသွားလေသည်။ ကိုထွန်းမှာမူ လက်နှစ်ဘက်နောက်ပစ်ကာ အပြင်ဘက်သို့ လှမ်းထွက်သွားလေသည်။

ယင်းဖုံး အချင်းအား ပြုံးပြလိုက်သည်။

'ညီမပြောပြတဲ့ အကြောင်းကို တိုင်ချက် ဖွင့်သွားပေမယ့် ပြည့်စုံနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့်....'

သူ၏ စကားမဆုံးမီ ကိုထွန်းက အခန်းထဲသို့ ပြန်ဝင်လာပြီး စားပွဲ၏ နောက်ကွယ်တွင် ထိုင်ချလိုက်လေသည်။

'ဟုတ်တယ် မင်းကိုယ်တိုင်ပြောပြရင် တရားခံဖမ်းတဲ့ နေရာမှာ ပိုပြီး သေချာတာပေါ့'

'ဟုတ်ကဲ့'

အချင်းသည် အဖြစ်အပျက်များကို အစအဆုံး ထပ်မံပြောပြလိုက်လေသည်။ ယင်းဖုံးအပါအဝင် အားလုံးသော လူများသည် အချင်း၏ စကားကို ဆုံးအောင် နားထောင်ပြီးနောက် အားလုံးက မယုံကြည်စွာဖြင့် အံ့သြ ကုန်ကြလေသည်။

အားလုံးသော လူများသည် အတွေးကိုယ်စီဖြင့် တိတ်ဆိတ်နေကြသည်။ ယင်းဖုံးကမေးလိုက်သည်။

'ငါ့ညီမပြောတဲ့စကားထဲမှာ ဖန်ကြည်ကြည်ရဲ့အင်္ကျီ ပျောက်ဆုံးပြီးမှ ဒီကနေ့မနက် ပြန်တွေ့တယ် ဟုတ်လား'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ယင်းဖုံးက....



'ဒီလိုဆိုရင် ဖန်ကြည်ကြည် ပျောက်ကွယ်သွားတဲ့ အခါမှာ သူ့ရဲ့ ကိုယ်ပေါ်မှာ ဘာတွေဝတ်ထားသလဲ'

အချင်းက အနည်းငယ် စဉ်းစားလိုက်သည်။

'ညဝတ်အင်္ကျီနဲ့ ဘောင်းဘီ ဝတ်ထားပါတယ်'

'သူ ဝတ်ဆင်ထားတဲ့ ညဝတ် အင်္ကျီနဲ့ ဘောင်းဘီက ဘာ အရောင်လဲ'

အချင်းက စဉ်းစား လိုက်ပြန်သည်။

'ပန်းနုရောင်အင်္ကျီနဲ့ အဖြူရောင် ဘောင်းဘီလို့ ထင်တာပဲ'

'သူနဲ့ပျောက်သွားတဲ့ အင်္ကျီက ဘယ်လို အရောအသွေး ရှိသလဲ'

အချင်းက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

'ပိုးအင်္ကျီ ဖြစ်ပါတယ်'

'ဘာအရောင်လဲ'

'ပန်းနုရောင်ပါ'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ညတုန်းက ငါ့ညီမ ဘာအသံတွေ ကြား မိသေးသလဲ'

အချင်းက ခေါင်းခါယမ်းလိုက်သည်။

'တစ်နေ့ ညမှာ အိပ်မပျော်တာနဲ့ မနေ့ညမှာတော့ ပင်ပန်းလွန်းလို့ အိပ်ပျော်သွားပါတယ်၊ ဒါကြောင့် ဘာအသံမှမကြားမိပါဘူး'

ယင်းဖုံးက....

'ငါ့ညီမပြောတဲ့ စကားထဲမှာ ရဲတိုက်ကို ရောက်တဲ့ ပထမ ညမှာဖန်ကြည်ကြည်နဲ့ ရှမ်းရှမ်းတို့ မအိပ်ခသေးပဲ စစ်တုရင်ကစား နေတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီအချိန်မှာပဲ ငါ့ညီမက လက်မည်းကြီးကို တွေ့လိုက် တယ် ဟုတ်လား'

'ဟုတ်တယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'ညတုန်းက ငါ့ညီမနဲ့ ရှမ်းရှမ်းရယ် ဖန်ကြည်ကြည်ရယ်ဘုရား ပွဲက အတူတူ ပြန်လာကြတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘယ်အချိန်လဲ'

'ည မှောင်စပျိုးတဲ့အချိန်ပါ'

'ညီမတို့က ကျဉ်းမြောင်းတဲ့ လမ်းတစ်ခု ဖြတ်လာတဲ့အခါ မှာ လက်မည်းကြီးတစ်ခုက ငါ့ညီမရဲ့ ခြေထောက်ကို ဖမ်းဆွဲ လိုက်တယ်ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါနဲ့ ရှမ်းရှမ်းက ငါ့ညီမကိုလာပြီး ကယ်တင် လိုက်တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီတော့ လက်မည်းကြီးက ငါ့ညီမရဲ့ ခြေထောက်ကို လွှတ် လိုက်ပြီး ရှမ်းရှမ်းကို ချုံဖုတ်ထဲကို ဆွဲခေါ်သွားတယ် ဟုတ်လား'

'ဟုတ်ကဲ့'



'ဒါနဲ့ ငါ့ညီမက လက်မည်းကြီးကို ဒုတိယအကြိမ် တွေ့မြင် ရတယ် ဆိုပါတော့'

'ဟုတ်ပါတယ်'

'လက်မည်းကြီး ဆိုတာ လက်တစ်ဖက်တည်းကိုပဲ တွေ့ရ တာလား၊ ဒါမှမဟုတ် လူကိုပါ တွေ့ရတာလား'

'သူ့ကိုပါ တွေ့လိုက်ပါတယ်'

'ဒီလူ့ရဲ့မျက်နှာကို ငါ့ညီမက တွေ့မြင်လိုက်တာလား'

အချင်းက ခေါင်းခါယမ်းလိုက်သည်။

'မတွေ့မြင်လိုက်ရပါဘူး'

'ဒါဖြင့် သူ့ရဲ့ ခန္ဓာကိုယ်တော့ မြင်လိုက်ရမှာပေါ့'

'ဟုတ်ကဲ့'

'ဒါဖြင့် ဒီလူ့ရဲ့ ပုံသဏ္ဌာန်က ဘယ်လိုရှိသလဲ'

'ကိုယ်လုံး အလွန်ထွားကျိုင်းတာကိုပဲ မြင်လိုက်ရပါတယ်'

ယင်းဖုံးက အနည်းငယ် စဉ်းစားလိုက်သည်။

'ငါ့ညီမ တွေ့မြင်ရတဲ့ လက်မည်းကြီးဟာဘယ်လိုပုံသဏ္ဌာန် ရှိသလဲ'

အချင်းသည် ထိုလက်မည်းကြီးအား မြင်ယောင်လာသည့် အလား သူမ၏ မျက်လုံးအစုံသည် ကြောက်ရွံ့သော အရိပ် အယောင်များ ပေါ်ထွက်လာလေသည်။

'လက်မည်းကြီးဟာ သာမန်လူတစ်ယောက်ထက် တစ်ဆမက ကြီးတယ်လို့ ထင်ရပါတယ်၊ လက်မောင်းတစ်ခုလုံးမှာ ကြမ်းတမ်း တဲ့အမွေးအမျှင်များပြည့်နှက်နေပါတယ်၊လက်ချောင်းများကလဲ

အလုံးကြီးပြီး လက်သည်းများ အတော်ကို ချွန်ထက်နေတာကို တွေ့ရပါတယ်'

ယင်းဖုံးက ပြုံးလိုက်လေသည်။

'တကယ်လို့ ဒီလက်မည်းကြီးကို နောက်တစ်ခါ မြင်တွေ့လိုက်ရင် ငါ့ညီမက သေသေချာချာမှတ်မိနိုင်တယ် မဟုတ်လား'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ မှတ်မိနိုင်ပါတယ်'

ဤတွင် ယင်းဖုံး၏ မေးမြန်းချက်မှာ ပြီးဆုံးသွားလေသည်။ သူမသည် အချင်းအား ပြုံးပြလိုက်လေသည်။

'ဒီလောက်ဆို လုံလောက်ပါပြီ၊ ညီမလေး ပြောပြတာကို ကျေးဇူးအများကြီးတင်ပါတယ်'

* * *

အချင်းသည် အနားယူရန် အခန်းထဲသို့ ပို့ထားလိုက်သည်။ ကိုသန်နှင့် ကျန်ရှိသော အာကာသသားများတို့သည် အချင်း ပြောပြခဲ့သော အကြောင်းများကို ပြန်လည် သုံးသပ် ဆွေးနွေးရလေသည်။



ပိန်ပိန်ပါးပါးရှိသော အာကာသသားက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ကျုပ် အမှုထမ်းခဲ့တာ နှစ်ပေါင်းအတော်ကြာပြီ၊ ဒီလို ထူးဆန်းတဲ့အမှုမျိုးကို ဒီတစ်ခါပဲ ကြားဖူးပါတယ်'

အခြားအာကာသသားတစ်ယောက်က ခေါင်းညိတ်လိုက်သည်။

'အရိုးစုက သိုင်းတတ်တယ်ဆိုတာ တော်တော့်ကို ယုံရခက်တဲ့ဟာမျိုး'

အခြား အာကာသသားတစ်ယောက်က....

'သင်္ချိုင်းမြေမှာ အသတ်ခံရတဲ့ အလောင်းဟာ ဘယ်သူ ဘယ်ဝါ ဖြစ်တယ်ဆိုတာ စုံစမ်းလို့ ရပြီလား'

ပိန်ပိန်ပါးပါးရှိသော အာကာသသားက ခေါင်းခါယမ်းလိုက်သည်။

'စုံစမ်းနေတုန်းပါပဲ၊ အခုထိ မသိရသေးပါဘူး'

သူသည် ယင်းဖုံးဘက်သို့ လှည့်လိုက်သည်။

'အရိုးစုက လူနဲ့ သတ်ပုတ်နိုင်တယ်ဆိုတာ ဘာဖြစ်လို့လဲ'

ယင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ဒီမေးခွန်းကို ကျွန်မလဲ မဖြေနိုင်ပါဘူး'

အာကာသသား ဝတုတ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီအမှုထဲမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တွေက အများကြီးပဲ၊ အဲဒါကို ဖြေရှင်းဖို့ဟာ တော်တော်နဲ့ မလွယ်ဘူး'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အဖြစ်အပျက်က သာမန်လူများရဲ့ အဖြစ်အပျက်နဲ့ လုံးဝမတူတဲ့အတွက် တော်တော် စဉ်းစားရခက်ပါတယ်လေ'

ဌာနမှူးကိုထန်က မျက်မှောင်ကြုတ်၍....

'ကျုပ်အနေနဲ့ကတော့ ဒီအမှုမှာ သံသယအဖြစ်ဆုံးကတော့ ရဲတိုက်ကြီးထဲက အိမ်တော်ထိန်းကျားကြီးပါပဲ'

ယင်းဖုံးက သူ့အား ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ ဌာနမှူး'

ကိုထန်က လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

'ဒီအမှုရဲ့ အဓိကသော့ချက်ကတော့ လက်မည်းကြီးဖြစ်တယ်၊ ကျားကြီးရဲ့ လက်တစ်ဖက်က အမြဲတမ်း လက်အိတ်တစ်ခု မချွတ်တမ်း စွပ်ထားတယ်၊ အာဏာသားက သူ့ရဲ့ လက်ကို သံသယဖြစ်နေလို့ ချွတ်ခိုင်းတဲ့အခါမှာ သူက အသက်သာ အသေခံမယ်၊ လက်ကိုတော့ ချွတ်မပြဘူးလို့ ပြောပါတယ်'

သူသည် စကားကို ရပ်တန့်လိုက်သည်။ ထို့နောက် ယင်းဖုံးအား စိုက်ကြည့်လိုက်လေသည်။

'သူက ဘာကြောင့် သူ့ရဲ့ လက်ကို ချွတ်မပြချင်ရတာလဲ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒီမေးခွန်းကို ကျွန်မ မဖြေနိုင်ပါဘူး'

ကိုထန်က လက်နှစ်ချောင်း ထောင်ပြလိုက်သည်။

'ဒုတိယအချက်ကတော့ ရဲတိုက်ကြီးထဲက သီးခြား တည်ရှိထားတဲ့ အိမ်တစ်လုံးပါပဲ'



သူ၏ မျက်လုံးအစုံမှာ နားထောင်နေသော လူများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

'သူက ဘာကြောင့် ဒီအိမ်ကို မပြချင်ရတာလဲ၊ မပြချင်တဲ့အပြင် ဒီအိမ်ရဲ့ အနီးကိုတောင် အသွားမခံဘူး'

သူသည် ယင်းဖုံးအား ကြည့်လိုက်သည်။

'ဒီအိမ်ထဲမှာ ဘယ်လိုလျှို့ဝှက်ချက်များ ရှိနေလို့လဲ'

ယင်းဖုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ဒီမေးခွန်းကို ကျွန်မ မဖြေနိုင်ပါဘူး'

ကိုထန်က မဲ့ပြုံး ပြုံးလိုက်သည်။

'ကျားကြီးက ဘာကြောင့် ဒီအိမ်ကို ဖွင့်မပြချင်တာလဲ၊ အဲဒီအိမ်ထဲမှာ ကျားကြီးက လုယူဖမ်းဆီးခဲ့တဲ့ မိန်းကလေးတွေကို ချုပ်နှောင်ထားသလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဒါဖြစ်နိုင်တယ်'

ကိုထန်က ပြုံးလိုက်လေသည်။

'အချင်း တိုင်တန်းချက်အရ လက်မည်းကြီးဆိုတာ ကျားကြီးရဲ့လက်ဖြစ်ရမယ်၊ ဒါကြောင့် ကျားကြီးဟာ ဒီအမှုထဲက တရားခံ ဖြစ်ကိုဖြစ်ရမယ်'

အာဏာသားဝတုတ်က ခေါင်းညိတ် လိုက်လေ၏။

'ဟုတ်တယ်၊ ရဲတိုက်ရဲ့အနီးတစ်ဝိုက်မှာ မိန်းကလေးကိုဖမ်းယူသွားတာရယ်၊ အမျိုးသမီးတစ်ယောက်ကို အကြောက်လွန်ပြီး သေသွားအောင်လုပ်တာရယ်၊ အဲဒီအမျိုးသမီးယောကျ်ားရဲ့ လည်ပင်းကိုလိမ်ချိုး လိုက်တာရယ်၊ သချိုင်းမြေမှာ တွေ့ခဲ့

တဲ့ အလောင်းရယ်၊ နောက်ဆုံး ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို ဖမ်းဆီး သွားတာရယ်၊ ဒါတွေအားလုံးဟာ ကျားကြီးရဲ့ လက်ချက်ဖြစ်ရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်'

ပိန်ပိန်ပါးပါး အာဏာသားက....

'ဒီလိုဆိုရင် ကျားကြီးကို ဖမ်းရမယ့်အခြေအနေ ဖြစ်လာပြီ'

အာဏာသား ဝတုတ်က ခေါင်းခါယမ်းလိုက်၏။

'အခုအတိုင်းဆိုရင် ကျားကြီးဟာ တော်တော်ကြောက်စရာကောင်းတဲ့ လူသတ်သမားတစ်ယောက် ဖြစ်နေပြီ၊ အဲဒီတော့ သူ့ကို သွားဖမ်းမယ်ဆိုရင် တော်တော်သတိထားရလိမ့်မယ်'

ကိုထန်က မဲ့ပြုံး ပြုံးလိုက်၏။

'ဒီအတွက် မှုစရာမလိုပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံရင်ခံ၊ အဖမ်းမခံဘဲ အန္တရာယ်ပြုမယ်ဆိုရင်ဗီ သူ့ကို အသေဖမ်းရမှာပေါ့'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒါဟာ ဥပဒေနဲ့ မညီညွတ်ပါဘူး၊ အချက်အလက်ပြည့်စုံမှသာ ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ပေးသင့်တယ် မဟုတ်လား'

ကိုထန်က....

'ခင်ဗျားပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီအမှုထဲမှာ အပြစ်ကျူးလွန်တဲ့ တရားခံဟာသာမန်လူတစ်ယောက် မဟုတ်ဘဲ အတော်ကြောက်စရာကောင်းတဲ့ လူသတ်သမားဖြစ်တဲ့အတွက် သာမန်အမှုလို ရင်ဆိုင်လို့ မဖြစ်ပါဘူး'

ယင်းဖုံးက ပြုံးလိုက်သည်။



'ဒီလိုပါ၊ အခုဖြစ်ပွားတဲ့အမှုတွေကို ကျားကြီးကကျူးလွန်တယ်လို့ အများက ယူဆထားရုံပဲ ရှိပါတယ်လို့၊ ဘယ်သူမှ ကပ်အပ် မတွေ့မြင်ခဲ့ပါဘူး၊ ဒါကြောင့် သူ့မှာ အပြစ်ရှိ မရှိဆိုတာ အထောက်အထား သက်သေ မရှိဘဲနဲ့တော့ သူ့ကို လက်လွှတ်စပယ် သတ်လိုက်ရင် ကိုယ်ကဘာရားခံ ပြန်ဖြစ်မှာပေါ့လေ'

ကိုထန် ပြုံးလိုက်၏။

'အထောက်အထားနဲ့ သက်သေကတော့ အချင်းတိုင်ကြားတဲ့ တိုင်ကြားစာထဲမှာ အပြည့်အစုံပါနေပါပြီ၊ ဒါကြောင့် ဒီအတွက်တော့ မပူပါနဲ့'

ယင်းဖုံးက ထိုင်ရာမှ ထလိုက်၏။

'အခုလို ထိုင်ပြီးအမျိုးမျိုး ဝေဖန်မယ့်အစား ကျွန်မတို့ လက်တွေ့ သွားစုံစမ်းရင် မကောင်းဘူးလား'

အာဏာသား ဝတုတ်က....

'ကောင်းတော့ ကောင်းပါတယ်၊ တော်ကြာ သူကပြန်ခုခံရင် ကျုပ်တို့လူစုနဲ့ သူ့ကို နိုင်ပါ့မလား'

ဦးရှားက ရယ်မောလိုက်လေ၏။

'ရှင်က ယောကျ်ားဖြစ်ပြီး သတ္တိနည်းလှချည်လား'

သူမသည် မိမိရင်ဘတ်ကို လက်ဝါးဖြင့်ပုတ်လိုက်၏။

'ကျွန်မတစ်ယောက်တည်းနဲ့ပဲ သူ့ကို ဖမ်းဆီးနိုင်ပါတယ်'

ထိုစဉ် အချင်းက အခန်းထဲမှ ထွက်လာလေသည်။

'မမတို့ ရဲတိုက်ကြီးဆီကို သွားကြမလို့လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

အချင်းက ဝမ်းသာသွားသည်။

'ဒါဖြင့် ကျွန်မလဲလိုက်မယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်၏။

'ငါ့ညီမလိုက်ခဲ့ရင် ပိုတောင်ကောင်းပါတယ်'

အချင်းက အနည်းငယ်စဉ်းစားလိုက်သည်။

'ဒါပေမယ့် ကျွန်မ့ကြောက်တယ်'

ယင်းဖုံးက ပြုံးလိုက်လေသည်။

'မကြောက်ပါနဲ့'

သူမသည် ဝူးရားအား ညွှန်ပြလိုက်၏။

'သူ့ကို စောင့်ရှောက်ခိုင်းပါ့မယ်'

ဤသို့ဖြင့် သူတို့သည် ရဲတိုက်သို့ သွားရန် အားလုံးပြင်ဆင်ကြလေသည်။

* * *

ယင်းဖုံးတို့သည် ရဲတိုက်သို့ သွားရန် ပြင်ဆင်ပြီးလေပြီ။ ကိုထန်က ပိန်ပိန်ပါးပါးရှိသော အာဏာသားကိုကြည့်လိုက်၏



'ကဲ မင်းက အာဏာသား (၁၂) ယောက်လိုက်ဖို့ စီစဉ်ပေးပါ'

ပိန်ပိန်ပါးပါးအာဏာသားက ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော်တို့ဌာနမှာ အာဏာသား (၈)ယောက်သာရှိပါတယ်'

ကိုထန်က....

'ဒါဖြင့် (၈) ယောက်စလုံးသွားဖို့စီစဉ်ပါ'

ပိန်ပိန်ပါးပါး အာဏာသားက ခေါင်းခါယမ်းလိုက်ပြန်၏။

'ကျွန်တော်တို့ အာဏာသား(၈)ယောက်ဟာ သူ့တာဝန်နဲ့သူ သွားနေကြတဲ့အတွက် ဒီမှာမရှိတော့ပါဘူး'

ကိုထန် စိတ်တိုသွား၏။

'ဒါဖြင့် ဒီမှာ ဘယ်နှစ်ယောက်ကျန်သေးသလဲ'

'လေးယောက်ပဲကျန်ပါတယ် ဌာနမှူး'

'ဒါဖြင့် တစ်ယောက်ချန်ထားခဲ့ပြီး ကျန်တဲ့ (၃) ယောက်လိုက်ခဲ့'

ပိန်ပိန်ပါးပါးရှိသော အာဏာသားက ထပ်မံ ပြောရန်ပါးစပ်ဟလိုက်သည်။

ကိုထန်က လက်ကာပြလိုက်သည်။

'ဘာမှမပြောနဲ့တော့၊ အဲဒီသုံးယောက်စလုံး လိုက်ခဲ့ရမယ်'

ယင်းဖုံးက ပြုံးလိုက်လေ၏။

'အာဏာသားများများ မလိုပါဘူး၊ နယ်မြေကျွမ်းကျင်တဲ့ အာဏာသား တစ်ယောက်လောက် လိုက်လာရင် လုံလောက်ပါတယ်'

ဤသို့ဖြင့် ကိုထန် ဌာနမှူးအပါအဝင် အာဏာသားများ တို့သည် ယင်းဖုံးတို့နှင့်အတူ ရဲတိုက်ရှိရာသို့ ချီတက်သွားကြ လေတော့၏။

* * *

အာဏာသားတစ်ယောက်က ရှေ့ဆုံးမှ လမ်းပြသည်။ သူ့ နောက်တွင် ယင်းဖုံး၊ ဝူးရားနှင့် အချင်းတို့က လိုက်ပါနေ၏။ ယင်းဖုံး၏နောက်တွင် အာဏာသားဝတုတ်ကလိုက်ပါနေ၏။ ဝတုတ်၏နောက်တွင် ပိန်ပိန်ပါးပါးရှိသော အာဏာသားက လိုက်နေ၏။

နောက်ဆုံး၌ ကိုထန်သည် အာဏာသား သုံးယောက်ခြံ လျက် လိုက်ပါသွားလေသည်။

သူတို့သည် မရပ်မနားဘဲ ချီတက်လာကြရာ အလွန်ကြီး မားသော မီးခိုးရောင် ရဲတိုက်ကြီးအား အဝေးကနေ မြင်တွေ့ ရလေသည်။

အချင်းက ရဲတိုက်ကြီးအား ညွှန်ပြလိုက်သည်။

'မမ....အဲဒါက လက်မည်းကြီးရှိနေတဲ့ ရဲတိုက်ပေါ့'

ယင်းဖုံးက မျက်မှောင်ကုတ်သွားသည်။



'ဖန်ကြည်ကြည်ရဲ့ ဦးလေးဟာ တစ်ချိန်တုန်းက စစ်သူကြီး ရာထူးရရှိခဲ့ဖူးတယ်လို့ သိရှိရတယ်၊ ဒီရဲတိုက်ကိုလဲသူကမန်းချူး ကို တော်လှန်ဖို့ တည်ဆောက်ထားတယ်လို့လဲ သိရတယ်'

အချင်းက အံ့အားသင့်သွားသည်။

'မမက ဒီကိုရောက်ဖူးလို့လား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မရောက်ဖူးပါဘူး'

'ဒါဖြင့် မမက ဒီအကြောင်းကို ဘယ်လိုလုပ်သိထားသလဲ'

ယင်းဖုံးက ပြုံးလိုက်လေသည်။

'ဒါကတော့ မမ ဒီကိုမရောက်ခင် ဒီရဲတိုက်နဲ့ ပတ်သက်တဲ့ အကြောင်းကို ကြိုတင် စုံစမ်းထားရတာပေါ့'

သူတို့သည် ပြောပြောဆိုဆိုဖြင့် ရဲတိုက်သို့ တဖြည်းဖြည်း နီးကပ်သွားလေသည်။

ကိုထန်သည် ကြောက်မက်ဖွယ်ရာ ကောင်းသောရဲတိုက်ကြီး အား ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရသောအခါ ကျောချမ်း သွားလေသည်။

သူ၏လက်တစ်ဘက်သည် ခါးမှချိတ်ထားသောဓားကို တင်း ကြပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။

ယင်းဖုံးက ပြုံးလိုက်သည်။

'ဌာနမှူးကလဲ စိတ်လောနေတာကိုး၊ တိုက်ခိုက်ဖို့ အချိန် မရောက်သေးပါဘူး'

အာဏာသား ဝတုတ်က ကြားဖြတ်ပြောလိုက်သည်။

'ကြိုတင်ကာကွယ်တာ မမှားပါဘူး၊ အခြေအနေကိုကြည့်ရမယ်ဆိုရင် ကျားကြီးဟာ မှော်အတတ်ပညာ တဘ်ချင်တတ်နေမှာ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒီလို တွေးနေမယ်ဆိုရင်၊ ရန်သူနဲ့မတွေ့ခင် ကိုယ့်စိတ်က ချောက်ချားသွားတော့မှာပေါ့'

အာဏာသား ဝတုတ်က....

'သူက မှော်ပညာမတတ်သည့်တိုင်အောင် သူ့ရဲ့သိုင်းပညာက အတော်ကြောက်စရာကောင်းမှာ သေချာတယ်'

သူသည်ပြောရင်း ခြေလှမ်းရပ်တန့်သွားလေသည်။ ယင်းဖုံးက မျက်မှောင်ကုတ်သွားသည်။

'ရှင်တို့က ဘာဖြစ်ကုန်ကြတာလဲ'

အာဏာသားဝတုတ်က....

'တို့ ဟိုမရောက်ခင် စဉ်းစားပြီးမှ သွားကြရင် ကောင်းမယ်ထင်တယ်'

ကိုထန်က ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ ဝတုတ်ပြောတာ မှန်တယ်'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ရဲတိုက်ကိုရောက်ခါနီးမှ ဆက်ပြီးသွားယုံပဲ ရှိတော့တာပေါ့'

သူမက စကားဆက်လိုက်သည်။

'ကျွန်မတို့က ဒီကိစ္စကို အခြေအနေအချိန်မီ မဟန့်တားနိုင်ဘူးဆိုရင် ရွာသူရွာသားတွေ ဒုက္ခရောက်ကြတော့မှာပေါ့'



သူမသည် ပြောပြီး ရှေ့သို့ ဆက်လက် လျှောက်သွားလေသည်။ အာဏာသားဝတုတ်က ပခုံး တစ်ချက်တွန့်လိုက်ပြီး ယင်းဖုံးနောက်သို့ လိုက်သွားသည်။

ကိုထန်က ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။ သူသည် ခြေလှမ်းကို မလှမ်းချင် လှမ်းချင် ရှေ့သို့ လှမ်းသွားလေသည်။

ကြောက်မက်ဖွယ်ရာ ကောင်းသော ရဲတိုက်ကြီးသည် ပို၍ နီးကပ်လာလေတော့သည်။

* * *

ယင်းဖုံးက ပိန်ပိန်ပါးပါးရှိသော အာဏာသားကို မေးလိုက်သည်။

'ရဲတိုက်ကြီးရဲ့ အရှေ့ဘက်လယ်ကွက်များဟာ ရဲတိုက်ကြီးကပဲပိုင်သလား'

ပိန်ပိန်ပါးပါးရှိသော အာဏာသားက....

'ဟုတ်တယ်'

'ဒီလယ်တွေကို ဘယ်သူက လုပ်သလဲ'

'ကျားကြီးနဲ့ သူ့ဇနီးတို့ပဲ လုပ်ကိုင်ပါတယ်'

'ဒါနဲ့ ခရီးသွားလာတဲ့သူများ အနားယူဖို့ တည်ဆောက်ထားတဲ့ အဆောင်ဟာ ဘယ်သူ့အဆောင်လဲ'

အာဏာသားက အနည်းငယ် စဉ်းစားလိုက်သည်။

'ဒီအဆောင်ဟာ နှစ်ပေါင်း အတော်ကြာပြီလို့ သိရတယ်၊ နောက်ပြီး တည်ဆောက်တဲ့နေရာဟာ ရဲတိုက်ပိုင်နက်အတွင်းမှာ ရှိနေတော့ ရဲတိုက်အပိုင်ပဲလို့ ယူဆနိုင်ပါတယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ရွာသူရွာသားများနဲ့ ခရီးသည်များ အနားယူဖို့ ဆောက်ထားတာ ဖြစ်ရမယ်'

အာဏာသားက ခေါင်းညိတ်လိုက်သည်။

'ကျားကြီးက ဒီအဆောင်ထဲကို ဝင်ပြီး အနားယူတာကို မကန့်ကွက်ခဲ့ပါဘူး၊ ဒါကြောင့် ဒီအဆောင်ဟာ ရွာသူရွာသားများနဲ့ ခရီးသွားများအတွက် တည်ဆောက်ထားတာဖြစ်နိုင်တယ်'

ယင်းဖုံးက ထိုအဆောင်ကိုအလွန်စိတ်ဝင်စားလာပုံရသည်။

'ငါတို့ ရဲတိုက်ကိုမဝင်ခင်အဲ့ဒီအဆောင်ကို သွားပြီးလေ့လာကြရအောင်'

အာဏာသားက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားက စိတ်ဝင်စားရင် သွားကြည့်နိုင်ပါတယ်'

ယင်းဖုံးသည် ထိုအဆောင်ရှိရာသို့ ဦးတည် လျှောက်သွားလေသည်။

## ခရီးသွားများ နားဖို့ရန်အဆောင်

ယင်းဖုံးသည် အဆောင်ရှိရာသို့ လျှောက်သွားသည်။ ဝူးရှားနှင့်အချင်းတို့က နောက်မှ လိုက်သွားလေသည်။

ပိန်ပိန်ပါးပါး အာဏာသားနှင့် ဝတုတ်တို့လည်း လိုက်သွားသည် ဌာနမှူးကိုထန်သည် မကျေမနပ် ဖြစ်သော်လည်း သူတစ်ယောက်တည်း ရဲတိုက်သို့ဝင်ရမည်ကိုမဝံ့မရဲဖြစ်နေသဖြင့် နောက်မှ လိုက်သွားလေသည်။

သူ့အား ခြံရံထားသော အာဏာသား သုံးယောက်တို့က လည်း လိုက်ပါသွားလေသည်။

သူတို့သည် နားခိုရန် အဆောင်သို့ စုရုံး ရောက်ရှိ သွားကြလေသည်။

ယင်းဖုံးသည် အဆောင်များကို သေသေချာချာ အကဲခတ် ကြည့်နေသည်။

ယင်းအဆောင်သည် နှစ်ပေါင်း တစ်ရာ နီးပါးခန့် တည်ဆောက်ထားသည်ဖြစ်သော်လည်း အလွန်ခိုင်ခန့်ပြီး ပြိုလဲ ပျက်စီးမည့် အသွင်သဏ္ဌာန် လုံးဝမရှိပါ။

အဆောင်ထဲ၌ ခရီးသွားများ အနားယူနိုင်ရန် ကျောက်စားပွဲကျောက်ထိုင်ခုံများထားရှိသည့်အပြင်....

ကလေးသူငယ်များ ဆော့ကစားနိုင်ရန် ကျောက်တုံး များဖြင့် ထွင်းထုထားသော မြင်းရုပ်ဆင်ရုပ် များလည်း ရှိလေ၏။

အထူးသဖြင့် ထိုအဆောင်၏ အလယ် ဗဟိုတွင် ထောက်ခြောက်ထောက်ရှိသောစားပွဲတစ်လုံးမှာ အလွန်လှပပြီးချောမွတ် နေသည်ကို တွေ့ရသည်။

ထိုစားပွဲ၏ ပတ်ပတ်လည်တွင် ကျောက်ထိုင်ခုံ ခြောက်လုံး ဝိုင်းရံထားသည်။ ယင်းဖုံးသည် အဆောင်၏ တိုင်များကို လည်းကောင်း၊ စားပွဲထိုင်ခုံများကို လည်းကောင်း၊ မြင်းနှင့်ဆင်ရုပ်ကို လည်းကောင်း သေချာစေ့စပ်စွာ ကြည့်ရှုနေလေသည်။

သူမ၏ ကြည့်ရှုပုံမှာ ရှေးဟောင်းသုတေသီတစ်ဦးက သမိုင်းဝင် အဆောက်အအုံတစ်ခုကို လေ့လာဆန်းစစ်သည်နှင့် တူလှပေသည်။

ဌာနမှူး ကိုထန်သည် ယင်းဖုံးက ဤသို့ အမှုထမ်းဆောင်သည့်အချိန်တွင် အချိန်ကုန်ခံပြီး ထိုရှေးဟောင်း အဆောင်ကို လေ့လာနေသည်ကို လုံးဝဘဝင်မကျပါ။



သို့သော် သူက တစ်ယောက်တည်းလည်း ရဲတိုက်ကြီးကို မသွားရဲသဖြင့် သည်းခံပြီး စောင့်ဆိုင်းနေရလေသည်။

သို့သော် အချိန်အတန်ငယ် ကုန်ဆုံးသွားသည့် တိုင်အောင် ယင်းဖုံးက အေးဆေးစွာ အကဲခတ် ကြည့်ရှုနေသည်ကို တွေ့ရ၍ စိတ်ကို မထိန်းနိုင်တော့ပါ။

'ယင်းဖုံး၊ ခင်ဗျား ဘာကို ကြည့်နေတာလဲ'

ယင်းဖုံးက ကြည့်ရှုနေရာမှ ရပ်တန့် လိုက်လေသည်။ သူမသည် နဖူးပေါ်မှ ချွေးများကို အင်္ကျီစဖြင့်သုတ်ရင်း....

'ကျွန်မက စိတ်ကူးတစ်ခု ပေါ်လာလို့ပါ'

ကိုထန်က မျက်မှောင်ကြုတ်သွားသည်။

'ဘာစိတ်ကူးမိလို့လဲ'

ယင်းဖုံးက....

'လယ်သမား အမျိုးသမီးတစ်ယောက် ဒီအဆောင် ထဲမှာ သေဆုံးသွားတယ်လို့ တိုင်ကြားစာထဲမှာ တွေ့ရပါတယ်၊ အဲ့ဒါကြောင့် သေသေချာချာ ကြည့်ရှုမိတာပါ'

'ကောင်းပြီ၊ ဘာများထူးခြားတာကို တွေ့လို့လဲ'

ယင်းဖုံးက ခေါင်းခါရမ်းလိုက်သည်။

'မတွေ့ပါဘူး၊ ဒါပေမယ့် ကျွန်မနည်းနည်း အံ့သြမိတာ တစ်ခုတော့ ရှိတယ်'

'ဘာ အံ့သြမိတာလဲ'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

'ဒီအမျိုးသမီးဟာ ဘာကြောင့် ဒီအဆောင်ထဲမှာ လာပြီး သေရသလဲဆိုတာ'

ကိုထန်က ခေါင်းခါရမ်းလိုက်သည်။

'ဒီအချက်ကတော့ အဆန်းမဟုတ်ပါဘူး'

ယင်းဖုံးက....

'ဌာနမှူးက ဘယ်လိုထင်မြင်ထားပါသလဲ'

ကိုထန် အနည်းငယ် စဉ်းစားလိုက်သည်။

'သေဆုံးသူ အမျိုးသမီးဟာ မီးပုံးကိုင်ပြီး ပြန်လာ ပါလိမ့်မယ်၊ လမ်းမှာ ကျားကြီးနဲ့ တွေ့ပြီး သူ့ကို ဖမ်းပါ လိမ့်မယ်၊ ဒါပေမယ့် လက်လွှန်သွားလို့ သေဆုံး သွားတာနဲ့ ဒီအဆောင်ထဲမှာ ပစ်ထားတာ ဖြစ်မှာပေါ့'

သူသည် ယင်းဖုံးအား ကြည့်လိုက်သည်။

'ကျုပ်ရဲ့ ယူဆချက်ကို ခင်ဗျား သဘောတူသလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ယာယီအနေနဲ့တော့ သဘောတူပါတယ်'

ကိုထန်က စကားပြောရန် ပါးစပ်ဟလိုက်သည်။ ယင်းဖုံးက သူမ၏ စကားကို ဆက်လိုက်လေသည်။

'ကဲ မထူးပါဘူး၊ ရဲတိုက်ရဲ့အနောက်ဘက်ကို သွားကြည့်ကြရအောင်'

အာဏာသား ဝတုတ်က မျက်လုံး ပြူးသွားလေသည်။

'ရဲတိုက် အနောက်ဘက်မှာ တောအုပ်ကြီးပဲ ရှိတယ်၊ အဲ့ဒါမျိုး သွားရင် အန္တရာယ်နဲ့ မရင်ဆိုင်နိုင်ဘူးလို့ မပြောနိုင်ဘူး'

ယင်းဖုံးက ပြုံးလိုက်သည်။



'ကျွန်မက တောအုပ်ကိုသွားဖို့ ပြောတာမဟုတ်ဘူး၊ ကောင်းရှင်းပေါင် လင်မယားနဲ့ ကျားကြီးနဲ့ သတ်ပုတ်တဲ့ နေရာကို သွားကြည့်ချင်လို့ပါ'

သူမက ဤသို့ ပြောလိုက်တော့မှ အာဏာသား ဝတုတ်က စိတ်သက်သာရာ ရသွားလေသည်။

သူတို့သည် ရဲတိုက်ကြီး၏ အနောက်ဘက်သို့ ဆက်လက်သွားလေသည်။

* * *

ဤနေရာသည် တောအုပ်နှင့် အလွန် နီးသော နေရာဖြစ်သည်။ ရဲတိုက်နှင့် ပေတစ်ရာခန့် ကွာဝေးသည်။

ထိုနေရာတွင် မြေနီလမ်းကလေးတစ်ခု ရှိသည်။ ကောင်းရှင်းပေါင်တို့ ဇနီးမောင်နှံတို့သည် ဤနေရာ၌ ကျားကြီးနှင့် သတ်ပုတ်ရင်း အသတ်ခံရသော နေရာဖြစ်လေသည်။

ယင်းဖုံးသည် တောအုပ်ဘက်သို့ လှမ်းကြည့် လိုက်သည်။ ယင်းတောအုပ်သည်အလွန်ထူထပ်ပြီးပိန်းမှောင်နေသည်။

ထိုတောအုပ်သည် ရဲတိုက်နေရာနှင့် အလွန်နီးသောကြောင့် လူသူ အရောက်အပေါက် နည်းလှပေသည်။

သူမသည် အတန်ကြာ ကြည့်ရှုပြီးမှ....

'ရဲတိုက်ပိုင်ရှင်ရဲ့ ရှေးလူကြီးတွေဟာ ဘာစိတ်ကူး ပေါက်ပြီး ဒီလို ခေါင်လွင်တဲ့နေရာလာပြီး နေထိုင်ကြရတာလဲ'

သူမ၏ မေးခွန်းကို မည်သူကမျှ အဖြေမပေးနိုင်ပါ။ ယင်းဖုံးက ပြုံးလိုက်၏။

'ကဲ-ရဲတိုက်ကိုသွားကြစို့'

သူမတို့လူစုသည် ရဲတိုက်ရှိရာသို့ ပြန်လည်ဦးတည် သွားကြလေသည်။

* * *

ယင်းဖုံးတို့လူစုသည် ရဲတိုက်ကြီးသို့ ရောက်ရှိလာကြလေသည်။ ကိုထန်နှင့် အာဏာသားများ တို့သည် အရေး ကြုံလျှင် တိုက်ခိုက်နိုင်ရန် အသင့်နေရာ ယူထားကြလေသည်။

ယင်းဖုံးမှာ အေးဆေးစွာဖြင့် လျှောက်သွားပြီး လှေကားထစ်အတိုင်း အပေါ်သို့ တက်သွားသည်။

'ဂျိမ်း....'

သူမသည် တံခါးမကြီးပေါ်မှာ တပ်ဆင်ထားသော သံကွင်းကို ဆုပ်ကိုင်၍ ခေါက်လိုက်လေသည်။



တစေ့အကြာတွင် တံခါးမကြီး ပွင့်သွားလေသည်။ ကျားကြီးတစ်ယောက် တံခါးပေါက်ဝ၌ မားမားမတ်မတ်ရပ်နေ၏။

အာဏာသားများတို့သည် ဓားကို ဆုပ်ကိုင်ထားကြ လေသည်။ ကျားကြီးသည် လူစုလူဝေး များကို တွေ့မြင်ရသဖြင့် အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော် သူ၏ မျက်လုံးအစုံသည် အချင်းအား တွေ့မြင်ရသောအခါ မျက်နှာထား ချက်ချင်းပြောင်းလဲ သွားလေသည်။

'အချင်းပါလား၊ စောစောစီးစီး အိမ်ကနေ ထွက်သွားလိုက်တာ အကြောင်းတောင် ကြားမသွားဘူး'

အချင်းက ပါးစပ်ပိတ်ထားလိုက်သည်။ ကျားကြီးက စကားဆက်လိုက်သည်။

'ဒါနဲ့ သခင်မလေးရော ပြန်မလာသေးပါလား'

'အင်း....'

ကိုထန်က ခေါင်းတစ်ချက် ခါရမ်းလိုက်သည်။

'တော်တော် ဟန်ဆောင်ကောင်းတဲ့လူ'

ယင်းဖုံးက ကျားကြီးအား အကဲခတ် ကြည့်လိုက်သည်။

'ရှင်က အိမ်တော်ထိန်း ကျားကြီးဟုတ်လား'

ကျားကြီးက ယဉ်ကျေးစွာ ခေါင်းညိတ် လိုက်သည်။

'ဟုတ်ပါတယ်'

သူသည် ယင်းဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ကျွန်မနာမည် ယင်းဖုံးပါ'

ကျားကြီးက မျက်မှောင်ကြုတ်သွား လေသည်။

'ကျုပ်တို့ သခင်မလေးရဲ့ ညီ့သည်လား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ကျွန်မက ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ကပါ'

ကျားကြီး မျက်မှောင်ကြုတ်သွား၏။

'ဟုတ်ကဲ့၊ အခု ကြွရောက်လာတာ ဘာကိစ္စများရှိလို့လဲ'

ယင်းဖုံးက....

'ရှင်....ရှင့် လေသံကို ကြားရတာ ရှင့်ရဲ့သခင်မလေး ဖန်ကြည်ကြည်ပျောက်ဆုံးသွားတာကို မသိသေးဘူးနဲ့တူတယ်'

'ဗျာ....'

ကျားကြီး၏ မျက်နှာပေါ်တွင် အလွန်အံ့သြသည့်ဟန် ဖြစ်ပေါ်လာသည်။

'သူက အချင်းနဲ့ ဒီအိမ်က အတူတူထွက်သွားတာ မဟုတ်လား၊ ဘယ်မှာပျောက်ဆုံးသွားတာလဲ'

ကိုထန် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလူက ပွဲကဖို့ ကောင်းတယ်၊ သိပ်ဟန်ဆောင် ကောင်းတာပဲ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'လမ်းမှာ ပျောက်ဆုံးသွားတာ မဟုတ်ပါဘူး၊ ရဲဘိုက်ထဲမှာ ပျောက်ဆုံးသွားတာပါ'

'ဗျာ....ရဲတိုက်ထဲမှာ'



ကျားကြီးက ပို၍ အံ့အားသင့်သွားသော ဟန်မူရာဖြစ်ပေါ်လာသည်။ ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အချင်းနဲ့ ဖန်ကြည်ကြည်ဟာညတုန်းကအဘူတူအိပ်ပြီး မိုးလင်းလာတဲ့အခါမှာ အခန်းတံခါးနဲ့ ပြတင်းပေါက်များ ခြေရာလက်ရာ မပျက် ပိတ်ထားတယ်၊ ဒါပေမယ့် ဖန်ကြည်ကြည်ကို မတွေ့ရတော့ဘူးလို့ လာပြီး တိုင်တန်းခဲ့လို့ပါ'

'ဒုက္ခပါပဲ'

ကျားကြီးက ညည်းညူလိုက်သည်။ သူ၏မျက်နှာပေါ်တွင် ဖော်မပြနိုင်သော ဟန်မူရာတစ်မျိုး ဖြစ်ပေါ်လာလေသည်။

သူသည် ယတိပြတ် ပြောချလိုက်သေသည်။

'စိတ်ချပါခင်ဗျာ၊ ကျွန်တော်က သခင်မလေးကို ရအောင် လိုက်ရှာပါ့မယ်'

ယင်းဖုံးကသူ့အား စိုက်ကြည့်လိုက်သည်။

'ရှင့်ရဲ့သခင်မလေး ဘယ်မှာရှိတယ်ဆိုတာ ရှင်သိလို့လား'

ကျားကြီးက မျက်မှောင်ကြုတ်သွားလေသည်။

'မသိပါဘူး၊ ခင်ဗျား ဘာပဲဖြစ်ဖြစ် ကျွန်တော် ရအောင် လိုက်ရှာမှာပါ'

ယင်းဖုံးက....

'ရှမ်းရှမ်းတစ်ယောက်လဲ ပျောက်ဆုံးနေပါတယ်၊ သူ့ကို တွေ့အောင် ရှာနိုင်ပါ့မလား'

ကျားကြီး၏ မျက်နှာပေါ်တွင် အားတုံ့အားနာ သော ဟန်မူရာ ဖြစ်ပေါ်လာသည်။

'ရှမ်းရှမ်းကို ကျုပ်က အတတ်နိုင်ဆုံး ကြိုးစားရှာဖွေပါ တယ်'

သူသည် စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

'ဒါပေမယ့် ကျုပ် မအောင်မြင်ခဲ့ပါဘူး'

ကိုထန်က မဲ့ပြုံးပြုံးလိုက်သည်။

'မင်းစကားဟာ ကျားသားမိုးကြိုး ဖြစ်နေပါပေါ့လား'

သူသည် ယင်းဖုံးအား ကြည့်လိုက်သည်။

'ခင်ဗျားလုပ်ပုံက အမှုစစ်ဆေးတာနဲ့ မတူဘဲ ညှော်သည်နဲ့ စကားပြောနေသလိုပါပဲလား'

ဦးရားက နှာခေါင်းရှုံ့လိုက်လေသည်။ ကိုထန်က ဦးရားကို တွေ့မြင်လိုက်သည်နှင့် အကြံတစ်ခု ရလာလေသည်။

'ကျုပ်က မခံချင်လို့ ပြောတာပါ၊ တို့ရဲ့အဖွဲ့ဝင် ရှမ်းရှမ်း တစ်ယောက် အဖမ်းခံနေရတာကို မေးမြန်းစစ်ဆေးခြင်းမပြုဘဲ အဓိပ္ပာယ်မရှိတဲ့စကားကို ပြောနေတယ်'

ဦးရားသည် ထိုစကား ကြားသည့်အခါ ကျားကြီးရှေ့သို့ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး ခါးထောက်လိုက်လေသည်။

'ပြောစမ်း၊ ရှမ်းရှမ်းကို ပြန်လွှတ်မလား၊ မလွှတ်ဘူးလား'

သူမက ပြောပြီး ကျားကြီး၏ အင်္ကျီကို ဖမ်းဆွဲထားလိုက်လေသည်။

'ဦးရား လက်လွှတ်လိုက်စမ်း'

ယင်းဖုံးက ဟန့်တားလိုက်သည်။ ဦးရားက လက်မလွှတ် သေးပါ။

'သူက ရှမ်းရှမ်းကို ဖမ်းသွားတာ'



ယင်းဖုံးက....

'ဘာပဲဖြစ်ဖြစ် ညည်းက လက်လွှတ်လိုက်ပါ'

ဦးရားသည် လက်လွှတ်လိုက်ပြီး နှုတ်ခမ်းစူထားလိုက်လေသည်။ သူမသည် မကျေမနပ်ဖြင့် ကျားကြီးအား ကြည့်နေ၏။

ယင်းဖုံးက ကျားကြီးအား ကြည့်လိုက်သည်။

'ကျွန်မတို့မှာ ဝတ္တရားအရ ရဲတိုက်ထဲကို ဝင်ပြီးရှာဖွေမယ်၊ စုံစမ်းမယ်၊ ရှင်က သဘောတူသလား'

ကျားကြီးက ရိုသေစွာ ဦးညွှတ်လိုက်သည်။

'သဘောမတူစရာ အကြောင်းမရှိပါဘူး၊ အထဲကို ကြွပါ ခင်ဗျာ'

သူသည် ပြောပြီး လမ်းဖယ်ပေးလိုက်လေသည်။ ယင်းဖုံးသည် ကိုထန်တို့လူစုအား ခေါင်းညိတ်ပြလိုက်လေသည်။

'အားလုံး အထဲကို ကြွပါရှင်'

ကိုထန်သည် သူ၏အာဏာသားများအား အသံတိုးတိုးဖြင့်–

'မင်းတို့ ကျားကြီးကို အထူးသတိထားရလိမ့်မယ်၊ သူက အန္တရာယ်ပြုလာမယ်လို့ တွေ့ရရင် ခုတ်သာ ခုတ်သတ်ပစ်လိုက်'

အာဏာသားသုံးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ဌာနမှူး'

* * *

ကျားကြီးသည် ညော့ခန်းတံခါးဝ၌ မတ်တတ်ရပ်၍ စောင့်နေ၏။ သူ၏နံဘေးတွင် အာဏာသားသုံးယောက်က စောင့်ကြပ်ထားလေသည်။

ယင်းဖုံး၊ ကိုထန်နှင့် အာဏာသား ဝတုတ်တို့ သုံးယောက်သည် ညော့ခန်းတစ်ခုလုံးကို စစ်ဆေးကြလေသည်။

သူတို့သည် ပြတင်းပေါက်များနှင့် တံခါးကို ထပ်တလဲလဲ စစ်ဆေးကြည့်ရှုနေလေသည်။

အချင်းပြောပြသည့်အတိုင်း ဤညော့ခန်းကို တံခါးနှင့် ပြတင်းပေါက် ပိတ်ထားလျှင် လူတစ်ယောက် မဆိုထားနှင့်။ ကြောင်တစ်ကောင်ပင် ဝင်နိုင်စွမ်းရှိမည်မဟုတ်ပါ။

သူတို့သည် ပြတင်းပေါက်များနှင့် တံခါးကို စစ်ဆေးပြီးနောက် နံရံများနှင့် တိုင်များကိုလည်း တီးခေါက်ကြည့်သည်။

ထိုနေရာများနှင့် အိမ်တိုင်များတို့မှာ အလွန်မာကျောခိုင်ခံ့နေသည်ကို တွေ့ရလေသည်။

သူတို့သည် အကြိမ်ကြိမ် ကြည့်ရှုစစ်ဆေးပြီးနောက် အားလုံးက ခေါင်းရှုပ်သွားလေသည်။

ဖန်ကြည်ကြည်သည် ဤကဲ့သို့ အခန်းထဲ၌ လေကဲ့သို့ ပျောက်ကွယ်သွားခြင်းမှာ မဖြစ်နိုင်ဟု ယူဆကြလေသည်။

သို့သော် အချင်းသည် လိမ်ညာပြောဆိုမည့်သူ တစ်ယောက်မဟုတ်ပေ။ ကိုထန်သည် လက်တစ်ဖက်က ခေါင်းကိုဆုပ်ကိုင်ထားပြီး ကျန်ရှိသော လက်တစ်ဖက်သည် ခေါင်းကုတ်၍ နေရလေသည်။

ယင်းဖုံးက တံခါးဝ၌ ရပ်နေသော ကျားကြီးထံသို့ လျှောက်သွားသည်။



'အချင်းထွက်သွားပြီး နောက်မှ ရှင်က ညော့ခန်းထဲကို ဝင်မိသေးသလား'

ကျားကြီးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ ဝင်မိပါတယ်'

'ညော့ခန်းထဲမှာ အချုပ်မြင်တွေ့တဲ့အတိုင်း ဟုတ်သလား'

ကျားကြီးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ရှုပ်ပွနေတာပဲ'

'ဒါဖြင့် ရှင်က သိမ်းဆည်းလိုက်တယ်မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော်က ညော့ခန်းရောက်လာတဲ့အခါမှာ ဘယ်သူ့ကိုမှ မတွေ့တော့ဘူး၊ သူတို့က ကိစ္စရှိလို့ အပြင်ထွက်သွားတာထင်ပြီး ကျုပ်က အခန်းကို သိမ်းဆည်းသန့်ရှင်းထားလိုက်ပါတယ်'

ကိုထန်သည် ကျားကြီးထံသို့ လျှောက်သွားလေသည်။

'ဒီအခန်းကိုတော့ တို့က ကြည့်ပြီးပါပြီ၊ တခြားအခန်းကို လိုက်ပို့ပါဦး'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီခင်ဗျာ'

*   *   *

ကျားကြီးသည် ကိုထန်နှင့် ယင်းဖုံးတို့အား အိပ်ခန်းများကို လိုက်လံပြသလေသည်။

ကိုထန်နှင့် ယင်းဖုံးတို့သည် အခန်းတိုင်းကို သေချာစွာ စစ်ဆေးလေသည်။

သူတို့သည် ကျားကြီး၏အိပ်ခန်းကို ရှာဖွေလိုက်သောအခါ ကျားကြီးခုတင်ပေါ် မွေ့ရာအောက်၌ ပန်းနုရောင် ပိုးပဝါ တစ်ထည်ကို တွေ့မြင်ရလေသည်။

ယင်းဖုံးသည် ထိုပိုးပဝါမှာ ရှမ်းရှမ်း၏ ပိုးပဝါဖြစ်သည်ကို မှတ်မိလိုက်လေသည်။

သူမသည် ကျားကြီးအား ကြည့်လိုက်သည်။

‘ဒီပဝါဟာ ရှမ်းရှမ်းပဝါဖြစ်တယ်ဆိုတာ ကျွန်မမှတ်မိတယ်၊ အခု ဘာကြောင့် ရှင့်ရဲ့အိပ်ရာမှာ ရောက်နေရတာလဲ’

ကျားကြီးက မျက်နှာတစ်ခုလုံး နီရဲလာလာလေသည်။

‘ကျုပ်မသိပါဘူးခင်ဗျာ’

ကိုထန်က မဲ့ပြုံးပြုံးလိုက်သည်။

‘မိန်းကလေးတစ်ယောက်ရဲ့ ပစ္စည်းတစ်ခုကို ခင်ဗျားရဲ့အိပ်ရာထဲမှာ ရောက်နေတယ်ဆိုတော့ ခင်ဗျားမသိဘူးလို့ ပြောလို့ရမလား’

ကျားကြီးက....

‘ကျုပ်မသိလို့ မသိဘူးပြောတာပါ’

ယင်းဖုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။



‘အချင်းရဲ့ ပြောပြချက်အရ ရှမ်းရှမ်းရဲ့ပိုးပဝါဟာ အခန်းထဲမှာ အလိုလိုပျောက်သွားတယ်၊ အခုတော့ ရှင့်ရဲ့အိပ်ရာထဲမှာ တွေ့ရတယ်ဆိုတော့ ရှင့်မှာ သံသယဖြစ်စရာ ဖြစ်နေတာပေါ့’

ကျားကြီးသည် ယင်းဖုံးအား တောင်းပန်သောလေသံဖြင့်-

‘ကျုပ်ကို ယုံပါဗျာ၊ ဒီအကြောင်းကို ကျုပ်မသိရိုးအမှန်ပါ’

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

‘ကဲ-တခြားနေရာ လျှောက်ကြည့်ကြရအောင်’

ကျားကြီးက....

‘ရဲတိုက်ထဲမှာတော့ ရှိသမျှ နေရာအားလုံး လိုက်ပြပြီးပါပြီ’

ကိုထန်က ကြားဖြတ်ပြောလိုက်သည်။

‘အပြင်မှာ မကြည့်ရသေးဘူး’

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

‘လူကြီးမင်းက ကြည့်ချင်တယ်ဆိုရင် လိုက်ပြပေးပါ့မယ်’

သူသည် ပြောပြီး ရှေ့ဆုံးမှ လှမ်း ထွက် လိုက် လေ သည်။ ယင်းဖုံးနှင့် ကိုထန်တို့လူစုသည် နောက်မှ လိုက်သွားကြသေသည်။

## သီးသန့်အိမ်တစ်လုံး

ကျားကြီးသည် ကိုထန်တို့လူစုအား ရဲတိုက်၏ခြံဝင်းအတွင်းသို့ လိုက်လံပြသလေသည်။

သူသည် ဥယျာဉ်သို့ လိုက်လံပြသပြီး နောက်ပြန်လှည့်လာလေသည်။ ကိုထန်သည် သီးသန့်တည်ရှိနေသော အိမ်တစ်လုံးအား တွေ့မြင်ရလေသည်။

'ဟိုမှာ သီးသန့်အိမ်တစ်လုံးရှိနေပါတယ်'

ကျားကြီးက....

'ဒီအိမ်ထဲမှာ တိုလီမိုလီပစ္စည်းတွေပဲ ထားပါတယ်၊ ဘာမှ ကြည့်စရာမရှိပါဘူး'

ကိုထန်က....

'ဝတ္တုရားအရ ဘာအခန်းပဲဖြစ်ဖြစ် ကြည့်ရမှာပဲ'



ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့်လဲ ကျုပ်လိုက်ပြပါ့မယ်'

သူသည် ပြောရင်း သီးခြားအိမ်တစ်လုံးရှိရာသို့ လျှောက်သွားလေသည်။

ကိုထန်နှင့် ယင်းဖုံးတို့သည် ကျားကြီးနောက်သို့လိုက်သွားကြလေသည်။ အနီးသို့ ရောက်ရှိသွားသောအခါ ကိုထန်သည် ထိုအိမ်ကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

ယင်းအိမ်ခန်းသည် ရဲတိုက်၏ ခြံဝင်းအတွင်း၌ သီးခြားတည်ဆောက်ထားခြင်း ဖြစ်လေသည်။

အိမ်ခန်းတစ်ခုလုံးမှာ ကျောက်တုံးများဖြင့် တည်ဆောက်ထားသောကြောင့် ဟောင်းနွမ်းနေပြီ ဖြစ်သော်လည်း အလွန်ခိုင်ခံ့နေသည်ကို တွေ့ရသည်။

ထိုအခန်း၏ တံခါးပေါ်၌ ကြီးမားသော သော့ခလောက်တစ်ခု ခတ်ထားသည်။ ကိုထန်က ကျားကြီးအား လှည့်ကြည့်လိုက်သည်။

'ကျားကြီး ဒီအခန်းကို ဖွင့်ပြပါ'

ကျားကြီးက....

'အိမ်ခန်းထဲမှာ သံတိုသံစနဲ့ တိုလီမိုလီ ပစ္စည်းတွေပဲ ရှိပါတယ်၊ ကြည့်လို့လဲ ဘာမှ အကြောင်းမထူးပါဘူးဗျာ'

ကျားကြီး၏ စကားကြောင့် ကိုထန်သည် ကြည့်လိုသောဆန္ဒပိုပြီး ပြင်းပျလာလေသည်။

သူသည် ခါးမှဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

'ဒီမှာ ကျားကြီး ကျုပ်အမိန့်ပေးနေတယ်၊ တံခါးသော့ဖွင့်ပါ'

ကျားကြီးက ဦးညွှတ်လိုက်သည်။

သူသည် ထွေထွေထူးထူး မပြောတော့ပဲ ခါးမှချိတ်ထားသော သော့တွဲတစ်ခု ဖြုတ်ယူလိုက်သည်။

ယင်းသော့တွဲ၌ အရွယ် အမျိုးမျိုးရှိသော သော့ ခြောက်ချောင်းရှိနေသည်ကို တွေ့ရလေသည်။

ကျားကြီးသည် သော့တွဲထဲမှ သော့တစ်ချောင်းဖြင့် တံခါးသော့ခလောက်ကို ဖွင့်လိုက်လေသည်။

* * *

ကျားကြီးသည် အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။ သူသည် ကိုထန်အား ဦးညွှတ်လိုက်သည်။

'အထဲကိုကြွပါ'

ကိုထန်က ရှတ်တရက် မဝင်ရဲပဲ ဖြစ်သွားသည်။ ကျားကြီးက ဤကဲ့သို့ လျှောလျှောလျူလျူ မိမိအမိန့်နာခံနေသည်ကို သံသယ ဖြစ်နေခြင်းဖြစ်သည်။

သူသည် ယင်းဖုံးဘက်သို့ လှည့်လိုက်သည်။



'ခင်ဗျားနဲ့ ဝတုတ် အရင်ဝင်ကြည့်စမ်းပါဦး'

ယင်းဖုံးနှင့် ဝတုတ်တို့သည် အခန်းထဲသို့ လှမ်းဝင်သွားလေသည်။ ယင်းဖုံးသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ခြေလှမ်း ရပ်တန့်သွားသည်။

သူမသည် အခန်းတစ်ခုလုံးကို မျက်လုံးဖြင့် ဝေ့ကြည့်လိုက်ရာ သူမသည် မျက်မှောင် ကုတ်သွားလေသည်။

အခန်းထဲ၌ ကျားကြီးပြောသကဲ့သို့ သံတိုသံစများ တိုလီမိုလီပစ္စည်းများ လုံးဝမရှိပါ။

အခန်းထည်း၌ ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံး ရှိနေသည်ဖြစ်သော်လည်း သူ့နေရာနှင့်သူ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိနေသည်ကိုတွေ့ရသည်။

အိမ်ခန်းတစ်ခုလုံးမှာ ကျောက်တုံးကြီးများဖြင့်တည်ဆောက်ထားသောကြောင့် အနည်းငယ် အေးစိမ့်နေသည်ဟု ခံစားလာရလေသည်။

ကြမ်းပြင်မှာလည်း အလွန် ထူထဲသော ပေးထောင့်ကျောက်ပြားဖြင့် ခင်းကျင်းထားလေသည်။

ယင်းဖုံး၏မျက်လုံးအစုံသည် အခန်း၏ ဘယ်ဘက်နံရံဆီသို့ ရောက်ရှိသွားသောအခါ သူ၏မျက်လုံးအစုံသည် အနည်းငယ် ပြူးကျယ်သွားလေ၏။

ထိုနံရံပေါ်၌ အကျဉ်းသားများကို ချုပ်နှောင်ထားသော ခြေထိတ်နှင့် လက်ထိတ်များ ရှိနေသည်ကို တွေ့ရလေသည်။

ထိုအကျဉ်းသားများအား ချုပ်နှောင်ထားသောကိရိယာမှာ သံကြိုးနှင့် လက်ထိတ် ခြေထိတ်များ ပါရှိလေသည်။

အပေါ်ပိုင်း ဘယ်ညာတွင် အကျဉ်းသားများ၏ လက်ကို ခတ်ရန် လက်ထိတ်တစ်ခုစီ ရှိသည်။

အလယ်တွင် သံဖြင့် ပြုလုပ်ထားသော ခါးပတ်တစ်ခုစီရှိ၏။ အကျဉ်းသား၏ ဝမ်းဗိုက်နေရာကို ပတ်ထားသော ခါးပတ် ဖြစ်လေ၏။

အောက်ပိုင်းတွင် ဘယ်ညာ၌ ခြေထိတ်ခတ်ရန် သံကြိုးနှင့် ခြေထိတ်တစ်ခုစီ ရှိနေလေသည်။

၎င်းခြေထိတ် လက်ထိတ်များနှင့် သံကြိုးများသည် အလွန့် အလွန် ခိုင်ခန့်၏။

ချုပ်နှောင်ခံရသောလူသည် မည်သည့်နည်းနှင့်မဆို ရုန်းထွက်နိုင်ရန် လုံးဝမဖြစ်နိုင်တော့ပါ။

ယင်းဖုံးသည် ထိုအကျဉ်းသား ချုပ်နှောင်သော ကရိယာကို ကြည့်ပြီး အလွန်စိတ်ဝင်စားလာ၏။

သူမသည် အာဏာသားဝတုတ်ဘက်သို့ လှည့်ကြည့်လိုက်၏။

'ဝတုတ် ဒီလက်ထိတ် ခြေထိတ်ကိုကြည့်ပြီး ဘယ်လို သဘောရသလဲ'

ဝတုတ်က....

'ဖန်ကြည်ကြည်ရဲ့ အဘိုးတွေဟာ မှန်ချူးကို တော်လှန်တဲ့ ခေါင်းဆောင် ဖြစ်ခဲ့ကြတယ်၊ ဒါကြောင့် ဒီအခန်းဟာ ဖမ်းမိတဲ့ အကျဉ်းသားတွေကို ချုပ်နှောင်တဲ့အချုပ်အခန်း ဖြစ်ပါတယ်'

အချင်းက မျက်မှောင်ကြုတ်သွားသည်။



'ကျွန်မရောက်ခါစတုန်းက အိမ်ဝယ်မယ့်လူ လိုက်ပြတဲ့ အခါမှာ ဒီအခန်းကို ကျားကြီးက လုံးဝမပြတာ ဘာဖြစ်လို့လဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'အကြောင်းတော့ ရှိမှာပေါ့လေ'

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး အိမ်ထဲမှလှမ်းထွက်လိုက်လေသည်။ ကျားကြီးမှာမူ တံခါးဝ၌ရပ်၍ စောင့်နေ၏။

သူသည် ယင်းဖုံးထွက်လာသည်ကို တွေ့ရသဖြင့်....

'ကြည့်လို့ ပြီးပြီလားခင်ဗျာ'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

သူမသည် လက်ဝါးဖြန့်လိုက်သည်။

'ရှင့်မှာရှိတဲ့ သော့တွဲခဏလောက် ပေးစမ်းပါ'

ကျားကြီးက မဆိုင်းမတွ သူ့လက်ထဲမှ သော့တွဲကို ပေးအပ်လိုက်လေသည်။

* * *

ယင်းဖုံးသည် သော့တွဲကို ယူပြီး အိမ်ထဲသို့ ပြန်လည်ဝင်ရောက်သွားလေသည်။

သူမသည် သော့တွဲထဲမှ ကျန်ရှိသော သော့ (၅)ချောင်းကို ကို နံရံမှာရှိသည့် ခြေထိပ် လက်ထိပ်နှင့် ခါးပတ်ကို စမ်း၍ဖွင့်ကြည့်ရာ ယင်းသော့များသည် လက်ထိပ် ခြေထိပ်များကို ဖွင့်ရန် အသုံးပြုသော သော့များဖြစ်သည်ကို တွေ့ရှိရသည်။

ယင်းဖုံးသည် ၎င်းသော့တွဲကို ကျားကြီးအားပြန်ပေးလိုက်လေသည်။

'နေပါဦး… ဒီလောက်ခိုင်မြဲတဲ့လက်ထိပ်နဲ့သံကြိုးက ဘယ်သူ့ကို ချုပ်ထားလို့လဲ'

ကျားကြီးက….

'ဒါက သခင်ကြီး ရာထူးရှိတဲ့ အချိန်တုန်းက ဥပဒေချိုးဖောက်တဲ့လူကိုချုပ်နှောင်ထားဖို့ အသုံးပြုတဲ့ပစ္စည်းတွေပါ'

အာဏာသား ဝတုတ်က….

'ဒီလိုဆိုရင် ဒီလက်ထိပ်နဲ့ ခြေထိပ်ကို အသုံးမပြုတော့ဘူးပေါ့နော်'

ကျားကြီးက….

'ဟုတ်ပါတယ်၊ ကျုပ်က ဘယ်သူ့ကိုမှ မချုပ်ထားပါဘူး'

ကိုထန်က ခေါင်းခါယမ်းလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ပြစ်မှုကျူးလွန်တယ်လို့ ကျုပ်ကယူဆတယ်'

ကျားကြီးက….

'ကျုပ် ဘယ်ဟာကို ဥပဒေချိုးဖောက် ကျူးလွန်ခဲ့လို့လဲ'

ကိုထန်က….



'ပထမအချက်က ရှမ်းရှမ်းပျောက်ဆုံးနေတဲ့ ပိုးပဝါ ခင်ဗျားရဲ့ အိပ်ရာအောက်မှာ ပြန်တွေ့တယ်'

ကျားကြီးက….

'ဒါက ကျုပ်မိန်းမက လျှော်ဖွတ်ဖို့ယူသွားပြီး အထားအသိုမှားချင်ရင် မှားမှာပေါ့'

ကိုထန်က ငှဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားပြောတော့ ဒီအိမ်မှာ သံတိုသံစနဲ့ တိုလီမိုလီပစ္စည်းထည့်ထားတယ်ဆို'

'ဟုတ်ပါတယ်'

'အခုတော့ ဘာသံတိုသံစမှ မရှိပါလား'

ကျားကြီးက အေးတိအေးစက်သော အသံဖြင့်….

'လက်ထိပ်တွေ ခြေထိပ်တွေ၊ သံကြိုးတွေဟာ သံတိုသံစပါ ခင်ဗျာ'

ကိုထန်က ပါးစပ်ပိတ်ထားလိုက်လေသည်။

သို့သော် သူသည် မကျေနပ်သံဖြင့် ထပ်မံပြောလိုက်လေ၏။

'ကျုပ်ထင်ထားတာကတော့ ခင်ဗျားဖမ်းခေါ်လာတဲ့ မိန်းကလေးတွေကို ဒီအခန်းထဲမှာလာပြီး ချုပ်ထားတာ ဖြစ်ရမယ်'

ကျားကြီးက….

'အခု ကျုပ်က ဖွင့်ပြပြီးပါပြီ၊ မိန်းကလေးဆိုလို့တစ်ယောက်မှ မတွေ့ရပါဘူး'

ကိုထန်က….

'ဒါကတော့ ကျုပ်တို့လာပြီးစစ်ဆေးမှာကို ကြောက်လို့ တစ်ခြားနေရာ ရွှေ့ပြောင်းထားတာ ဖြစ်မှာပေါ့'

ကျားကြီး၏ ကြိုက်ံမျက်လုံးအစုံသည် ကိုသန်အားတစ်ချက်ကြည့်ပြီး စကားတစ်ခွန်းမှ မပြောပါ။

ကိုထန် စကားဆက်လိုက်သည်။

'ဥပမာ ဖန်ကြည်ကြည်တို့ သင်္ချိုင်းမြေ သွားတဲ့ အခါမှာ ခင်ဗျားက ကံကောင်းထောက်မလို့ လူတစ်ယောက်က သူတို့ကို ဝင်ဖြီးကယ်လိုက်တယ်၊ ခင်ဗျားက စိတ်ဆိုးပြီး ဟိုလူကို သတ်လိုက်တာ ဖြစ်မှာပေါ့'

ကျားကြီးက စကားတစ်ခွန်းမှ မပြောပါ။ ကိုထန်က သူ့အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားဟာ မျက်ဆိတ်မွေးရှည်တဲ့ အဘိုးကြီး တစ်ယောက် ရုပ်ဖျက်ပြီး သူတို့နောက်က လိုက်သွားသေးသလား'

ကျားကြီးပါးစပ်ပိတ်ထားလိုက်သည်။

'မနေ့ညတုန်းက ဖန်ကြည်ကြည်တို့ ဘုရားပွဲက အပြန်မှာ ခင်ဗျားက လမ်းဘေးချုံပုတ်ထဲ ဝင်ပုန်းပြီး ရှမ်းရှမ်းကို ဖမ်းခေါ်သွားတယ် မဟုတ်လား'

ကျားကြီး ပါးစပ်ပိတ်မြဲ ပိတ်ထားနေ၏။ ကိုထန်က မှုံပြုံးပြုံးလိုက်သည်။

'ဘာလဲ၊ ခင်ဗျားက မငြင်းနိုင်တော့ဘူး မဟုတ်လား'

ကျားကြီးက စကားတစ်လုံးမျှမပြောဘဲ ပါးစပ် ပိတ်ထားလိုက်လေသည်။

ကိုထန်က သူ့အားစိုက်ကြည့်လိုက်သည်။

'အချင်းရဲ့ ပြောပြချက်အရ ချုံပုတ်ထဲမှာ ပုန်းနေတဲ့ လူဟာ ခင်ဗျားဖြစ်တယ်လို့ ဖော်ပြထားပါတယ်၊ ဘာဖြစ်လို့လဲ



ဆိုရင် ခင်ဗျားရဲ့ ဘောင်းဘီအောက်ပိုင်းနဲ့ ဖိနပ်မှာ ရွှံ့ဗွက်တွေ ပေနေတာကို တွေ့ရတယ်'

ကျားကြီး ပါးစပ်ပိတ်ထားတုန်းပင် ဖြစ်သည်။ ကိုထန်က စကားဆက်လိုက်လေသည်။

'ခင်ဗျားဟာ တတိယ အမွေဆက်ခံနိုင်တဲ့ လူတစ်ယောက်၊ ဒါကြောင့် ဖန်ကြည်ကြည်သာ သေဆုံးသွားရင် ခင်ဗျားအဖို့မှာ အများကြီး မျှော်လင့်ချက်ရှိတယ်လို့ တွေးမိမှာပေါ့'

ကျားကြီးက ခေါင်းခါရမ်းလိုက်သည်။

'ခင်ဗျားမှားနေပြီ၊ သခင်မလေး သေဆုံးသွားတယ် ဆိုရင် သူ့ရဲ့အစ်ကိုဝမ်းကွဲ ရွှောင်ပေရှုံကပဲ ရပိုင်ခွင့် ရှိပါတယ်'

ကိုထန်က ရယ်မောလိုက်သည်။

'ခင်ဗျားက ရွှောင်ပေရှုံကိုပါ သတ်လိုက်ရင် ဒီလောက်များတဲ့အမွေကို ခင်ဗျားတစ်ယောက်တည်း အပိုင်ရနိုင်တယ် မဟုတ်လား....'

သူသည် ပြောပြီး လက်ထိတ်တစ်ခုကို ထုတ်ယူလိုက်ပြီး အာဏာသားလူဝကြီးဘက်သို့ ပေးလိုက်သည်။

အာဏာသားဝတုတ်က ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ကျွန်တော့်ကို ဘာဖြစ်လို့ လက်ထိတ်ပေးတာလဲဗျာ'

ကိုထန်၏မျက်နှာ သုန်မှုန်သွားလေသည်။

'မင်းကို လူသတ်တရားခံတစ်ယောက် ဖမ်းခိုင်းမလို့'

ဝတုတ်သည် လက်ထိတ်ကို ကိုင်လျက် မည်သို့လုပ်ရမှန်း မသိ ဖြစ်နေ၏။ ကျားကြီးက အေးစက်သော အသံဖြင့်....

'ခင်ဗျားတို့က သက်သေအထောက်အထားမရှိဘဲ ကျုပ်ကို လူသတ်သမားတစ်ယောက်အနေနဲ့ စွဲချက်တင်တာ ဖြစ်နိုင်ပါ့မလား'

ကိုထန်က ရယ်မောလိုက်လေသည်။

'သက်သေအထောက်အထားပြရမယ်ဆိုရင် ခင်ဗျားရဲ့ လက်တစ်ဖက်ကို လက်အိတ်ချွတ်ပြလိုက်ပါလား'

ကျားကြီးသည် ယင်းဖုံးဘက်သို့ လှည့်ကြည့်ရင်း အကူအညီတောင်းလိုက်လေသည်။

'ကျုပ်ကို ယုံပါ ယင်းဖုံး၊ အစစအရာရာ အမှန်အတိုင်းဖြစ်အောင် ကျုပ်ကို တစ်ရက်အချိန်ပေးပါလို့ တောင်းပန်ပါတယ်'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားသည်။

'ဘာလုပ်ဖို့လဲ'

ကျားကြီးက....

'ကျုပ်ကို တစ်ရက်အချိန်ပေးရင် ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို အချိန်မီ ကယ်နိုင်လိမ့်မယ် မျှော်လင့်ထားလို့ပါ'

ကိုထန်က ရယ်မောလိုက်သည်။

'သူ့စကားကို နားမထောင်နဲ့၊ လက်ထဲက လွတ်သွားရင် ပြန်ဖမ်းဖို့ လွယ်မှာမဟုတ်ဘူး'

ယင်းဖုံးက တွေဝေသွားလေသည်။ ကျားကြီးက စကားဆက်လိုက်သည်။



'ကျုပ်က စေတနာနဲ့ ပြောတာပါ၊ကျုပ်ကို အခုကတည်းက ဖမ်းထားမယ်ဆိုရင် ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို ဘယ်တော့မှ ပြန်တွေ့နိုင်မှာ မဟုတ်တော့ဘူး'

သူ၏ စကားလုံးများသည် ခြိမ်းခြောက်သော အသွင်ဆောင်နေ၏။ ကိုထန်က မဲ့ပြုံး ပြုံးလိုက်သည်။

'ဘာမှပြောမနေနဲ့၊ ခင်ဗျားက တကယ် အပြစ်ကင်းရှင်းတယ်လို့ ယုံကြည်တယ်ဆိုရင် ခင်ဗျားရဲ့ လက်အိတ်ကို ချွတ်ပြီး သက်သေပြလိုက်ပါလား'

ကျားကြီးက ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်လက်ကို မကြည့်ကြပါနဲ့၊ ကျုပ်ကို တစ်ရက်တည်းပဲ အချိန်ပေးပါ၊ ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို ရအောင် ရှာပေးပါ့မယ်'

ယင်းဖုံးက ကျားကြီးတောင်းဆိုလိုက်သော တောင်းဆိုချက်ပေးသင့် မသင့် စဉ်းစား တွေဝေနေလေသည်။

ကိုထန်က ပြတ်ပြတ်သားသား ကန့်ကွက်လိုက်လေသည်။

'မဖြစ်နိုင်ဘူး'

သူသည် စကားဆက်လိုက်သည်။

'မင်း လက်အိတ်စွပ်ထားတဲ့လက်ကိုချွတ်ပြလိုက်ရင် အားလုံးရှင်းသွားမှာပါ'

ကျားကြီးက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

'ကျုပ်အသက်သေချင် သေပါစေ၊ လက်တစ်ဖက်ကို ဘယ်နည်းနဲ့မှ မပြနိုင်ပါဘူး'

ကိုထန်က ဒေါသထွက်လာလေသည်။

'ခင်ဗျားက အသာတကြည် အဖမ်းမခံဘူးဆိုရင် ကျုပ်တို့ကို အပြစ်မဆိုနဲ့'

သူသည် ပြောပြီးသည်နှင့် လက်တစ်ချက်မြှောက်လိုက်လေသည်။ အာဏာသားများသည် အသင့်တိုက်ခိုက်နိုင်ရန် ကျားကြီးအား ဝိုင်းရံထားလိုက်လေသည်။

ကျားကြီးသည် တောင်းပန်သောအကြည့်ဖြင့် ယင်းဖုံးအား ကြည့်နေ၏။ ယင်းဖုံးက အတန်ကြာ တွေဝေပြီးမှ လက်ကာပြလိုက်လေသည်။

'ဒီကိစ္စ ကျွန်မကို နည်းနည်းအခွင့်အရေးပေးပါ'

သူမက ကိုထန်အား ရှင်းပြလိုက်ခြင်းဖြစ်သည်။ ကိုထန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ခင်ဗျား သဘောကျတဲ့အတိုင်း လုပ်ခွင့်ပေးလိုက်ပါ့မယ်'

ယင်းဖုံးက ကျားကြီးအား လှည့်ကြည့်လိုက်သည်။

'ကောင်းပြီ၊ ရှင်က ဘယ်အချိန်အထိ အခွင့်အရေးပေးရမယ်ဆိုတာ ပြောပါ'

ကျားကြီးက အနည်းငယ် စဉ်းစားလိုက်သည်။

'ဒီအချိန်ကစပြီး မနက်ဖြန် နံနက်စာ စားချိန်မတိုင်မီ ပြန်ရောက်လာပါ့မယ်'

ယင်းဖုံးက ကိုထန်အား ကြည့်လိုက်သည်။

'ဌာနမှူးက ဘယ်လိုသဘောရသလဲ'

ကိုထန်က....



'တကယ်လို့ သူက အချိန်မီ ပြန်မလာနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ'

ကျားကြီးက....

'ဒါကတော့ ခင်ဗျားတို့ သဘောအတိုင်းပေါ့ဗျာ'

ကိုထန်က ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

'ကျုပ် လုံးဝ သဘောမတူဘူး၊ ဒါဟာ လူသတ်တရားခံကို လွှတ်ပေးလိုက်တာနဲ့ အတူတူပဲ'

ယင်းဖုံးက....

'ကျားကြီးဟာ လူသတ်တရားခံတစ်ယောက်လို့ မပြောနိုင်သေးပါဘူး၊ ဒါကြောင့် သူ့ကို လူသတ်တရားခံအပြစ်ပေးလို့ မရသေးပါဘူး၊ သူ့မှာ လွတ်လပ်စွာ သွားလာနိုင်ခွင့် အပြည့်ရှိပါတယ်'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဒါလဲ ဟုတ်ပါတယ်'

ကိုထန်က....

'ဥပဒေအရ သံသယဖြစ်တဲ့လူတစ်ယောက်ကို ဖမ်းမချုပ်ထားနိုင်သည့်တိုင်အောင် သူ့ရဲ့သွားလာမှုအားလုံး ပိတ်ထားလို့ရပါတယ်'

ကျားကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဘယ်ဟာက ပိုပြီးအကျိုးရှိမယ်ဆိုတာ စဉ်းစားဖို့ လိုလိမ့်မယ်'

ယင်းဖုံးက ကိုထန်အား လှည့်၍ ပြုံးပြလိုက်သည်။

'ကျားကြီးအတွက် ကျွန်မ တာဝန်ယူပါတယ်'

ကျားကြီးက ယင်းဖုံးအား ကျေးဇူးတင်စွာဖြင့် ဦးညွှတ်လိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် မနက်ဖြန် မွန်းတည့်ချိန်မရောက်မီ ကျုပ်ပြန်လာပါမယ်လို့ ကတိပေးပါတယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ရှင့်ကို ကျွန်မ အပြည့်အဝ ယုံကြည်ပါတယ်'

ကိုထန်က ပြင်းပြင်းထန်ထန် ကန့်ကွက်နေ၏။

'ကျုပ် လုံးဝ လက်မခံနိုင်ဘူး'

သူသည် ကျားကြီးအား စိုက်ကြည့်လိုက်သည်။

'မင်းရဲ့ လက်အိတ်စွပ်ထားတဲ့ လက်ကို မြှမ့်သာ ကျုပ်က လွှတ်မယ် မလွှတ်ဘူးဆိုတာ ဆုံးဖြတ်နိုင်မယ်'

ကျားကြီးက ကိုထန်ရှေ့သို့ ချဉ်းကပ်သွားလေသည်။

'ဒီမှာ ဗွာနမှူး'

သူ၏ လေသံသည် ရုတ်တရက် တင်းမာလာလေသည်။

'ခင်ဗျားတို့က လူများတယ်ဆိုပြီး ကျုပ်ကို ဖမ်းနိုင်လိမ့်မယ်လို့ ထင်ထားသလား'

သူသည် နှာခေါင်းရှုံ့လိုက်သည်။

'ရှင်းရှင်းပြောလိုက်မယ်၊ ကျုပ်က မပြေးချင်လို့၊ ထွက်ပြေးမယ်ဆိုရင် ခင်ဗျားတို့ မလာခင်ကတည်းက ထွက်ပြေးသွားပြီပေါ့'

ကိုထန်သည် အနီးသို့ ချဉ်းကပ်လာသော ကျားကြီး၏ မျက်နှာမှာ အသွန်ကြောက်မက်ဖွယ်ကောင်းပြီး အချိန်မရွေး မိမိလည်ကုတ်ကို ချိုးသတ်နိုင်သည်ဟု ယုံကြည်လေသည်။



ထို့ကြောင့် သူသည် အသိုလို ကျောချမ်းလာလေသည်၊ ဝတုတ်က ကမန်းကတန်း ပြန်ဖြေလိုက်သည်။

'ကျားကြီးက ယောကျ်ားပီသပါတယ်ဗျာ၊ သူ ထွက်မပြေးဘူးဆိုတာ ကျုပ် ယုံကြည်ပါတယ်'

ကိုထန်သည် အတင်းအဓမ္မ လုပ်ဆောင်လိုက်လျှင် မိမိအဖွဲ့ အရင်ဆုံး ကျားကြီးလက်ထဲသို့ ရောက်သွားမည်ဟု စိုးရိမ်လာလေသည်။

ထို့ကြောင့် သူသည် လေသံပြောင်းလဲလိုက်သည်။

'ကောင်းပြီလေ၊ မင်းက အာမခံမလား'

သူက ဝတုတ်အား တာဝန်လွှဲချလိုက်ခြင်းဖြစ်သည်။ ဝတုတ်က မည်ကဲ့သို့ ပြန်ပြောရမှန်း မသိမီ ကိုထန်က စကားဆက်လိုက်လေသည်။

'ကဲ....မင်းနဲ့ ယင်းဖုံးတို့နှစ်ယောက် ကျားကြီးအတွက် အာမခံရမယ်၊ တကယ်လို့ မနက်ဖြန် မွန်းတည့်ချိန်အထိ သူက ပြန်ရောက်မလာရင် မင်းနဲ့ ယင်းဖုံးတို့က တာဝန်ယူရပါလိမ့်မယ်'

ဝတုတ်က ယင်းဖုံးအား လှည့်ကြည့်လိုက်သည်။ ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ကျွန်မ တာဝန်ယူပါ့မယ်'

ဝတုတ်က သက်ပြင်းချလိုက်သည်။

'ကျွန်တော် တာဝန်ယူပါ့မယ်'

* * *

ကျားကြီးက ယင်းဖုံးအား ရိုသေစွာ ဦးညွှတ်လိုက်သည်။

'ခင်ဗျားတို့ ဒီရဲတိုက်မှာပဲ နေထိုင်ပြီး စောင့်ကြပါဗျာ'

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

'ခင်ဗျားတို့အတွက် နေရေး ထိုင်ရေး စားရေး သောက်ရေးများကို ကျုပ် မိန်းမ အာလျှန်းကို တာဝန်ပေးလိုက်ပါ့မယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်'

ကျားကြီးသည် သူ့အား ဝိုင်းရံထားသော အာဏာသား (၃)ယောက်ကို ဖယ်ရှားလိုက်ပြီး မီးဖိုဆောင်ရှိရာသို့ ထွက်ခွာသွားလေသည်။

ကိုထန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'ဒီအမှုကို ကိုင်တွယ်ရတာ တစ်မျိုးကြီးပါပဲ'

သူသည် ခေါင်းခါယမ်းလိုက်သည်။

'ကျားကြီးဆိုတဲ့လူက အောက်လမ်းပညာများ တတ်သလား မသိဘူး၊ ဒီရဲတိုက်ထဲမှာ နေရမှာ စိတ်မချရဘူး'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ဒီအတွက် မပူပါနဲ့၊ ဒီမှာရှိတဲ့ လူအားလုံး အန္တရာယ်မရှိရအောင် ကျွန်မ တာဝန်ယူပါတယ်'

ကိုထန် ပါးစပ်ပိတ်ထားလိုက်သည်။

❀ ❀ ❀



ဖန်ကြည်ကြည်တစ်ယောက် ပျောက်ဆုံးသွားသော သတင်းသည် ဝမ်းကြုံး၏နားထဲသို့ ရောက်ရှိသွားလေသည်။

သူသည် အလိုလို စိတ်မကောင်းစွာဖြင့် စိုးရိမ်ပူပန်လာလေသည်။

'အင်း... ဘူနဲ့ငါနဲ့အလုပ်သဘောသာဆက်ဆံနေရတယ်၊ငါက ဘာကြောင့် သူ့အပေါ် စေတနာလွန်ကဲနေပါလိမ့်'

သူသည် တစ်ယောက်တည်း ရေရွတ်နေခြင်း ဖြစ်သည်။ ဖန်ကြည်ကြည်မှာ အလွန်အန္တရာယ်များသည်ဟု သူက ကြို၍ ခန့်မှန်းထားသည်။

ယခုမှာမူ သူ၏ ခန့်မှန်းချက်မှာ မှန်ကန်လာပြီ မဟုတ်ပါလော။ ယထမတွင် အမျိုးသမီး ဒုစရိုက်နှိမ်နင်းရေးအဖွဲ့တွင် ရှမ်းရှမ်းတစ်ယောက် ပါရှိသည်ကို သူက စိတ်သက်သာရာ ရနေ၏။

ယခုမှာမူ ရှမ်းရှမ်းကိုပင် လက်မည်းကြီးက ဖမ်းဆီးခေါ်ဆောင်သွားပြီ ဖြစ်သည်။

ယခုအချိန်ထိ ရှမ်းရှမ်း၏ သတင်းလုံးဝမကြားရပါ။ ယခု တစ်ဖန် ဖန်ကြည်ကြည် ပျောက်ဆုံးသွားခြင်း ဖြစ်သည်။

ဖန်ကြည်ကြည်၏ အသက်မှာ အလွန်အန္တရာယ်များသည်ကို ဆင်ခြင်မိလေသည်။ ဖန်ကြည်ကြည်ကို ယခုကဲ့သို့ ဖမ်းဆီးခေါ်ဆောင်သွားသူမှာ ရှောင်ပေရှုံနှင့် ကျားကြီးတို့နှစ်ယောက်တည်းက တစ်ယောက်ဖြစ်ရမည်ဟု သူက ယုံကြည်ထားသည်။

သို့သော် ကျားကြီးက ပို၍ သံသယဖြစ်ဖွယ်ရာ ကောင်းသည်။ ကျားကြီးအပေါ် သံသယဖြစ်နိုင်သော အချက်အလက်များမှာ ပို၍ များပြားနေ၏။

ဥပမာ ရှမ်းရှမ်းအား ဖမ်းဆီးခေါ်ဆောင်သွားသော လက်မည်းကြီး၊ ဧည့်ခန်းထဲမှ အလိုလို ပျောက်ကွယ်သွားသော ဖန်ကြည်ကြည်ကို ကျားကြီးက လွဲ၍ မည်သူကမှ ယင်းအခွင့်အရေး မရနိုင်ပါ။

ထို့ကြောင့် သူသည် ကျားကြီးအပေါ် ပို၍ သံသယဖြစ်လာသည်။ သူသည် ကျားကြီးအား မေးမြန်းရန် ရဲတိုက်သို့ ဦးတည်ထွက်လာခဲ့လေသည်။

* * *

ထိုနေ့ညနေ....

ကျားကြီးသည် ရဲတိုက်မှ ထွက်ခွာသွားလေသည်။ သူက မည်သည့်နေရာသွားမည်ကို မည်သူ့ကိုမှ မပြောခဲ့ပါ။ ကိုထန်ကလည်း လုံးဝ ဟန့်တားမှုမပြုတော့ပါ။

သူတို့သည် အချိန်ကို ကုန်ဆုံးနိုင်ရန်အတွက် ဝိုင်းဖွဲ့ပြီး စစ်တုရင်ကစားနေကြလေသည်။



ကျားကြီး ထွက်ခွာသွားပြီး တစ်ခဏအကြာတွင် ယင်းဖုံးသည် သူမ၏ အဖွဲ့ဝင် ဝူးရားနှင့်တကွ အချင်းကို လမ်းပြစေပြီး ရှမ်းရှမ်း အဖမ်းခံရသော လမ်းကလေးရှိရာသို့သွားကြလေသည်။

ကျဉ်းမြောင်းသော လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် ချုံပုတ်များ အစီအရီရှိနေ၏။

သူတို့သည် ထိုလမ်းကျဉ်းကလေးထဲသို့ ဝင်သွားကြလေသည်။ ယင်းဖုံးက အချင်းအား မေးလိုက်သည်။

'အချင်း....ရှမ်းရှမ်း အဖမ်းခံရတဲ့နေရာဟာ ဘယ်နေရာလဲ'

အချင်းက မျက်မှောင်ကြုတ်သွားလေသည်။ သူမသည် ချုံပုတ်များကို တစ်ချက် ဝေ့ယမ်းကြည့်လိုက်သည်။ သူမက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မမှတ်မိတော့ဘူး'

ယင်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'တိတိကျကျ မမှတ်မိသည့်တိုင်အောင် အနီးစပ်ဆုံးတော့ မှတ်မိမှာပေါ့'

အချင်းက အနည်းငယ် စဉ်းစားလိုက်သည်။ သူ၏ မျက်လုံးအစုံသည် ချုံပုတ်များကို သေသေချာချာကြည့်ပြီးမှ....

'ဟောဒီ ချုံပုတ်နဲ့ တူတယ်'

သူသည် ချုံပုတ်တစ်ခုအား ညွှန်ပြလိုက်လေသည်။ ယင်းဖုံးနှင့် ဝူးရားတို့က ထိုချုံပုတ်ထဲသို့ ဝင်ရောက် ရှာဖွေကြည့်ရာ မည်သည့်နေရာကိုမှ မတွေ့ရပေ။

ဝူးရားက နှုတ်ခမ်းစူသွားသည်။

'ညည်းပြတာ ဟုတ်မှ ဟုတ်ရဲ့လား'

အချင်းက ခေါင်းကုတ်သွားသည်။ သူမ မျက်လုံးအစုံသည် ချုံပုတ်များကို ထပ်မံ စေ့စပ်သေချာစွာ ကြည့်လိုက်သည်။

သူမသည် ချုံပုတ်တစ်နေရာသို့ ရောက်ရှိသွားလေသည်။

'ဟောဒီ ချုံပုတ်ဖြစ်မယ်နဲ့ တူတယ်'

ဝူးရားနှင့် ယင်းဖုံးတို့က ဝင်ရောက် ရှာဖွေပြန်လေသည်။ သို့သော် အချည်းနှီးပင် ဖြစ်နေ၏။

အချင်း စိတ်ပျက်သွားသည်။

'ဘယ်ချုံပုတ် ဖြစ်တယ်ဆိုတာတော့ ကျွန်မ မမှတ်မိတော့ပါဘူး'

ဝူးရားကလည်း စိတ်ပျက်သွားလေသည်။

'ဒီလမ်းကလေးဟာ တစ်မိုင်ကျော်ကျော်လောက် ရှိတယ်၊ အခုလို မသိတဲ့ လိုက်ရှာနေမယ်ဆိုရင် ဘယ်တော့ ရှာလို့ တွေ့မှာလဲ'

အချင်းက တောင်းပန်သော လေသံဖြင့်....

'အဲ့ဒီတုန်းက ကျွန်မက ကြောက်လွန်းလို့ သေချာမမှတ်မိတော့ပါဘူး ရှင်'

ယင်းဖုံးက အားပေးစကားပြောလိုက်သည်။

'စိတ်မပျက်ပါနဲ့ အချင်း'

သူမသည် အချင်းကို အားရှိစေရန် ပြုံးလိုက်သည်။



'အဲဒီနေရာမှာ ဘယ်လို ထူးခြားချက်ရှိတယ်ဆိုတာတော့ သေသေချာချာ စဉ်းစားရင် ရကောင်းပါလိမ့်မယ်၊ ဒါကြောင့် စိတ်မပျက်ဘဲ ခေါင်းအေးအေးထားပြီး စဉ်းစားပါကွယ်'

အချင်းက ခေါင်းညိတ်လိုက်လေသည်။ သူမသည် သူရပ်နေသော အနီးတစ်ဝိုက်သို့ မျက်လုံးဝေ့၍ ရှာဖွေ အကဲခတ်ကြည့်ပြန်လေသည်။

ဤတစ်ကြိမ် သူမသည် ပို၍ စေ့စပ်သေချာစွာ အကဲခတ်ကြည့်နေလေသည်။

ရုတ်တရက် သူမ၏မျက်လုံးအစုံသည် လမ်းကလေး၏ နံဘေး၌ မီးလောင် ပျက်စီးနေသော မီးပုံးအိမ်ကို တွေ့မြင်လိုက်ရသည်။

သူသည် ထခုန်မတတ် ဝမ်းသာသွားသည်။

'ကျွန်မ သိပြီ၊ ကျွန်မ သိပြီ'

ဟုလည်း အော်ပြောလိုက်လေသည်။ ယင်းဖုံးက သူမထံသို့ လျှောက်လာလေသည်။

'ငါ့ညီမ သတိရလာပြီ ဟုတ်လား'

အချင်းက မီးလောင်ကျွမ်း၍ ကျန်ရစ်နေသော မီးပုံး အိမ်၏ အကြွင်းအကျန်ကို ညွှန်ပြလိုက်သည်။

'လက်မည်းကြီးက ရှမ်းရှမ်းခြေထောက်ကို ဖမ်းဆွဲလိုက်တဲ့ အခါမှာ ရှမ်းရှမ်း လဲကျပြီး လက်ထဲက မီးပုံးအိမ် လောင်ကျွမ်း သွားတာ အဲဒီနေရာပဲ ဖြစ်မယ်'

ယင်းဖုံးနှင့် ဝူးရားတို့သည် မီးပုံးလောင်ကျွမ်းသော နေရာ အနီးရှိ ချုံပုတ်ထဲသို့ ဝင်ရောက်ရှာဖွေကြည့်သောအခါ သူမသည်

ရှမ်းရှမ်း ဝတ်ဆင်ထားသော ဖိနပ်တစ်ရန် ချုံပုတ်ကြားမှ ရှုံ့ပွက်ထဲ၌ တွေ့ရှိလိုက်ရလေသည်။

ထို့ပြင် အလွန်ကြီးမားသော ခြေရာကိုလည်း တွေ့ရှိလိုက်ရလေသည်။ ခြေရာ၏ အနေအထားကို ကြည့်လိုက်သောအခါ ထိုခြေရာများသည် တောင်ပိုင်းရွာသို့ ဦးတည်သွားနေခြင်းဖြစ်သည်ကို တွေ့မြင်လိုက်ရလေသည်။

●

## ကြီးမားသော ခြေရာ

ယင်းဖုံးသည် ချုံပုတ်ထဲမှ ခြေရာများကို သေချာစွာစစ်ဆေးပြီးနောက်....

'ဝူးရား၊ ညည်းနဲ့ အချင်းနဲ့ လမ်းကလေးအတိုင်း တောင်ပိုင်းရွာကို လျှောက်သွားပါ'

ဝူးရားက မျက်မှောင်ကြုတ်သွားသည်။

'ယင်းဖုံကော....'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ငါက ဒီခြေရာအတိုင်း လိုက်သွားမယ်၊ တောင်ပိုင်းရွာရောက်တဲ့အခါမှာ ဘုရားပွဲကျင်းပတဲ့ ဘုံကျောင်းအနားမှာ ဆုံကြတာပေါ့'

ဝူးရားက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ'

'အချင်း တို့သွားကြမယ်'

သူမသည် ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း တောင်ပိုင်းရွာရှိရာ လျှောက်သွားလေတော့သည်။

* * *

ယင်းဖုံးသည် ချုံပုတ်ထဲမှ တွေ့ရှိသော ခြေရာများအတိုင်း လျှောက်သွားလေသည်။

သူမသည် ယင်းကဲ့သို့ လျှောက်သွားသောအခါ တောင်ပိုင်းရွာသို့ ဦးတည်သွားသော ခြေရာများကို တွေ့ရှိသည့်အပြင် တောင်ပိုင်းရွာမှ ထွက်ခွာသွားလာသော ခြေရာများကိုလည်း မြင်တွေ့လိုက်ရလေသည်။

ဆိုလိုသည်မှာ မြေရာပိုင်ရှင်သည် တောင်ပိုင်းရွာမှ ထွက်ခွာလာပြီး ဤချုံပုတ်ထဲ၌ ပုန်းအောင်နေးခြင်း ဖြစ်သည်။

ထိုခြေရာများသည် တစ်ခါတစ်ရံ လူသွားလမ်းကလေးနှင့် နီးကပ်သည်။ တစ်ခါတစ်ရံ လူသွားလမ်းကလေးနှင့် ဝေးကွာနေ၏။



ယင်းဖုံးသည် ခြေရာအတိုင်း လျှောက်သွားရာ သူမ့သည် ဝူးရားနှင့် အချင်းတို့ တဖြည်းဖြည်း ဝေးကွာသွားလေသည်။

တစ်နည်းဆိုရလျှင် ယင်းဖုံးသည် ထိုလူသွားလမ်းကလေးနှင့် အလွန်ဝေးကွာနေခြင်း ဖြစ်လေသည်။

* * *

ဝူးရားနှင့် အချင်းတို့သည် ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း ဆက်လက် လျှောက်သွားလေသည်။

ပထမတွင် သူမ့တို့သည် ယင်းဖုံးအား မြင်တွေ့နိုင်သေး၏။ သို့သော် သူမတို့သည် လျှောက်ရင်း လျှောက်ရင်း ယင်းဖုံးအား မတွေ့ရတော့ပါ။

သူမတို့သည် လမ်းကလေးအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားရာ မကြာမီ သူတို့သည် တောင်ပိုင်းရွာသို့ရောက်ရှိလာကြလေသည်။

သူမတို့သည် ရပ်နားခြင်းပင် မပြုတော့ဘဲ ဘုရားပွဲကျင်းပနေသော ဘုကျောင်းရှိရာသို့ လျှောက်သွားကြလေသည်။

* * *

ဥူးရေးနှင့် အချင်းတို့သည် ယင်းဖုံးက ရောက်မလာသေး သည်ကို တွေ့ရသောအခါ ဘုံကျောင်း၏ အနောက်ဘက် အနီး တွင် ချောင်းကလေးတစ်ချောင်းရှိနေသည်ကို တွေ့ရှိရလေသည်။

ဥူးရေးက ဝမ်းသာသွားသည်။

'ဟာ....တို့က ရေငတ်နေတယ်၊ ရေသွားသောက်ရအောင်'

အချင်းကလည်း သဘောတူသွားသည်။

'ဟုတ်တယ်၊ ကျွန်မလဲ ရေငတ်နေတယ်'

သူမတို့သည် ချောင်းစပ်ရှိရာသို့ လျှောက်သွားကြလေသည်။ ချောင်းစပ်အနီးတွင် မိန်းကလေးတစ်ယောက်က အဝတ်လျှော် နေ၏။

ထိုစဉ် လူငယ် ၄၊၅ ယောက်တို့သည် မိန်းကလေး ထံသို့ ရောက်ရှိလာပြီး ဝိုင်းဝန်း လှောင်ပြောင်နေကြလေသည်။

အချို့မှာမူ မိန်းကလေး၏ လက်ကိုပါ ဆွဲလားလွဲလားပြုလုပ် လာကြလေသည်။

'ကယ်ကြပါရှင်'

မိန်းကလေး၏ ထိတ်လန့်စွာ အော်ဟစ်၍ အကူအညီတောင် လေ၏။ ဥူးရေးက လက်ပိုက်၍ မကြည့်နိုင်တော့ပါ။

'အချင်း....ညည်း ဒီမှာ ခဏစောင့်နေ'

အချင်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မမက ဘယ်သွားမလို့လဲ'

ဥူးရေးသည် ချောင်းစပ်မှာ မိန်းကလေးတစ်ယောက်ကို အတင်း ဆွဲလားလွဲလားလုပ်နေကြသော လူများအား ညွှန်ပြ လိုက်သည်။



'ဟိုမှာ တွေ့လား၊ မိန်းကလေးတစ်ယောက်ကို ဝိုင်းပြီး စော်ကားနေတယ်၊ ငါသွားဆုံးမလိုက်မယ်'

အချင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

'မသွားပါနဲ့၊ ကျွန်မ ကြောက်တယ်'

ဥူးရေးက ပြုံးလိုက်သည်။

'တစ်ယောက်တည်း မနေခဲ့ချင်ရင် မမနဲ့ လိုက်ခဲ့'

သူသည် အချင်း၏ လက်ကိုဆွဲကာ ချောင်းစပ် ရှိရာသို့ လျှောက်သွားလေသည်။

## လူဆိုး လူမိုက်

ဝူးရားနှင့် အချင်းတို့သည် ချောင်းစပ်အနီးသို့ ရောက်ရှိသွားသောအခါ ထိုလူစုထဲမှ ဖန်ကြည်ကြည်၏ အစ်ကိုဝမ်းကွဲဖြစ်သူ ရှောင်ပေရှုံလည်း ပါဝင်နေသည်ကို အချင်းက မှတ်မိလိုက်လေသည်။

'မမ သတိထားပါ၊ အဲ့ဒီ လူတွေထဲမှာ ရှောင်ပေရှုံလဲ ပါနေတယ်'

ဝူးရားက မျက်မှောင်ကြုတ်သွားသည်။

'ရှောင်ပေရှုံဆိုတာ ဘယ်သူလဲ'

'သူက ဖန်ကြည်ကြည်ရဲ့ အစ်ကိုဝမ်းကွဲ'

ဝူးရားက မဲ့ပြုံး ပြုံးလိုက်သည်။

'ဒီလောက် ယုတ်မာတဲ့လူ မမ သွားပြီး ဆုံးမလိုက်မယ်'

'မသွားပါနဲ့ ရှင်'

ဝူးရားက....



'ဘာဖြစ်လို့လဲ'

အချင်းက....

'သူက သိုင်းပညာသိပ်တော်တယ်လို့ပြောတယ်၊ ကျားကြီးကတောင် သူ့ကို ကြောက်ရတယ်တဲ့'

ဝူးရားက နှုတ်ခမ်းမဲ့လိုက်သည်။

'ငါက သူ့ကို မကြောက်ဘူး'

သူမသည် ပြောပြီး ထိုလူစုရှိရာသို့ ပြေးလွှားသွားလေသည်။

'ဟေ့....လူယုတ်မာတွေ၊ ဘာကြောင့် အားနွဲ့တဲ့မိန်းကလေးတစ်ယောက်ကို စော်ကားချင်ရတာလဲ'

'မင်းက ဘယ်သူလဲ၊ ငါတို့ကိစ္စကို ဘာကြောင့် ဝင်ရှုပ်ရတာလဲ'

မျက် လုံး တစ် ဖက် စွေ နေ သော လူက အော်ငေါက်ရင်း လက်သီးတစ်လုံးပစ်သွင်းလိုက်လေသည်။

ဝူးရားက လက်ဖြင့် ခံပေးလိုက်သည်။

'အား....'

ထိုလူ၏ လက်တစ်ဖက်သည် နာကျင်သွားလေသည်။ ဝူးရားသည် ထိုလူများကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

'မင်းရဲ့ ခေါင်း သတိထားစမ်း'

သူမ၏ စကားမဆုံးမီ....

သူ၏ လက်သီးတစ်လုံးသည် ထိုသူ၏ ဦးခေါင်းကို ထုချလိုက်လေသည်။

'ဂုန်း....'

ထိုလူ၏ဦးခေါင်းတစ်ခုလုံးမှာ မှုးဝေးသွားပြီး မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်ရှိသော လူများသည် သူ၏ အဖော်ခံလိုက်ရသည်ကို တွေ့မြင်လိုက်ရသဖြင့် သူတို့သည် ဝူးရားအား စိုင်းရံ တိုက်ခိုက်လိုက်လေသည်။

ဝူးရားအသံ ကျယ်လောင်စွာ အော်ဟစ်ပြီး ပြန်ပြည် တိုက်ခိုက်လိုက်သည်။

'ခေါင်းကို သတိထား'

သူမသည် လူတစ်ယောက်၏ ဦးခေါင်းကို ထုချလိုက်သည်။

'နောက်ကျောကို သတိထား'

သူမသည် လူတစ်ယောက် နောက်ကျောသို့ လက်သီးဖြင့် ထိုးသွင်းလိုက်လေသည်။

'ရင်ဝကို သတိထား'

ဝူးရားသည် လူတစ်ယောက်၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

'ဝုန်း'

ထိုလူ သုံးယောက်သည် ရှေ့ဆင့်နောက်ဆင့် လဲကျသွားလေသည်။ ကျန်ရှိသောလူများသည် ဝူးရား၏ ပြင်းထန်သော လက်သီးချက်ကို ကြောက်ရွံ့ကြသဖြင့် ရှေ့သို့မတိုးဝံ့ပဲ ဖြစ်ကုန်ကြလေသည်။

* * *



ရှောင်ပေရှုံသည် ခါးဆောက်၍ အောက်အေးစက်ဖြင့်ကြည့်လိုက်သည်။

'မင်းက ဘယ်သူလဲ'

ဝူးရားကလည်း ခါးဆောက်လိုက်သည်။

'ဝူးရား'

ရှောင်ပေရှုံက ရယ်မောလိုက်သည်။

'ဟုတ်ပြီ၊ မင်းက ကျီးကန်းဖြစ်နေတာကိုး'

ဝူးရားက မဲ့ပြုံး ပြုံးလိုက်သည်။

'ရှင်က လိုက်မိုက် ရှောင်ပေရှုံ ဟုတ်လား'

ရှောင်ပေရှုံက မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်နာမည်ကိုတောင် သိထားပြီးမှကိုး'

သူသည် ဝူးရားအား စိုက်ကြည့်လိုက်သည်။

'သိုင်းပညာ မတောက်တခေါက် တတ်ထားလို့ သိပ်ပြီး မကြီးကျယ်စမ်းပါနဲ့'

ဝူးရားက....

'ရှင်က သိုင်းပညာ တတ်တယ်ဆိုတာလဲ ကျွန်မသိထားပြီးပါပြီ'

ရှောင်ပေရှုံက ရယ်မောလိုက်သည်။

'သေချာတာပေါ့၊ ဒါကြောင့် ငါနဲ့တွေ့တဲ့အခါမှာ မျက်လုံးကန်းတဲ့ ကျီးကန်းဖြစ်သွားနိုင်တယ်'

ဝူးရားက မဲ့ပြုံး ပြုံးလိုက်လေသည်။

'ကျွန်မနဲ့တွေ့ရင် ရှင်က မျောက်စုတ်မျောက်နာ ဖြစ်သွားနိုင်တယ်'

ရှောင်ပေရုံက....

'ကြည့်ကြသေးတာပေါ့'

ဝူးရားက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'ရင်ဘတ်ကို သတိထား'

သူမကပြောပြီး လက်သီးတစ်လုံးသည် ရှောင်ပေရုံ၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ရှောင်ပေရုံက ရှောင်တိမ်း နိုင်ခဲ့လေသည်။ ဝူးရားသည် တိုက်ခိုက်လိုက်သည်။

သူမ၏လက်သီးများသည် မိုးသီးမိုးပေါက်ပမာ ရှောင်ပေရုံ၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

သို့သော် သူမမှာ မဖျောက်ဖျက်နိုင်သော အကျင့်တစ်ခုရှိ၏။ ယင်းအကျင့်မှာ ရန်သူနှင့် တိုက်ခိုက်လာသောအခါ သူမတိုက်ခိုက်မည့်နေရာကို ကြိုတင် ပြောပြလိုက်ခြင်း ဖြစ်လေသည်။

သို့သော် သူမသည် ကြိုတင်ပြောဆိုပြီးမှ တိုက်ခိုက်သည့်တိုင်အောင် ရှောင်ပေရုံက ကြိုးစား၍ ရှောင်တိမ်း ခုံနေရလေသည်။

သိုင်းကွက် ဆယ်ကွက်ခန့် ယှဉ်ပြိုင်လာသောအခါ ရှောင်ပေရုံသည် သူ၏မျောက်သိုင်းကို အသုံးပြုလိုက်ရလေသည်။

သူ၏ကြီးမားသော ခန္ဓာကိုယ်သည် ရုတ်တရက်ပုလိုက်ပြီး လက်နှစ်ဘက်နှင့် ခြေနှစ်ဘက်မှာလည်း ကွေးလိုက်လေသည်။

ထို့နောက် ခုန်ပေါက်ကျော်လွှားကာ ဝူးရားအား ပတ်ချာလှည့်၍ တိုက်ခိုက်လိုက်၏။

ဝူးရားက ဖို၍တိုက်ရင်း....



'မျောက်စုတ်မျောက်နာ မင်းရဲ့မျောက်သိုင်းကို အစွမ်းကုန်ထုတ်ပြစမ်းပါ'

ရှောင်ပေရုံသည် သူမအနီးသို့ မချဉ်းကပ်ဝံ့ပဲ သူမ၏ရှေ့နောက် ဝဲယာသို့ လှည့်ပတ်ပြီး တချက်တချက် လက်သည်းများဖြင့် ကုတ်လိုက်သည်။

တချက်ချက် သူမ၏ ခေါင်းပေါ်မှ ကျွမ်းထိုး၍ကျော်ဖြတ်သွားလေသည်။

ဝူးရားသည် စိတ်မရှည်နိုင်ပဲ ဖို၍ တိုက်ခိုက်လိုက်သည်။ ရှောင်ပေရုံမှာမူ ဝူးရား တိုက်ခိုက်လာသည်ကို နောက်ဆုတ်၍ ရှောင်တိမ်းလိုက်သည်။

ဝူးရားက ရပ်နားနေသောအခါ သူသည် ဝူးရား၏ရှေ့နောက်ဝဲယာသို့ လှည့်ပတ်၍ တိုက်ခိုက်လိုက်ပြန်သည်။

ဝူးရားသည် ယင်းကဲ့သို့ ရင်ဆိုင်တိုက်ခိုက်ခဲ့ရာ အချိန်ကြာလာသောအခါ သူမသည် မျက်လုံးပြာလာပြီး ဦးခေါင်းတစ်ခုလုံး မူးနောက်နောက်ဖြစ်လာလေသည်။

ရှောင်ပေရုံမှာမူ သူမ၏ ရှေ့နောက်ဝဲယာတွင် ခုန်ပေါက်လှည့်ပတ်နေ၏။

နောက်ထပ်သိုင်းကွက်(၁၀)ကွက်ခန့် ယှဉ်ပြိုင်ပြီးသောအခါ ရှောင်ပေရုံ၏ လက်ချောင်းကလေးများသည် ပို၍ လျင်မြန်လာလေသည်။

သူ၏ ချွန်ထက်သော လက်သည်းများသည် ဝူးရား၏မျက်နှာပေါ်သို့ လျင်မြန်စွာ ကုတ်ဖဲ့လာလေသည်။

ယခု ဝူးရားသည် တဖြည်းဖြည်း အရေးနိမ့်လာလေသည်။ ရှောင်ပေရုံ၏ လက်ချောင်း(၁၀)ချောင်းသည် ဝူးရား၏မျက်လုံးနှစ်လုံးကို မူတည်၍ တိုက်ခိုက်လာသည်။

သူမသည် ထိတ်လန့်တုန်လှုပ်စွာ ရှောင်တိမ်းလိုက်ရသည်။ သူမ၏ မျက်လုံးအစုံကို မထိခိုက်မိသော်လည်း သူမ၏ ပါးပြင်နှစ်ဖက်စလုံးမှာ ရှောင်ပေရုံ၏ချွန်ထက်သော လက်သည်းကြောင့် သွေးများ အကြောင်းလိုက် စိမ့်ထွက်လာလေသည်။

ဝူးရားသည် ပို၍ စိတ်တိုလာသည်။ ယင်းကဲ့သို့ စိတ်တိုလာသောကြောင့် သူမအဖို့ ဟာကွက်များစွာ ဖြစ်ပေါ်လာလေတော့သည်။

ရှောင်ပေရုံအဖို့ တိုက်ခိုက်ရန် အခွင့်အလမ်းများစွာ ရရှိလာလေသည်။ ဝူးရားသည် မောဟိုက်လာသည်။

ဦးခေါင်းမူးနောက်နောက်ဖြစ်လာသည်။ သူမ၏ မျက်လုံးအစုံသည် ရှောင်ပေရုံ၏ လှုပ်ရှားနေသော ခန္ဓာကိုယ်မှာ ရှေ့နောက် ဝဲယာတွင် လှုပ်ရှားနေသည်ကို တွေ့ရှိရသေသည်။

ရုတ်တရက် ရှောင်ပေရုံ၏ လက်(၅)ချောင်းသည် ဝူးရား၏ ရင်ဝသို့ ဖမ်းဆုပ်လိုက်လေသည်။

ဝူးရားက လက်ဖြင့် ကမန်းကတန်း တားပေးလိုက်သည်။ ရှောင်ပေရုံ၏ ညာလက်မှာ ချွန်ထက်သော လက်သည်းများသည် ဝူးရား၏ မျက်လုံးအစုံရှိရာသို့ ထိုးစိုက်လိုက်လေသည်။

ဝူးရားသည် ခုခံရန်ပင် အချိန်မရတော့ပါ။

'အား....'



သူမသည် နောက်သို့ ပက်လက်လန် လဲကျသွားလေသည်။ အဝတ်ဖွပ်နေသော မိန်းကလေးသည် မိမိ၏ ဘက်တော်သားရှုံးနိမ့်သွားသည်ကို တွေ့မြင်ရသောအခါ လေ၏ အဟုန်ဖြင့် ပြေးလွှား ထွက်ခွာသွားသည်။

အချင်းမှာမူ ကြောင်အမ်းအမ်းဖြင့် ငေးငိုင်နေလေသည်။

* * *

ရှောင်ပေရုံ၏ ချွန်ထက်သော လက်သည်းနှစ်ခုသည် ဝူးရား၏ မျက်လုံးနှစ်လုံးသို့ ထိုးစိုက်လိုက်လေသည်။

ဝူးရားက ခုခံရန်ပင် အချိန်မရလိုက်တော့ပါ။ သူသည် ရုတ်တရက် အကြံရရှိလာပြီး နောက်သို့ တည့်မတ်စွာလှည့်ကြည့်လိုက်ရာ ရှောင်ပေရုံ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့လေသည်။

သူမသည် မြေပေါ်သို့ လိမ့်၍ ပြန်လည် ထခုန်လိုက်သည်။ ရှောင်ပေရုံက ထပ်မံ ခုန်အုပ်လိုက်သည်။

သူ၏ ချွန်ထက်သော လက်သည်းများသည် ဝူးရား၏မျက်နှာပေါ်သို့ ဦးတည်၍ တိုက်ခိုက်နေ၏။

ဝူးရားက ဘယ်လက်ဖြင့် မျက်လုံးနှင့် မျက်နှာကို ကာကွယ်ထားသည်။

သူမသည် ညာဘက်လက်ဖြင့် ရှောင်ပေရုံ၏ရင်ဝသို့ တိုက်ခိုက်လိုက်လေသည်။

ဤကဲ့သို့ တိုက်ခိုက်ပုံမျိုးသည် တစ်မျိုးထူးဆန်းနေသဖြင့် ရှောင်ပေရှံက ရုတ်တရက် အံ့သြသွားသည်။

သူတို့နှစ်ယောက်သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေရလေသည်။

* * *

တိုက်ပွဲသည် အလွန်ပြင်းထန်သည်။ သို့သော် မည်သူကမှ အသာစီးမရဘဲ ဖြစ်နေ၏။

ရှောင်ပေရှံသည် ဝူးရားကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော်လည်း ဝူးရားမှာ လုံးဝ အရှုံးမပေးဘဲ တင်းခံနေသည်ကို တွေ့ရသောအခါ သူသည် တိုးတောင်းသောအချိန်တွင် ဝူးရားအနိုင်ရဖို့ရန် မလွယ်မှန်း သိလိုက်လေသည်။

ထို့ပြင် ဝူးရားက ရောက်လာလျှင် ယင်းဖုံးလည်း ပါလာလိမ့်မည်ဟု ယုံကြည်လေသည်။

ထို့ကြောင့် အချိန်ကြာစွာ ဆွဲ၍ တိုက်ခိုက်ရန် မသင့်ဟု တွေးလိုက်မိလေသည်။

'ရှီး...'

သူသည် သူ၏ အဖော်များကို လေချွန်၍ အချက်ပြလိုက်သည်။ နောက်ဆုတ်ရန် အချက်ပြလိုက်ခြင်း ဖြစ်သည်။



သူသည် ယင်းသို့ လေချွန်ပြီးနောက် ဆက်လက် တိုက်ခိုက်ခြင်းမပြုတော့ဘဲ သူ၏ အဖော်များနှင့်အတူ ပြေးလွှားထွက်ခွာသွားလေသည်။

ဝူးရားက ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိ၏။ ထိုအချိန်မှာပင် ယင်းဖုံးတစ်ယောက် ချောင်း၏ တစ်ဖက်၌ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

'ရွှေပြည်စိုး'

ဝူးရားသည် ယင်းဖုံး၏ လျှို့ဝှက်သင်္ကေတကို နှုတ်ကျိုးနေသဖြင့် ယင်းကဲ့သို့ အမှတ်မထင် အော်ခေါ်လိုက်ခြင်းဖြစ်လေသည်။

သူမသည် ယင်းသို့ အော်ခေါ်လိုက်ပြီးမှ ချက်ချင်းပင် သတိရလာလေသည်။

'ယင်းဖုံး'

သူမသည် ပြင်၍ ခေါ်လိုက်ရလေသည်။ ယင်းဖုံးက ဝူးရားအား တွေ့မြင်သွားလေသည်။

သူမသည် ဝဲယာသို့ တစ်ချက် ကြည့်လိုက်သည်။ အနီးတစ်ဝိုက်တွင် လူသူတစ်ယောက်ကိုမှ မတွေ့ရပါ။

သူမသည် ကိုယ်ဖော့ပညာကို အသုံးပြုပြီး ချောင်းကလေးကို ဖြတ်ကျော်၍ ခုန်လွှားလိုက်သည်။

သူမသည် ချုံပုတ်ထဲမှ တွေ့ရှိနေရသော ခြေရာအတိုင်း လိုက်လာခြင်း ဖြစ်သည်။

ယင်းခြေရာသည် တောင်ပိုင်းရွာ၏ ဘုံကျောင်းကို ပတ်ကာ ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ဝူးရားက သူမအား ကြိုဆိုလိုက်သည်။

'ရွှေ…ခြေ…ယင်းဖုံး၊ ကျွန်မ ပြောပြရဦးမယ်'

ယင်းဖုံးက….

'ဘာများလဲ'

ဝူးရားက….

'ခုနကပဲ ကျွန်တော်နဲ့ ရှောင်ပေရှုံနဲ့ တိုက်ခိုက်ခဲ့သေးတယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဘယ်သူက နိုင်သလဲ'

ဝူးရားက….

'သူထွက်ပြေးသွားပါတယ်၊ ဒါပေမယ့် သူ့ရဲ့ မျောက်သိုင်းက တကယ်ပဲ ကြောက်စရာကောင်းတယ်၊ ကံကောင်းလို့သာ ကျွန်မ မျက်လုံးပေါက်မသွားတာ'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

'သူ ထွက်ပြေးတာ တော်တော်ကြာပြီလား'

ဝူးရားက….

'မကြာသေးပါဘူး၊ လိုက်သွားရမလား'

ယင်းဖုံးက လက်ကာပြလိုက်သည်။

'နေပါစေကွယ်'



သူမသည် ဝူးရား၏ မျက်နှာနှင့်လက်ဖမိုးမှ သွေးကြောင်းများကို ကြည့်လိုက်သည်။

'ရှောင်ပေရှုံရဲ့ လက်သည်းက ကုတ်မိသွားတယ်ထင်တယ်'

ဝူးရားက ခေါင်းညိတ်လိုက်သည်။ ယင်းဖုံးသည် အိတ်ထဲမှ ပါလာသော ကြေးဘူးတစ်ခုကို လှမ်းယူလိုက်ပြီး ဒဏ်ရာများကို ဆေးကုလိုက်သည်။

'ကဲ….တို့ ပြန်ကြရအောင်'

သူမတို့သည် လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

* * *

ယင်းဖုံးသည် ခေါင်းငုံ့၍ လှမ်းလျှောက်ရင်း အမှုသွားအမှုလာများကို သေချာစွာ စဉ်းစားနေ၏။

သို့သော် ယခု ဖြစ်ပျက်နေသော အမှုသည် ရှုပ်ထွေးနေသော ချည်ခင်တစ်ခုပမာ အစရှာမရဘဲ ဖြစ်နေ၏။

သူမသည် လမ်းတစ်လျှောက်လုံး စဉ်းစားရင်း ရဲတိုက်ကြီး
7 ရှိရာသို့ ရောက်လာလေသည်။

သူမတို့သည် ရဲတိုက်သို့ ပြန်လည် ရောက်ရှိလာသောအခါ မှောင်စပြုလာပြီး ဖြစ်လေသည်။

* * *

ထိုည....

ယင်းဖုံးတို့သည် ရဲတိုက်ထဲ၌ အိပ်နားကြလေသည်။ ယင်းဖုံး၊ ဝူးရားနှင့် အချင်းတို့သည် ဧည့်ခန်းထဲ၌ အိပ်ကြလေသည်။

ဌာနမှူးကိုထန်၊ အာဏာသား ဝတုတ်နှင့် ကျန်ရှိသော အာဏာသား(၃)ယောက်တို့သည် ရဲတိုက်၏ အရှေ့ဘက်ရှိ စာဖတ်ခန်း၌ အိပ်ကြရလေသည်။

ဌာနမှူးကိုထန်သည် တံခါးနှင့် ပြတင်းပေါက်များကို ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးပြီး သေချာစွာ ပိတ်ထားလိုက်လေ၏။

အသံများကလွဲ၍ မည်သူကမျှ ယင်းအခန်းထဲသို့ လာနိုင်မည် မဟုတ်ပါ။ ထို့ပြင် အာဏာသား (၃)ယောက်တို့သည် ခေါ်ကို အသင့်ကိုင်လျက် အလှည့်ကျ ကင်းစောင့်နေ၏။

နောက်တစ်နေ့နံနက် သူတို့သည် အိပ်ရာမှ နိုးလာကြလေသည်။ သူတို့သည် မိမိတို့မှာ ဘေးမသီ ရန်မခဘဲ အသက်ရှင်လျက် ရှိနေသည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။



ဌာနမှူး ကိုထန်က မျက်မှောင်ကြုတ်သွားသည်။

'ငါတို့ဘက်မှာတော့ အေးအေးချမ်းချမ်းပါပဲ၊ ယင်းဖုံးဘက်ကကော အေးချမ်းမှု ရှိပါသလား'

သူသည် ယင်းသို့ စဉ်းစားနေစဉ်မှာပင် ဧည့်ခန်း၏ ပြတင်းပေါက်တံခါးအားလုံး ဖွင့်ထားသည်ကို တွေ့မြင်လိုက်ရလေ၏။

ယင်းဖုံးတို့(၃)ယောက်မှာလည်း ဘေးကင်းစွာ ရှိနေကြသည်ကို တွေ့ရှိရလေသည်။

သူတို့သည် မျက်နှာသစ် အဝတ်အစားများ ပြန်လည် ဝတ်စားပြီးနောက် နံနက်စာ စားရန် ကျွားကြီး၏ ဇနီးဖြစ်သော အာလျှံနံးက အသင့်ပြင်ထားလေသည်။

သူမက နံနက်စာ စားသောက်ရန် ဖိတ်ကြားလိုက်လေသည်။ ကိုထန်နှင့် သူ့လူစုများ ထမင်းစား စားပွဲရှိရာသို့ ရောက်ရှိလာသောအခါ ယင်းဖုံးတို့လူစုလည်း ရောက်ရှိလာကြလေသည်။

သူတို့သည် နံနက်စာကို စားသောက်ရင်း ကိုထန်က အာလျှံနံးကို မေးလိုက်သည်။

'မင်း ယောကျ်ား အိမ်မှာ ရှိသလား'

အာလျှံနံးက....

'သူပြန်မရောက်သေးပါဘူး'

အာဏာသား ဝတုတ်က....

'သူ တစ်ညလုံး ပြန်မလာသေးဘူး ဟုတ်လား'

အာလျှံနံးက....

'သူမနေ့တုန်းက ထွက်သွားပြီး အခုထိ ပြန်မရောက်သေးပါဘူးရှင်'

ကိုထန်က မဲ့ပြုံးပြုံးလိုက်သည်။

'ဒါကြောင့် ငါတို့လူစု တစ်ညလုံး အေးမသိရန်မခတဲ့ အေး
အေးဆေးဆေး အိပ်ပျော်နေတာကိုး'

သူသည် ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်လိုက်သည်။

'အိပ်လို့ကောင်းလိုက်တာ၊ နေတောင် တော်တော် မြင့်လာ
တယ်'

သူသည် ယင်းဖုံးအား ပြုံးပြလိုက်သည်။

'သူ ဘယ်တော့မှ ပြန်မလာတော့ဘူး ထင်တယ်'

ယင်းဖုံးက....

'သူပြန်လာလိမ့်မယ်လို့ ကျွန်မ ယုံကြည်တယ်'

အာဏာသား ဝတုတ်က....

'ပြောလို့ ပြောတာမဟုတ်ဘူး၊ ကျပ်ကသာ သူ့နေရာမှာသာ
ဆိုရင် ပြန်လာတော့မှာ မဟုတ်ဘူး'

ကိုထန်က ခေါင်းညိတ်လိုက်သည်။

'သူပြန်လာရင် အဖမ်းခံရမှာသိလို့ ဘယ်ပြန်လာတော့မှာလဲ'

သူတို့သည် တစ်ယောက်တစ်ခွန်း ဝေဖန် ပြောဆို နေကြလေ
သည်။ ယင်းဖုံးမှာမူ ပါးစပ်ပိတ် ဆိတ်ဆိတ်နေလိုက်လေသည်။

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားလေသည်။ နေဝန်း
သည် တဖြည်းဖြည်း ရွေ့လျားနေလေသည်။

မွန်းတည့်ချိန် ရောက်ရန် အနည်းငယ်မျှသာ လိုတော့သည်။
ကိုထန်က ခေါင်းခါယမ်းလိုက်သည်။

'ကျားကြီးတော့ ပြန်မလာတာ သေချာသွားပါပြီ'

ယင်းဖုံးက....



'မွန်းတည့်ချိန်မှ မရောက်သေးဘဲ သူ အချိန်မီ ရောက်လာ
မှာပေါ့'

ကိုထန်က မဲ့ပြုံးပြုံးလိုက်သည်။

'အေးပေါ့ဗျာ၊ စောင့်ကြည့်ကြသေးတာပေါ့'

ဤသို့ဖြင့် မွန်းတည့်ချိန်ပင် ရောက်ရှိလာလေသည်။ ကျားကြီး
သည် ပြန်မရောက်သေးပါ။

ကိုထန်က ယင်းဖုံးအား ကြည့်ကာ မဲ့ပြုံးပြုံးနေ၏။ မွန်းတည့်
ချိန်ပင် လွန်ခဲ့လေသည်။

ကျားကြီးက ရောက်မလာသေးပါ။ ကိုထန်က လှောင်ပြောင်
ပြောဆိုလာလေသည်။

'လောကပေါ်မှာ ရိုးသားဖြောင့်မတ်တဲ့လူဆိုလို့ သင်္ချိုင်း
မှာပဲ ရှိတယ်'

ယင်းဖုံးက ပါးစပ်ပိတ်ထားလိုက်သည်။ နေအတော် စောင်း
သွားပြီဖြစ်သည်။ ကျားကြီးသည် အရိပ်အယောင်ပင် မတွေ့ရပါ။

ကိုထန်က ထိုင်ရာမှ ထလိုက်သည်။ သူသည် ယင်းဖုံးအား
မဲ့ပြုံးပြုံးပြလိုက်လေသည်။

'ဘယ်လိုလဲ၊ သူပြန်လာလိမ့်မယ်လို့ ခင်ဗျားက ယုံကြည်တုန်း
ပဲလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'သူပြန်လာမယ်လို့ ကျွန်မယုံကြည်ပါတယ်'

'ဟား....ဟား....ဟား'

ကိုထန်က အားရပါးရ ရယ်မောလိုက်သည်။

'အချိန်တောင် အတော် လွန်သွားပြီ၊ အဲဒါတောင် ခင်ဗျား က စောင့်မျှော်နေသေးတယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'သူ့မှာ အကြောင်းတစ်ခုကြောင့် အချိန်နောက်ကျသွား တာ ဖြစ်ရမယ်၊ ဒါပေမယ့် သူပြန်လာမှာတော့ သေချာတယ်လို့ ကျွန်မပြောရဲတယ်'

ကိုထန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ယင်းဖုံး ခင်ဗျားအတွက် ကျုပ်တော့ ရင်လေးမိပါတယ်ဗျာ'

ယင်းဖုံးက....

'ဘာဖြစ်လို့လဲ'

ကိုထန်က....

'အခုဆိုရင် ခင်ဗျားက အပြစ်ကြီးနေတဲ့ တရားခံ တစ်ယောက် ကို လွှတ်လိုက်တဲ့အတွက် အထက်ကသိရင် ခင်ဗျားအဖို့ မလွယ် ဘူး ထင်တယ်'

'ဒီအမှုဟာ ရှင်တို့တွေထင်သလို ဖြစ်ချင်မှ ဖြစ်မယ်၊ ကျွန်မ အနေနဲ့ ပြောရရင် ဒီအမှုဟာ သာမန်အမှုလို ကိုင်တွယ်လို့ မဖြစ်ဘူး'

ကိုထန် မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဆိုလိုတာက ကျားကြီးဟာ လူသတ်ကောင် လက်မည်းကြီး မဟုတ်ဘူးလို့ ပြောချင်တာလား'

ယင်းဖုံးက....

'သူက လက်မည်းကြီး လူသတ်မှုရဲ့ တရားခံဖြစ်ချင်လဲ ဖြစ်မယ် မဖြစ်ချင်လဲ မဖြစ်ဘူး'



ကိုထန်က....

'အမှန်တော့ ကျုပ်တို့က သူ့ကိုဖမ်းပြီး လက်အိတ်ချွတ်ကြည့် လိုက်ရင် သူဟာ လက်မည်းကြီး လူသတ်ကောင် ဟုတ်မဟုတ် ဆိုတာ သိရမှာပေါ့ အခုတော့'

သူ၏ စကားမဆုံးမီမှာပင် လူတစ်ယောက်သည် ဧည့်ခန်း၏ တံခါးဝ၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ကျုပ် ပြန်ရောက်လာပါပြီ ခင်ဗျာ'

ကျားကြီး၏ အသံပင် ဖြစ်ပေသည်။ အားလုံးသော လူများ သည် သူ့အား လှည့်ကြည့်ကြလေသည်။

ကျားကြီးက ဦးညွှတ်လိုက်သည်။

'အားနာပါတယ်၊ ယင်းဖုံး ကျုပ် အချိန်မီ ပြန်ရောက် မလာနိုင်တာကို ခွင့်လွှတ်ပါခင်ဗျာ'

ကိုထန်က ပြုံးလိုက်သည်။

'အထဲဝင်ခဲ့ပါ၊ ခင်ဗျားနဲ့ ဆွေးနွေးစရာရှိပါတယ်'

'ဟုတ်ကဲ့'

ကျားကြီးသည် တည်ငြိမ်စွာဖြင့် ဧည့်ခန်းထဲသို့ လှမ်းဝင် လိုက်သည်

ကိုထန်သည် သူ၏ အာဏာသားများကို အချက်ပြလိုက် သည်။ အာဏာသား၏ ခေါ်း(၃)လက်သည် ကျားကြီးအား ချိန်ရွယ်ထားလိုက်လေသည်။

ယင်းဖုံးသည် ကျားကြီးအား သေချာစွာ အကဲခတ်ကြည့် လိုက်သည်။ ကျားကြီး၏ မျက်နှာသည် ညိုးနွမ်းနေ၏။

သူ၏ တကိုယ်လုံးမှာ ဖုန်အလိမ်းလိမ်းဖြင့် ဝေးလံသော ခရီးမှ ပြန်လည်ရောက်ရှိလာပုံပမာ ခြေလှမ်းများပင် အနည်းငယ် ယိမ်းယိုင်နေသည်ကို တွေ့ရသည်။

တစ်နည်းဆိုရလျှင် ကျားကြီးသည် ပြင်းထန်သော တိုက်ပွဲ တစ်ခု ဆင်နွှဲပြီး ပြန်လည် ရောက်ရှိလာသော စစ်သည်တော်ပမာ မောပန်းနေ၏။

ထို့အပြင် သူ၏ မျက်နှာပေါ်တွင် ဝူးရားကဲ့သို့ လက်သည်း ခြစ်ရာများကို တွေ့ရှိလိုက်ရသေးသည်။

အာဏာသား ဝတုတ်ကလည်း ကျားကြီးအား အတန်ကြာ အကဲခတ်နေ၏။

သူသည် တစ်စုံတစ်ခု သဘောပေါက်လာပြီး ကိုထန်အနီးသို့ လျှောက်သွားလေသည်။ သူသည် ကိုထန်၏ အနားသို့ ကပ်၍ အသံတိုးတိုးဖြင့်....

'ဌာနမှူး ခင်ဗျား ကျားကြီးရဲ့ မျက်နှာ ကြည့်လိုက်ပါ၊ ဒဏ်ရာ တွေ့ရတယ် မဟုတ်လား'

ကိုထန်က ခေါင်းညိတ်လိုက်သည်။

'ငါတွေ့ပါတယ်'

ဝတုတ်က....

'သူက ဒဏ်ရာ ရတယ်ဆိုတော့ သူဟာ ကြောက်စရာကောင်း တဲ့လူတစ်ယောက် မဟုတ်တော့ဘူး၊ ဒါကို ဌာနမှူးက သဘော ပေါက်တယ် မဟုတ်လား'

ကိုထန်က ဝမ်းသာသွားလေသည်။



'အေး-ဟုတ်တယ်၊ ဒါဖြင့် ငါတို့က သူ့ကို ကြောက်စရာ မလိုတော့ပါဘူး'

ဝတုတ်က....

'သူ ဘယ်ကို သွားသလဲလို့ ခင်ဗျားယူဆသလဲ'

ကိုထန်က....

'မဟုတ်မှ လွဲရော သူက ရှောင်ပေရုံနဲ့ သွားပြီး ဆက်သွယ် တာနဲ့ တူတယ်၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် သဘော မတိုက်ဆိုင်တာနဲ့ ရန်ဖြစ်ကြလို့ ရှောင်ပေရုံက သူ့ရဲ့ မျက်နှာကို ကုတ်ခြစ်လိုက်တာ ဖြစ်မှာပေါ့'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဌာနမှူးရဲ့ ယူဆချက်ဟာ ကျွန်တော့်ရဲ့ သဘောနဲ့ တစ်ထပ် တည်း ဖြစ်နေပါတယ်'

သူတို့နှစ်ယောက်သည် တိုးတိုး ဝေဖန် ပြောဆိုနေစဉ် ယင်းဖုံးက ကျားကြီးနှင့် အမေးအဖြေလုပ်နေ၏။

'ဒါနဲ့ ကျားကြီး၊ ရှင်တစ်ယောက်တည်းပဲ ပြန်လာသလား၊ ဒါမှမဟုတ်ရင် ဖန်ကြည်ကြည်နဲ့ ရှမ်းရှမ်းကို တစ်ခါတည်းကယ်ခဲ့ သလား'

ကျားကြီး၏ မျက်နှာတစ်ခုလုံး ဝမ်းနည်းကြေကွဲသည့် အရိပ် အယောင် ပေါ်လာသည်။

'ဝမ်းနည်းပါတယ်၊ ကျုပ်တစ်ယောက်တည်းပဲ အရှုံးပေးပြီး ပြန်လာတာပါ'

ကိုထန်က နှာခေါင်းရှုံ့လိုက်သည်။ ယင်းဖုံးက သူ့အား လှည့်မကြည့်ပါ။ သူမသည် ကျားကြီးအား ကြည့်နေ၏။

'ဒါဖြင့် သူတို့နှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာ ကျွန်မ့ကို ပြောပြပါ'

ကျားကြီးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ပြောမပြနိုင်ပါဘူး'

ယင်းဖုံးက....

'ဘာဖြစ်လို့လဲ'

ကျားကြီးက....

'သူတို့နှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာ ကျုပ် မသိလို့ပါဗျာ'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် ရှင်က သူတို့ကို ဘယ်လိုက်ရှာနေတာလဲ'

ကျားကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်စိတ်ထဲမှာ ရှိနိုင်တယ်လို့ ထင်နိုင်တဲ့ နေရာကိုသွားပြီး ရှာကြည့်ပါတယ်၊ ဒါပေမယ့် မတွေ့ခဲ့ပါဘူး'

'ဟား ဟား ဟား'

ကိုထန်က ရယ်မောလိုက်သည်။

'ဒီမှာ ကျားကြီး၊ မင်းဟာ အိမ်တော်ထိန်းလုပ်ဖို့မကောင်းဘူး၊ ဒီလောက် ဟန်မူရာကောင်းပြီး ဘာကြောင့် ပွဲမကတာလဲ'

ကျားကြီးသည် ကိုထန့်အား တစ်ချက် ကြည့်လိုက်သည်။ သို့သော် ဖြေရှင်းခြင်း မရှိပါ။ ကိုထန်က မဲ့ပြုံး ပြုံးလိုက်လေသည်။

'လက်ရှိဖြစ်ပေါ်နေတဲ့ အမှုဟာ ခင်ဗျားနဲ့ ရှောင်ပေရဲ့ နှစ်ယောက်တည်းသာသိသယဖြစ်စရာကောင်းနေတာ၊ ဒါပေမယ့်



ရှောင်ပေရဲ့ဟာ ခင်ဗျားလို လက်အိတ်စွပ်ထားတဲ့ လက်မရှိတော့ သူ့ဘက်ကတော့ ရှင်းပါတယ်'

ကျားကြီးက ပါးစပ်ပိတ်ထားလိုက်သည်။ ကိုထန်သည် ကျားကြီးအား စိုက်ကြည့်လိုက်သည်။

'မင်းက အပြစ်မရှိဘူးဆိုရင် မင်းရဲ့ လက်အိတ်ကို ချွတ်ပြီး ရဲရဲဝံ့ဝံ့ပြလိုက်ပါလား'

အိမ်တော်ထိန်း ကျားကြီးသည် ကိုထန်၏ စကားကို မမှုဘဲ ယင်းဖုံးအား အရိုအသေပြုလိုက်သည်။

'ရှမ်းရှမ်းနဲ့ သခင်မလေးတို့ရဲ့အသက်အန္တရာယ်မဖြစ်ဖို့အတွက် ကျုပ်ကို (၃)ရက်လောက် အချိန်ထပ်ပေးပါလို့ တောင်းပန်ချင်ပါတယ်'

ဝတုတ်က ခေါင်းခါယမ်းလိုက်သည်။

'ဒီမှာ ကျားကြီး၊ ခင်ဗျားက ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို အကာအကွယ်ယူပြီး ကျုပ်တို့ကို အကျပ်ကိုင်လို့ ရမယ် မထင်နဲ့'

ကျားကြီးက ပါးစပ်ပိတ်ထားလိုက်သည်။ ကိုထန်က မှကျော မနပ်ဖြင့် ကျားကြီးအား စိုက်ကြည့်လိုက်သည်။

'မင်းက တဆိတ်ရှိ ယင်းဖုံးကိုပဲ လူထင်ပြီး စကားပြောနေတာ၊ ငါ့ကို တော်တော်အထင်သေးတယ်ပေါ့ ဟုတ်လား'

သူသည် ပြောရင်း ဒေါသကြီးလာသဖြင့် စားပွဲကိုလက်ဖြင့် ပုတ်လိုက်လေသည်။

'ယင်းဖုံးနဲ့ ငါနဲ့ ဘယ်သူက ပိုပြီး အာဏာရှိတယ်ဆိုတာ မင်း မသိဘူးလား'

'ခင်ဗျားဟာ အာဏာပိုရှိမှန်းလဲ ကျုပ် သိထားပါတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားနဲ့ စကားမပြောချင်ဘူးဗျ'

'ဘာကွ....'

ကိုထန်က ဒေါသခြောင်းခြောင်းထွက်လာလေသည်။

'ကျုပ်က မင်းကို စကားပြောချင်နေတယ်များ မှတ်နေသလား၊ ရှင်းရှင်းပြောရရင် ကျုပ်က ဌာနမှူး၊ မင်းက တရားခံ၊ ဒါပဲ'

'ဒီမှာ ကျားကြီး'

ယင်းဖုံးက လေသံအေးအေးဖြင့်....

'ဖန်ကြည်ကြည်နဲ့ ရှမ်းရှမ်းတို့ဟာ ဘယ်မှာရှိတယ်လို့ ရှင်က ထင်ထားသလဲ၊ အဲဒီနေရာကို ကျွန်မကို ပြောပြပါလား'

ကျားကြီးက ...

'ကျုပ် ပြောပြချင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ပြောမဖြစ်လို့ပါ၊ နောက်ပြီး ခင်ဗျားကို ကျုပ်က လေးစားတဲ့အတွက် လိမ်လဲ မလိမ်ချင်ပါဘူး'

ဝတုတ်က ရယ်မောလိုက်သည်။

'ယင်းဖုံး၊ သူက ခင်ဗျားကို မြှောက်ပင့်ပြောနေတာ၊ ခင်ဗျား သတိထား'

ယင်းဖုံးသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။ ထိုအချိန် ကိုထန်က ကျားကြီးထံသို့ ချဉ်းကပ်လာလေသည်။

'ဒီမှာ ကျားကြီး၊ မင်းရဲ့ လက်အိတ်ကို ချွတ်ပြမလား၊ ကျုပ်တို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ချွတ်ရမလား ပြောပါ'

'ဟား ဟား ဟား'



ကျားကြီးက ရယ်မောလိုက်လေသည်။

'ဘာလဲ၊ ခင်ဗျားက ကျုပ်ကို အနိုင်ကျင့်မလို့လား'

ကိုထန်က မဲ့ပြုံး ပြုံးလိုက်လေသည်။

'ပထမတုန်းကတော့ မင်းဟာ အောက်လမ်းပညာတတ်တယ်လို့ အထင်ကြီးပြီး သည်းခံခဲ့တာ၊ အခုတော့ မင်းက သာမန်လူတစ်ယောက်လို ဒဏ်ရာရခဲ့တယ်ဆိုတော့....'

သူသည် ဓားကို ထုတ်လိုက်သည်။

'ငါ့ရဲ့ အမိန့်ကို ဖီဆန်ရင် မင်းကို ဓားနဲ့ ခုတ်ရမှာပဲ'

ကျားကြီးက ရင်ကော့လိုက်သည်။

'ခင်ဗျားက ကျုပ်ကို သတ်ချင်တယ်ဆိုရင် သတ်လိုက်၊ ဒါပေမယ့် ကျုပ်က နှစ်နာရီ သုံးနာရီ ကြာတာနဲ့ အသက်ပြန်ရှင်လာနိုင်တယ်'

သူသည် ပြောရင်း ပြောရင်း အသံကျယ်လောင်လာလေသည်။

'အဲ့ဒီလို အခြေအနေမျိုး ဖြစ်လာခဲ့ရင် ကျုပ်က အခုလို ခင်ဗျားတို့ကို လေးလေးစားစား စကားပြောမှာ မဟုတ်တော့ဘူး'

သူသည် လက်သီးလက်မောင်းတန်းလိုက်သည်။

'ကျုပ်က ခင်ဗျားရဲ့ လည်ကုတ်ကို လိမ်ချိုးလိုက်မယ်၊ ခင်ဗျားရဲ့မိ မိသားစု အားလုံးကို တစ်ယောက်မကျန် သတ်ပစ်မယ်'

သူသည် ကိုထန် ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာသည်။

'ဒီမှာ ဌာနမှူး၊ အကောင်းဆုံးကတော့ ကျုပ်ကို (၃)ရက် အချိန်ပေးပါ'

'တော်ပြီ၊ မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ကိုထန်က ပြတ်သားစွာ ပြောလိုက်သည်။ သူသည် ဓားကို မြှောက်လိုက်ပြီး ကျားကြီး၏ ရင်ဝသို့ ချိန်ရွယ်ထားလိုက်သည်။

'မင်းရဲ့ လက်အိတ်ကို ချွတ်မလား မချွတ်ဘူးလား'

ကျားကြီးသည်ကိုထန်အားလှည့်ပင်မကြည့်တော့ပါ။ သူသည် တည်ငြိမ်စွာဖြင့် ယင်းဖုံးဘက်သို့ လှည့်လိုက်လေသည်။

'ဒီမှာ ယင်းဖုံး၊ ကျုပ်ကို (၃)ရက်လောက် အချိန်ပေးပါ ခင်ဗျာ'

ယင်းဖုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရှင့်မှာ ပြောမပြနိုင်တဲ့ လျှို့ဝှက်ချက်ရှိတယ်လို့ ကျွန်မ ယူဆမိပါတယ်'

သူမက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အဲဒီတော့ ရှင့်ရဲ့ လျှို့ဝှက်ချက်ကို ပွင့်ပွင့်လင်းလင်းပြောပြမှသာ ရှင်တောင်းဆိုတဲ့ တောင်းဆိုချက်ကို ကျွန်မက ပေးနိုင်မှာပေါ့ရှင်'

ကိုထန်က ကြားဖြတ်ပြောလိုက်သည်။

'သူက သဘောတူပေမယ့် ကျုပ်က လုံးဝ သဘောမတူဘူး'

ကျားကြီးက ယင်းဖုံးအား အသနားခံသော လေသံဖြင့်....

'ဒီမှာ ယင်းဖုံး၊ ကျုပ်က ဖွင့်ပြောလို့ မဖြစ်လို့ပါဗျာ'

သူသည် ခေါင်းခါယမ်းလိုက်ပြီး စကားဆက်လိုက်သည်။



'ကျုပ်ကို တစ်ယူသန်ပဲလို့ ပြောချင်ပြော၊ ကျုပ်က ပြောမပြတဲ့ ကိစ္စတစ်ခုကို ဘယ်တော့မှ မပြောဘူး'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့်လဲ ဌာနမှူးက ရှင့်ရဲ့ လက်ကို ကြည့်ချင်တာ ချွတ်ပြလိုက်ပါလား'

ဝတုတ်က ကြားဖြတ်ပြောလိုက်သည်။

'ဟုတ်ပါတယ် ကျားကြီး၊ ခင်ဗျား အပြစ်မရှိဘူးလို့ ယုံကြည်တယ်ဆိုရင် လက်အိတ်ချွတ်ပြလိုက်ပါ'

ကျားကြီးက ခေါင်းကိုတွင်တွင်ခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူး၊ ကျုပ်ရဲ့ လက်ကို ဘယ်သူ့ကိုမှ မပြပါဘူးလို့ ကျမ်းကျိန်ထားလို့ပါ'

ကိုထနက ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

'ကျားကြီး၊ ကျုပ်နောက်ဆုံး ပြောမယ်၊ မင်းရဲ့လက်ကို ပြမလား၊မပြဘူးလား'

ကျားကြီး၏အသံသည် အေးစိမ့်၍သွားသည်ဟု ထင်ရ၏။

'ကျုပ်အသက် သေချင်သေသွားပါစေ၊ကျုပ်လက်ကိုတော့ မပြနိုင်ဘူး'

ကိုထန်က ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။

'ဒီလိုဆိုရင် ကျုပ်ကို အဆိုးမဆိုနဲ့'

သူသည် ရှေ့သို့တိုးပြီး ဓားဖြင့် ကျားကြီး ဝမ်းဗိုက်သို့ ထောက်ထားလိုက်လေ၏။

'မင်းကို နောက်ဆုံး အချိန်ပေးမယ်၊ မင်းစဉ်းစားဖို့ အချိန်ပေးလိုက်မယ်'

ကျားကြီးက မဲ့ပြုံး ပြုံးလိုက်လေသည်။
'ကျုပ်စဉ်းစားစရာ မလိုတော့ဘူး'
ကိုထန်သည် ယင်းဖုံးအား လှည့်ကြည့်လိုက်သည်။ ယင်းဖုံး တစ်ယောက် မိမိတို့ ဖြစ်ပျက်နေသည်ကို လုံးဝ စိတ်ဝင်စားပုံမရဘဲ ငေးငိုင်တွေဝေနေသည်ကို တွေ့ရှိရလေသည်။
သူသည် ဝိုးရားအား ကြည့်လိုက်ပြန်သည်။ ဝိုးရားကလည်း ယင်းဖုံးအား ငေး၍ကြည့်နေ၏။ ကိုထန်က လက်ထိတ်ကိုထုတ်ပြလိုက်လေ၏။

'ကျားကြီးလက်ကိုပြချင်ပြ မပြချင် အဖမ်းခံပါ'
ကျားကြီး၏ တြိဂံပုံ မျက်လုံးအစုံသည် မီးတောက်မီးလျှံများ ထွက်ပေါ်လာသည့်အလား ကိုထန်အား စိုက်ကြည့်လိုက်လေသည်။

သူ၏မျက်နှာပေါ်မှ ကြွက်သားများသည် တလှုပ်လှုပ်ဖြင့် လှုပ်ရှားနေ၏။
သူ၏ပါးစပ်ထဲမှ မုဆိုးလိုက်ခွေးကဲ့သို့ ချွန်ထက်သောသွားများ မာန်ဖီလာနေသည်ကို တွေ့ရလေသည်။

ကိုထန်သည် ကျားကြီး၏ ကြောက်မက်ဘွယ်ရာ မျက်နှာကို တွေ့မြင်ရသောအခါ ကျောချမ်းသွားလေသည်။
သူသည် အလိုအလျောက် နောက်သို့ ခြေနှစ်လှမ်းဆုတ်သွားလိုက်သည်။ သို့သော် သူ့ကိုသူ အားတင်းလိုက်၏။
'ကျားကြီး လက်အိတ်ကိုချွတ်လိုက်ပါ၊ နို့မဟုတ်ရင် မင်းရဲ့ လက်ကို ဖြတ်ရပါလိမ့်မယ်'



'ဟား ဟား ဟား'
ကျားကြီးက အားရပါးရ ရယ်ချလိုက်လေသည်။
'ခုတ်လေဗျာ၊ ခင်ဗျားက သိပ်ခုတ်ချင်တယ်ဆိုရင် ခုတ်ပါ'
ကိုထန်က ဒေါသခြောင်းခြောင်း ထွက်လာလေသည်။
'ဟေ့...သူ့ကို အသေရရ အရှင်ရရ ဖမ်းကြစမ်းဟေ့'
အာဏာသား(၃)ယောက်တို့သည် ဓားကိုယ်စီဖြင့် ကျားကြီးအား စိုင်းရံ တိုက်ခိုက်လိုက်လေသည်။
သို့သော် သူတို့၏ ဓားများသည် ကျားကြီး ကိုယ်ပေါ်သို့ ခုတ်မိသွားသည့်တိုင်အောင် ကျားကြီးမှာ မည်သို့မျှ မဖြစ်ဘဲ အားရပါးရ ရယ်မောနေ၏။
'ဟား ဟား ဟား'
ကျားကြီးသည် အာဏာသားများ တိုက်ခိုက်သည့်ကြားမှ အားရပါးရ ရယ်မောလိုက်သည်။

ကိုထန်က ဝတုတ် ဘက်သို့ လှည့်ကြည့်လိုက်သည်။
'ဝတုတ်၊ မင်း ဘာလုပ်နေတာလဲ'
ကိုထန်၏ ခက်ထန်သောအသံကြောင့် ဝတုတ်သည် ဓားကို ဆွဲထုတ်လိုက်ပြီး ကျားကြီးအား တိုက်ခိုက်လိုက်လေသည်။
'ဟား ဟား ဟား'
ကျားကြီးသည် အာဏာသားများ စိုင်းရံ တိုက်ခိုက်သည့်ကြားမှ ရယ်မောရင်း ရှောင်တိမ်းနေ၏။
ကိုထန်ကလည်း မနေနိုင်တော့ပါ။ သူသည် ဝင်ရောက်တိုက်ခိုက်လိုက်ပြန်လေသည်။

ကျားကြီး၏ ကြီးမားသော ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် ခုန်ထွက်သွားလေသည်။

'လိုက်ဟ'

ကိုထန်က ဓားကို ဝေ့ယမ်းလိုက်ပြီး အမိန့်ပေးနေ၏။ အာဏာသား(၃)ယောက်နှင့် ဝတုတ်တို့သည် ကျားကြီးနောက်သို့ လိုက်သွားလေသည်။

'လွတ်မသွားစေနဲ့'

ကိုထန်က နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။ ဤသို့ဖြင့် သူတို့သည် ဥယျာဉ်ထဲသို့ ရောက်ရှိလာကြလေသည်။

* * *

ကျားကြီးက ထွက်မပြေးပါ။ သူ၏ လက်ထဲ၌ လက်နက်လုံးဝ မပါပါ။ သို့သော် အာဏာသားများ၏ ဓားသည် ကျားကြီး၏ ကိုယ်ပေါ်သို့ ခုတ်ချမိလိုက်သောအခါ ကျားကြီးမှာ ဒဏ်ရာလည်း မရပါ။ သွေးလည်း ထွက်မလာပါ။

ထို့ကြောင့် အာဏာသားတို့သည် ဆက်၍ တိုက်ခိုက်ရန် ကြောက်ရွံ့လာကြလေသည်။



သူတို့သည် ဆက်၍ မတိုက်ခိုက်ဝံ့ဘဲ ကျားကြီးကိုသာ ဝိုင်းရံထားသည်။ ဝတုတ်ကလည်း ဓားကို တင်းတင်းဆုပ်ကိုင်လျက် ကျားကြီးနှင့် မျက်နှာချင်းဆိုင် ရပ်နေ၏။

ကိုထန်က မောဟိုက်စွာဖြင့် ရောက်ရှိလာလေသည်။ သူသည် အာဏာသားများတို့က ကျားကြီးအားတိုက်ခိုက်ခြင်းမပြုသည်ကို တွေ့ရ၍ အသံဟစ်အော်၍ အမိန့်ပေးလိုက်လေသည်။

'ဘာရပ်ကြည့်နေတာလဲ၊ သူ့ကို တိုက်လေ'

ကျားကြီးက လက်ကာပြလိုက်သည်။

'ကျုပ် သည်းခံတာ တော်လောက်ပြီထင်တယ်၊ ဒီတစ်ခါ ကျုပ်က တုံ့ပြန်မယ်ဆိုတာ ကြိုတင် ပြောထားပါရစေနဲ့'

ကိုထန်က....

'ငါ အမိန့်ပေးနေတယ်၊ ဝင်ရောက် တိုက်ကြ'

အာဏာသား(၃)ယောက်တို့သည် မတတ်နိုင်တော့ဘဲ ဝင်ရောက် တိုက်ခိုက်လိုက်ကြလေသည်။

ကျားကြီးက အသာအယာ ရှောင်တိမ်းလိုက်ပြီး ပြန်လည် တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

အာဏာသားတစ်ယောက် လဲကျသွားလေသည်။ ကျန်ရှိသော အာဏာသားနှစ်ယောက်က ဆက်လက် မတိုက်ခိုက်ဝံ့ဘဲ နောက်သို့ဆုတ်သွားလေသည်။

ကျားကြီးက ဝတုတ်ထံသို့ ချဉ်းကပ်သွားသည်။ ဝတုတ်က အလိုအလျောက် နောက်သို့ဆုတ်သွားလေသည်။

ဝူးရားသည် ယင်းဖုံးအား မပြောမဆိုဘဲ တိတ်တဆိတ် ထွက်လာလေသည်။

သူမသည် အာဏာသားများနှင့် ဝတုတ်တို့က ရှုံးနိမ့်နေသည်ကို တွေ့ရသဖြင့် စိတ်ထဲ၌ ခံပြင်းလာသည်။

'ယား'

သူမသည် ပြောသံပေးပြီး ကျားကြီးအား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။ ကျားကြီးက ရှောင်တိမ်းလိုက်ရလေသည်။

'ရှင့် ခေါင်း သတိထား'

ဝူးရားက ယင်းသို့ သတိပေးပြီး ကျားကြီး၏ ဦးခေါင်းသို့ တိုက်ခိုက်လိုက်လေသည်။

ကျားကြီးက ခေါင်းကိုငုံ့၍ ရှောင်တိမ်းပေးလိုက်လေသည်။

'မင်းရဲ့ ဝမ်းဗိုက် သတိထား'

ဝူးရားက ပြောပြီး သူမခြေထောက်တစ်ဖက်သည် ကျားကြီး၏ ဝမ်းဗိုက်သို့ တိုက်ခိုက်လိုက်လေသည်။

ကျားကြီးကအသာအယာရှောင်တိမ်းလိုက်လေသည်။ဤသို့ဖြင့် တစ်ခဏကြာ တိုက်ခိုက်လာသောအခါ ကျားကြီးသည် ဝူးရား၏ ကြိုတင်သတိပေးပြီးမှ တိုက်ခိုက်သော အကျင့်ကို သဘောပေါက် နားလည်လိုက်လေသည်။

ထို့ကြောင့် သူသည် ဝူးရား၏ တိုက်ခိုက်မှုကို အေးအေးဆေးဆေး ရှောင်တိမ်းနိုင်သည့်အပြင် ပြန်လည် တုံ့ပြန်တိုက်ခိုက်နိုင်ခဲ့လေသည်။



ထိုအချိန် ယင်းဖုံးကလည်း သူတို့တိုက်ခိုက်နေသည်ကို လာရောက် ကြည့်ရှုနေလေသည်။

* * *

တိုက်ပွဲသည် ကျားကြီးမှာ အပေါ်စီးမှ ရထားပြီဖြစ်သည်။ အမှန်မှာ ဝူးရား၏ သိုင်းပညာမှာ ထိပ်တန်းအဆင့်ရှိသည်။ တိုက်ခိုက်ရေး အားမာန်မှာလည်း ပြင်းထန်၍ ပြည့်ဝသည်။ သို့သော် သူသည် သူမတိုက်ခိုက်မည့်နေရာကို ကြိုတင် သတိပေးထားသောကြောင့် ကျားကြီးအဖို့ အေးဆေးစွာ ရှောင်တိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ကျားကြီး၏ သိုင်းပညာမှာလည်း မခေပါ။ ထို့ကြောင့် ဝူးရားသည် တိုက်ခိုက်ရင်း တဖြည်းဖြည်း အရေးနိမ့်လာလေသည်။

သူမသည် ယင်းဖုံးက ရောက်ရှိလာသည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

'ရှေ့...ရှေ့...ယင်းဖုံး ကျွန်မကို လာကူစမ်းပါ'

ယင်းဖုံးမှာ မကြားလိုက်သည့်အလား သူမတို့ တိုက်ခိုက်နေသည်ကို လက်ပိုက်၍ တိတ်ဆိတ်စွာ ကြည့်နေ၏။

ဝတုတ်က ယင်းဖုံးထံသို့ ချဉ်းကပ်လာလေသည်။

'ယင်းဖုံး သွားကူမှ ဖြစ်မယ်ထင်တယ်'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျားကြီးက ခွန်အားလဲ ကောင်းတယ်၊ သိုင်းပညာလဲ မညံ့ဘူး၊ ကျွန်မလဲ သူ့ကို နိုင်ချင်မှ နိုင်မှာ'

ဝတုတ်က စိတ်ဓာတ်ကျသွားလေသည်။

'ဒီအတိုင်းဆိုရင် သူ လွတ်သွားမယ်ထင်တယ်'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားသည်။

'ကောင်းပြီလေ၊ ကျွန်မ သူ့ကို ကြိုးစားပြီး ဖမ်းပါ့မယ်'

ဝတုတ်က ဝမ်းသာသွားသည်။ သူသည် လက်ထဲမှဓားကို လှမ်းပေးလိုက်သည်။

'ကျုပ်ဓားကို ယူသွားပါ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မက ဓားမလိုပါဘူး'

သူမက ဝတုတ်အား လှည့်ကြည့်လိုက်သည်။

'ရှင်တို့ လက်ထိတ် ဘယ်နှစ်ခုပါလာသလဲ'

ဝတုတ်က....

'ကျုပ်မှာတော့ လက်ထိတ်တစ်စုံရှိတယ်၊ လက်ထိတ်ဘယ်နှစ်ခု လိုချင်လို့လဲ'

ယင်းဖုံးက လက်ချောင်းကလေး လေးချောင်း ထောင်ပြ လိုက်သည်။

'လက်ထိတ်(၄)ခု ရမှ သူ့ကို ဖမ်းမိနိုင်မှာ'



ဝတုတ်သည် သူ၏ လက်ထိတ်နှင့် ကိုထန်၏ လက်ထိတ်ကို ယူလိုက်ပြီး အာဏာသားနှစ်ယောက်ထံမှ လက်ထိတ်နှစ်ခုကို စုပြီး ယင်းဖုံးအား ပေးလိုက်လေသည်။

* * *

ယင်းဖုံးသည် လက်ထိတ်(၄)ခုကို နှစ်စုံဖြစ်အောင် ဆက်ထားလိုက်လေသည်။ သူမသည် လက်တစ်ဖက်ကို လက်ထိတ် တစ်စုံစီ ကိုင်လျက် ဥယျာဉ်ထဲသို့ ဆင်းသွားလေသည်။

'ဝူးရား ရပ်လိုက်'

ဝူးရားသည် ယင်းဖုံး ဆင်းလာသည်ကို တွေ့ရသောအခါ တိုက်ခိုက်ရာမှ ရပ်တန့်လိုက်လေသည်။

'မူင်း နောက်ဆုတ်စမ်း'

ယင်းဖုံးက အမိန့်ပေးလိုက်သည်။ ဝူးရားက နောက်သို့ ဆုတ်လာလေသည်။

ကျားကြီးသည် ယင်းဖုံးဆင်းလာသည်ကို တွေ့မြင်ရသော အခါ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုဘဲ ရပ်နေ၏။

သူ၏မျက်လုံးအစုံသည် ရဲတိုက်ကြီးအား မော့ကြည့်နေ၏။ သူ၏မျက်လုံးအစုံတွင် ရဲတိုက်ကြီးအပေါ် ကြီးမားသောသံယောဇဉ် တွယ်မိနေကြောင်း ပေါ်လွင်နေ၏။

ယင်းဖုံးသူ့ထံသို့ လျှောက်သွားလေသည်။

'ကျားကြီး'

ယင်းဖုံး၏အသံသည် အေးစိမ့်သွားသည်။

'ရှင့်ရဲ့တောင်းဆိုချက်ကို ကျွန်မသဘောမတူဘူး၊ ဒါကြောင့် ရှင့်ရဲ့တောင်းဆိုချက်ကို မဖြစ်မြောက်အောင် ကျွန်မက အဘတ်နိုင်ဆုံး ဟန့်တားရလိမ့်မယ်၊ ကျွန်မရဲ့သဘောကို ရှင်နားလည်ပါတယ်နော်'

'ဟုတ်ကဲ့'

ကျားကြီး၏ဟန်မူရာမှာ ပျော့ပျောင်း၍ လေးလေးစားစား ရှိလာလေသည်။

'ခင်ဗျားရဲ့သဘောကို ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့တောင်းဆိုချက်ကို လိုက်လျှောပါလို့ မျှော်လင့်ပါတယ်'

'မဖြစ်ဘူး'

ယင်းဖုံးက ခေါင်းခါ ယမ်းပြလိုက်သည်။ ကျားကြီးက....

'ဒီလိုဆိုရင် ကျုပ်ရဲ့တောင်းဆိုချက်ကို ရအောင်ကျိုးစားရမှာပဲ'

သူသည် ယင်းဖုံးအား ဦးညွှတ်လိုက်သည်။

'ဝမ်းနည်းပါတယ်၊ ကျုပ်သွားပါတော့မယ်'

သူ၏စကားဆုံးသွားသည်နှင့် သူ၏ဒူးနှစ်ဘက် ကွေးလိုက်ပြီး သူ၏ကိုယ်ခန္ဓာသည် မြားတစ်စင်းကဲ့သို့ခေါင်မိုးပေါ်သို့ထိုးတက်သွားလေသည်။ သူ၏လက်နှစ်ဘက်သည် ခေါင်မိုးရေစီးအောက်ကို ဖမ်းဆွဲလိုက်ပြီးမှ ခေါင်မိုးပေါ်သို့ ကျွမ်းပစ်၍ တက်ရောက်သွားလေသည်။



ယင်းဖုံးက ကိုယ်ဖော့ပညာကို အသုံးပြုပြီး ခေါင်မိုးပေါ်သို့ ခုန်တက်သွားသည်။

သူမသည် လေပေါ်သို့ ကျွမ်းတစ်ပတ်ပစ်ပြီးလျှင်ကျားကြီး၏ ရှေ့တွင် ပိတ်ဆို့၍ ရပ်လိုက်သည်။ ကျားကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျုပ်ကခင်ဗျားကို မတိုက်ခိုက်ချင်ပဲ တိုက်ခိုက်ဖြစ်အောင် အကြပ် မကိုင်စမ်းပါနဲ့ဗျာ'

ယင်းဖုံးက....

'ကျွန်မလဲ ရှင့်ကိုမတိုက်ခိုက်ချင်ပါဘူး၊ ဒါပေမယ့် ရှင့်မှာရှိတဲ့ လျှို့ဝှက်ချက်ကို ကျွန်မကိုပြောပြမှ ဖြစ်မယ်'

ကျားကြီးက....

'ကျုပ်ရဲ့လျှို့ဝှက်ချက်ကို ဘာဖြစ်လို့ ဒီလောက် သိချင်ရတာလဲ'

ယင်းဖုံးက....

'ဒီလျှို့ဝှက်ချက်ဟာ လူသတ်သမားရဲ့ အဓိက သော့ချက်ဖြစ်ရမယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် သိကိုသိထားရမယ်'

ကျားကြီး ခေါင်းခေါင်းယမ်းလိုက်သည်။

'ဒီလျှို့ဝှက်ချက်ကို ထိန်းသိမ်းခဲ့တာ နှစ်ပေါင်း မနည်းတော့ပါဘူး၊ နောက်လဲဆက်ပြီး ထိန်းသိမ်းရမယ်၊ ဒါကြောင့် ဒီလျှို့ဝှက်ချက်ကို သိဖို့ မကြိုးစားပါနဲ့'

ယင်းဖုံးက အေးတိအေးစက်သော လေသံဖြင့်....

'ကျွန်မကတော့ ဒီလျှို့ဝှက်ချက်ကို သိအောင် ကြိုးစားရမှာပဲ'

ကျားကြီးက သက်ပြင်းချလိုက်သည်။

'ဝမ်းနည်းပါတယ်၊ ကျုပ်က ခင်ဗျားကို တိုက်ခိုက်ရတော့မှာပဲ'

ကျားကြီးသည် ပြောပြီးသည်နှင့် ယင်းဖုံးအား တိုက်ခိုက်လိုက်လေသည်။ ယင်းဖုံးက ကျားကြီး၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လေသည်။

* * *

ယင်းဖုံးသည် ဂျူးရား၏ တိုက်ခိုက်နည်းကို အသုံးပြုလိုက်လေသည်။

'ကျားကြီး၊ ရှင့်ရဲ့ခေါင်းကို သတိထားပါ'

သူမကပြောပြီး ကျားကြီး၏ဦးခေါင်းကို လက်သီးဖြင့်ထိုးလိုက်လေသည်။ ကျားကြီးက ရှောင်တိမ်းလိုက်လေသည်။

'ရှင့်ရဲ့ဝမ်းဗိုက် သတိထား'

ယင်းဖုံးက ပြောရင်း ကျားကြီး၏ ဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးသွင်းလိုက်လေသည်။



ကျားကြီးက ရှောင်တိမ်း လိုက်ရပြန်လေသည်။ ဤသို့ဖြင့် ယင်းဖုံးသည် ဂျူးရာ၏တိုက်ခိုက်ပုံအတိုင်း ကြိုတင်သတိပေးပြီး တိုက်ခိုက်နေရာ ကျားကြီးက အံ့ဩသွားလေသည်။

အမှန်မှာ ကျားကြီးသည်ယင်းဖုံး၏အကြောင်းကိုလေ့လာစုံစမ်းထားပြီးဖြစ်သည်။

ယင်းဖုံး၏သိုင်းပညာရပ်မှာ အလွန်မြင့်မားသည်။ဉာဏ်စွမ်းလည်းအလွန်ကောင်းသည်။

ထို့ကြောင့် အာဏာပိုင်တို့က သူမအား ဒုစရိုက်မှုနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင်ရာထူးကို ပေးအပ်လိုက်ခြင်း ဖြစ်သည်။

သူကိုယ်တိုင်လည်းယင်းဖုံးအပေါ် ကြည်ညိုလေးစားနေ၏။ ယခုမှာမူ ယင်းဖုံးနှင့် လက်တွေ့တိုက်ခိုက်ရသောအခါ သူမ၏ သိုင်းပညာသည် ထူးထူးခြားခြားမရှိသည့်အပြင် ဂျူးရာကဲ့သို့ ရန်သူအား ကြိုတင်သတိပေးပြီးမှ တိုက်ခိုက်နေခြင်း ဖြစ်နေသည်ကို တွေ့ရသောအခါ ယင်းဖုံးအပေါ် အထင်ကြီးသည့် စိတ်များ လုံးဝပျောက်ကွယ်သွားလေသည်။

ဤသည် ယင်းဖုံး၏ ပရိယာယ်ပင် ဖြစ်လေသည်။ သူမ၏ သဘောသည် ကျားကြီးက မိမိအပေါ် အထင်သေးစေရန် ဖြစ်သည်။

ယခု ကျားကြီးသည် ယင်းဖုံးအပေါ် လုံးဝ အထင်သေးသွားလေသည်။

'ကျားကြီး၊ ရှင့်ရဲ့ခေါင်းကို သတိထား'

ယင်းဖုံးက သတိပေးလိုက်လေသည်။

'ဟား....ဟား....ဟား'

ကျားကြီးက အထင်သေးစွာ ရယ်မောလိုက်သည်။

'ကျုပ်ခေါင်းက ခင်ဗျားရဲ့လက်သီးကို ကြိုဆိုနေပါတယ်ဗျာ'

သို့သော် ဤတစ်ကြိမ်တွင် ယင်းဖုံးက သူ၏ခေါင်းပေါ်သို့ တိုက်ခိုက်ခြင်းမပြုတော့ပါ။

လက်တစ်ဘက်မှာ ကိုင်ထားသော လက်ထိပ်ကို ကျားကြီး၏ ဘယ်ဘက်လက်ကောက်ဝတ်သို့ ခပ်လိုက်လေသည်။

ကျားကြီး၏ဘယ်ဘက်လက်တွင် လက်ထိတ်နှစ်ခု ဆက်ထားသော လက်ထိတ် ခပ်မိသွားလေသည်။

ကျားကြီးသည် လက်တစ်ဘက်မှာ လက်ထိတ်ခတ်မိသွားသော်လည်း မည်သို့မျှ ထိခိုက်ခြင်း မရှိသေးပါ။

ဘယ်ဘက် လက်ကောက်ဝတ်မှ တန်းလန်းကျနေသော လက်ထိတ်က ရွေ့လျားလှုပ်ရှားနေသည်မှအပ သူ၏ လက်မှာမူ လွတ်လပ်စွာ လှုပ်ရှားနိုင်သေး၏။

သူသည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ထွက်ပြေးရန် ကြိုးစားလေသည်။

ယင်းဖုံးသည် သူ၏ တကယ့်သိုင်းပညာကို အသုံးပြုလိုက်လေသည်။ သူမသည် လျင်မြန်ပြီး သိုင်းကွက်အမျိုးမျိုး ပြောင်းလဲနေသော တိုက်ကွက်ဖြင့် တိုက်ခိုက်လိုက်သောကြောင့် ကျားကြီးက ထွက်ပြေးရန် အခွင့်အရေး မရလိုက်တော့ပါ။

ယခုမှ ကျားကြီးသည် ယင်းဖုံး၏ သိုင်းပညာနှင့် ကိုယ်ဖော့ပညာများမှာ မိမိထက် များစွာ သာလွန်နေသည်ကို သိရှိလိုက်သည်။



သူသည် သတိကြီးစွာဖြင့် ယင်းဖုံးအား ခုခံတိုက်ခိုက်နေ၏။ ထိုစဉ်မှာပင် ယင်းဖုံးက အခြားလက်ထိတ်တစ်ခုကို ကျားကြီး၏ ညာဘက်လက်ကောက်ဝတ်သို့ ခပ်မိသွားပြန်လေသည်။

ကျားကြီးအဖို့ လက်ကောက်ဝတ်မှာ လက်ထိတ်နှစ်ခုက သူ၏ တိုက်ခိုက်မှုကို အရှိန်လျော့သွားစေလေသည်။

ဤသို့ဖြင့် သိုင်းကွက်(၁၀)ကွက်မျှ ထပ်မံတိုက်ခိုက်ပြီးနောက် ယင်းဖုံးသည် ကျားကြီး၏ ဘယ်ညာ လက်နှစ်ဘက်မှ တန်းလန်းကျနေသော လက်ထိတ်နှစ်ခုကို ဆက်ပေးလိုက်လေ၏။

ယခုဆိုလျှင် ကျားကြီးလက်နှစ်ဘက်သည် လက်ထိတ်လေးခုက ခပ်မိထားပြီး ဖြစ်လေသည်။

လက်ထိတ်လေးခုမှာ သံကြိုးများ အသင့်အတင့် ရှည်လျားနေသဖြင့် လက်နှစ်ဘက် လှုပ်ရှားနိုင်သေး၏။

သို့သော် မိမိထင်သလို လှုပ်ရှားနိုင်စွမ်း မရှိတော့ပါ။ တစ်နည်းဆိုရလျှင် ကျားကြီးလက်နှစ်ဘက်သည် လှုပ်ရှားရန်မှာ အလွန်ခက်ခဲသွားလေသည်။

ထို့ကြောင့် နောက်ထပ် သိုင်းကွက်(၁၀)ကွက်မျှ ယှဉ်ပြိုင်တိုက်သောအခါ ယင်းဖုံးသည် ကျားကြီး၏ ကိုယ်ပေါ်သို့ ခြေထောက်ဖြင့် စုံကန်လိုက်လေသည်။

'ဝုန်း....'

ကျားကြီး၏ ကြီးမားသော ခန္ဓာကိုယ်သည် အောက်သို့ ပြုတ်ကျလေသည်။

ဝူးရှားက ကမန်းကတန်း ပြေးဝင်သွားပြီး သူမလက်သီးဖြင့် ကျားကြီး၏ ဦးခေါင်းသို့ ထုချလိုက်လေသည်။

ခွန်အားအလွန်ကောင်းပြီး ကြောက်မက်ဖွယ် ကောင်းသော ကျားကြီးသည် သတိမေ့မျော သွားလေတော့သည်။

* * *

အာဏာသားဝတုတ်သည် ကမန်းကတန်း ကျားကြီး၏ ကိုယ်ပေါ်သို့ ခွထိုင်လိုက်သည်။

ထို့နောက် လက်ထိတ်လေးခုစလုံးအား သော့ဖွင့်လိုက်လေသည်။ ပြီးနောက် လက်ထိတ်တစ်ခုဖြင့်သာ သူ၏ လက်နှစ်ဘက်ကို ခပ်လိုက်လေသည်။

အာဏာသား(၃)ယောက်သည် ကြိုးခွေများ ယူဆောင်လာပြီး ကျားကြီး၏ လက်နှစ်ဘက်နှင့် ခြေထောက်ကို အထပ်ထပ် ချည်နှောင်ထားပြီးလျှင် ကျားသေတစ်ကောင်ပမာ ညှော်ခန်းထဲသို့ ထမ်းသွားလေသည်။

## လက်အိတ်ထဲမှ လက်မည်းကြီး

ကျားကြီးသည် သတိမရသေးပါ။ ဌာနမှူး ကိုထန်က ဝင့်ကြွားစွာဖြင့်....

'ကဲ....ဒီကောင် ဘာတတ်နိုင်သေးသလဲ'

သူသည် ယင်းဖုံးဘက်သို့ လှည့်လိုက်သည်။

'သူ သတိမေ့နေတုန်းမှာ သူ့လက်အိတ်ကို ချွတ်ကြည့်ရအောင်'

ယင်းဖုံးက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'ကြည့်သည်ဖြစ်စေ၊ မကြည့်သည်ဖြစ်စေ အကြောင်းမထူးပါဘူး'

ကိုထန်က မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဘာကို ဆိုလိုတယ်ဆိုတာ ကျုပ်နားမလည်ပါဘူး'

ယင်းဖုံးက ပခုံးတစ်ချက် တွန့်လိုက်သည်။

'နှစ်ပေါင်းများစွာက လက်အိတ်ထဲမှာ ဝှက်ထားတဲ့လက်ဟာ သာမန်လက်တစ်ဘက်မဟုတ်ဘူးဆိုတာ နားလည်ထားရမှာပေါ့'

သူမက ပြုံးလိုက်သည်။

'အမှန်မှာ သူ့ရဲ့ ညာဘက်လက်ကသာ စိတ်ဝင်စားစရာကောင်းတာရှင့်'

ကိုထန်က ရယ်မောလိုက်သည်။

'လုပ်တော့မယ်၊ သူ့ရဲ့ညာဘက်လက်ကို အားလုံးက တွေ့မြင်နိုင်တာပဲ၊ ဘာစိတ်ဝင်စားစရာ ရှိလို့လဲ'

သူသည် စကားဆက်လိုက်သည်။

'အခုအချိန်က သော့ချက်ဟာ သူ့ရဲ့အိတ်ထဲမှာ ဝှက်ထားတဲ့ လက်ဟာ လက်မည်းကြီး ဟုတ်မဟုတ်ဆိုတာ တွေ့ရှိလိုက်ရင် ဒီအမှုဟာ ပြီးပြတ်သွားပြီလို့ ဆိုရမှာပဲ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မရဲ့ အယူအဆကတော့ အမှုဟာ မပြီးဆုံးတဲ့အပြင် အခုမှ စလိမ့်မယ်လို့ ထင်မိတယ်ရှင့်'

ကိုထန်က မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

ယင်းဖုံးက....

'ရှမ်းရှမ်းတစ်ယောက် ပျောက်ကွယ်သွားတာမတွေ့သေးဘူး။ နောက်ပြီး ဖန်ကြည်ကြည်ဟာ သေသလား၊ ရှင်သလားဆိုတာ မသိရသေးပါဘူး'

ကိုထန်က ပြုံးလိုက်သည်။



'ဒါက လွယ်ပါတယ်၊ သူသတိရတဲ့အခါကျမှ စစ်ဆေးမေးလိုက်ရင် အကုန်ပြေလည်သွားမှာပါ'

သူတို့စကားပြောနေစဉ်မှာပင် ကျားကြီးက တဖြည်းဖြည်း သတိရလာလေသည်။

* * *

ဌာနမှူး ကိုထန်သည် အာဏာသားများက ကျားကြီးကို ကုလားထိုင်ပေါ်သို့ မ,ယူရန် အမိန့်ပေးလိုက်လေသည်။

အာဏာသားများသည် ကျားကြီးအား ကုလားထိုင်ပေါ် မ,ယူ၍ ထိုင်စေပြီးလျှင် ကြိုးများဖြင့် ထပ်မံ တုတ်နှောင်ထားလေသည်။

တခဏအကြာတွင် ကျားကြီးက လုံးဝ သတိရလာလေသည်။ ယင်းဖုံးက သူ့အနီးသို့ လျှောက်သွားသည်။

ညာဘက်လက်မှာ စည်းထားသော အဝတ်ကို ဖယ်ရှားလိုက်လေသည်။

သူမသည် ကျားကြီး၏ လက်ဖမိုးမှာ ရရှိထားသောဒဏ်ရာကို သေချာစွာ လေ့လာသည်။

'ဒီမှာကျားကြီး၊ ရှင့်လက်ဖမိုးမှာ ရရှိတဲ့ဒဏ်ရာဟာ ဓါး မြှောင်နဲ့ထိုးပြီး ရထားတာ မဟုတ်လား'

ကျားကြီးက စိတ်ခေတ်ကျနေ၏။

'ဟုတ်ပါတယ်'

ယင်းဖုံးက....

'သံချိုင်းမြေ အပြင်ဘက်မှာ သေဆုံးတဲ့လူတစ်ယောက်ဟာ ရှင့်ရဲ့ လက်ချက်ကြောင့် မဟုတ်လား'

ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ကိုထန်က စိတ်မရှည်ပဲ ဖြစ်နေ၏။

'ခင်ဗျားကလဲ အရေးမကြီးတဲ့ မေးခွန်းကို ဘာကြောင့်မေး ရတာလဲ'

သူသည် ကျားကြီး၏ဘယ်ဘက်လက်ကို ညွှန်ပြလိုက်သည်။

'အခု အရေးကြီးတာက သူ့ရဲ့လက်အိတ်ထဲမှာ ဝှက်ထားတဲ့ လက်ကို ကြည့်ဖို့ပဲ မဟုတ်လား'

သူသည် ပြောပြီး ရှေ့သို့လျှောက်သွားကာ ကျားကြီး၏ လက်အိတ်လို ဆွဲချွတ်ရန် ဟန်ပြင်လိုက်လေသည်။

ကျားကြီးသည် ရုတ်တရက် ရူးသွပ်သော လူတစ်ယောက် ပမာ ပြင်းထန်စွာ ရုန်းကန်လိုက်လေသည်။

သူသည် လက်ထိပ်ခတ်ထားသော လက်နှစ်ဘက်ကိုမြှောက် ကာ ကိုထန်အား တိုက်ခိုက်လိုက်သည်။

ကိုထန်က ကမန်းကတန်း နောက်ဆုတ်သွားသဖြင့် သက် သာရာ ရသွားလေသည်။



'မင်းက အခုအထိ ခုခံချင်သေးသလား'

ကိုထန်သည် အာဏာသားဘက်သို့ လှည့်လိုက်သည်။

'သူ့ရဲ့လက်အိပ်ကို ဆွဲချွတ်လိုက်စမ်း'

အာဏာသား သုံးယောက်တို့သည် ကျားကြီးအား မြေပေါ်သို့ ဆွဲချပြီး ကိုယ်ပေါ်သို့ တက်ဖိထားလေသည်။

ကျားကြီးက အစွမ်းကုန် ရုန်းကန်နေ၏။ သူတို့သည် ကြမ်းပေါ်၌ လုံးထွေး သတ်ပုတ်နေလေသည်။

နောက်ဆုံး ကိုထန်နှင့် အာဏာသား ဝတုတ်တို့ကဝင်ရောက် ကူညီတော့မှ ကျားကြီးအား မလှုပ်သာအောင် ဖိထားလေ သည်။

သူသို့သည် ကျားကြီး၏လက်အိတ်ကို အတင်းအဓမ္မ ဆုတ် ဖြဲလိုက်လေသည်။ ကျားကြီး၏ နှစ်ပေါင်းများစွာ ဝှက်ထား သော လက်တစ်ဘက်သည် အများရှေ့တွင် ဘွားဘွားကြီး တွေ့မြင်လိုက်ရလေသည်။

* * *

သာမန်လူထက် ကြီးမားသော လက်တစ်ဘက် ဖြစ်သည်။ လက်တစ်ခုလုံးမှာ ကြမ်းတမ်းသော အမွှေးအမျှင်များ ပြည့် နှက်နေ၏။

လက်ချောင်းများသည် အလုံးကြီးပြီး အနည်းငယ် ကွေးနေ၏။ လက်သည်းများသည် ရှည်လျားပြီး ချွန်ထက်၍နေလေသည်။

ကိုထန်က အချင်းအား လှမ်းခေါ်လိုက်သည်။

'အချင်း....မင်းဒီကိုလာစမ်း'

အချင်းက ကြောက်ကြောက် ရွံ့ရွံ့ဖြင့် အနီးသို့ ချဉ်းကပ်သွားသည် ကိုထန်က ကျားကြီး၏လက်ကို ပြလိုက်သည်။

'သေသေချာချာ ကြည့်စမ်း၊ မင်းတွေ့တဲ့ လက်မည်းကြီးဟာ ဒီလက်ပဲလား'

အချင်း မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

'ဟုတ်....ဟုတ်ပါတယ်'

ကိုထန်က ကျားကြီးအား မဲ့ပြုံး ပြုံးလိုက်လေသည်။

'ကဲ....မင်းကို လက်မည်းကြီးလူသတ်မှုရဲ့ လူသတ်တရားခံလို့ ဖမ်းဆီးတယ်၊ မင်းဘာပြောချင်သေးသလဲ'

ကျားကြီးက အံကို တင်းတင်းကြိတ်လိုက်သည်။

'မင်းဟာ ဘာမှ နားမလည်ပဲ ယုတ်မာတဲ့လူ'

ကျားကြီးက ရှန်းကန်လာပြန်လေသည်။ အာဏာသားများနှင့် ဝတုတ်က သူ့အားအတင်းဆွဲထားလိုက်လေသည်။

ကျားကြီး၏ ကြောက်မက်ဖွယ်ရာ တောက်ပမျက်လုံးအစုံသည် ကိုထန်အား စူးစူးဝါးဝါးကြည့်လိုက်သည်။

'တစ်နေ့နေ့ မင်းရဲ့လည်ဂုတ်ကို လာချိုးသတ်မယ်'



ကိုထန်သည် ခေါင်းနပန်းကြီးလာပြီး နောက်ဆုတ် သွားလေသည်။

'သူ့ကို မြို့ထဲသွားပို့ကြ'

ယင်းဖိုးက ဟန့်တားလိုက်သည်။

'အချိန်လဲ မရှိတော့ပါဘူး၊ နောက်ပြီး ကျွန်မလဲ သူ့ကို မေးစရာရှိပါတယ်'

အာအာသား ဝတုတ်က....

'ဟုတ်တယ်၊ အခု သူ့ကိုလိုက်ပို့ရင် စိတ်မချရဘူးဗျ'

ကိုထန်က မျက်မှောင် ကုတ်သွားသည်။

'သူ့ကို ဒီအတိုင်းထားရင်လဲ စိတ်မချရဘူး'

အာဏာသား ဝတုတ်က အကြံတစ်ခု ရလာလေသည်။

'ကျွန်တော် သတိရပြီ၊ ကျုပ်တို့ ကြည့်ခဲ့တဲ့ အခန်းထဲမှာ အကျဉ်းသားများ ချုပ်နှောင်ထားတဲ့ ခြေထိပ်လက်ထိပ်တွေ အသင့်ရှိနေတယ်၊ သူ့ကို အဲဒီမှာ ချုပ်ထားရင် မကောင်းဘူးလား'

ကိုထန်က သဘောကျသွားသည်။

'ဒီအကြံ သိပ်ကောင်းတာပေါ့'

* * *

အာဏာသားများတို့သည် ပင်ပန်းခက်ခဲစွာဖြင့် ရှန်းကန်နေသောကျားကြီးအား ကျောက်တုံးဖြင့် ဆောက်လုပ်ထားသော အိပ်ခန်းရှိရာသို့ ခေါ်ဆောင် သွားလေသည်။

သူတို့သည် ပင်ပန်းကြီးစွာဖြင့် ကျားကြီး၏ခြေနှစ်ဘက်ကို နံရံပေါ်မှာ ရှိနေသော ခြေထိပ်လက်ထိပ်များဖြင့် ခပ်ထားလိုက်လေသည်။

ထို့ပြင် သူ၏ခါးပေါ်မှာလည်း သံခါးပတ်ဖြင့် မြဲမြံစွာ ပတ်ထားလိုက်လေသည်။

ကျားကြီးသည် ရှန်းကန်ရလွန်း၍ မောဟိုက် နေသဖြင့် ဆက်လက်ပြီး ရှန်းကန်ခြင်းမပြုတော့ပါ။

သူတို့သည် အခန်းတံခါးကိုလည်း သော့ခလောက်ဖြင့်သေချာစွာ ခတ်ပြီးနောက် ပို၍ပို၍ စိတ်ချစေရန် လက်ထိပ်တစ်ခုပါ ခပ်ထားလိုက်လေသည်။

ယခုမှသူတို့သည် စိတ်သက်သာရာ ရသွားပြီး ဧည့်ခန်းရှိရာသို့ ပြန်လာကြကုန်လေသည်။

ကိုထန်သည် စိတ်မချ နိုင်သေးသဖြင့် အာဏာသား နှစ်ယောက်ကို တံခါးဝ၌ စောင့်ကြပ်ရန် အမိန့်ချထားလိုက်ပြန်လေသည်။

* * *



ယင်းဖုံးသည် ကုလားထိုင်ကိုမှီ၍ တွေးတော ဆင်ခြင်နေ၏။ ဝတုတ်နှင့် ကိုထန်တို့သည် အမှုအကြောင်းများ မြိန်ရည် ယှက်ရည်ဖြင့်ပြန်လည်စမြုံ့ပြန်ကြလေသည်။

အာဏာသား ဝတုတ်သည် ကျားကြီး၏ ဇနီး အာလျှန်းကို သတိ ရလာလေသည်။

‘ဟုတ်ပြီ၊ကျားကြီးရဲ့မိန်းမကို ခေါ်ပြီး စစ်လိုက်ရင် အကျိုးရှိမယ်ထင်တယ်’

ကိုထန်ကသူ၏ပေါင်ကို ပုတ်လိုက်သည်။

‘ဟုတ်သားပဲ ငါမေ့နေလိုက်တာ’

အလွန် စိတ်မြန်သော ငူးရားက ထိုင်ရာမှ ထလိုက်လေသည်။

‘ကျွန်မ သွားခေါ်လိုက်မယ်’

သူမပြောပြီး မီးဖိုဆောင်ဘက်သို့ ထွက်ခွာ သွားလေသည်။ အတန်ကြာသောအခါ ငူးရားက ပြန်လည် ရောက်ရှိ လာလေသည်။

သူမသည် အတွေးများကို တွေးနေသော ယင်းဖုံး အနီးသို့ လျှောက်သွားလေသည်။

‘ယင်းဖုံး’

ယင်းဖုံးက သူမအား မော့ကြည့်လိုက်သည်။ ငူးရာက....

‘ကျားကြီးရဲ့မိန်းမ အာလျှန်း မရှိတော့ဘူး’

ယင်းဖုံးက ခေါင်းညိတ် ပြလိုက်သည်။

‘သူ့ယောကျ်ား အဖမ်းခံရတယ် ဆိုတော့ သူက ပြေးတော့မှာပေါ့’

ငူးရားက....

'မမက ဘာတွေ စဉ်းစားနေတာလဲ'

ပင်းဖုံးက ထိုင်ရာမှ ထလိုက်လေသည်။

'ဘယ်အရာမျိုးမဆို ခေါင်းကို များများ သုံးပေး လေလေ အကျိုး ရှိလေသော ပဲ'

သူမသည် ဝူးရာ၏ ပခုံးကို ပုတ်လိုက်သည်။

'ကဲ...တို့က တောင်ပိုင်းရွာကို သွားကြရအောင်'

ဝူးရားက မျက်မှောင် ကြုတ်သွားသည်။

'ဘာလုပ်မလို့လဲ'

ယင်းဖုံးက....

'ရှောင်ပေရှုံကို သွားတွေ့မယ်'

ဝူးရားက မျက်မှောင်ကြုတ်သွားသည်။

'ရှောင်ပေရှုံကို တွေ့ပြီ ဘာလုပ်မလို့လဲ'

'ရှောင်ပေရှုံဟာ လက်ရှိအမှုထဲမှာ တရားခံ တစ်ယောက် ဖြစ်နေတယ်'

ယင်းဖုံးက ရှင်းပြ လိုက်သည်။

'အမှန်တော့ ရှမ်းရှမ်းကို ဖမ်းသွားတာက ကျားကြီးမဟုတ်ဘူး၊ ရှောင်ပေရှုံ ဖြစ်နေတယ်'

အာကာသား ဝတုတ်က အံ့အားသင့်သွားလေသည်။

'ဗျာ....ရှမ်းရှမ်းကို ရှောင်ပေရှုံက ဖမ်းသွားတယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

အာကာသား ဝတုတ်က မယုံကြည် နိုင်လောက်အောင် ဖြစ်သွားလေသည်။



'ဒါဖြင့် ဖန်ကြည်ကြည်နဲ့ တခြား ပျောက်ဆုံးသွားတဲ့ မိန်းကလေး တွေကော'

ယင်းဖုံးက ခေါင်းခါယမ်း လိုက်သည်။

'ဖန်ကြည်ကြည်နဲ့ တခြား ပျောက်ဆုံးတဲ့ မိန်းကလေးတွေဟာ ရှောင်ပေရှုံနဲ့ မဆိုင်ပါဘူး'

အာကာသား ဝတုတ် နားမလည် နိုင်အောင် ဖြစ်သွားလေသည်။

'ကျုပ်တော့ ခေါင်းရှုပ်ကုန်ပါပြီဗျာ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျွန်မတို့ထမ်းဆောင်တဲ့ တာဝန်ကိုက ခေါင်းရှုပ်တဲ့ အလုပ်တွေ မဟုတ်လား'

အာကာသား ဝတုတ်က ခေါင်းညိတ် လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

သူသည် ထိုင်ရာမှ ထလိုက်သည်။

'ကျုပ်က လိုက်ဖို့ လိုသေးသလား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ မလိုတော့ပါဘူး၊ ကျွန်မတို့ နှစ်ယောက်နဲ့ပဲ ပြီးနိုင်ပါတယ်'

သူသည် ပြုံးပြလိုက်သည်။

'ရှင်တို့ ရဲတိုက်ကြီးထဲမှာသာ ကျားကြီး ထွက်မပြေးအောင် ဂရုစိုက်ပါ'

အာကာသားဝတုတ် ခေါင်းညိတ် လိုက်သည်။

'စိတ်ချပါ'

ယင်းဖုံးသည် အဝတ်အစားများ လဲလိုက်ပြီး ဝူးရားနှင့် အတူ ထွက်ခွာသွားလေသည်။

* * *

ညဲ....

အတော် ညဥ့်နက်နက်နေပြီ ဖြစ်သည်။ ယင်းဖုံးနှင့် ဝူးရား တို့သည်ပြန်လည် ရောက်ရှိလာကြလေသည်။

အာဏာသား ဝတုတ်က တံခါးဖွင့်ပေးပြီး ဆီးကြိုနှုတ်ဆက် လိုက်လေသည်။

'မိုးချုပ်လှချည်းလား'

ယင်းဖုံးကခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

'ဟုတ်တယ်နည်းနည်း နောက်ကျ သွားတယ်'

အာဏာသား ဝတုတ်က....

'လုပ်ငန်း အဆင်ပြေခဲ့ရဲ့လား'

ယင်းဖုံးသည် ဧည့်ခန်းထဲသို့ ဝင်ပြီး ကုလားထိုင် ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချ လိုက်လေသည်။

'အဆင်မပြေပါဘူး၊ အားလုံး တလွဲတချော်ဖြစ်ခဲ့တယ်'

အာဏာသားဝတုတ်က မျက်မှောင် ကြုတ်သွားသည်။



'ရှောင်ပေရှိုနဲ့ မတွေ့ခဲ့ဘူး ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မတို့ သူ့အိမ်ကို ရောက်သွားတော့ သူ မြို့ထဲ ဆင်းသွားတယ်လို့ သိရပါတယ်'

အာဏာသား ဝတုတ်က....

'ဒါနဲ့ ခင်ဗျားတို့ လိုက်မသွားဘူးလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'သူက ဆရာဝူးဆီကို သွားမယ်ဆိုတာသိလို့ ကျွန်မတို့ လိုက် သွားတာပေါ့'

'ဟိုမှာကော သူ့ကို တွေ့ခဲ့သလား'

'မတွေ့ပါဘူး'

'သူက ဆရာဝူးဆီ သွားပြီး ဘာလုပ်တာလဲ'

'သူက ဆရာဝူးဆီသွား ဖန်ကြည်ကြည်ဟာ သတ်မှတ် ထားတဲ့ ရက်ပိုင်းအတွင်းမှာ သေတမ်းစာထဲမှာ ပါရှိတဲ့ လုပ်ရ မယ့် တာဝန်များကို ပျက်ကွက်ခဲ့လျှင် သူသာလျှင် အမွေဆိုင် ဖြစ်တယ်ဆိုတာ ကြိုတင် သွားပြီး အကြောင်းကြားထားတယ် လို့ သိရပါတယ်'

အာဏာသား ဝတုတ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒါဖြင့် သူက ဘယ်ရောက်သွားသလဲ'

ယင်းဖုံးက ပခုံးတစ်ချက် တွန့်လိုက်လေသည်။

'သူဘယ်သွားမှန်း မသိလို့ သူ့ကို လိုက်ရှာရင်း အခုလို နောက်ကျသွားတာပေါ့'

အာဏာသား ဝတုတ်က ပြုံးလိုက်သည်။

'ဒါကြောင့် ခင်ဗျားတို့ စိတ်မော ကိုယ်မောနဲ့ ပြန်လာကြတာ ဆိုပါတော့'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တာပေါ့'

အာဏာသား ဝတုတ်က....

'ဒီလိုဆိုရင် ရှောင်ပေရှံဟာ တိမ်းရှောင်ထွက်ပြေးသွား သလား မသိဘူး'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'သူက အမွေလိုချင်တဲ့ လူတစ်ယောက်ပဲ၊ ဒီနယ်မြေက ထွက်မသွားနိုင်ပါဘူး'

သူမက စကားဆက်လိုက်သည်။

'သူက ဒီကိုရောက်လာပြီလို့ ကျွန်မယူဆတယ်၊ ဒါကြောင့် မနက်ဖြန်မှ သူ့ဆီကို လိုက်သွားဦးမယ်'

သူမသည်အာဏာသား လာရောက်ချပေးသွားသော အစား အစာကို ဝူးရားနှင့် စားသောက်နေရင်း....

'ကျွန်မ ထမင်းစားပြီးသွားတာနဲ့ကျွားကြီးကိုသွားပြီး ဆွေး နွေးချင်သေးတယ်'

အာဏာသား ဝတုတ်က ခေါင်းခါရမ်းလိုက်သည်။

'သူက တော်တော်ခေါင်းမာတဲ့လူ၊ ဆွေးနွေးလို့ ရနိုင်ပါ့ မလား'

ယင်းဖုံးက....

'ကနေ့တော့ ရှင်တို့က သူ့ရဲ့လက်ကို အတင်းအဓမ္မ ကြည့် ကြတာကိုး၊ ဒါကြောင့် သူကစိတ်ကိုမထိန်းနိုင်ဘဲ ဖြစ်သွားတာ



အာဏာသား ဝတုတ်က....

'အခုကော သူက စိတ်ထားပြောင်းသွား မယ်လို့ ထင်နေ သလား'

ယင်းဖုံးက ပြုံးလိုက်သည်။

'အခု သူ့ကို အချုပ်ခန်းထဲမှာ ချုပ်ထားတယ် ဆိုတော့ အချိန်ကြာလာတဲ့အခါမှာ သူ့ရဲ့ ဒေါသမီးက တဖြည်းဖြည်း ငြိမ်းသွားတာပေါ့၊ ဒေါသမီးငြိမ်းသွားတာနဲ့ စဉ်းစား ဆင်ခြင် လာမယ်လို့ ထင်ပါတယ်ရှင့်'

ကိုထန်က သူမထံသို့ လျှောက်လာလေသည်။

'မထင်လိုက်ပါနဲ့ဗျာ၊ ဒီလူဟာ လူနဲ့မတူတော့ဘဲ တောရိုင်း တိရစ္ဆာန် တစ်ကောင်နဲ့ တူနေပြီဗျ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကြိုးစားကြည့်တာ တော့ မမှားဘူး'

ကိုထန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

'ဒီလောက် ကြိုးစားချင်တယ် ဆိုရင်လဲ သွားကြ တာ ပေါ့ဗျာ'

* * *

ယင်းဖုံးနှင့် ဝူးရားတို့သည် စားသောက်ပြီးပြီ ဖြစ်လေ၏။ အာဏာသား ဝတုတ်သည် မီးပုံးတစ်လုံးကို မီးထွန်း ညှိလိုက် လေသည်။

သူတို့သည် အချုပ်ခန်းရှိရာသို့ လျှောက်သွားကြလေသည်။

ဌာနမှူးကိုထန်မှာမူ အာဏာသား သုံးယောက်က ချုပ်ရင်း လျှက် လိုက်ပါသွားလေသည်။ သူတို့သည် အချုပ်ခန်း ရှိရာသို့ ရောက်ရှိလာကြလေသည်။

တံခါးဝ၌ တာဝန်ယူ စောင့်ကြပ်နေသော အာဏာသား နှစ်ယောက်က အရိုအသေ ပြုလိုက်လေသည်။ ကိုထန်က ခေါင်း အနည်းငယ် ညိတ်ပြလိုက်သည်။

'ဘယ့်နှယ်လဲ၊ ကျားကြီးက သောင်းကျန်း နေသေး သလား'

အာဏာသား တစ်ယောက်က....

'ပထမတုန်းကတော့ ဆူပူသောင်းကျန်းနေပါတယ်၊ ဆရာရဲ့ လည်ကုတ်ကို ချိုးသတ်ပစ်မယ်လို့လဲ ကြုံးဝါးနေပါတယ်'

ကိုထန်က ကြက်သီးထသွားသည်။ သူ၏ လက်တစ်ဖက်သည် လည်ကုတ်ကိုမသိမသာ စမ်းမိလေသည်။အစောင့် အာဏာသား က စကားဆက်လိုက်သည်။

'နောက်တော့ ငြိမ်သက်သွားပါတယ်၊ မိုးချုပ် လာတာနဲ့ လုံးဝ အသံမကြားရတော့ပါဘူး'

အာဏာသား ဝတုတ်က ယင်းဖုံးဘက်သို့ လှည့်၍ ပြုံးပြ လိုက်သည်။

'ခင်ဗျားမှန်းဆထားတာနဲ့ ကိုက်ညီနေပါသလား'

ထိုစဉ် ဌာနမှူးကိုထန်သည် သော့တွဲကို ထုတ်ပေး လိုက် သည်။ အာဏာသားက ထံခါးပေါ်မှ လက်ထိုတ်နှင့် သော့ ခလောက်ကို ဖွင့်ပေးလိုက်လေသည်။



ဝတုတ်သည် လက်ထဲမှ မီးပုံးကိုင်လျက် တံခါးကို တွန်းဖွင့် လိုက်လေသည်။

ထို့နောက် မီးပုံးကို မြှောက်ထားပြီး အခန်းထဲသို့ လှမ်း ဝင်သွားလေသည်။

* * *

မီးပုံး၏ အလင်းရောင်ကြောင့် အခန်းတစ်ခုလုံး ထိန်ထိန်လင်း နေ၏။

သူတို့သည် နံရံပေါ်၌ လက်ထိတ်ခြေထိတ်များ ခတ်ထား သော လူအား သေချာစွာကြည့်လိုက်သောအခါ အားလုံးသော လူများသည် မျက်လုံး ဝိုင်းစက် ပြူးကျယ် သွားပြီး ပါးစပ် အဟောင်းသား ဖြစ်သွားကြလေသည်။

ယင်းနံရံပေါ်၌လက်ထိတ်ခြေထိတ်ခတ်၍ အကျဉ်းချ ထား သော လူမှာ ကျားကြီးပင် ဖြစ်သည်။

သို့သော် ယခုမှာမူ သူတို့ မြင်တွေ့လိုက်ရ သူမှာ အိမ်တော် ထိန်း ကျားကြီးမဟုတ်ဘဲ အခြားလူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်သည်။

'ဟောဗျာ....ဘယ်လိုဖြစ်သွားတာလဲ'

'အာဏာသား ဝတုတ်က ညည်းညူလိုက်သည်။

'ဒီလူက ရှောင်ပေရဲ့ ဖြစ်နေပါလား'

ဝူးရှားက အံ့သြနေ၏။ အချင်း ကလည်း ထအော်လိုက်လေသည်။

'ဟောတော့...ကျားကြီးက ဘယ့်နှယ် ရှောင်ပေရုံ ဖြစ်သွားရတာလဲ'

ယင်းဖုံး၏ လေသံမှာ တည်ငြိမ်လှပေသည်။

'ဟုတ်တယ်၊ အခု အကျဉ်းချ ခံနေရတဲ့ ရှောင်ပေရုံဟာ အသက်တောင် ရှိပါတော့မလား မသိဘူး'

အာဏာသား ဝတုတ်က အနီးသို့ကပ်၍ မီးပုံးဖြင့် သေချာကြည့်ရှုလိုက်သောအခါ သူသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

'ဟုတ်တယ်၊ သူက သေနေပါပြီ'

ဌာနမှူး ကိုထန်က ခေါင်းကို သွင်သွင် ကုတ်လိုက်လေသည်။

'ဘယ်လို ဖြစ်ကုန်ကြတာလဲဗျာ'

ဟုညည်းညူမိလေတော့သည်။

ဒုတိယပိုင်း ( ဇာတ်သိမ်း )
ဆက်လက် ဖတ်ရှုကြပါရန်။
မိုးကျော်သူ

# ပိုးကျော်သူ

## ရဲတိုက်ဝင်ပါ

ငု လုံ ဓိ မ်း နော် ဝ မ်း ချွက် တောင်း

